www.burmeseclassic.com

အင်ပါယာစာပေ

မောင်လှမျိုး (ချင်းချောင်းခြံ)

# သံယောဇဉ်လက်ကျန်ရှင်းတမ်း



Designed by Chit Paing Phyo

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မောင်လှမျိုး (ချင်းချောင်းခြံ)

## သံယောဇဉ်လက်ကျန်ရှိနေးတမ်း

www.burmeseclassic.com

www.burmeseclassic.com

အသည်းနှလုံး၏ လိုအင်ဆန္ဒကို

အကြောင်းအမျိုးမျိုးကြောင့်၊ မျိုသိပ်ရင်နင့်ခဲ့ရသူများအား၊

ဤဝတ္ထုဖြင့်၊ ကျွန်တော် . . .ဦးညွတ်ပါသည် . . .။ ။

မောင်လှမျိုး (ချင်းချောင်းခြံ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ )

နိုင်ငံ့သမိုင်း ဘာသာရပ်သည်၊ ကျွန်တော့်အဖို့ ထူးထူးထွေထွေ ကြောက်ကြောက်လန့်လန့် ကျက်မှတ်ရမည့်၊ ဘာသာရပ် မဟုတ်ချေ။

အထူးသဖြင့် မြန်မာ့သမိုင်းကို၊ ကျွန်တော် ပို၍ စိတ်ဝင်စားခဲ့သည်။ ပို၍ လေ့လာမှတ်သားခဲ့ဘူးသည်။ စာမေးပွဲအောင်ဖို့ စာကျက်ခြင်းမျိုးမဟုတ်ဘဲ၊ သိလိုစိတ်ကြောင့်၊ အားစိုက်လေ့လာခဲ့ခြင်းမျိုးဖြစ်သည်။ ဒါက,လည်း . . . အထက်တန်းသို့ ရောက်ခါစ, ကျမှ၊ သိလိုစိတ်ဝင်ခဲ့ခြင်းဖြစ်သည်။

အလယ်တန်းလောက်တုန်းက, တော့၊ စာမေးပွဲအောင်ချင်စိတ်ဖြင့်သာ စာကျက်ခဲ့ခြင်းဖြစ်သည်။ ဘယ်လောက်အထိ အခြေအနေ ဆိုးခဲ့သလဲဆိုတော့၊ မြန်မာ့သမိုင်းကို ကျက်မှတ်နေပါလျှက်၊ မြန်မာ့သမိုင်းထဲက၊ မျိုးချစ်သူရဲကောင်းတွေကို လွန်ခဲ့သော နှစ်ပေါင်းများစွာက၊ လူတွေ . . .ဟုပင် ထင်မြင်ခဲ့ဘူးသည်။ ပုံပြင်

www.burmeseclassic.com

www.burmeseclassic.com



တွေ . . . ဒဏ္ဍာရီတွေထဲက၊ သူရဲကောင်း ဇာတ်လိုက်တွေဟုသာ၊ တွေးထင်ခဲ့မိ၏။

နဝမတန်း အောင်မြင်ပြီးစ, အထိ၊ ကျွန်တော် . . . (စာမေးပွဲဖြေနိုင်အောင်၊ စာကျက်နိုင်ခဲ့သည်မှအပ) အခြေအနေ ဆိုးခဲ့သည်။ ဒသမတန်း ပညာသင်နှစ် မစ,ခင်၊ ကိုယ့်ကိုကိုယ် လူတတ်ကြီးလုပ်ပြီး၊ စာတွေကို ကြိုတင်ဖတ်မှတ်ခဲ့သည်။ ကမ္ဘာ သမိုင်းဘာသာရပ်၏ ပြဋ္ဌာန်းစာအုပ်ထဲ၌၊ တတိယကမ္ဘာစစ် အကြောင်းကို၊ ကျွန်တော် . . . ချွေးပြန်လာသည်အထိ၊ လှန်လှော ရှာဖွေခဲ့မိသည်။

ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ် ရှိပါလျက်၊ တတိယ ကမ္ဘာစစ်အကြောင်းကို၊ ပြဋ္ဌာန်းစာအုပ်ထဲမှာ ရှာ၍မတွေ့သဖြင့်၊ ကျွန်တော် . . . တော်တော်လေး အလုပ်ရှုပ်ခဲ့သည်။ နောက်တော့မှ၊ ကိုယ့်အတွေးနှင့်ကိုယ် တွေးကြည့်ပြီး၊ စိတ်လျှော့ ခဲ့ရသည်။

တတိယကမ္ဘာစစ်အကြောင်းကို တက္ကသိုလ်ရောက်မှ သင်ရတယ်နဲ့တူပါရဲ့ . . .ဟု၊ တွေးပြီး၊ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အကြောင်းကိုသာ၊ ကျွန်တော် ကျက်မှတ်နေခဲ့ တော့၏။

❋





"တတိယကမ္ဘာစစ်အကြောင်းက ဘယ် year မှာ သင်ရ တာလဲ" . . .ဟု၊ အိမ်နီးချင်း၊ တက္ကသိုလ်ကျောင်းသားကြီး တစ်ယောက်ကို မေးမိသည့်အခါ၊ ထို တက္ကသိုလ်ကျောင်းသား ကြီးက "တတိယကမ္ဘာစစ်က ဖြစ်မှမဖြစ်ခဲ့တာ ဘယ်လိုလုပ် သင်ရမှာလဲကွ" . . .ဟု၊ ကရုနာ ဒေါသ,ဖြင့် အော်ငေါက်ခါ၊ မြန်မာ့သမိုင်း ကမ္ဘာ့သမိုင်း လက်ရှိကမ္ဘာ့အခြေအနေ၊ နိုင်ငံ အခြေအနေတွေကို၊ စီကာပတ်ကုံး၊ ပြောပြသည်မှ အစ,ပြုပြီး၊ ကျွန်တော် . . . တတိယကမ္ဘာစစ်အကြောင်းကို ရှာဖွေနေမိသည့် ပညာရှိကြီးဘဝမှ၊ လွတ်မြောက်ခဲ့ရခြင်းဖြစ်၏။

ထို တက္ကသိုလ်ကျောင်းသားကြီး၏ အမည်မှာ. . . ကိုကျော်စွာ ဖြစ်သည်။ သူက . . .မြန်မာစာ ကျောင်းသား ဖြစ်သော်လည်း၊ စာအစုံဖတ်မှတ်သူဖြစ်သဖြင့် သူ့ကြောင့်၊ ကျွန်တော် . . . စာတော်ခဲ့ရသည်။ အထူးသဖြင့် . . . နိုင်ငံသမိုင်း ဘာသာရပ်ကို စာကျက်စရာပင်မလိုဘဲ၊ နှစ်ကာလ, အလိုက် အခြေအနေ အရပ်ရပ်ကို၊ နှုတ်တိုက်ပြောနိုင်သည်အထိ၊ ကျွန်တော် ကျွမ်းကျင် ခဲ့ရသည်။

မြန်မာ့သမိုင်းစဉ်ထဲက၊ သူရဲကောင်းတွေကိုလည်း. . . ပုံပြင်ထဲက လူတွေဟု၊ မထင်မှတ်ဝံ့တော့ချေ။ ထိုအခါ . . . တတိယကမ္ဘာစစ်အကြောင်းကို၊ လေ့လာချင်သည့် မဟာ့မဟာ အမှားကြီးအား၊ ရှက်ရွံ့ရယ်မောမိသည့်အပြင်၊ ယင်း တတိယ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာစစ်ဆိုသည့် အဖြစ်ဆိုးကြီးကိုပင်၊ မဖြစ်ရန် . . .မကြုံရန် . . .ရင်မ, ဆုတောင်းနေတတ်ခဲ့၏။

❋

ဖြေဆိုရမည့် သမိုင်းဘာသာရပ်ကို၊ အဖြေလွှာပေါ်မှာ မျက်စေ့မှိတ်၍ ဖြေဆိုနိုင်လျှင်ပင်၊ ရေးသားသော စာကြောင်းတွေ နိမ့်မြင့်စွေစောင်းမည်မှအပ၊ တိကျမှန်ကန်စွာ၊ ကျွန်တော် ဖြေဆိုနိုင်ပါသည်။

ထိုမျှအထိ၊ ကျွမ်းကျင်ခဲ့သည့်၊ ကျွန်တော် စိတ်ဝင်တစား ရှိလွန်းသောဘာသာရပ်ကို ဖြေဆိုရမည့်နေ့၊ ဖြေဆိုရမည့် အချိန်၊ ဖြေဆိုရမည့် စာမေးပွဲခန်းထဲသို့ ရောက်နေခါမှ၊ ကျွန်တော် ဒုက္ခလှလှ တွေ့နေရတော့၏။

❋

စာမေးပွဲခန်းစောင့်ကြပ်ရသည့် တာဝန်ကျ ဆရာမ, နှစ်ဦး ဝေငှပေးသည့် နိုင်ငံသမိုင်းဘာသာရပ်၏ မေးခွန်းလွှာကို၊ ကျွန်တော် အစမှ အဆုံး ဖတ်ကြည့်လိုက်သေးသည်။ ထိုအချိန်အထိ၊ ကျွန်တော့် အဖြေလွှာစာရွက်ပေါ်တွင်၊ ကျွန်တော့် ခုံနံပါတ်မတပ်ရသေး။





အဖြေလွှာ၏ဝဲဘက်တွင်၊ ပေတံတစ်ပြား မရှိတရှိ နေရာပေးကာ၊ ခဲတံဖြင့် ဘောင်းမျဉ်းတစ်ကြောင်းစီတော့ ဆွဲသားပြီးနေပြီဖြစ်၏။ ခုံနံပါတ်ကို ခဲတံဖြင့် တပ်ဖို့ စဉ်းစားမိ သေးသည်။

ပြီးတော့ . . . ဘာသာရပ်တစ်ခုလုံး၏ ဖြေဆိုချက် အပေါင်းကို၊ ခဲတံဖြင့်ပင် ရေးသားဖြေဆိုလိုက်ရင်ကောင်းမလား . . .ဟု၊ တစ်ယောက်တည်းခေါင်းကုတ်ပြီး စဉ်းစားနေမိသည်။ မလုပ်သင့်သောကိစ္စ . . .ဟု၊ သိပါလျက်၊ မဖွယ်မရာ စဉ်းစားမိခြင်းဖြစ်သည်။

ဖတ်ပြီးသား မေးခွန်းတွေကို ပြန်ဖတ်လိုက်ပြန်သေး ၏။ မေးခွန်းနံပါတ်တစ်ခုတွင်၊ မေးခွန်းခေါင်းစဉ်သုံးခုမှ၊ နှစ်သက်ရာ တစ်ပုဒ်ကိုသာ ဖြေဆိုဖို့အတွက်၊ ရွေးချယ်ခွင့်ပေး ထားသည်ဆိုပါစို့။

ကျွန်တော်က ထို သုံးပုဒ်စလုံးကိုပင်ပိုင်နိုင်စွာ ကျက်မှတ် လေ့လာထားသူဖြစ်သည်။ သူများတွေလို သုံးပုဒ်ထဲက ကျက် ထားတဲ့တစ်ပုဒ်နှင့်တိုးသဖြင့်၊ ဝမ်းသာသွားရမည့် အခြေအနေ မျိုးမဟုတ်။ ကျွန်တော့်အခြေအနေက၊ ကျောင်းသားကျောင်းသူ တိုင်းအဖြေများကြမည့် ခေါင်းစဉ်ကို ရှောင်လွှဲပြီး၊ အဖြေ နည်းမည့်ခေါင်းစဉ်ကိုသာ ရွေးချယ်ဖြေဆိုရမည့် အခြေအနေ ဖြစ်သည်။

ဘာဖြစ်လို့လဲဆိုတော့ . . .၊ ကျွန်တော်က . . . မြန်မာစာ ရယ် . . .ဝိဇ္ဇာတွဲရယ်၊ သမိုင်း ရယ်ကို၊ ဂုဏ်ထူးရဖို့ မှန်းထားသူ



www.burmeseclassic.com

www.burmeseclassic.com



သူလေ။ မူလတန်းလောက်တုန်းက၊ သင်အံခဲ့ရတဲ့၊ "လယ်ထွန် သွား နွားမေ့"ဆိုသည့် အဖြစ်မျိုးကို အခုမှ၊ ကျွန်တော် ကြုံလိုက်ရခြင်းဖြစ်၏။ အဲ . . .ကျွန်တော့် အဖြစ်က၊ လယ်ထွန်သွား နွားမေ့ . . .ဆိုတဲ့စကားပုံနဲ့တော့ သိပ်မအပ်စပ်ချေ။ ကျွန်တော့် အဖြစ်နဲ့ လိုက်ဖက်မည့်စကားပုံက,တော့၊ လယ်ထွန်သွား နွားပျောက် . . . ဟုဆိုလျှင်ပို၍၊ သင့်လျော်၏။

လက်မှနာရီကို ကျွန်တော်ကြည့်လိုက်သည်။ စာဖြေချိန် ငါးမိနစ်လောက်၊ စွန်းနေပြီဖြစ်၏။ သူငယ်ချင်းများဖြစ်ကြသော မှုဝံကျော်နှင့် စိုးမိုးကျော်တို့ကို သတိရလိုက်သေး၏။ အဲ့ဒီ ခွေးကောင်တွေက၊ တခြားစာဖြေဌာနမှာ ဖြေနေရသူတွေ ဖြစ်သည်။

ဘာမှုဆက်မတွေးတော့ဘဲ၊ ကျွန်တော် ဝုန်းကနဲ မတ်တပ် ထ,ရပ်လိုက်၏။ စာကို သည်းကြီးမည်းကြီး စ,တင် ဖြေဆိုနေကြပြီဖြစ်သည့်၊ ကျောင်းသားကျောင်းသူ တချို့လောက်တော့ ကျွန်တော့်ကို၊ နည်းနည်းပါးပါး ငဲ့ကြည့်ကြပေလိမ့်မည်။

"ဟို . . .ကျောင်းသား၊ ဘာလိုချင်လို့လဲ"

ဆရာမတစ်ယောက်၏ အမေး။

"ကျွန်တော် . . .ဘောပင် လိုချင်လို့ပါ"

ကျန်ဆရာမတစ်ယောက်က . . .





"အိမ်က . . . ယူမလာဘူးလား"

"ကျွန်တော် ကျပျောက်သွားလို့ပါ"

"ကွန်ပါဘူးလိုက်ကျပျောက်သွားတာလား"

"ကွန်ပါဘူး မပါဘူးတီချယ်။ ကျွန်တော်က ပေတံနဲ့၊ ခဲဖျက်ကို အင်္ကျီအိတ်ထဲမှာထည့်ထားတာ။ ဘောပင်နှစ်ချောင်းကို ကျတော့၊ ခါးကြားမှာ ထိုးထားတာ။ ဘယ်အချိန်မှာ လုံချည်ပြင်ဝတ်လိုက်မိသလဲ မသိဘူး။ အခု . . .မှ၊ ကျပျောက်မှန်း သိတယ်"

"ကဲ . . .ကဲ . . .၊ အချိန်မမှီဘဲနေအုံးမယ်။ တီချယ့်ခြင်းထဲမှာ ရှာကြည့်လိုက်အုံးမယ်နော်"

ကျွန်တော် "ဟုတ်ကဲ့" . . .ဟုပြောရင်း ထိုင်လိုက်သည်။ ရှာပေးမည်ဟုပြောသောဆရာမက၊ သူ့လက်ထဲမှ ပုတီးကုံးလေး ကို၊ စားပွဲပေါ်တင်ပြီး၊ ကြိမ်ပန်းခက်ဆွဲခြင်းထဲသို့၊ ရှာဖွေ နေလေ၏။

"ရော့"

ဆရာမ, ရှာဖွေ၍ မတွေ့သေးခင်မှာ၊ ကျွန်တော့၏ ညာဘက်စာဖြေခုံမှ၊ "ရော့" . . .ဟူသော အသံလှလှလေးကို ကြားရသဖြင့် ကျွန်တော် လှည့်ကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို . . . "ရှေ့" . . .ဟူသော အသံသည်၊ ကောင်မလေး တစ်ယောက်၊ အဲ . . . ကျောင်းသူလေးတစ်ယောက်၏ "ရှေ့" ဖြစ်သည်။

ရှေ့ ဟူသော သူ၏ လက်ထဲမှာတော့၊ ဘော့ပင်လေး တစ်ချောင်း။ သူ့မျက်နှာကို ကျွန်တော် တစ်ချက်ကြည့်လိုက် သည်။ (စကားဖြတ်ပြောပါရစေ။ အဲဒီကောင်မလေး တော်တော် လှတယ်)။

တစ်ချက်မျှ ငုံ့ကြည့်မိရုံဖြင့်၊ မေးစေ့လေး၏ ညာဘက် ထောင့်မှ မှဲ့နက်လေးတစ်လုံးကို အလွတ်ကျက်လိုက်မိသည်။ စာမေးပွဲကို ခုနက,ထက် ပို၍ မြန်မြန်ဖြေပြီးချင်စိတ်ပေါက် သွားသည်။

ထို့ကြောင့်၊ လက်ချောင်းလှလှလေးများ ဝန်းရံထားသည့် ကြားမှ၊ ဘော့ပင်လှလှလေးကို၊ ကျွန်တော် ဖြည်းညင်းစွာ ယူလိုက်မိသည်။ ဘော့ပင်က . . . နာရီဘော့ပင်လေး။ "တီချယ် ရပြီ" . . .ဟု ဆရာမ,ကို အော်ပြောလိုက်ပြီး . . . "ကျေးဇူးပဲ" . . .ဟု၊ ကူညီသူကို ပြောလိုက်၏။

မျက်တောင်လေးခပ်ပြီး၊ ခေါင်းလေး တစ်ဝက်ညိတ်ပြ သည်။ ဦးခေါင်းလေး တစ်ဝက်မျှညိတ်ပြသည့် အချိန်ငယ်ငယ် လေးအတွင်းမှာ ကျွန်တော်ရင်ခုန်သွားသည် . . .ဟု၊ မကွယ်မဝှက်ဘဲပြောလျှင်၊ ဒီကောင် စာမေးပွဲ ကျတော့မှာပဲ . . .ဟု၊ ပြောကြမှာတော့ ကျိန်းသေ၏။ ထို့ကြောင့်၊ ကျွန်တော် . .





.ရင်ခုန်သွားမိသည့် အကြောင်းကို မပြောပြတော့ပါ။ (အဲဒီ ကောင်မလေးရဲ့ ဆံပင်ရှည်ရှည်တွေ အရမ်းလှတယ်)။

❋

ဓမ္မဗိဇ္ဇာန် မေးခွန်းတွေကို နောက်ဆုံးမှ၊ ဖြေမည်။ အမှတ် အများဆုံးရမည့်၊ မေးခွန်းရှည်ကို၊ အလျင်ဦးဆုံးဖြေဖို့၊ ကျွန်တော် ပြင်ဆင်လိုက်၏။

ခေါင်းစဉ်က . . . ပထမကမ္ဘာစစ်ဖြစ်ရခြင်း၏ လက်တလောအကြောင်းအရင်း . . .တဲ့။ စစ်ဖြစ်ရတဲ့ လက်တလောအကြောင်းအရင်းတဲ့လေ။

စစ်ဖြစ်ရသည့် လက်တလောအကြောင်းအရင်း တွေက,တော့၊ ရှည်ရှည်လျားလျား ဖြေဆိုရမည်ဖြစ်သည်။ အဲ. . . အချစ်ဖြစ်ရသည့်၊ လက်တလော အကြောင်းအရင်းက,တော့၊ နာရီဘော့ပင်လေးပဲ ဖြစ်၏။ အကယ်၍များ၊ အချစ်ဖြစ်ရသည့်၊ အခြေခံအကြောင်းအရင်းကို ပြောပါ. . .ဟု၊ တစ်စုံတစ်ဦးက၊ မေးမြန်းလာမည်ဆိုလျှင်တော့။ ကျွန်တော့၏လက်ဝဲဘက် ရင်ဘတ်ကလေးကို လက်ဝဲဘက်လက်ဖဝါးလေးဖြင့်၊ ညင်သာ စွာဖိကပ်ပြမိပေလိမ့်မည်။

ပထမကမ္ဘာစစ်ဖြစ်ရသည့်၊ လက်တလောအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရင်းများမှာ . . . ဟု၊ အစချီပြီး၊ လက်ထဲမှ နာရီဘော့ပင် လေးကို၊ ကျွန်တော် မာရသွန်ပြိုင်ပွဲ၊ ဝင်ခိုင်းလိုက်တော့သည်။

❋ ❋ ❋



( ၂ )

"အဖြေလွှာတွေကို သေသေချာချာ ပြန်စစ်ကြပါ." . . . ဟု၊ ဆရာမက သတိပေးစကားပြောနေပေပြီ။ ကျွန်တော်မှအပ၊ အားလုံးသော စာဖြေသူအပေါင်းသီည် စာဖြေခန်းထဲက, ထွက်ခွာဖို့ အဆင်သင့် ဖြစ်နေကြပေမည်။ ကျွန်တော်က,တော့၊ အချိန်စေ့ဖို့၊ ငါးမိနစ်လောက် လိုနေသည်အထိ၊ ဓမ္မဓိဋ္ဌာန် မေးခွန်းတွေကို ဖြေဆိုနေဆဲရှိသေး၏။

ကျွန်တော် နံဘေးက၊ ဘော့ပင်ပိုင်ရှင် ကောင်မလေးလည်း၊ စာဖြေခန်းထဲမှထွက်ခွာဖို့ အဆင်သင့်ဖြစ်နေပေပြီ။ စာဖြေနေရင်းက၊ အဲ့ဒီကောင်မလေး၊ ကျွန်တော့်ထက်အရင်၊ ထွက်ခွာသွားမှာ၊ စိုးရိမ်နေမိ၏။

တာဝန်ကျ ဆရာမနှစ်ဦးက၊ အဖြေလွှာများကို လိုက်လံစစ်ဆေးသိမ်းဆည်းသည်။ အောင်မှတ်ထက် တော်တော်လေးကျော်နေပြီပဲ။ ဓမ္မဓိဋ္ဌာန်မေးခွန်းလေးငါးခု လွှတ်လိုက်ရုံနဲ့၊ ဂုဏ်ထူးမှတ် မရှော့နိုင်ပါဘူး . . .ဟု၊ တွေးပြီးအဖြေလွှာကို

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ,ထံ အပ်နှံလိုက်ဖို့ စိတ်ကူးသေးသည်။ စာဖြေခန်းထဲမှ အလျင်အမြန်ထွက်ခွာချင်စိတ်က၊ ပညာရေးကို၊ ထိုမျှအထိ၊ နောက်ယှက်လိုက်သေး၏။

ဂုဏ်ထူးမှန်းထားရင်၊ ဂုဏ်ထူးမှန်းထားတာနဲ့ တန်အောင်၊ အားထုတ်ရမှာပဲ . . .ဟု၊ တွေးမိသဖြင့်သာ၊ ကျွန်တော်၊ မေးခွန်းနံပါတ် စုံစုံလင်လင်ကို၊ အဖြေ ပြည့်ပြည့်စုံစုံ၊ ဖြေဆိုဖြစ်ခြင်းဖြစ်၏။ ကျွန်တော့်အဖြေလွှာကို ဆရာမ,၏ လက်ထဲသို့ အပ်နှံလိုက်သည့် အချိန်မှာတော့၊ ကျွန်တော့်နံဘေးက ဘော့ပင်ပိုင်ရှင် ကောင်မ,လေး မရှိတော့။

ဘယ်ရှိတော့မလဲ။ တာဝန်ကျဆရာမ,က၊ ကျွန်တော့် ဖြေဆိုခြင်းပြီးဆုံးသွားသည့်တိုင်၊ အဖြေလွှာကို ပြန်လည် စစ်ဆေးရန်၊ တစ်မိနစ်စာမျှ အခွင့်အရေးပေးသဖြင့်၊ ကျွန်တော် ပြန်လည်စစ်ဆေးနေသောကြောင့်၊ ကောင်မလေးကို မီဖို့၊ နောက်ကျခဲ့ခြင်းဖြစ်၏။

❋

"တီချယ်"

ကျွန်တော့် အသံကြောင့်၊ ဆရာမ ငဲ့ကြည့်သည်။





"ကျွန်တော် . . .၊ ဒီ ခုံနံပါတ်က ကောင်မလေးရဲ့၊ လိပ်စာ သိချင်လို့"

ဆရာမက မျက်မှောင်ကြုတ်ပြီး၊ ကျွန်တော့်ကို ကြည့် သည်။ ကျွန်တော်က . . .နာရီဘော့ပင်လေးကို ကိုင်လျက်။

"ဟို . . .၊ သူ့ ဘော့ပင်၊ ကျွန်တော့်ဆီမှာ ကျန်ခဲ့လို့၊ ကျွန်တော် ပြန်ပေးချင်လို့"

"ဩော် . . .။ ခုနက ဘော့ပင် ပျောက်သွားတယ်ဆိုတာ၊ မင်းလား"

"ဟုတ်။ ဟုတ်ကဲ့ . . .တီချယ်"

ကောင်မလေးထိုင်ခဲ့သည့် ခုံနံပါတ်ကို တစ်ချက်ကြည့်ပြီး၊ ဆရာမက၊ စာမေးပွဲဝင်ခွင့်ကပ်ပြားတွေကို၊ တစ်ခုချင်း စီရီ ရှာဖွေ၏။ စာဖြေကဒ်ပြားတစ်ခုကိုကိုင်လျက် . . .

"သီတာရီ . . .တဲ့"

လက်ထဲမှ၊ နာရီဘော့ပင်ဖြင့်၊ ထိုအမည်ကို၊ ကျွန်တော့် လက်ဝဲဘက်လက်ဝါးတွင်ရေးမှတ်သည်။ ပြီးနောက် , . . ဆရာမ, ပြောသောလိပ်စာကို ဆက်လက်ရေးမှတ်လိုက်၏။

"မင်းတို့က၊ တစ်ကျောင်းတည်း မဟုတ်လား"

"တစ်ကျောင်းတည်းတော့၊ ဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



မယ် တီချယ်။ ဒါပေမဲ့ . . . အတန်း မတူဘူး။ မရင်းနှီးဘူး တီချယ်။ သူ. . . ကူညီလို့၊ ကျွန်တော် အဆင်ပြေသွားတာပါ။ တီချယ့်ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါအုံး၊ တီချယ်"

"ကောင်းပြီ" . . .ဟု ဆရာမ ပြောသည်။ မာရသွန် ခြေလှမ်းများဖြင့်၊ စာမေးပွဲခန်း အပြင်ဘက်သို့၊ ကျွန်တော် တဟုန်ထိုး ပြေးထွက်ခဲ့မိသည်။

❋

ရွှံ့ဝံကျော်နှင့် စိုးမိုးကျော်တို့ စက်ဘီးကိုယ်စီဖြင့် ရောက်လာကြသည်။ ကျွန်တော့်အနီးတွင်၊ သူတို့ စက်ဘီးနှစ်စီး ထိုးရပ်လိုက်သည်ကို တစ်ချက်မျှသာ ငေးကြည့်ပြီး၊ ကျွန်တော် . . . ကျောင်းဝင်းအတွင်းသို့၊ ပြန်မျှော်ကြည့်နေလိုက်၏။

စိုးမိုးကျော်က –

"ဟေ့ကောင် နိုင်သူရ။ အိုကေ တယ်မို့လား"

ကျွန်တော်က ကျောင်းဝင်းထွက်ပေါက်သို့သာ အကြည့်ရွေ့ပြီး . . .





"အေး" . . .ဟု၊ အသံပြုလိုက်သည်။

"သွားမယ်လေကွာ"

ကျွန်တော် လက်ကာပြလိုက်သည်။ လက်ထဲမှ နာရီဘော့ပင်လေးကို၊ လက်ဖြင့်သာဆုတ်ကိုင်ထားမိသေး၏။

ရွှံ့ဝံကျော်က, စက်ဘီးကို ခွလျက် –

"မင်း . . . ဘာကြည့်နေတာလဲ။ ဘယ်သူ့ကိုရှာနေတာလဲ"

ကျွန်တော် . . .ရွှံ့ဝံကျော်၏ မျက်နှာဖောသွတ်သွတ်ကို၊ ငဲ့ကြည့်လိုက်သည်။

"ပြောလေ။ ဘယ်သူ့ကိုရှာနေတာလဲ"

"သီတာရီ"

"ဘယ်က၊ သီတာရီလဲ"

ရွှံ့ဝံကျော်ရော၊ စိုးမိုးကျော်ပါ၊ စက်ဘီးတွေကို ဒေါက်ထောက်လိုက်ကြ၏။ ပြီး . . . ကျွန်တော့်နံဘေးတွင်၊ တစ်ဘက်တစ်ချက် လာရပ်ကြသည်။

ရွှံ့ဝံကျော်က၊ သူ့ခန္ဓာကိုယ်ဝဖိုင့်ဖိုင့်ဖြင့်၊ မလိုက်ဘက် သောဘောင်းဘီရှည်ပွပွကြီးကို မ,တင်လိုက်ရင်း . .

"သီတာရီဆိုတာ ဘယ်သူလဲ"

အနီးရှိ ကျောင်းထွက်ပေါက်ရှေ့၊ အုတ်ခုံပုပုလေးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထိုင်ချလိုက်သည်။

"ဟာ။ သွားပါမယ်ဆိုမှ ထိုင်ချလိုက်ပြန်ပြီ"

စိုးမိုးကျော်က၊ မေးခွန်းစာရွက်ခေါက်ဖြင့်၊ ကျွန်တော့်ခေါင်းကို ဖတ်ကနဲရိုက်ပြီးပြော၏။ "ကျောင်းဝင်းထဲက လူကုန်အောင်စောင့်လိုက်ဦးမယ်ကွာ"...ဟု၊ ကျွန်တော် ပြောလိုက် သည်။

စိုးမိုးကျော်က . . .

"ဘာလုပ်မှာလဲ"

"သီတာရီ ဆိုတဲ့ ကောင်မလေးကို ရှာကြည့်မလို့"

နာရီဘော့ပင်လေးကို ဖွရွရွာကိုင်တွယ်ငေးကြည့်ကာ၊ ကျွန်တော်ပြောသည်။ ရူဝံကျော်က၊ ကျွန်တော့် နံဘေးတွင် ပုံ့ကနဲနေအောင် ဝင်ထိုင်လိုက်ရင်း . . .

"အေး။ ငါ မေးနေတယ်။ အဲဒီ သီတာရီဆိုတာ ဘယ်သူလဲ"

"သီတာရီ ဆိုတာ . . ."

စကားစ,လိုက်သော်လည်း၊ တကယ် စ,ရမည့် စကား အစ,ကို၊ ကျွန်တော်မပြောဖြစ်သေး။ အတန်ကြာမှ –

"ငါ့ ဘော့ပင် နှစ်ချောင်းစလုံး ပျောက်သွားတယ်ကွ"





"ပျောက်မှာပေါ့၊ ဘော့ပင်ကို ခါးပုံစ,ကြားထဲ ထိုးထည့်တဲ့အကျင့်က ပြင်မှမပြင်တာဘဲ" ဟု စိုးမိုးကျော် ပြောသည်။ ရူဝံကျော်က . . .,

"အဲဒီ့ ပျောက်သွားတဲ့ဘောပင်ကို၊ အခု . . .မင်း ပြောတဲ့ သီတာရီက၊ ကောက်ရလို့လား၊ ဒါမှမဟုတ်၊ ခိုးသွားလို့လား"

ကျွန်တော် ခေါင်းခါလိုက်သည်။ ရူဝံကျော်က အံကြိတ်ဟန်ပြုပြီး . . .

"ငါ မေးနေတာ၊ ဘော့ပင်ပျောက် တဲ့အကြောင်းကို မေးနေတာမဟုတ်ဘူး နိုင်သူရ။ သီတာရီ ဆိုတာ ဘယ်သူလဲလို့ မေးနေတာ"

စိုးမိုးကျော်က . . .

"ဘောပင်ပျောက်သွားတာ၊ စာမေးပွဲဖြေပြီးမှ ပျောက်တာလား။ မဖြေခင် ပျောက်တာလား"

"မဖြေခင်ပျောက်တာ"

"ဟာ။ အဲဒါဆို . . .၊ မင်း . . . ဘယ်ဘော့ပင်နဲ့ ဖြေခဲ့ရတာလဲ။"

"ဒီ ဘော့ပင်နဲ့"...ဟု၊ ပြောပြီး၊ လက်ထဲမှ နာရီဘော့ပင်



www.burmeseclassic.com

www.burmeseclassic.com



လေးကို ကျွန်တော် ကိုင်မြှောက်ပြလိုက်သည်။ ရူပ၀ံကျော်က –

"ဟာ . . .နာရီဘော့ပင်လေး။ အခုမှ ပေါ်ခါစ,ပဲ ရှိသေးတယ်။ မင်း . . . ဘယ်ကအလစ်သုတ်လိုက်တာလဲ"

"အလစ်သုတ်တာ မဟုတ်ပါဘူး"

"ဒါဆို ခိုးလာတာပေါ့"

"ဟော့ကောင် လူ၀ံကျော်"

"နိုင်သူရ။ မင်း . . .ငါ့နာမည်ကို မဖျက်နဲ့နော်။ ငါ . . .ဆွဲထိုးမှာ"

"ဩော် . . .။ မင်း . . ငါ့ကို အလစ်သုတ်တယ်၊ ခိုးတယ် ပြောတာကျတော့ ငါက, ပြန်မထိုးသင့်ဘူးလား"

စိုးမိုးကျော်က၊ ကျွန်တော်နှင့်ရူပ၀ံကျော် နှစ်ယောက် အကြားသို့၊ အတင်းတိုး၍ ၀င်ထိုင်ပြီး . . .

"ကဲ . . .ကဲ . . .။ မကိုက်ကြနဲ့ ကွာ"

ကျွန်တော်က . . .

"ငါ ကိုက်တာမဟုတ်ဘူး။ ဒီကောင် ဟောင်တာ"

ရူပ၀ံကျော်က . . .

"ငါ . . . ဟောင်တာ မဟုတ်ဘူး။





မင်း . . .မာန်ဖီတာ"

ကျွန်တော် . . .ရူပ၀ံကျော်၏ ပခုံးကို မမိမကမ်းလှမ်း ပုတ်ပြီး . . .

"ငါ . . .ကိုက်လိုက်မယ်။ အဲ . . .ငါ ထိုးမိမယ်နော် လူ၀ံ"

"ထိုးကြည့်ပါလား။ မင်းကို ငါ ညှစ်သတ်ပစ်လိုက်မယ်"

"ငါ့ကိုတော့ မညှစ်နဲ့။ မင်း ၀ါသနာ ပါရင်၊ ငါ . . . နွားမွေးမြူရေးခြံကို ပို့ပေးမယ်"

စိုးမိုးကျော် ရယ်လေသည်။

"သေနာ"

ရူပ၀ံကျော်က၊ ကျွန်တော့်ကို ရယ်လျက်၊ လှမ်းထိုး၏။ ကျွန်တော်က . . .,

"လူ၀ံ။ အဲ . . .ရူ၀ံ။ မင်း ငါပြောမယ့် သီတာရဲ အကြောင်းကို နားထောင်မှာလား၊ မထောင်ဘူးလား"

"မထောင်ဘူး"

စိုးမိုးကျော်က . . .

"ငါ . . .နားထောင်မယ်"

"အဲဒါဆို ငါ ပြောပြမယ်။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ဘော့ပင်လေးက . . .”

ပြောရင်း၊ ကျွန်တော် စကားရပ်လိုက်သေး၏။

“ဟော့ကောင်။ ရှုဝံ။ မင်း နားပိတ်ထား”

“ဘာဖြစ်လို့ ပိတ်ရမှာလဲ”

“မင်း နားမထောင်ဘူး ဆိုရင်၊ နားပိတ်ထားပေါ့ကွ”

“မလိုပါဘူး။ မင်း . . . မကြားစေချင်ရင်၊ ငါ့ နားရွက်ကို မင်း လက်နှစ်ဘက်နဲ့၊ လာပိတ်ထား”

“မပိတ်ဘူး။ ငါ . . . ဝက်နားရွက် မကိုင်ဘူး”

“ခွား. . .မ. . , သေး”

“ဘာလဲ၊ ခွားမ . . , သေး” . . .ဟု၊ စိုးမိုးကျော် မေး၏။

ရှုဝံကျော်က

“ခွေးမ . . , သားလို့ ဆဲတာကွ”

ကျွန်တော်ပါ ရောရယ်မိ၏။ အရယ်ရပ်ကာ . . .

“စာမေးပွဲခန်းထဲရောက်ပြီးမှ၊ ငါ . . .ဘောပင်ပျောက်သွားမှန်းသိတာကွ။ အဲဒါနဲ့ ဆရာမ, ကို၊ ဘောပင် ထ,တောင်း တာ။ ငါ့





သေးက၊ ကောင်မ,လေးက၊ ဒီဘော့ပင်လေး လှမ်းပေးတယ်။ သူ့ နာမည်က သီတာရီ . . .တဲ့”

ရှုဝံကျော်က . . .

“ဘော့ပင်မှာ၊ နာမည်ရေးထား လို့လား”

“ဟော့ကောင်၊ မင်း နားမထောင်ဘူး ဆို။ ဘာဖြစ်လို့ ဝင်မေးတာလဲ”

“မမေးဘူးကွာ”

ကျွန်တော် . . .စကားဆက်သည်။

“စာမေးပွဲခန်းထဲက ထွက်ခါနီးတော့၊ ဝင်ခွင့်ကပ်ပြားတွေ၊ ဆရာမ အနားမှာရှိတာနဲ့၊ ငါ . . .ဒီဘော့ပင်ရဲ့ ပိုင်ရှင်ကို သိချင်လို့ဆိုပြီး၊ ဆရာမ,ကို အကူအညီ တောင်းလိုက်တာ။

နာမည်လည်း . . .သိခဲ့တယ်။

အိမ်လိပ်စာလည်း မှတ်ခဲ့တယ်။ ဒီမှာ . . .”

လက်ဝဲဘက် လက်ဖဝါးကို၊ ကျွန်တော် ပြလိုက်သည်။

ရှုဝံကျော်က “ပြစမ်း” . . . ဟုပြောပြီး၊ လက်ဝါးပြင်မှ စာကြောင်းတွေကို အတင်းလိုက်ဖျက်သည်။ ကျွန်တော် မရှော



www.burmeseclassic.com

www.burmeseclassic.com



ရှန်းဖယ်လိုက်ရ၏။

စိုးမိုးကျော်က . . .

"အခု အဲ့ဒီ ကောင်မလေးက၊ ကျောင်းထဲမှာ ရှိတော့လို့လား"

"မရှိတော့ဘူး ထင်တယ်ကွ။ ငါ့ အရင် ထွက်သွားတာ။ တွေ့လိုတွေ့ငြား စောင့်နေမိတာ"

"ဘော့ပင် ပြန်ပေးမလို့လား"

"အင်းပေါ့။ ပြီးတော့ . . . ကျေးဇူး တင်စကားလည်း ပြောမလို့"

"ပြန်လိုချင်မှတော့၊ မင်းကို အခန်း၀,က စောင့်နေမှာပေါ့ကွ"

"အေးကွာ"

ကျွန်တော့်၏ ရင်မောလစ်ဟာ သံ။

ရှုဝံကျော်က . . .

"ပြန်ယူမှာ မဟုတ်ပါဘူးကွာ။ အခိုးခံရမယ့် အတူတူ။ ပေးလိုက်တာ ကုသိုလ်ရမယ်လို့ တွေးပြီး၊ စကားနည်း ရန်စဲ ပေးခဲ့တာနေမှာပါ"

စိုးမိုးကျော် ရယ်၏။





"ဟော့ကောင် ရှုဝံကြော်" . . . ဟု၊ ကျွန်တော် ခေါ်လိုက် ၏။

"နာမည်ကို ကောင်းကောင်းခေါ် ကွာ"

"အေး . . . ရှုဝံကျော်။ ငါ့ကို အဲ့ဒီ ကောင်မလေးက၊ ဥပဇ္ဇတိရုပ်ကို ကြည့်ပြီး ပေး သွားတာကွ။

မင်းလို၊ ခါးပိုက်နှိုက်ရုပ်ဆိုရင် ပေးမှာ မဟုတ်ဘူး"

ရှုဝံကျော် အံကြိတ်၏။ စိုးမိုးကျော်က . . .

"အခု . . . ကျောင်းထဲမှာ လူကုန် သလောက်ရှိနေပြီပဲ။ မင်းက ဘာထိုင်လုပ် နေမှာလဲ"

"မထိုင်တော့ပါဘူးကွာ။ ငါ . . . လိပ်စာအတိုင်းစုံစမ်းပြီး၊ အိမ်ကို သွားပေးရင် ကောင်းမယ်"

"ဘယ်တော့ သွားမှာလဲ"

"အခု . . ."

ပြောပြီး ထိုင်ရာမှ ထ,လိုက်သည်။ စိုးမိုးကျော်၏ စက်ဘီးဒေါက်ကို ခြေဖြင့်ကန်ဖြုတ်လိုက်၏။ စက်ဘီးလက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ကို၊ ကိုင်ကာ . . .

"မှုဝံ။ မင်း လိုက်မှာလား"

မှုဝံကျော် ထိုင်ရာမှ ထ,သည်။

"သွေးသံ ရဲရဲ မမြင်ရဘူးဆိုရင် လိုက်မယ်"

စိုးမိုးကျော်၊ ကျွန်တော် နင်းမည့်စက်ဘီးပေါ်သို့ တက်သည်။ မှုဝံကျော် လိုက်ဖို့ ဟန်ပြင်၏။

နေမင်း၏ အပူရှိန်ကား၊

ဆံစ,များကို ကျွမ်းလောင်စေ၏။

❋ ❋ ❋



( ၃ )

"ဟာ"

အနောက်ဖက်မှ ကားဟွန်းတီးသံကြားသဖြင့်၊ ကျွန်တော် နင်းနေသော စက်ဘီးကို လက်ျာဘက်သို့ ကပ်ပေးလိုက်သည်။ စက်ဘီးနှစ်စီးကို ကျော်တက်သွားသည့် ဘောက်(စ)ဝက်ဂွမ် ကားအဝါလေး၏ အနောက်ခန်းသို့၊ ကျွန်တော်က . . . ကြည့်လိုက်မိသည်။

ကားအတွင်းမှ မျက်လုံးလှလှလေးနှင့်၊ ကျွန်တော့်၏ (နေပူပူကြောင့် မှုံကုတ်နေရသော) မျက်လုံးတို့ဆုံအတွေ့မှာ တော့၊ ကျွန်တော့် မျက်လုံးတွေ ပို၍ဝိုင်းစက်သွားရသည်။ သူ့ မျက်လုံးလေးလည်း၊ မသိမသာ ဝိုင်းဝန်းသွားသည်. . .ဟု၊ ကျွန်တော် ထင်လိုက်၏။ သူ . . . သီတာရီလေ။

"ဟော့ကောင်၊ ဘာဖြစ်တာလဲ"

ကယ်ရီယာပေါ်မှ လိုက်ပါလာသော စိုးမိုးကျော်က၊ ကျွန်တော့်ကို မေးသည်။ ကျွန်တော် . . . ချက်ချင်းမဖြေ၊

www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးခြေနင်းကိုသာ ပို၍လျင်မြန်စွာဖိနင်း နေမိ၏။ ရှုဝ်ကျော်၏ စက်ဘီးက ကျွန်တော့် အနောက်ဘက်တွင်ကပ်လျက်။

"ဟေ့ကောင်။ ဟာ ဆိုတာ ဘာ ဖြစ်တာလဲ"

"သီတာရီ"

ပြောပြီး၊ ကျွန်တော် စက်ဘီးကို ဆက်နင်းနေသည်။ စိုးမိုးကျော်က . . .

"ဟာ ဆိုတာ၊ သီတာရီ။ ဟုတ်လား။ ဘာ အဓိပ္ပာယ်လဲကွာ"

ရှေ့မှ ဘောက်(စ)ဝက်ဂွမ်ကားအဝါလေးကို၊ ဝေးဝေး ကွာကွာသာ မြင်ရတော့၏။ ကျွန်တော် လမ်းဘေးသို့ စက်ဘီး ကို ထိုးရပ်လိုက်ပြီး . . .

"ခုနက၊ ကျော်တက်သွားတဲ့ ဘောက်(စ)ဝက်ဂွမ်ကားထဲမှာ သီတာရီကို တွေ့လိုက်တယ်လို့ ပြောတာကွ"

"အဲဒါဆိုလည်း၊ ဆက်နင်းလေကွာ" . . .ဟု၊ စိုးမိုးကျော် ပြောသည်။ အနီးသို့ ရှုဝ်ကျော်၏ စက်ဘီးလည်း၊ ထိုးစိုက် လာ၏။ ဝဖိုင့်သော ရှုဝ်ကျော်၏ ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေ ရွှဲရွှဲစိုနေသည်။ နဖူးပေါ်တွင် ချွေးသီးတွေ ပို၍ဖွက်ထ,နေ၏။

ထို ချွေးစက်များကို၊ လက်မောင်းရင်းအကျႌစ,ဖြင့်၊





ပင့်သုတ်လိုက်ပြီး . . .

"နိုင်သူရ။ ဘာဖြစ်လို့လဲ။ မသွား တော့ဘူးလား"

"သွားမယ်" . . .ဟု ပြောပြီး၊ ကျွန်တော် လုံချည်ပြင်ဝတ် လိုက်သည်။ ခါးနောက်ကျောမှ ထိုးထားသည့် ပေတံနှင့် မေးခွန်းစာရွက်ကို၊ စိုးမိုးကျော် လက်ထဲသို့ပေးလိုက်၏။

"သွားမှာဖြင့်၊ သွားလေ။ ဘာဖြစ် လို့၊ စက်ဘီးရပ်ပစ်လိုက်တာလဲ"

• "သီတာရီကို တွေ့လို့ . . .တဲ့"

ပေတံနှင့် မေးခွန်းစာရွက်ကို လွယ်အိတ်ထဲသို့ထည့်ပြီး၊ စိုးမိုးကျော် ပြောသည်။ ရှုဝ်ကျော် . . .ဘေးဘီသို့ ချာလည် ပတ်ရမ်းအောင်လှည့်ကြည့်ပြီး . . .

"ဘယ်မှာလဲ။ ဘယ်မှာတွေ့တာလဲ"

"ပါသွားပြီ" . . .ဟု၊ ကျွန်တော် ပြောလိုက်သည်။

ရှုဝ်ကျော်က . . .

"ပါသွားပြီ။ ဟုတ်လား။ ဘယ်သူ ခေါ်သွားတာလဲ။

သူက ကျောင်းသူဆို။ သူများ ခေါ် တိုင်းလိုက်သွားတာပဲလား"

ကျွန်တော် . . . ခေါင်းကို တဗျင်းဗျင်း ကုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှုဝံ။ ခုနက ဘောက်(စ)ဝက်ဂွမ် ကားအဝါလေးထဲမှာ ပါသွားတာကွ။ ဘေးနားမှာ သူ့အမေလား မသိဘူး၊ တစ်ယောက်ပါတယ်"

"ဩော် . . ."

ရှုဝံကျော်က စက်ဘီးကို လမ်းဘက်သို့ ဦးပြန်လှည့်ပြီး–

"အဲဒါဆိုလည်း၊ အိမ်လိပ်စာ အတိုင်းသွားချင်သွား။ ဒါမှမဟုတ်၊ ကားနောက်ကို လိုက်ချင်လိုက်လေ။

ဘာဖြစ်လို့ စက်ဘီး ရပ်ပစ်လိုက်တာလဲ"

"ငါ . . . မနင်းနိုင်တော့လို့"

"ကဲ . . .၊ ဒါဆို။ စိုးမိုးကျော်၊ ငါ့စက်ဘီးပေါ်က လိုက်ပေ့စေ"

"မဟုတ်ဘူး၊ ရှုဝံ"

"ဘာ မဟုတ်လာလဲ"

"ငါ့ကို မင်းတို့နှစ်ယောက်။ တစ်ယောက်ယောက်က၊ တင်နင်းမှ ဖြစ်မှာ"

"ဟာ . . .။ ဘာဖြစ်တာလဲ။ မင်း . . .မောသွားတာလား။ ငါ့ကိုလည်း အားနာ





ပါအုံးကွ"

ရှုဝံကျော် သူ့ ဗိုက်ပူပူကို ပုတ်ပြီးပြော၏။

"မောသွားတာတော့ မဟုတ်ဘူးကွ။ ဒါပေမဲ့ . . .၊ ငါ. . .ဆက်နင်းလို့ မရတော့ဘူး။ အဲဒါကြောင့်၊ ဒီမှာ . . . ရပ်ပစ်လိုက်တာ"

"သီတာရီ နောက်ကို မလိုက်တော့ဘူးလား" . . .ဟု၊ ရှုဝံကျော်မေးသည်။

"လိုက်ချင်တယ်။ စိုးမိုးကျော် . .၊ ငါ့ကို တင်နင်း . . ."

စိုးမိုးကျော်ထံသို့ စက်ဘီး တိုးပေးလိုက်သည်။

"မင်း . . .ဘာဖြစ်သွားတာလဲ" . . .ဟု၊ စိုးမိုးကျော် မေးသည်။

ဘောက်(စ)ဝက်ဂွမ်ကားအဝါလေး ပေးသွားရာဘက်သို့ ကျွန်တော် ငေးကြည့်လိုက်၏။ ငေးလျက် –

"သီတာရီရဲ့ မျက်လုံးလေးတွေကို မြင်ပြီး၊ ငါ့ စိတ်တွေ လှုပ်ရှားသွားတယ်ကွ။ ခြေမကိုင်မိ၊ လက်မကိုင်မိ ဆိုသလို မျိုးပေါ့"

ရှုဝံကျော်က . . .

"အဲဒါ . . .ဘာဖြစ်တာလဲ။ သိလား"

ကျွန်တော် . . . ခေါင်းခါလိုက်သည်။ ရှုဝံကျော်က –



www.burmeseclassic.com

www.burmeseclassic.com



"မသေမချင်း မှတ်ထား။ အဲဒါ၊ သူတစ်ပါး ပစ္စည်းကို ပြန်ပေးရမှာမို့လို့၊ တွန့်တိုစိတ်ဖြစ်တာ။ စိတ်လှုပ်ရှားသွားတာ။ ဗမာလိုတော့၊ အဲဒါကို သူခိုးစိတ်လို့ ခေါ်တယ်"

" xxx. . . xxx "

စိုးမိုးကျော် တဟားဟား ရယ်၏။ ရှုဝံကျော်က၊ အရယ်ရပ်လျက် –

"ဒီ . . .ဘော့ပင်ကို ပြန်ပေးချင် တာ တစ်ခုတည်းကြောင့်၊ အဲဒီ့ သီတာရီရဲ့ အိမ်ကိုသွားတာပေါ့။ တခြား၊ မဖွယ်မရာ၊ မတန်မရာကိစ္စ တစ်ခုမှ မပါဘူးပေါ့။ ဟုတ်လား၊ နိုင်သူရ။"

"ဟုတ်တယ်။ ဘော့ပင်လည်း . . ငါ ပြန်ပေးချင်တယ်။ ကျေးဇူးတင်စကား လည်း၊ ပြောချင်တယ်။ ငါ . . .ဂုဏ်ထူးရမှာ သေချာတယ်။ အဲဒါ . . .ဒီဘော့ပင်လေးရဲ့ ကျေးဇူးကြောင့်"

ရှုဝံကျော်က . . .၊ ကျွန်တော့်မျက်နှာကို အထက်အရာရှိ တစ်ယောက်ကကြည့်သော အကြည့်ဖြင့် ကြည့်လျက် . . .

"ကောင်းပြီလေ။ ဒီနေ့ ဒီဘော့ပင်ကို





ပြန်ပေးပြီး၊ ကျေးဇူး ာင်စကားပြောပြီး ရင်၊ နောက်နေ့တွေမှာ၊ မင်းပါးစပ်က သီတာရီဆိုတဲ့ နာမည်ကို လုံးဝ . . . ပြောခွင့်မရှိဘူးနော်"

"အေးပါကွာ" . . .ဟု၊ ကျွန်တော် ပြီးစလွယ် ပြောလိုက်သည်။ လက်ဝါးပေါ်မှ လိပ်စာကို၊ စာရွက်တစ်ရွက်တွင်ကူးယူပြီး အကျီအိတ်ထဲသို့၊ ကျွန်တော် ထည့်လိုက်၏။

စိုးမိုးကျော် နင်းမည့်စက်ဘီး၏ နောက်ထိုင်တွင် ကျွန်တော် ထိုင်လိုက်သည်။

မွန်းလွဲနေရောင်ကို၊ တောက်ပ,လွန်းသော ရွှေဝါရောင်ဟု၊ ရင်ထဲမှ တွေးမှတ်ပစ်လိုက်၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

“ပော့ကောင်တွေ၊ ဟို ရှေ့က
အအေးဆိုင်ရှေ့မှာ. . .ရပ်ထားတဲ့ ကားမို့လား။
ဟိုမှာ . . . ဟိုမှာ”

ရှုဝံကျော်က . . .ကျွန်တော်တို့ စက်ဘီးကို စောင့်ရင်းနင်းလျက်လှမ်းပြောသည်။ သူ . . .ညွှန်ရာသို့ ကျွန်တော်မျှော်ကြည့်လိုက်၏။

“ဟုတ်တယ်ကွ။ လူဝံ။ အဲဒီ ကားပဲ”

“ဒါဆို ဘာဆက်လုပ်မလဲ” . . .ဟု၊ စိုးမိုးကျော်က၊ ကျွန်တော့်ကို လှည့်မကြည့်ဘဲ မေးသည်။ “မသိဘူး” . . .ဟု၊ ကျွန်တော် ဖြေလိုက်၏။ ရှုဝံကျော်က –

“မင်း ဘာသာ လုပ်ချင်တာလုပ်။
ငါက,တော့၊ အဲဒီ ကားဘေးနားမှာ စက်ဘီး
ရပ်မယ်။

ပြီးရင် . . .အဲဒီ ဆိုင်ထဲမှာ အအေး

www.burmeseclassic.com

www.burmeseclassic.com



ဝင်သောက်မယ်။ ဒါပဲ"

ပြောပြီး. . .၊ စက်ဘီးကို အရှိန်မြှင့်လျက်၊ နင်းထွက်သွားသည်။ ဘယ်ဘက်ရင်ဘတ်နှင့် ထိကပ်လျက်ရှိသော အင်္ကျီအိတ်ထဲရှိ နှာရီဘော့ပင်လေးကို၊ ဘယ်ဘက်လက်ဝါးဖြင့်၊ အသာဖိကြည့်လိုက်မိသည်။ ရင်ထဲသို့၊ ဆော့ပင်လေး နစ်ဝင်သွားသည်ထင်မိ၏။

❋

ဘောက်(စ)ဝက်ဂွမ်ကားအဝါလေး အနီးတွင်၊ ရှုဝံကျော် ၏စက်ဘီး။ ထိုစက်ဘီး၏ နံဘေးတွင်၊ စိုးမိုးကျော်၏ စက်ဘီး။ အအေးဆိုင်အတွင်း၊ ရှုဝံကျော် အရင်ဝင်ထိုင်နေသည့်၊ စားပွဲတွင်စိုးမိုးကျော်နှင့်အတူ၊ ကျွန်တော် ဝင်ထိုင်လိုက်သည်။ ထိုအချိန် အထိ၊ သီတာရီကို ရှာမတွေ့သေး။ ရှာဖွေဝေ့ဝိုက်ကာ မကြည့်ရဲ သေး။

"ကြံရည်သုံးခွက်" . . .ဟု၊ မှာပြီး၊ ရှုဝံကျော်က၊ ကျွန်တော့်ကို အသေအချာကြည့်လျက် လေသံမှျင်းမှျင်းဖြင့် –

"ငါ့ နောက်ဘက်စားပွဲက၊
ကောင်မလေးမို့လား။ ဒီမှာ . . .မှဲ့လေး
တစ်လုံးနဲ့လေ။ ဟုတ်လား"

ညာဘက်မေးစေ့ကို၊ လက်ညှိုးဖြင့် တို့ထိကာမေးသည်။ သူ့





နောက်ကျောဘက်ရှိ စားပွဲဘက်သို့၊ ကျွန်တော် မရဲတရဲ၊ လှမ်းကြည့်လိုက်မိသည်။

"ဟုတ်တယ်". . .ဟု ပြောလိုက်မိစဉ်တွင်၊ ရင်ထဲမှာ လှပ်ကနဲဖြစ်သွား၏။

"အဲဒါဆို ဘော့ပင်သွားပေးလိုက်
လေ။"

ရှုဝံကျော်က၊ အားမလိုအားမရသံဖြင့် ပြော၏။ ကျွန်တော်က
. . .

"ငါ . . . မပေးရဲဘူး။ အနားမှာ
ဦးလေးကြီးတစ်ယောက်နဲ့၊ အဒေါ်ကြီး
တစ်ယောက်"

ပြောပြီး၊ သီတာရီရှိရာသို့ ဝေ့ကနဲ တစ်ချက်ကြည့်လိုက်မိပြန်သည်။ သူ့နံဘေးရှိအမျိုးသမီးကြီးသည်၊ သီတာရီ၏ မိခင်ဖြစ်လိမ့်မည် . . .ဟု၊ ကျွန်တော် တွက်ဆ,နိုင်၏။ ဘာဖြစ်လို့လဲ ဆိုတော့၊ သီတာရီ၏မျက်နှာပေါက်နှင့် ဆင်ဆင်တူသည့်အပြင်၊ လွန်စွာ လှပ, ပြေပျစ်နေဆဲဖြစ်သောကြောင့် ထိုကဲ့သို့တွက်ဆ,လိုက်ခြင်းဖြစ်၏။

"အမေ ငယ်ငယ်က၊ သမီးထက်
တောင် ပိုလှမလား မသိဘူးနော်"

ရှုဝံကျော်က . . .၊ မျက်ခုံးပင့်ပြီး ပြော၏။ ကျောပေးထား



www.burmeseclassic.com

www.burmeseclassic.com



ရာ အမျိုးသားကြီး၏ မျက်နှာကိုတော့၊ ကျွန်တော် မမြင်ရ။

"နော် . . . စိုးမိုးကျော်"

"ဘာလဲကွ"

"ဩော်၊ အမေက သမီးထက်တောင် ပိုလှ ပိုချောတယ်လို့ပြောတာ"

"လူဝံ" . . .ဟု၊ ကျွန်တော် စောင့်အောင့်ကာ ခေါ်လိုက်၏။

"ဘာလဲ"

"အသက်ငါးဆယ်ကျော်လောက်ရှိတဲ့ အဘွားကြီးတောင်၊ မင်းက . . ."

"ဟာ။ ငါ . . .ဘာပြောလို့လဲ။ လှလို့ လှတယ်၊ ချောလို့ ချောတယ်ပြောတာ။ မပြောရဘူးလား"

ကျောဘက်သို့၊ လက်မ,ဖြင့် ညွှန်လျက် –

"အဲဒီ့ သီတာရီ ကြီးလာရင်လည်း၊ သူ့အမေလို လှနေ ချောနေအုံးမှာပဲလို့ ငါ ဆိုလိုတာကွ"

"တီးတိုး ပြောကွာ" . . .ဟု၊ စိုးမိုးကျော် ဝင်ဟန့်သည်။ ပြီးနောက် . . .စိုးမိုးကျော်က၊ ကျွန်တော့်ကို စွေတစောင်း ကြည့်ကာ–

"နိုင်သူရ။ မင်းကို မြင်သွားပြီ ထင်တယ်။ တစ်ချက် လှမ်းကြည့်တယ်"





"ဟုတ်လား။ ငါ . . .မသိလိုက်ဘူး"

ရှုဝံကျော်က –

"ကဲ . . . ပိုင်ရှင်က၊ လာတောင်းတဲ့အထိ စောင့်မနေနဲ့လေ။

ကိုယ့်အသိစိတ်နဲ့ကိုယ်၊ ဘော့ပင် သွားပေးလိုက်တော့။

မင်းကို ကြည့်တယ်ဆိုတာ ဘော့ပင် ပြန်လိုချင်လို့ ကြည့်တာနေမှာ"

"ငါ . . .သွားပေးချင်ပါတယ် ရှုဝံရာ။ ဒါပေမယ့် ငါ့ရင်တွေ အရမ်းတုန်နေတယ်"

"ဟုတ်တယ်။ သူတစ်ပါးပစ္စည်း ကို အလစ်သုတ်တော့မယ်ဆိုရင်၊ အဲဒီလိုပဲ ဖြစ်တတ်ကြတယ်"

"လူဝံ"

ရှုဝံကျော်ကို ကျွန်တော် လက်သီးဖြင့် လှမ်းရွယ်လိုက်၏။ ရှုဝံကျော် ရယ်လေသည်။

စားပွဲပေါ်သို့ ကြံရည်သုံးခွက်ရောက်လာ၏။ ရှုဝံကျော်က၊ ကြံရည်တွေကို တရစပ်မော့သောက်သည်။ စိုးမိုးကျော်က နှုတ်ခမ်းဆွတ်ရုံသောက်၏။ ကျွန်တော် ကြံရည်ခွက် ချထားရာသို့



www.burmeseclassic.com

www.burmeseclassic.com



လက်မလှမ်းဖြစ်သေး။

သီတာရီ၏ မိခင်ကို ဘေးတစ်စောင်းအမြင်ဖြင့်၊ ကျွန်တော် ထိုင်နေရာမှ၊ မြင်နေရသည်။ သီတာရီ့ မျက်နှာကိုမူ၊ ကျွန်တော် . . .ငုံ့ကြည့်လိုက်လျှင်၊ တည့်တည့်တန်းတန်း မြင်တွေ့ရပေမည်။ သို့သော် ကျွန်တော် . . .ရဲဝံ့စွာ ငုံ့မကြည့် မိသေး။

"ဒီအတိုင်းဆိုရင်၊ မင်း . . . အိမ်ကို လည်း၊ သွားပေးရဲမှာ မဟုတ်ဘူး"

စိုးမိုးကျော်က၊ ကြံရည်ခွက်ကို စားပွဲပေါ်တွင်ချလျက် ပြော၏။

"ငါ . . .ဝန်ခံရမှာပဲ။ သူ . . . တစ်ယောက်တည်းဆို၊ ငါ . . .သွားပေးရဲတယ် စိုးမိုးကျော်"

ပြောပြီး၊ သီတာရီ ရှိရာသို့ ဝေ့ကနဲ ငုံ့ကြည့်မိသည့်အခါ မှာတော့ . . .၊ ကျွန်တော့် ရင်ထဲက ကမ္ဘာငယ်တွင်၊ လျှပ်စီးလှိုင်းတွေ၊ ခိုဝင်သွားသည်။ အဘယ်ကြောင့်ဆိုသော် . . . သီတာရီ၏ စူးစိုက်ရွှန်းလဲ့သော မျက်ဝန်းအစုံဖြင့်၊ စက္ကန့်များစွာ ကြုံဆုံခွင့် ရလိုက်သောကြောင့် ဖြစ်လေ၏။

အင်္ကျီအိတ်အတွင်းရှိ၊ ဘောပင်လေးကို ထုတ်ယူလိုက်မိသည်။ စွဲငင်မှုရှိရာသို့၊ ကျွန်တော့် မျက်လုံးတွေ ပြန်ရောက်သွား ပြန်သည်။

– အင်ပါယာစာပေ –



သီတာရီ၏ မျက်ခုံးတန်းတန်းလေး တွန့်ကွေးသွားသည် ကိုလည်းကောင်း၊ ဦးခေါင်းကို မသိမသာ ခါရမ်းပြလိုက်သည် ကိုလည်းကောင်း၊ စက္ကန့်အနည်းငယ်အတွင်း၊ ကျွန်တော် တစ်ယောက်တည်းမြင်တွေ့လိုက်ရ၏။

စိုးမိုးကျော်နှင့် ရူဝံကျော်တို့ကို တစ်ချက်မျှ ကြည့်ပြီး၊ လက်ထဲမှ ဘောပင်လေးကို အင်္ကျီအိတ်ထဲသို့ ပြန်ထည့်လိုက် ၏။

"ပြန်ပေးစရာ၊ မလိုသေးဘူးကွ"

"ဘာဖြစ်လို့လဲ" . . .ဟု၊ ရူဝံကျော် မေးသည်။

"ကာယကံရှင်က၊ ပြန်မပေးနဲ့ တဲ့"

"ဘယ်တုန်းက ပြောလို့လဲ"

"လွန်ခဲ့တဲ့စက္ကန့်ပိုင်းလောက်က,လေ"

ထိုစဉ် . . .

သီတာရီတို့မိသားစု၊ ထိုင်ရာမှ ထ,သည်ကို တွေ့လိုက်ရ ၏။ အငမ်းမရ၊ လိုက်မကြည့်မိအောင်၊ ကိုယ့်ကိုကိုယ် ထိန်းသိမ်း ရသည်။

အမျိုးသားကြီးက၊ ရှေ့မှထွက်ခွာသည်။ သီတာရီက အလယ်၊ မိခင်ဖြစ်သူက . . ., အနောက်။

မိခင်ကို စောင့်ခေါ်လျက်၊ ကျွန်တော့် ရှိရာဘက်သို့ တစ်ချက်မျှငုံ့ကြည့်သွားသော၊ သီတာရီ၏ အကြည့်လေးကို မမျှော်လင့်စွာ၊ ရရှိလိုက်သဖြင့်၊ ကျွန်တော့် ရင်ထဲအေးစိမ့်သွားသည်။

– အင်ပါယာစာပေ –

www.burmeseclassic.com

www.burmeseclassic.com



ကြံ့ရည်ခွက်ထဲက ရေခဲတုံးလေးတွေ၊ အရည်ပျော်လုပြီ။

❋

ဘောက်(စ)ဝက်ဂွမ်ကားလေး၊ ဆိုင်ရှေ့မှ ထွက်ခွာသွားသည့်အခါမှာတော့၊ ငှဲကြည့်လေဦးမလား . . .ဟု၊ မျှော်ကြည့်နေမိသော ကျွန်တော် ရှိရာဘက်သို့၊ သီတာရီသည်၊ လုံးဝ . . လှည့်ကြည့်သွားခြင်း အလျဉ်းမရှိ။

မြင်ကွင်းမှ ဘောက်(စ)ဝက်ဂွမ်ကားလေး ဝေးပျောက်သွားသောအခါကျမှ၊ ရွှဝံကျော်က . . .

"အမေ တူလို့ချောတာကွ"

"လုပ်ပြန်ပြီ"

"သြော . . .။ မင်းတို့အမြင်ပဲလေ။

ဟိုလူကြီးက မည်းမည်းသည်းသည်း။

အဒေါ်ကြီးက ဖြူဖြူချောချော။ ဖအေတူရင်၊

အနည်းဆုံး၊ အသားမည်းမှာပေါ့ကွ"

ရွှဝံကျော်ကို၊ စိုးမိုးကျော် လက်ကာ၏။ ပြီး . . .

"မင်း . . .ဘာဖြစ်လို့ ဘော့ပင်

မပေးလိုက်တာလဲ။

ကိုယ်က . . .ရိုးရိုးသားသားပဲဟာ။





ကျောင်းသားကျောင်းသူ အချင်းချင်း၊ ကူညီရိုင်းပင်းတာကို၊ ဘယ်မိဘမှ မနှစ်သက်တာမရှိပါဘူး။ မင်းက . . .ဘာကို ရွံ့နေတာလဲ"

"ပထမတော့၊ ငါ . . .သူ့မိဘ,တွေကိုကြောက်လို့၊ ထိုင်ရာက,ကို မထ,ဖြစ်တာ။

ခုနက၊ ဘော့ပင်လေးထုတ်ပြီး၊ ဘာဖြစ်ဖြစ် ငါ . . .သွားပေးမယ်လို့၊ စဉ်းစားပြီး၊ သူ့ကို လှမ်းကြည့်လိုက်တော့၊ ငါ့ကို . . . ခေါင်းရမ်းပြတယ်ကွ"

"ဟုတ်လို့လား"

ရွှဝံကျော်က၊ မယုံမကြည်မေး၏။

"ဟုတ်တယ်"

စိုးမိုးကျော်က . . .

"ဘယ်သူမှ မတွေ့ဘူးလား။ သူ . . ခေါင်းရမ်းပြတာကို"

"မတွေ့ဘူး။ အဘိုးကြီးနဲ့အဘွားကြီး စကားကောင်းနေတုန်း၊ သူ . . .ငါ့ကို . . လှမ်းကြည့်ပြီး၊ ခေါင်းရမ်းပြလိုက်တာ။ ဒါတောင်၊ မသိမသာလေး"

"ဒါဆို၊ ဒီဘော့ပင်ကို မင်း အပိုင်ရသွားပြီပေါ့" . . .ဟု



www.burmeseclassic.com

www.burmeseclassic.com



ရှုဝံကျော်၊ မေးသည်။ ကျွန်တော်က –

"ငါ့ အထင်တော့၊ မိဘတွေ မသိစေချင်ဘူးထင်တယ်။

ဘာပဲဖြစ်ဖြစ်၊ တစ်နေ့နေ့မှာ၊ ငါ . . ပြန်ပေးဖြစ်မှာပါ။

အိမ်ကိုတော့ သွားမပေးဖြစ်တော့ဘူး၊ ဒါပေမဲ့ . . .သူ့ အိမ်ရှေ့တော့၊ ငါ သွားချင်တယ်"

လွမ်းမောစွာ ပြောမိသည်။

စိုးမိုးကျော်က –

"ဒီနေ့တော့၊ မင်း မသွားသင့်ဘူးကွ။ ဘာဖြစ်လို့လဲဆိုတော့၊ ငါတို့ကို သူ့မိဘတွေ၊ နည်းနည်းပါးပါးမှတ်မိသွားရင် မကောင်းဘူး"

ရှုဝံကျော်က –

"ဒါနဲ့နေပါအုံး၊ သူ့အိမ်ရှေ့တော့ သွားချင်တယ်ဆိုတာ။ မင်း . . .စကားက၊ ဘာအဓိပ္ပာယ်လဲ"

"ဒါက,တော့ ထွေထွေထူးထူး ရှင်းပြရအုံးမှာလားကွာ။

မင်းတို့လည်း ဟိုကြည့် ဒီကြည့်





ကြည့်ခဲ့ဘူးကြမှာပဲ။

ငါလည်း . . .မမျှော်လင့်တဲ့ အချိန်မှာ၊ မမျှော်လင့်တဲ့အခြေအနေမျိုးနဲ့ မမျှော်လင့်ဘဲ၊ မျက်နှာလေး တစ်မျက်နှာကို ကြည့်လိုက်မိတာပေါ့။

ဒါပေမဲ့ . . .၊ အဲဒီ့ မျက်နှာလေးက, နေ့မြင်ညပျောက် မျက်နှာလေး မဟုတ်ဘူး"

အင်္ကျီအိတ်အတွင်းမှ၊ ဘော့ပင်လေးကို ထုတ်ယူ ကိုင်တွယ်မိလိုက်သည်။

"ကျေးဇူးတရား။ ပြီးတော့ . . . သတိရတဲ့စိတ်။

အဲဒီနှစ်ခုက၊ ငါ့ကိုအမြဲတမ်း၊ စိုးမိုးနေတော့မှာပါ"

"ဟော့ကောင်"

ရှုဝံကျော်က၊ ကျွန်တော် ပခုံးစွန်းကို လှမ်းပုတ်သည်။

"စကားပြောရင် ကောင်းကောင်းပြောကွာ။ ဝမ်းနည်းသံနဲ့ မပြောနဲ့"

ကျွန်တော် ပြုံးမိသည်။

"ဝမ်းနည်းတာ မဟုတ်ပါဘူး။ ခံစားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ . . .၊ နောက်မှ ခံစား။ အိမ်ပြန်ပြီး မျက်နှာပြကြရဦးမယ်။ မိဘတွေက၊ ဖြေနိုင်မဖြေနိုင် သိချင်လို့ မျှော်နေတဲ့ အချိန်မှာ၊ ငါတို့က . . .၊ နေပူစာလှုံနေလို့ မကောင်းဘူး" . . ဟု၊ စိုးမိုးကျော် ပြောသည်။ "နေပူစာလှုံတာ မဟုတ်ဘူး။ နေခြောက်လှမ်းနေတာ" . . .ဟု ရှုဝံကျော် ပြောသည်။

ကျွန်တော့မှာ၊ အိမ်ပြန်ချင်စိတ် မရှိသေး။

❋ ❋ ❋



( ၅ )

နာရီဘော့ပင်လေးကို ... ရားစင်ပေါ်သို့၊ ကျွန်တော် တရိုတသေတင်လိုက်စဉ်၊ အမေက . . .

"ဒါသိ၊ မင်း. .ဒီဘော့ပင်လေး မရခဲ့ရင်၊ ဒီနေ့ စာမေးပွဲ ဖြေနိုင်မှာ မဟုတ်ဘူးပေါ့"

အမေ ထိုင်နေရာ ကုလားထိုင်ခြေရင်းတွင်၊ အမေ့ ဒူးခေါင်းကို ခေါင်းမှီကာ၊ ကျွန်တော် ထိုင်လိုက်သည်။

"အခန်းစောင့် ဆရာမ,က၊ သူ့ဘော့ပင်လေးမို့တော့ ရှာနေသေးတယ်။

ဒါပေမဲ့. . , သား ဘေးနားက ကောင်မလေးက အဲဒီဘော့ပင်ကို လှမ်းပေးတာ။ History သာ ဂုဏ်ထူးထွက်ဦးမယ်ဆိုရင်၊ အဲဒီ ကောင်မလေးကို သား . . . ပို့ပြီး ကျေးဇူးတင်ရမှာ"

ဒါနဲ့ နေစမ်းပါဦး။ အဲဒီဘော့ပင်က ဘာဖြစ်လို့ အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ကို ချိန်ဆကြည့်သည်။ အစ်မက . . .

"နင်တို့ ညနေ ဘယ်သွားကြအုံး မလို့လဲ"

"ရွှေတိဂုံဘုရား"

နှုတ်တွေ့ရာ၊ ပြောလိုက်ခြင်းသာ ဖြစ်၏။

သီတာရီ၏ မျက်နှာလေးကို၊ မြင်ယောင်လိုက်မိသည်။

❋

ညနေစောင်းသောအခါ၊ သီတာရီ၏ အိမ်ရှေ့သို့၊ ကျွန်တော်တို့စက်ဘီး သုံးစီးဖြင့်၊ ဖြတ်သန်းသွားကြ၏။ အိမ်ဝင်းကျယ်ကြီးအတွင်း၌ ရပ်ထားသော အဝါရောင်ဘော(စ)ဝက်ဂွမ်ကားလေးမှအပ၊ မည်သည့်သက်ရှိ လှုပ်ရှားမှုကိုမျှ မတွေ့လိုက်ရချေ။

"နောက်တစ်ခေါက် ထပ်ဖြတ်ချင်သေးလား" . . .ဟု၊ ရှုဝံကျော် မေးသည်။ စက်ဘီးလက်ကိုင်ကို ညာဘက်လက်တစ်ဘက်တည်းဖြင့်ကိုင်ထိန်းပြီး၊ ဘယ်ဘက်လက်ကို ကျွန်တော်ခါယမ်းပြလိုက်သည်။ စိုးမိုးကျော်က၊ ကျွန်တော့်စက်ဘီး နှင့်အတူ၊ သူ့စက်ဘီးကို ယှဉ်နင်းလျက်၊

"ဘာဖြစ်လို့၊ နောက်တစ်ခေါက်





ထပ်မဖြတ်ချင်ရတာလဲ"

ကျွန်တော်က၊ ရှေ့တည့်တည့်သို့၊ ကြည့်ငေးကာ . . .

"သီတာရီက၊ ငါ့ရည်းစားမှ မဟုတ်တာ။ လျှောက်ပြန့်သံပေးအလုပ်ကို၊ လုပ်ဖို့မလိုပါဘူး"

ရှုဝံကျော်က . . .

"ဒါဆို၊ ဘာဖြစ်လို့၊ အဲ့ဒီအိမ်ရှေ့က တကူးတက ဖြတ်လာရတာလဲ"

"သြော် . . .။ အိမ်ဝင်းတံခါးနားမှာ ဖြစ်ဖြစ်၊ အိမ်အနီးအနားမှာပဲ ဖြစ်ဖြစ်၊ သီတာရီကိုတွေ့ရင်၊ ဒီ. . .ဘော့ပင်လေး ပြန်ပေးမလို့"

ရှုဝံကျော် တဟားဟားရယ်မောသည်။ ပြီးမှ –

"မင်းတော့. . .၊ ဒီဘော့ပင်ကို အကြောင်းပြပြီး၊ အဲ့ဒီ အိမ်ရှေ့ကို ချောင်းဖောက်တော့မှာ . . .ငါ . . .မြင်ယောင်တယ်။ ဟား ဟား"

"မင်း . . .ပြောသလောက်လည်း မဟုတ်ပါဘူး ရှုဝံရာ" . . .ဟု၊ ကျွန်တော် . . .ငြီးငြူ၊ ပြောလိုက်သည်။ အကျႌ အိတ်အတွင်းရှိ ဘော့ပင်လေးကို ဖိစမ်းလိုက်မိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ ကျန်ရစ်ခဲ့ပြီကို သိပါလျက်၊ ဘောက်(စ) ဝက်ဝွမ်ကားအဝါလေးကို မြင်ယောင်နေသည်။ အနက်ရောင် အိမ်မြင့်မြင့်ကြီးကို မြင်ယောင်နေသည်။ သီတာ၏ တစ်ပိုင်းတစ်စ မျက်နှာအမူအရာလေးတွေကိုပါ၊ ဖြတ်ကနဲ ဖြတ်ကနဲ မြင်ရောင် နေရပြန်၏။

❋

ရထားသံလမ်းများကို ဖြတ်ကျော်ပြီးသောအခါကျမှ၊ ကျွန်တော်တို့ရပ်ကွက်ဘက်သို့ရောက်၏။ သီတာရီ၏အိမ်ရှိရာ အပိုင်းနှင့် ကျွန်တော်တို့၏ မြို့နယ်အပိုင်းကို၊ ရထားသံလမ်းများက၊ ခွဲခြမ်းဖြတ်သမ်းထားသည်။ သံလမ်း၏ ဟိုဘက်သည်၊ အခြား မြို့နယ်။ သံလမ်း၏ သည်ဘက်သည်၊ ကျွန်တော်တို့ မြို့နယ်။

ရထားသံလမ်းမှ ဖြတ်ခြားထားရုံဖြင့်၊ အမည်နာမ, ကွဲပြားခြားနားနေတာပါလား . . .ဟု၊ သီတာရီကို သိမြင်ပြီးခါမှ ကျွန်တော် ဂရုတစိုက် တွေးကြည့်မိလေသည်။

သံယောဇဉ်ရှိရာ . . .သံယောဇဉ်ရှိသူနှင့် မျဉ်းတစ်ပြေးစာ၊ ဆံကစ်မျှင်စာမျှပင် မခြားချင်သောစိတ်ထားက၊ ယခုမှပေါ်ထွက် လာဟန်တူသည်။

စက်ဘီးများကို တွန်းရုံသာတွန်းလာကြသည်။ လက်ဘက်





ရည်ဆိုင်ရှေ့ရောက်သောအခါ၊ ဒေါက်ထောက်ပြီး၊ အနီးရှိ စားပွဲငယ်တွင် ဝင်ထိုင်ကြသည်။ နေရောင်ခြည်အိုသည် အနောက် ဘက်သို့ မှေးစင်းခါစ။

"နောက်တစ်ပါတ်လောက်ဆို
သင်တန်းတက်ရတော့မှာနော်"

စိုးမိုးကျော်ကို ထိုင်ခုံတစ်ခု တိုးပေးပြီး၊ ကျွန်တော်ပြော သည်။ စိုးမိုးကျော်က –

"ငါတို့နှစ်ယောက်က၊ မင်း တက် မယ်ဆိုလို့သာ၊ လိုက်တက်ရတာ၊ သိပ် ဝါသနာမပါဘူး"

"မင်းတို့ကိုအနုပညာနဲ့ နီးစပ် စေချင်လို့ပါ။

သိပ်လည်းမကြာဘူးထင်ပါတယ်။ လ,ပိုင်းလောက်ပဲ ဖြစ်မှာပါ"

ခူဝံကျော်က ဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကို၊ ထိန်းသိမ်းရှာ ဟိုင်ပြီး။

"ငါက,တော့၊ ပန်းချီဆွဲတတ်ရင်၊ ဝက်ခေါင်းပုံတွေ၊ ကြက်ကောင်လုံးကြော်ပုံ တွေကို အပီအပြင်ဆွဲပစ်မယ်။ ပြီးရင် . . . အိမ်မှာ ချိတ်ထားမယ်။ ဟဲ ဟဲ"

"ဘာလုပ်ဖို့လဲ" . . .ဟု၊ ကျွန်တော် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ၊ ငါ ကြိုက်တာ၊ ငါ ဆွဲမှာလေ"

"မင်းက၊ ဝက်ခေါင်းကြိုက်လို့လား"

"ကြိုက်တာပေါ့။ အရွက်မှာ . . . လက်ဖက်၊ အသီးမှာ . . . သရက်၊ အသားမှာ . . .ဝက်တဲ့။ ငါ အကြိုက်ဆုံးက ဝက်သားပဲ"

ကျွန်တော် မျက်နှာကိုတမင် ရှုံ့မဲ့ပစ်လိုက်ပြီး . . .

"လုဝ်။ မင်းက . . .ဓာတ်တူသား [illegible]"

"ဘာကွ"

"ဩော် . . .ဝက်က၊ ဝက်ကို ပြန်စားတာ မကောင်းဘူးလို့"

"သေနာ"

စိုးမိုးကျော်ရော ကျွန်တော်ပါ ရယ်မောဖြစ်ကြ၏။ လက်ဘက်ရည်သုံးခွက် . . .ဟု၊ စိုးမိုးကျော် လှမ်းမှာသည်။ ပြီးမှ၊ ကျွန်တော့် ဘက်သို့လှည့်ကာ . . .

"မင်းက အခြေခံရှိတယ်ကွ။ သင်တန်းတက်ပြီးရင်၊ မင်း . . . ပန်းချီဆရာ ဖြစ်နိုင်တယ်"





ကျွန်တော် ခေါင်းခါလိုက်၏။

"ငါ . . .ပန်းချီဆရာ မလုပ်ပါဘူး။ ပန်းချီဆွဲချင်တာပါ။

ငါ့ စိတ်ထဲမှာ၊ ပန်းချီဆွဲချင်လာတဲ့အခါ ကျွမ်းကျွမ်းကျင်ကျင် ဆွဲတတ်ရုံလောက်ပါ"

ခင်ဝံကျော်က –

"မော်ဒန်ပန်းချီ ဆွဲရတာ လွယ်တယ်နော်"

"ဘာပြောတယ်။ မော်ဒန်ပန်းချီက ဆွဲရတာလွယ်တယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ"

"မင်းကို ဘယ်သူပြောလဲ"

"ဘယ်သူမှ မပြောပါဘူး။ မော်ဒန်ပန်းချီက၊ ရုပ်ချောစရာလည်း မလိုဘူး။ လွတ်လွတ်လပ်လပ် ဆွဲလို့ရတယ်။

တချို့ မော်ဒန်ပန်းချီဆိုရင်၊ ဖြစ်ကတတ်ဆန်းဆွဲထားတာ။ မူလ,တန်းကျောင်းသားလေးဆွဲထားသလိုပဲ"

ကျွန်တော် တဟားဟား ရယ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှုပ်ကျော်။ မင်း . . .တော်တော် နောက်တဲ့ကောင်ပဲ။ အဲဒီ စကားကို ဘယ်သူ့ရှေ့မှာမှ မပြောမိစေနဲ့"

"ဟာ။ ငါ ပြောတာမှားလို့လား"

"မှားတယ်။ ဒါပေမဲ့ . ., ငါ . . . မင်း နားလည်အောင် မပြောတတ်ဘူး"

ဆိုင်ဝန်ထမ်းက၊ လက်ဘက်ရည်ခွက်တွေ လာချပေးသည်။ စကားစ, ပြတ်သွား၏။

နေ၏ရောင်ခြည်ကို ကောင်းကင်မျက်နှာကျက်၌သာ မြင်ရတော့သည်။ မြေပြင်နှင့် အနီးတဝိုက်သည် မှောင်စ,ပျိုး လျက်ရှိ၏။

ကျွန်တော့်၏လွင့်ပါးသွားသော အတွေးစ,က၊ လင်းလက်လျက်ရှိသေး၏။ အတွေးထဲမှာ တခဏတာမျှ၊ သီတာရီ ရောက်လာသေးသည်။

❋ ❋ ❋



( ၆ )

ပုံဆွဲခဲတဲ့ ချွန်ပုံချွန်နည်းက, အစ သင်ကြားပေးသည်။ မိန်းမ,တစ်ယောက်၏ ကိုယ်နေဟန်ထား၊ ယောကျ်ားတစ်ယောက်၏ ကိုယ်နေဟန်ထား၊ မျက်လုံးနှစ်လုံး၏ အကွာအဝေး။ လူတစ်ယောက်၏ အရပ်အနိမ့်အမြင့် . . .စသဖြင့်သော အခြေခံကိစ္စများကို သင်ကြားပေးသည်။

ခဲကောက်ပုံ။ ရေဆေးအပါးဆွဲနည်း . . .အထူဆွဲနည်း၊ အလင်းအမှောင်၊ အနီးအဝေးတွေကို တိုတောင်းသည့် သင်တန်းကာလ,တွင်၊ လေးနက်စွာသင်ကြားပေးကြ၏။ သင်ကြားပေးကြသူများမှာ၊ ပန်းချီဆရာကြီး စတားဦးမြသန်း၊ ပန်းချီ ကြည်သိန်းတို့အပြင်၊ အခြားသော နီးစပ်ရာပညာရှင်များက . . .အချိန်ပိုင်းဖြင့်၊ သင်ကြားပို့ချပေးကြ၏။

❋

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းကာလ၊ တစ်လ‚နီးပါးမျှ ကြာသောအခါ၊ အောက်ဒိုးထွက်ကြရသည်။ ရွှေတိဂုံရင်ပြင်တော်ပေါ်တွင်လည်းကောင်း၊ ကန်တော်ကြီး အနီးတဝိုက်သို့လည်းကောင်း၊ ကျွန်တော်တို့သင်တန်းသားတွေ . . .သွားရောက် ရေးဆွဲခဲ့ကြရသည်။

ကန်တော်ကြီး ကန်ရေပြင်ရှိ ကရဝိတ်ဟိုတယ်ကြီးကို၊ ကမ်းစပ်တစ်ခုမှ ကျွန်တော် ရေးဆွဲနေစဉ်၊ ကျွန်တော့်အနီး၌၊ အခြားသော သင်တန်းသူ တစ်ဦးလည်း၊ ကရဝိတ်ဟိုတယ်ကြီး ကို ရေးဆွဲ နေလေသည်။ သင်တန်းသူ သင်တန်းသားချင်း ဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး ကူညီမှုများပေးကြသည်။

ထိုစဉ်အခါမျိုးမှာ . . .

သီတာရီကို ကျွန်တော် သတိရမိ၏။

ကရဝိတ်ငှက်၏ နှုတ်သီးများကို၊ ကျွန်တော် စုတ်တံ အသေးစားလေးဖြင့်၊ အနားသတ်ပြီးသောအခါကျမှ၊ အသက်ရှူချောင်သွားရသလိုရှိသည်။ အလင်းအမှောင်၊ ရေပြင်အနေအထား၊ ကောင်းကင်နောက်ခံ၊ ဝန်းကျင်အခြေအနေတို့၌၊ လိုအပ်မည် ထင်သော ဆေးဖြည့်စရာနေရာအချို့၊ ကျန်ရှိနေသည်မှအပ၊ ပန်းချီကားတစ်ခုလုံး ပြီးစီးလုနီးပါးဖြစ်နေပေပြီ။

လူရိပ်နှစ်ရိပ်တွေ့သဖြင့်၊ အသာငဲ့ကြည့်သောအခါ၊ စုတ်တံများကို လက်သီးဆုတ်ကြီးကြီးထဲ၌ စုစည်းဆုတ်ကိုင်လာ





သော ရှုဝံကျော်ကိုလည်းကောင်း၊ မျက်နှာတွင် စိမ်းပြာရောင် ဆေးရောင် တစ်စွန်းတစ်စပေကျံလာသည့်၊ စိုးမိုးကျော်ကို လည်းကောင်း၊ မြင်တွေ့လိုက်ရ၏။

"မင်းတို့ ပြီးပြီလား"

"ပြီးပြီ" . . .ဟု၊ ရှုဝံကျော် ဖြေ၏။

"ဘယ်နှစ်ကားရလဲ"

"တစ်ကားမှ မရဘူး"

"ဟင် . . .ပြီးပြီလည်းပြောတယ်။

ဘုရားပေါ်မှာရော ဘယ်နှစ်ကားရလဲ"

ငွေဘော်ရောင် စစ်စစ်မရှိသောကြောင့်၊ ဆေးစပ်ပြားပေါ်တွင် အဖြူနှင့်အနက်တစ်စက်မျှ ပေါင်းစပ်ထားသော ဆေးကို၊ စုတ်ပြား ဖြင့်တို့လျှက်၊ အရိပ်ထင်ဟပ်ရာ ရေပြင်သို့ ပါးလှပ်စွာ ရေးထိလိုက်၏။

စိုးမိုးကျော်က၊ ကျွန်တော် ရေးဆွဲပုံကို၊ နီးကပ်စွာ ရပ်ကြည့်သည်။ ရှုဝံကျော်က၊ မြက်ခင်းတွင် ခြေပစ်လက်ပစ် ထိုင်လိုက်ပြီး . . .

"ဘုရားပေါ်မှာကတည်းက၊ ငါ ဒုက္ခရောက်တာ"

"ဘာဖြစ်လို့လဲ" . . .ဟု၊ ကျွန်တော် မေးလိုက်သည်။

"ခေါင်းလောင်းကြီးဘေးက‚နေ ရွှေတိဂုံစေတီပုံကို၊ ငါ. . .ဆွဲတာ။



www.burmeseclassic.com

www.burmeseclassic.com



ခဲ စ,ကောက်ကတည်းက၊ ဘေးမှာ လူတွေအုံနေပြီ။ အလိုလိုမှ ပုံက, မတူရတဲ့ အထဲ၊ လူက အုံတော့ငါ့လက်တွေ တုန်လာ ရော။

ခဲလည်းကောက်ပြီးရော။ ရွှေရောင်ကို ဘယ်လိုစပ်ရမှန်းမသိဘူး။ အဝါရောင်ခြည်းပဲဆိုရင်လည်း . . . ရွှေစေတီနဲ့မတူဘဲ နနွင်းမှုန့်တွေ ဖြန်းထားတာနဲ့ တူမှာပဲ။

ဘာပဲဖြစ်ဖြစ် လိမ္မော်ရောင်က,နေ တဖြေးဖြေးဖျော့ယူရင် ရနိုင်တယ်တွေးပြီး၊ အဝါရောင်ကို အနီနဲ့ရောဖို့ ဆေးပုလင်း ယူလိုက်တာ"

"ဆေးပုလင်း မှောက်သွားတာလား" . . .ဟု၊ ကျွန်တော် စကားဖြတ်မေးသည်။ "ဟုတ်တယ်" . . .ဟု ရှုဝံကျော် ပြော၏။

"တစ်ယောက်ယောက်စီက၊ တောင်းပြီးဆက်ဆွဲပေါ့ကွ"

"ဘယ်သူ့ဆီက, တောင်းတောင်း ဆက်ဆွဲလို့ မရတော့ဘူး"

"ဘာလို့"

"ဆေးပုလင်းက ပုံဆွဲစက္ကူပေါ် မှောက်ကျသွားတာကွ"





"ဖြစ်ရမယ်" . . .ဟုပြောပြီး၊ ကျွန်တော် ရယ်ဖြစ်၏။ ပြီးမှ၊

"မင်း . . ဒေါက်မထောက်ဘူးလား" ရှုဝံကျော် ခေါင်းခါ၏။

"ဒေါက်မထောက်တာတောင်၊ ဆေးပုလင်းမှောက်ကျတာ၊ ဒေါက်သာထောက်လို့က, တော့ ဒေါက်ကျိုးလဲ . . . သောက်ကျိုးနည်းတွေဖြစ်မှာ သေချာတယ်"

စိုးမိုးကျော်ပါ ရယ်လေ၏။ ကျွန်တော်က . . .၊

ဆွဲလက်စ ဆေးကို အနည်းငယ်အရောင်ဖျော့စေရန်၊ ရေခွက်ထဲသို့ ထိရုံမျှ တို့လိုက်၏။ ရေပြင်ဝန်းကျင်ကို နှစ်ချက်မျှ ကန့်လန့်ဆွဲလိုက်သည်။ ပြီးမှ,

"ဒီမှာက,ရော၊ ဘာဖြစ်လို့ မဆွဲ ဖြစ်တာလဲ"

"ဆွဲတယ်။ ကညင်ပင်အောက်မှာ စုံတွဲတစ်တွဲထိုင်နေတာကို ကြည့်ဆွဲတာ"

"မဆိုးဘူး။ ကောင်းသားပဲ" . . .ဟု၊ ကျွန်တော်ပြော၏။

"ပုံဆွဲစက္ကူလေးကားစာ ကုန်သွားတယ်။ မဆွဲဖြစ်တော့ဘူး"

စိုးမိုးကျော် ရယ်လေ၏။ ကျွန်တော် . . .ဘာမျှ မသိသေးသဖြင့်၊ မရယ်ဖြစ်သေး။

"ပထမစ,ဆွဲတုန်းက၊ အမျိုးသမီးက



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားရဲ့ညာဘက်မှာ ထိုင်တယ်။ အမျိုးသားက, အမျိုးသမီးရဲ့ ဘယ်ဘက်မှာ ထိုင်တယ်။

ခဲကောက်လို့ ရုပ်လုံးတောင် မကြွ သေးဘူး။ ဘယ်ညာပြောင်းထိုင်ကြတယ်။ သူတို့ပြောင်းထိုင်တော့ ငါလည်း . . . စက္ကူ တစ်ရွက်ထပ်ပြောင်းပြီး၊ ထပ်ဆွဲတာပေါ့။

ထပ်ဆွဲလို့၊ ပြီးလုပြီးခင်ရောက် တော့မှ၊ နှစ်ယောက်က, ဘယ်က,နေညာ၊ ညာက,နေဘယ်၊ ပြောင်းတာ အဆင်မပြေ ဘူး ထင်ပါရဲ့။ တစ်ခါတည်း၊ မျက်နှာချင်း ဆိုင် ထိုင်လိုက်ကြတယ်လေ"

ကျွန်တော် ရယ်မိလေ၏။

"သူတို့လည်း မျက်နှာချင်းဆိုင် ထိုင်ရော၊ ငါလည်း . . .နောက်ထပ်အသစ် တစ်ရွက်ပြောင်းလိုက်မိရော"

"ဒါဆို သုံးရွက်တည်းနဲ့၊ ပြီးရော ပေါ့၊ မင်း . . .ခုနပြောတာ၊ လေးရွက်ကုန် တယ်ဆို။"

"စကားမဆုံးသေးဘူး။ ဆက်နား ထောင်"





စုတ်တံတွေကို မြက်ခင်းပေါ် ပုံလိုက်ပြီး ပြော၏။

"မျက်နှာချင်းဆိုင်ထိုင်တဲ့ ပုံလေး ကပိုပြီးလှတယ်။ ငါ အမြန်ဆုံးခဲကောက် နိုင်အောင် ကြိုးစားတယ်။

ဒါပေမဲ့ . . .မရဘူး။ နောက် တစ်ရွက်ပြောင်းဆွဲလိုက်ရတယ်။"

"ဘယ်လိုအနေအထား ပြောင်း သွားလို့လဲ"

စုတ်တံကိုရေဆေးရင်း ကျွန်တော် မေးသည်။ ခပ်လှမ်း လှမ်းရှိ သင်တန်းသူတစ်ယောက် ပန်းချီဆွဲနေရာသို့ လှမ်းကြည့် ဖြစ်သေး၏။

"မျက်နှာချင်းဆိုင်အနေအထားက, နေ. . . ."

"ကျောချင်းကပ်အနေအထားဖြစ်သွား လို့လား"

"ကျောချင်းကပ်တာ မဟုတ်ဘူး ဟေ့ကောင်ရေ။ ရင်ချင်းအပ်သွားလို့"

ကျွန်တော်က . . .

"အဲဒါ ဘာဖြစ်လဲ။ ဆွဲပေါ့။ ကညင်ပင်ကြီးနောက်ခံနဲ့၊ ပိုတောင်လှသေး တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆွဲတယ်။ အဲဒီ . . .ပူးပူးကပ်ကပ်
အထိ ငါကြည့်ဆွဲနေသေးတယ်။
အဲဒါ . . .လေးရှက်မြောက်ပဲ"

"ပြီးအောင် မဆွဲနိုင်ခဲ့ဘူးလေ" . . .ဟု၊ စိုးမိုးကျော် စကားဝင်ထောက်၏။ "အဲဒီ . . .စုံတွဲက ပြန်သွားလို့လား" . . ဟု ကျွန်တော် မေး၏။ ရူပကျော် မဖြေသေး။

"ဟော့ကောင်။ ဘာဖြစ်လို့ ဆက်
မဆွဲဖြစ်တာလဲ"

ကျွန်တော် . . . အော်ခေါ်ပြီး၊ မေးသည်။

"ဟဲ ဟဲ"

"ဘာ ဟဲဟဲလဲ"

"ဟီး ဟီး။ ငါ . . .အဲဒီစုံတွဲကို
ကြည့်ရင်း ကြည့်ရင်းနဲ့၊ ပန်းချီဆွဲချင်စိတ်
မဖြစ်တော့ဘဲ၊ ချောင်းချင်စိတ်ပေါက်လို့
ချောင်းလိုက်တာ . . ."

မြက်ခင်းပေါ်မှ စုတ်တံတွေကို၊ ကိုင်မြှောက်ပြလျက် –

"ချောင်းပြီး ပန်းချီဆွဲတဲ့နေရာ
ပြန်ရောက်တော့၊ စုတ်တံတွေပဲ ရှိတော့ တယ်။
စက္ကူတွေ ဘယ်သူကောက်သွား လဲ
မသိဘူး"

ကျွန်တော်ပြုံးမိ၏။ စိုးမိုးကျော် . . .ရယ်မောသည်။



ရူပကျော်က . . . .သူ့ အဖြစ်ကိုသူပြော၊ သူတွေးပြီး . . . တဟားဟားရယ်နေပြန်သည်။ မကြာမီတွင် ကျွန်တော့်ပန်းချီ ကား၊ အဆုံးသတ်တော့မည်။

❋

ပန်းချီကားကို ထောက်တိုင်မှ မဖြုတ်ဖြစ်သေး။ စုတ်တံများကိုဆေးကြောဖို့ ကန်စပ်မှရေကို၊ ပလပ်စတစ်ခွက်ငယ်တစ်ခွက်ဖြင့် စိုးမိုးကျော် ခပ်ပေးသည်။

"မင်းရော . . .ဘာပုံဆွဲတာလဲ" . . .ဟု၊ စိုးမိုးကျော်ကို ကျွန်တော် မေးသည်။ "ဘုရားမှာတုန်းကတော့၊ စေတီတန်းပုံပဲ ဆွဲခဲ့တယ်။ ဒီမှာတော့ . . . ငုဝါပင်တစ်ပင်ကိုပဲ ဆွဲဖြစ်တယ်" . . .ဟု ပြောပြီး၊ စိုးမိုးကျော်က, "မင်းရော . . .ဒီမှာ ဒီတစ်ကား တည်းပဲလား" . . .မေး၏။

"ဟုတ်တယ်။ ဗိုလ်ချုပ်ကြေးရုပ်
ကိုဆွဲဖို့ လုပ်သေးတယ်။ အဲဒီနားမှာ လူများ
လို့၊ ဒီဘက်ရောက်လာတာ . . ."

ရူပကျော်က စုတ်တံတွေကို ကူသုတ်ရင်း . . .

"ငါလည်း . . . ဗိုလ်ချုပ်ကြေးရုပ်
ကိုဆွဲဖို့လုပ်သေးတယ်"

"ဘာဖြစ်လို့ မဆွဲဖြစ်တာလဲ" . . .ဟု၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်သည်။

"မဆွဲခင်၊ ငါ . . .တွန်းကြည့်သေးတယ်။ လုံး၀ မလှုပ်ဘူး။ အဲဒါနဲ့ ငါလည်း . . .စဉ်းစားတယ်။ တွန်းတာ တောင် မလှုပ်ရင်၊ ဆွဲရင်လည်း ဘာမှ ထူးမှာ မဟုတ်ဘူးဆိုပြီး၊ ငါ မဆွဲဖြစ်တော့ တာ"

ရှုဝံကျော့်ခေါင်းကို အလတ်စားစုတ်တံဖြင့်၊ ကျွန်တော် လှမ်းခေါက်လိုက်၏။ "ပြီးတဲ့သူတွေ စုရပ်မှာလာစုကြပါ" . . . ဟု၊ သင်တန်းကြီးကြပ်သူ ဆရာတစ်ဦးက အော်ဟစ်သွားသံ ကြားသည်။ ကျွန်တော့်ပန်းချီကားသည်၊ ဆေးသားစွတ်စိုနေဆဲ ရှိသေး၏။

❋ ❋ ❋



( ၇ )

Model ထိုင်ပေးမည့်သူ ရောက်မလာသေးသော်လည်း၊ ထိုနေရာ၏ အရှေ့ဘက်တွင် ဝေ့ဝိုက်၍၊ သင်တန်းသားများကို နေရာယူထားစေသည်။ မိုဒယ်(လ်) ထိုင်ပေးမည့်သူမှာ၊ အိမ်တွင်းမှု သင်တန်းဘက်မှ၊ အလှဆုံးကျောင်းသူတစ်ဦး . . . ဟု၊ သိကြားထား၏။

ပန်းချီသင်တန်း၊ အိမ်တွင်းမှုသင်တန်းကို ဖွင့်လှစ်သည့် ကျောင်းသည်၊ ကျွန်တော်တို့ တက်ရောက်သင်ကြားခဲ့ရသည့် ကျောင်းမဟုတ်။ မြို့နယ်ပညာရေးမှူး ရုံးထိုင်ရာ ကျောင်းဝင်း ဖြစ်သည်။ စည်းကမ်းကြီးသောကျောင်း . . .ဟု၊ ကြားဖူး၏။

အပေါ်ထပ်ရှိ၊ ကျောင်း၏ အလယ်လှေခါး တစ်ဘက်တစ်ချက်၊ စာသင်ခန်းများတွင်၊ ပန်းချီသင်တန်းနှင့် အိမ်တွင်းမှု သင်တန်းများရှိသည်။ ပန်းချီသင်တန်းမှာ ကျား–မ ရောနှော လျက်ရှိသော်လည်း၊ အိမ်တွင်းမှုသင်တန်းမှာ ကျောင်းသူများသာ ဖြစ်သဖြင့်၊ ထို သင်တန်းရှိရာ စာသင်ခန်းများဘက်သို့၊ မည်သူမျှ

www.burmeseclassic.com

www.burmeseclassic.com



မကူးသန်းရန်၊ စည်းကမ်းထုတ်ထားလေ၏။

မိုဒယ်(လ်)ထိုင်ပေးမည့်သူမှာ . . .၊ အိမ်တွင်းမှ သင်တန်းဘက်မှ ကျောင်းသူလည်းဖြစ်၊ အလှဆုံး အချောဆုံး . . .ဟု၊ ကြားသိထားကြသဖြင့်လည်း၊ ကျွန်တော်အပါအဝင်၊ ပန်းချီသင်တန်းသား သင်တန်းသူများအားလုံးက၊ ထို ကျောင်းသူကို လွှန်စွာစိတ်ဝင်စားလျက် မျှော်စောင့်နေမိကြ၏။

ထိုအထဲတွင် ရှုဝံကျော် အကဲဆုံးဖြစ်သည်။

"တကယ်သာ လှလှပပလေး ဆိုလို့ က,တော့၊ ဆရာ ဆူချင်ဆူပေ့စေ၊ လုံးဝပန်းချီ မဆွဲတော့ဘူး။ ရှေ့တည့်တည့်က ငုတ်တုတ် ထိုင်ကြည့်နေမယ်"

"တကယ်ထိုင်ကြည့်နေမှာလား" . . .ဟု၊ စိုးမိုးကျော် မေးသည်။

"ကြည့်မှာ"

"ဒါဆို၊ အဲဒီ . . .မိုဒယ်(လ) ထိုင်ပေးမယ့် ကောင်မ,လေးကိုရော၊ ငေးကြည့်နေတဲ့ မင်းကိုရော နှစ်ယောက် စလုံးကို ငါ . . ကူးဆွဲလိုက်မယ်။ ဘယ်နှယ့်လဲ"

"ကောင်းတယ်။ အိုကေပဲ။ ပန်းချီကားကို၊ ကိန္နရီမောင်နှံလို့၊ နာမည်ပေးလိုက်" . . .ဟု၊ ရှုဝံကျော်က၊ လေးလေးနက်နက်





တွေးတွေးဆဆ ပြော၏။ ကျွန်တော်က,

"ကိန္နရီမောင်နှံဆို၊ နာမည်နဲ့၊ ပန်းချီကားနဲ့ မလိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ။ အဲဒီ မိုဒယ်(လ) ထိုင်ပေးမယ့် ကောင်မလေးနဲ့ မင်းနဲ့က၊ နှစ်ယောက်အတူ ယှဉ်တွဲပြီး၊ ပျံသန်းနေမှာမှ မဟုတ်တာ၊ မင်းက . . .ငုတ်တုတ်ထိုင်ပြီး ငေးကြည့်နေမှာဆို။ ကောင်မလေးက ဟို . . . အခင်းခင်းထားတဲ့ စားပွဲပေါ်မှာထိုင်မှာလေ"

ရှုဝံကျော် တော်တော်လေး စဉ်းစားရကြပ်သွားပုံရ၏။

"အဲဒါဆို . . .နာမည် ဘယ်လိုပေးမလဲ"

"တကယ်တမ်းလိုက်ဘက်အောင် ပေးမယ် . . .ဆိုရင် . . ."

စကားရပ်လျက်၊ စဉ်းစားဟန်ပြုလိုက်သည်။ နံဘေးမှ၊ ကျောင်းသား ကျောင်းသူတချို့ နားစွင့်နေကြလေ၏။

"မင်းက . . .ငုတ်တုတ်ထိုင် ငေးနေမှာနော်"

"အင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးက စားပွဲပေါ်မှာ ထိုင်နေမှာဆိုတော့၊ ကုသနဲ့ပပ . . .လို့ ပေးမယ်"

ရှုဝံကျော်၏မျက်နှာ ရှုံ့မဲ့သွားလေသည်။ ပြီးမှ . . .

"နိုင်သူရ . . .၊ ငါ့ ရုပ်က မင်းကုသ၊ လောက် မဆိုးပါဘူးကွာ။ ငါ့မှာ ပြောစရာဆိုလို့ ဝ,တာလေးတစ်ခုပဲ ရှိပါ တယ်ကွ။ ကုသနဲ့ပပ ဆိုတာတော့ မကောင်းဘူး။ တခြား နာမည် ပေးကွာ"

"ကဲ . . . ငါ ပေးမယ်"

စိုးမိုးကျော်က၊ ရှုဝံကျော်၏ ဆံပင်များကို လက်ဝါးဖြင့် သတ်လျက်စဉ်းစားဟန်ပြု၏။

"မင်းက၊ ငုတ်တုတ်ထိုင် ငေးနေမှာ နော်"

"အင်း"

"ကောင်မလေးက၊ ဟို . . .စားပွဲ ပေါ်မှာ ထိုင်ပေးရမှာ"

"ဟုတ်တယ်" . . . ရှုဝံကျော် ဖြေ၏။

"ဒါဆို၊ နာမည် ပေးလို့ရပြီ"

"ဘာနာမည်လဲ" . . .ဟု၊ ကျွန်တော် ဝင်မေး၏။ စိုးမိုးကျော်က





ရှုဝံကျော်၏ ကျောပြင်ကိုလက်ဖြင့် သတ်ကာ. .

"ဆင့် ဟိုဒင်း ခွေးမျှော်" . . .တဲ့။ ဘယ့်နှယ်လဲ။ လိုက်ဘက်တယ်မို့လား"

ကျွန်တော် . . .အသံမထွက်အောင် ရယ်မိသည်။ နံဘေးမှ ကြားသူများက၊ တခွိခွိရယ်ကြ၏။ ရှုဝံကျော်က . . .စိုးမိုးကျော် ကို အသံတိတ်ဆဲဆိုလေတော့သည်။ ကျွန်တော်တို့ ရှိရာဘက်သို့ ဆရာကြီး ဦးမြသန်း လှမ်းကြည့်သဖြင့်၊ အားလုံး ငြိမ်သက် လိုက်ကြ၏။

❋

အပိန ဖားပုံကျသံမှုပင်၊ ကြားသိနိုင်လောက်သည်အထိ၊ အခန်းတစ်ခန်းလုံး၊ တိတ်ဆိတ်သွားရ၏။

မိုဒယ်(လ်)ထိုင်ပေးမည့် ကောင်မလေးကို၊ ဆရာမ, တစ်ယောက်က လိုက်ပို့သည်။ ပန်းချီဆရာကြီးများက ကြိုဆို နေရာပေးသည်။ မိုဒယ်(လ်) ထိုင်ရမည့်နေရာတွင်၊ ပြုမူရမည့် ကိုယ်ဟန်အနေအထားကို ဆရာကြီး ဦးမြသန်းက၊ ပြောပြ သင်ကြားသည်။ ထို့နောက် . . . ဆရာကြီးက,

"ကဲ. . .၊ အားလုံး:ပဲ။ ကိုယ့် ရှုထောင့်က၊ ကိုယ်ရေးကြရမယ်။ ရေခဲ



www.burmeseclassic.com

www.burmeseclassic.com



အထူရေးနည်းနဲ့ ရေးမယ်။ . . . . . . . . .

. . . . . . . . . . . . . . .”

ဆရာကြီး ဆက်လက်ပြောကြားသော စကားသံတွေကို ကျွန်တော်သဲကွဲစွာ မကြားရတော့ချေ။ မိုဒယ်(လ်)ထိုင်ပေးနေသူ ကောင်မလေး၏ ညာဘက်မေးစေ့မှ မှဲ့နက်လေးကို ငေးကြည့်ရင်း၊ ကျွန်တော့် အင်္ကျီအိတ်အတွင်း၌၊ အချိန်နှင့်အမျှ တည်ရှိနေသော နာရီဘော့ပင်လေးကို၊ ကျွန်တော် . . . ဖိစမ်းမိလိုက်၏။

ဤနေရာ . . .ဤကာလ . . .ဤအခြေအနေမျိုးတွင် သီတာရီအား၊ တွေ့ကြုံမြင်ငေးရလိမ့်မည်ဟု၊ ကျွန်တော် မထင်မှတ်ထားခဲ့မိချေ။

“နိုင်သူရ”

စိုးမိုးကျော်၏ သဲ့သဲ့မျှသော ခေါ်သံ။ စိုးမိုးကျော်ကို၊ ကျွန်တော် ငဲ့ကြည့်မိသည်။

“မင်းကို . . .သူ မှတ်မိပါ့မလား”

“မှတ်မိလား . . .မမှတ်မိလားတော့ မသိဘူး။ အခုထိ၊ သူ ငါ့ကို မြင်မှာမဟုတ်သေးဘူး”

ရွှဝံကျော်က . . .

“နိုင်သူရ”

“ဟေ”





“ငါ . . .ထိုင်ပြီး မငေးတော့ဘူး။ သိလား။ မင်း . . .မျက်နှာကိုထောက်ထားပြီး၊ ငါ . . .ပုံတူပဲဆွဲတော့မယ်”

ကျွန်တော် . . .ပြုံးရုံသာ ပြုံးနေလိုက်၏။ ရွှဝံကျော်က၊ စကားဆက်နေသေးသည်။

“မင်း . . .သီတာရီ ထိုင်နေတဲ့ နေရာကိုသွားပြီး၊ တီးတိုးလေး သွားပြော လိုက်ပါလား”

“ဘာပြောရမှာလဲ”

စိုးမိုးကျော်က “ဘော့ပင် ပြန်ပေးခိုင်းမလို့လား”. . . မေးသည်။ ရွှဝံကျော်က၊ ခေါင်းခါလျက်၊

“မဟုတ်ဘူး”

“ဒါဆို၊ ဘာပြောရမှာလဲ”

ဆရာကြီး၏ စကားသံရပ်သွားပြီကို သိလိုက်၏။ အခြားသူတွေစတင်ရေးဆွဲနေပေပြီ။ ရွှဝံကျော်က လေသံ သဲ့သဲ့ဖြင့် –

“သီတာရီ . . .လို့။ ရွှဝံကျော် ဆိုတဲ့ ကောင်က၊ တစ်ထပ်တည်းဖြစ်အောင်၊ ကြည့်ဆွဲလိမ့်မယ် . . .လို့။

အဲဒါ . . .အနေအထိုင် သတိထားပါ။ လှုံလှုံခြုံခြုံထိုင်ပါ . . .လို့ သွားပြောလိုက်”



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး၊ ရယ်လေ၏။

"အယုတ်တမာ" . . .ဟု၊ ကျွန်တော် ပြောလိုက်သည်။

❋

ရေးဆွဲနေသူများအားလုံး၊ ခဲဖြင့်ပုံကြမ်းခြစ်ပြီးသောအခါတွင်၊ သီတာရီသည်၊ ထိုနေရာ စားပွဲခုံပေါ်မှ၊ အောက်သို့ ခေတ္တဆင်း၍၊ အနားယူရ၏။

ဆေးစပ်ပြားနှင့်ဆေးဖူးတွေ၊ စုတ်တံတွေကို၊ ကျွန်တော်၊ အဆင်သင့်ပြင်ထားသည်။

ကျွန်တော့်နေရာနှင့် မိုဒယ်(လ်)ထိုင်ရာနေရာသည်။ သိပ်မဝေးလှ။ ကျွန်တော့်မြင်ကွင်းအနေအထားသည်၊ သီတာရီ၏ ကိုယ်နေဟန်နှင့် သုံးချိုးတစ်ချိုးမျှ ရှိ၏။

အခြားသော ရေးဆွဲသူများ၊ ခဲကြမ်းကောက်ထားကြသည်မှာ သီတာရီ၏ ခန္ဓာကိုယ် . . .အချိုးအစားများပါ၊ ပါဝင်နေပေသည်။ ကျွန်တော် ရေးဆွဲမည့် အနေအထားမှာ၊ သီတာရီ၏ ခန္ဓာတစ်ခုလုံးမဟုတ်။

သီတာရီ၏ဦးခေါင်းမှ ပခုံးစွန်းအထိသာ ခဲရာပေးထား၏။ သီတာရီ၏ မျက်နှာသုံးချိုးတစ်ချိုးကို နီးကပ်စွာမြင်ရသော အမြင်ဖြင့် ရေးဆွဲရပေမည်။ မျက်နှာပြင်၏ထင်ရှားသော အမှတ် လက္ခဏာ





အဖြစ် မေးစေ့၏ညာဘက်ထောင့်ရှိ သေးငယ်ထင်ရှားသော မှဲ့နက်လေးသာဖြစ်သည်။

"စကားပြောခွင့်ရရင် ကောင်းမယ်" . . .ဟု၊ ကျွန်တော် တစ်ကိုယ်တည်း၊ ပြောမိသည်။ စိုးမိုးကျော်က၊ သီတာရီထိုင်ရာ နေရာသို့ တစ်လှည့်၊ ကျွန်တော့်ကိုတစ်လှည့်ကြည့်၏။ ရူဝံကျော်က . . .

"ဟော့ကောင်။ နိုင်သူရ။ မင်း . . .
အမလေးဗျာ . . . လို့၊ အကျယ်ကြီး အော်လိုက်"

"ဘာဖြစ်လို့လဲ။ ဘာလို့ အော်ရမှာလဲ"

"အော်လိုက်စမ်းပါဆို"

"မအော်ဘူးကွာ"

"အော်လိုက်။ မင်း . . .အဲဒီလို
အော်လိုက်တော့မှ၊ တစ်ခန်းလုံးမှာရှိတဲ့
သူတွေအားလုံး၊ မင်းကိုဝိုင်းကြည့်ကြမှာပေါ့။
အဲဒီတော့မှ၊ မင်းကို သီတာရီ မြင်မှာပေါ့ကွ"

"ရွှေညဏ်တော်က ရူးရောက်ပါပေရဲ့ကွာ" . . .ဟု ကျွန်တော်ပြောလိုက်သည်။ "ရူးရောက်ဆိုတာ ဘာအဓိပ္ပာယ်လဲ" . . . ဟု၊ စိုးမိုးကျော်က သိကြားဘူးထားပါလျက်၊ မသိဟန်ပြုကာမေး၏။ ကျွန်တော်က . . .

"ရူးရောက်ဆိုတာ သောက်ရူးလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပေါ့ကွ”

“တော်ပြီ။ မင်းကို၊ ငါ. . .ဘာအကြံဉာဏ်မှ မပေးတော့ဘူး”. . .ဟု ရှုပ်ကျော် ပြောသည်။ ကျွန်တော်ရယ်ပြလိုက်၏။ ခဏအကြာတွင်၊ မူလနေရာတွင်၊ မူလ,ကိုယ်နေဟန်ထား အတိုင်း၊ သီတာရီ ပြန်ထိုင်လေသည်။

ယခုမှ၊ ကျွန်တော် တွေးလိုက်မိ၏။

ပန်းချီမဆွဲဘဲ၊ တကယ် ထိုင်ငေးချင်စိတ် ဖြစ်မိသူမှာ၊ ကျွန်တော် သာလျှင်၊ ဖြစ်တော့မည်။

❋ ❋ ❋



( ၈ )

ည,အိပ်ရာဝင်သောအခါ၊ အိုက်စပ်သောကြောင့်၊ ခြင်ထောင်မချဖြစ်။ မီးအလင်းရောင်များ မရှိတော့သောအခါ၊ မျက်နှာမူထားရာ ခြင်ထောင်အမိုး၏ အဖြူရောင်ကို မှုံဝါးဝါး မြင်နေရသေး၏။ ထိုခြင်ထောင်အမိုးသည်၊ ကျွန်တော် မော်ကြည့်နေစဉ်အခါ၌၊ ရုပ်ရှင်ပိတ်ကားတစ်ခုဖြစ်သွား၏။ ထို . . ရုပ်ရှင်ပိတ်ကားပေါ်တွင်၊ နေ့လည်က၊ ကျွန်တော် ရေးဆွဲခဲ့ သည့်၊ သီတာရီ၏ ပန်းချီကား။

မျက်စေ့မှိတ်၍ အိပ်ဖို့ကြိုးစားကြည့်သေးသည်။ အရောင်မဲ့သောအာရုံခံပိတ်ကားပေါ်၌၊ လှုပ်ရှားနေသော သက်ဝင်ပန်းချီကားတွေက၊ စီရရီ တည်ဖွဲ့နေပြန်၏။

❋

ပန်းချီကား၏ ညာဘက်ထောင့်တွင်၊ နိုင်သူရ . . .ဟူ၍

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လက်မှတ်ရေးထိုးလိုက်စဉ်၊ သင်တန်းမှ ပန်းချီဆရာတစ်ဦး၊ ကျွန်တော့်အနီးသို့ ရောက်ရှိလာ၏။

"အားလုံးက၊ တစ်ကိုယ်လုံးပုံကို ဆွဲနေပါလျက်၊ မင်းက . . .ဘာဖြစ်လို့၊ ဒီလို ဆွဲရတာလဲ။ ဘော်ဒီ မပိုင်ဘူးလား" . . . ဟု မေးသည်။ ကျွန်တော် . . .ရုတ်တရက်၊ ဘာပြန်ပြောရမှန်းမသိ။ မိုဒယ်(လ်)ထိုင်ပေးနေရာမှ၊ အနီးရှိ ကုလားထိုင်တွင် ထိုင်နေသည့်၊ သီတာရီ ရှိရာသို့၊ ဝေ့ကနဲ လှမ်းကြည့်မိလိုက်သေးသည်။ သီတာရီ ကျွန်တော့်ကို၊ မြင်သွား၏။

ဆရာက,

"ရှင်းပြလေကွာ"

ကျွန်တော် ထိုင်နေရာမှ မထဖြစ်ဘဲ၊ ဆရာ့အား မော့ကြည့်လျက် -

"ကျွန်တော် ရှင်းမပြတတ်ဘူး ဆရာ။ မိုဒယ်(လ်)ကို ကြည့်ရင်းနဲ့၊ ကျွန်တော့် စိတ်ထဲမှာ၊ သူ့ မျက်နှာလေးကိုပဲ၊ ရေးချင်စိတ် ပေါက်လာလို့၊ စိတ်ထဲမှာရှိတဲ့ အတိုင်း၊ ရေးလိုက်တာပါ"

ဆရာ . . .ပြုံးသည်ကို မြင်သဖြင့်၊ ကျွန်တော် . . . စိတ်သက်သာရာ၊ ရသည်။ အနားသို့ ဆရာကြီး စတား ဦးမြသန်း ရောက်လာ၏။ ကျွန်တော့် ပန်းချီကားကို ထောက်တိုင်မှဖြုတ်လျက်၊ ယူ ကြည့်သည်။ ကျွန်တော် . . . ထိုင်နေရာမှ ထ,ဖြစ်၏။





"အားလုံး၊ ဒီ . . . ပန်းချီကားကို ကြည့်ပါ"

ရင်ထဲတွင်၊ ထိတ်ကနဲ ဖြစ်သွားရသည်။ အားလုံးသော သင်တန်းသား၊ သင်တန်းသူတို့၏အကြည့်သည်၊ ကျွန်တော့်ထံသို့လည်းကောင်း၊ ကျွန်တော့်ပန်းချီကားထံသို့လည်းကောင်း၊ စုဝေး ရောက်ရှိနေကြ၏။

"မိမိတို့ ရှု[illegible]၊ မိမိတို့ အမြင် အတိုင်း၊ ရေး[illegible] . . .လို့ . . .ဆရာကြီး၊ ခုနက၊ ပြောထား[illegible]"

ထို . . .စကားကို၊ ကျွန်တော် . . .ခုနက [illegible]မှုမိခဲ့ကြောင်း . . .၊ [illegible]ခုမှသိသည်။

"အားလုံးရဲ့ အမြင်တွေထဲမှာ၊ ဒီ . . .ပန်းချီကားရဲ့အမြင်က၊ ကွဲပြားသွားပြီ။ လက်ရာချင်း [illegible]ခဲ့ရင်တောင်၊ အမြင် ကွဲပြားတဲ့အတွက်၊ ဒီ . . .ပန်းချီကားကို၊ အကောင်းဆုံးလို့ သတ်မှတ်တယ်"

လက်ခုတ်သံများကို၊ ဆူညံစွာ [illegible] ကြားလိုက်ရသည်။ စိုးမိုးကျော်နှင့် မှုဝံ[illegible] ပို၍ ဝမ်းသာစွာ၊ လက်ခုတ်တီးနေကြ၏။ ကျွန်[illegible]

"[illegible] . . . ဘယ်သူလဲ"

"[illegible] ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက . . .ပန်းချီကားကို ဖွဖွမွမကိုင်တွယ်လျက် –

"လာ . . ."

သင်တန်း၏အရှေ့ဘက်သို့၊ လိုက်ပါရန် ခေါ်ဆောင်သွား၏။ သီတာရီ ထိုင်နေရာအနီးတွင်၊ ကျွန်တော် ရပ်ခွင့်ရသွားပြီ။

"သမီး"

ဆရာကြီး၏ ခေါ်သံကြောင့်၊ သီတာရီ မတ်တပ်ရပ်သည်။

"ဒီ. . .ပန်းချီကားက၊ ဆရာကြီးတို့

သင်တန်းက၊ သမီးကို ပြန်ပေးတဲ့ . . . လက်

ဆောင်ပဲ။ သားရော . . . သဘောတူလား"

"တူပါတယ် ဆရာကြီး"

ကျွန်တော့် စိတ်ထဲက ရနိုင်မည်မထင်သဖြင့်၊ တောင့်တခြင်း၊ မရှိခဲ့သည့်၊ မဟာအခွင့်အရေးတစ်ခုကို ကြုံတွေ့လိုက်ရခြင်းဖြစ်၏။ ကျွန်တော် ကြည်နူးလွန်းရသည်။

"ရော့ . . .။ သားကိုယ်တိုင်

လက်ဆောင်ပေးလိုက်ပါ"

ဆရာကြီးထံမှ ပန်းချီကားကို ရိုသေစွာယူပြီး၊ သီတာရီ၏လက်ထဲသို့၊ ညင်သာစွာ ပေးအပ်လိုက်လေသည်။

"ကျေးဇူးတင်ပါတယ်"

လက်ခုပ်သံများ . . .များစွာကြားရ၏။ ထိုလက်ခုပ်သံများကြားမှ "ကျေးဇူးတင်ပါတယ်" ဟူသော၊ စကားသံ ပါးပါးလေးသည်၊ ကျွန်တော့် ရင် . . .ကျွန်တော့် နား . . .ကျွန်တော့်





အကြားအာရုံ၌၊ လက်ခုပ်သံများနှင့်အပြိုင်၊ သာယာစွာ လှိုင်းထပ်လျက်၊ ညင်သာစွာပဲ့တင်သွား၏။

နှလုံးသားနှင့်ကပ်လျက်ရှိသော၊ အင်္ကျီအိတ်အတွင်းမှ၊ ဘော့ပင်လေးကို ထုတ်ယူပြီး၊ သီတာရီအား၊ တစ်ပါတည်း ပေးလိုက်ချင်မိသည်။ သို့သော် . . . ဘော့ပင်လေး မျက်နှာငယ်နေသေး၏။

⁂

သင်တန်းချိန်ပြီးဆုံးသွားသောအခါ၊ စိုးမိုးကျော်၊ မှုံကျော်နှင့်အတူ၊ ကျောင်းရှေ့တွင်၊ ယောင်လည်လည်လုပ်နေမိသေးသည်။

အိမ်တွင်းမှု သင်တန်းထဲမှ ကျောင်းသူတွေ၊ အုံကနဲ ရောက်ရှိလာချိန်တွင်၊ ကျွန်တော်တို့အနီး၌၊ ဘောက်(စ)ဝက်ဂွမ် ကားအဝါလေး၊ ငြိမ့်ကနဲ ထိုးရပ်လေ၏။ ကားအတွင်းသို့၊ ကျွန်တော် . . .မဝံ့မရဲ ကြည့်မိသည်။ ကားနောက်ခန်းတွင်၊ သီတာရီ၏ မိခင်ကိုတွေ့၏။ ကားမောင်းသူနေရာတွင်၊ သီတာရီ၏ဖခင်။

ကြည့်လိုက်မိသည့် တစ်ခဏအတွင်း၊ ကားနောက်ခန်းသို့၊ ဝင်ရောက်ဖို့၊ ကားတံခါးဖွင့်လိုက်သော . . . သီတာရီကို မြင်ရ၏။

သူ့ ပခုံးပေါ်တွင်၊ အဖြူရောင်လွယ်အိတ်တစ်အိတ်။ သူ့လက်ထဲတွင်၊ ကျွန်တော်ရေးဆွဲခဲ့သည့် . . .ပန်းချီကား။ သီတာရီ၏



www.burmeseclassic.com

www.burmeseclassic.com



အကြည့်သည် ကျွန်တော့်ထံသို့လည်းကောင်း၊ အခြားသော နေရာများဆီသို့လည်းကောင်း၊ တစ်ရွေးသားမျှပင် မရွေ့လျားချေ။

သူ မကြည့်သော်လည်း၊ သူ့ကို ကြည့်နေရ၊ မြင်နေရသည့်၊ အခြေအနေမျှကိုပင်၊ ကျွန်တော် ခံမင်စွာလိုချင် မက်မောၵ်။

❋

ညဘက်ရောက်တော့ သီတာရီ၏ အိမ်ရှေ့သို့ နှစ်ခေါက်မျှ ဖြတ်လျှောက်မိသေးသည်။

"မင်းက . . .သီတာရီကို ကြိုက်နေတာလား"

စိုးမိုးကျော်၏ အမေးစကား။

"မသိပါဘူးကွာ။ သူနဲ့ ငါနဲ့၊ ရောက်ဆုံပုံလေးတွေက၊ ကြည်နူးစရာလေးတွေကွ။ လမ်းလျှောက်ထွက်တာတောင်၊ လျှောက်နေကျ နေရာကိုပဲ၊ လျှောက်နေချင်တယ်။ အဲဒီလိုပဲ၊ ငါ ဘဝမှာ၊ သူ့ကိုပဲ နီးနီးကပ်ကပ်မြင်ဘူး ကြုံဘူးတာ။

မြင်ရ ကြုံရ စတမ်းဆိုရင်၊ တခြား ဘယ်သူ့ကိုမှ မမြင်ချင် မကြုံချင်ဘူး။ သူ့ကိုပဲ မြင်ချင်တယ်။ သူနဲ့ပဲ ကြုံချင်တယ်"





"အဲဒါ . . .ကြိုက်နေလို့ပေါ့ကွ" . . .ဟု၊ စူဝံကျော်က၊ နှုတ်ခမ်းကြီးစူပြီး၊ အားပါးတရပြော၏။

ကျွန်တော် . . .သက်ပြင်းချမိသည်။ ပြီးမှ . . .

"ငါတို့ ငယ်ပါသေးတယ်ကွာ။ ဆယ်တန်းအောင်ပြီးရင်၊ တက္ကသိုလ်လည်း တက်ရဦးမယ်။ အသက်တွေလည်းကြီး လာကြဦးမှာယ်။ ရှေ့။ ဘာတွေ ဆက်ဖြစ်မယ်။ ဘာတွေရင်ဆိုင်ရဦးမယ်ဆိုတာ . . မသိသေး ဘူး။ အခုလို . . .ကြည့်နေ ငေးနေတာပဲ၊ တရားလွန်လှပြီ။

အကယ်၍များ . . .ဆယ်တန်းကျခဲ့ ရင်၊ အခု . . .သီတာရီနဲ့ ပတ်သက် မရေမရာကိစ္စကို၊ ငါ့ ခေါင်းထဲက၊ ချက်ချင်း ဖျောက်ဖျက်ပစ်ရဦးမယ်"

"မင်းက . . .စာမေးပွဲ မဖြေနိုင်လို့လား" . . .ဟု၊ စိုးမိုးကျော်က၊ စိုးရိမ်တကြီး မေး၏။

"ဖြေနိုင်ပါတယ်။"

အင်္ကျီအိတ်ထဲမှ၊ နာရီဘော့ပင်လေးကို ထုတ်ကိုင်လိုက်ပြ ပြန်သည်။

"အထူးသဖြင့်၊ ဒီဘော့ပင်လေး ဖြေခဲ့တဲ့ သမိုင်းဘာသာက၊ ဂုဏ်ထူးထွက်



www.burmeseclassic.com

www.burmeseclassic.com



ပိုများတယ်"

ရွှေဝံကျော်က . . .

"ဒါနဲ့များ . . . ဆယ်တန်းကျခဲ့ရင် ဖျောက်ဖျက်မယ်လေး၊ ဘာလေးနဲ့။ မင်းက . . . စကားကြီး စကားကျယ်၊ ပြောတယ်"

"ကြီးကျယ်တာ မဟုတ်ဘူး။ သဘောကိုပြောတာပါ။ ငါတို့အရွယ်မှာ ပညာရေးက၊ အဓိက,ပဲ။

အခု . . .သီတာရီ့ အိမ်ရှေ့က၊ ဖြတ်လျှောက်တာဟာ၊ ကျောင်းပိတ်ရက်၊ စာမေးပွဲဖြေပြီးတဲ့ အခြေအနေမို့လို့။

ကျောင်းတက်နေရတဲ့အခြေအနေ ဆိုရင်၊ ငါ . . . ဒါမျိုးလုပ်မှာမဟုတ်ဘူး။ အကယ်၍ စာမေးပွဲ မဖြေနိုင်ခဲ့ရင်တောင်၊ အခုအချိန်မှာ . . .ငါ, စာတွေပြန်ကျက်နေမိမှာပဲ"

"တက္ကသိုလ်ရောက်ပြီဆိုရင်ကော"

"တက္ကသိုလ်ရောက်သွားရင်လည်း၊ ပညာရေးကို ဦးစားပေးရမှာပဲ"

"ရည်းစားမထားဘူး ဆိုပါတော့" . . .ဟု၊ ရွှေဝံကျော်က၊ စကားထောက်ပြန်သည်။





"ဆယ်တန်းအောင်ပြီးရင်၊ ဘာပဲလုပ်လုပ် သင့်လျော်တယ်လေကွာ။

ငါ့အစ်မက ပြောဖူးတယ်။ ဆယ်တန်းတောင် အောင်မထားရင်၊ အ,သုဘအိမ်သွားတာတောင်၊ မျက်နှာငယ်တတ်တယ် . . .တဲ့"

စိုးမိုးကျော်က . . .

"ဟား။ အဲ့ဒီစကားတော့ ကြိုက်တယ်ကွာ"

ရွှေဝံကျော်က . . .

"ငါလည်းကြိုက်တယ်"

"ဘာကြိုက်တာလဲ"

"မင်း . . .အစ်မကို"

"ဘာ . . ."

ကျွန်တော် နားရင်းအုပ်ဖို့လက်ရွယ်သည်။ ရွှေဝံကျော်က လက်ကာလျက် . . .

"ဆယ်တန်းတောင် အောင်မထားရင် အ,သုဘအိမ်သွားတာတောင် မျက်နှာငယ်တတ်တယ် ဆိုတဲ့ မင်းအစ်မရဲ့ အတွေးအခေါ်ကိုကြိုက်တယ်လို့ပြောတာကွ"

အိမ်ပြန်ရောက်တော့၊ ည ရှစ်နာရီသာ ရှိသေး၏။ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားပြီးပြီးချင်း၊ ကျွန်တော် အိပ်ရာဝင်သည်။ အိပ်၍မရ။

ကိုးနာရီ သံချောင်းခေါက်သံကြားရ၏။ သီတာရီ၏ အိမ်ရှေ့သို့၊ နောက်ထပ်တစ်ခေါက်သွားပြီး၊ အိပ်၍မပျော်သည့်အကြောင်း၊ သူ . . .သိအောင် တစ်နည်းနည်းနှင့်ပြောချင်သည်။

အတွေးမျှသာဖြစ်၏။

"စိတ်ကစားတဲ့အရွယ်မို့ ဒါတွေ တွေးမိတာပဲ ဖြစ်မှာပါ" . . .ဟု ဆင်ခြင်ပြီး၊ အိပ်ဖို့ ကြိုးစားပြန်သည်။

ထွက်ခွာသွားသော ကားအဝါလေး။ ကျန်ရစ်ခဲ့သည့် ညနေစောင်း။ တည်ကြည်လွန်းသည့် သူ့မျက်နှာထား။ ရှည်လျားလွန်းသည့် သူ့ဆံပင်။ အရာရာသည် . . .တစ်ကပြန်၍ တွေးချင်စရာ။

"အိပ်၍ မပျော်သော. . .ညဆိုတာ၊ ဒီလိုညမျိုးနဲ့တူတယ်" . . .ဟု၊ မနက်ဖြန်ကျမှ၊ သူငယ်ချင်းတွေကို၊ ပြန်ပြောပြမည် စိတ်ကူး၏။

"အိပ်မပျော်ရင်၊ ဝင်သက်ထွက်သက် ရှုရတယ်" . . .ဟု၊ အစ်မ,က ပြောဘူးသည်။

"ဝင်လေသိ။ ထွက်လေသိ"

ဝင်သက်ထွက်သက် ရှုနေလိုက်က၊ "ည" ဟူသော ကဗျာလေးတစ်ပုဒ်က၊ အာရုံထဲမှာ ဝင်လာပြန်၏။ အိပ်၍မပျော်သော . . .ည။ အတွေးများနဲ့ . . .ည။ အတွေးလွင့်တဲ့ . . .ည။ အတွေးလွန်တဲ့ . . .ည။

အဲဒီ . . .ကဗျာလေးထဲက လိုပဲ။ သီတာရီ၏ မျက်နှာကို





ခဏလေးမြင်ရလျှင်ပင်၊ ကျွန်တော် အိပ်ပျော်နိုင်ပါသည်။

❋

ခဏ မြင်ရလျှင်ပဲ
ဘဝ၏ ညများစွာ
လ,သာတယ်လို့ ဆိုပါတော့။

ခဏ တွေ့ရလျှင်လည်း
ဘဝ၏ နေ့များစွာ
နေ, သာတယ်လို့ ဆိုပါတော့။

အလှကြည့်နေရတာကိုပဲ
ဘဝ၏ အရာများစွာ
ပြည့်စုံတယ်လို့ ဆိုပါတော့။

အလှကြည့်ရတာက,ပဲ
ဘဝ၏ ဝေဒနာ များစွာ
ပြေသာစရာလို့ ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



ခဏမြင်ဖို့
ဘခင်ကွယ်ဝှက်၊ တံခါးဂျက်ကို
သက်သက်ညှာညှာ၊ အသာဖွင့်ပေး
မြင်ခွင့်ပေးပေါ့၊
ကြင်ခွင့် ဝေးလို့ ထွေးတော်မူ . . .။ ။

❋ ❋ ❋



( ၉ )

"ငါတို့နှစ်ယောက်က၊ လေကြောင်း
လှူငယ်သင်တန်းဖြစ်ဖြစ်၊ ရေကြောင်း
လှူငယ်သင်တန်းဖြစ်ဖြစ်၊ တက်ရမှာကွ။
ပန်းချီသင်တန်းက၊ ငါတို့နဲ့ မအပ်စပ်ဘူး။
မင်း . . . တက်လို့ သာလိုက်တက်ရတာ
. . ."

စိုးမိုးကျော် စကားအဆုံးတွင်၊ ခွဝံကျော်က -

"သင်တန်းပဲ ဆင်းတော့မယ်။ အခုမှ
. . .မင်းက သင်တန်းပြောင်းချင်လို့လား"

"ပြောင်းချင်လို့ မဟုတ်ပါဘူး။ ငါ .
. .စကားအဖြစ် ပြောပြတာပါ။ ငါတို့
နှစ်ယောက်က၊ ဒီကောင့်လို ပန်းချီဝါသနာမှ
မပါဘဲ"

စိုးမိုးကျော်က၊ ကျွန်တော့်ဘက်သို့ မေးဆပ်၍ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ရှုဝံကျော်က . . .

"သင်တန်းဆင်းဖို့က၊ တစ်ပါတ် လောက်ပဲ လိုတော့တယ်။

ဒါပေမဲ့ . . .ဒီတစ်ပါတ်အတွင်း၊ မင်း . . .တခြားသင်တန်းပြောင်းတက်ချင် တယ်ဆိုရင် . . . ပြော။ ငါ. . .စီစဉ်ပေးမယ်"

"မပြောင်းပါဘူး" . . .ဟု စိုးမိုးကျော် ပြောသည်။

"ပြောင်းချင်ရင်ပြော။ အားမနာနဲ့"

ကျွန်တော်က . . .

"မင်းက၊ ဒီကောင့်ကို၊ ဘယ် သင်တန်းမှာ ပြောင်းပေးမှာလဲ"

"အိမ်တွင်းမှု သင်တန်းလေ"

ကျွန်တော် ရယ်လိုက်မိသည်။ စိုးမိုးကျော်က ရှုဝံကျော် ဘက်သို့ရယ်လျက်ကြည့်ပြီး . . .

"မင်းပဲ တက်။ အဲဒီ့ အိမ်တွင်းမှု သင်တန်းမှာ ဝက်သားချက်နည်း သင်လိမ့် မယ်။ မင်း . . .မိုဘယ်(လ်) သွားထိုင်ပေး လိုက်"

စိုးမိုးကျော် စကားကြောင့်၊ ရှုဝံကျော် တဟားဟား ရယ်လေ၏။ အရယ်ရပ်ပြီး . . .၊

"ငါ . . . နောက်ချင်လို့သာ





နောက်တာ။ စိုးမိုးကျော် ပြောတာမှန်တယ် ကွ။ ငါတို့နဲ့၊ ပန်းချီဆွဲတာနဲ့၊ လုံးဝ . . . မအပ်စပ် ဘူး"

"ကြိုးစားရင် ဖြစ်ပါတယ်ကွာ" . . .ဟု၊ ကျွန်တော် ပြော၏။

"ဝါသနာပါမှ ကြိုးစားချင်မှာပေါ့ ကွ။ အခုဟာက၊ ငါတို့က, အပျော်သင်တန်း သားတွေ ဖြစ်နေတယ်။

မနေ့ကပဲ ကြည့်။ မင်း ပန်းချီကား က၊ အကောင်းဆုံး။ တခြားသူတွေရဲ့၊ ပန်းချီ ကားတွေလည်း မဆိုးဘူး။

အဆိုးဆုံးက၊ ငါ့ ပန်းချီကား။ ငါ . . .ရှက်လို့၊ သင်တန်းဆရာဆီ၊ ပန်းချီကား မအပ်ခဲ့ဘူး။ အခုထိ . . .အံဆွဲထဲမှာ၊ ဒီ အတိုင်းပဲ။"

"ဘာဖြစ်လို့လဲ။ မင်း . . .ဆွဲနေတာ ငါ မြင်ပါတယ်။ အချိုးအဆ, မှန်သားပဲ"

"မင်းက . . .၊ သီတာရိုကို ငန်းနေ လို့၊ ငါ့ ပန်းချီကားရဲ့ နောက်ဆုံး အခြေ အနေကို၊ မသိလိုက်တာနေမှာ"

"ဘာဖြစ်သွားလို့လဲ" . . .ဟု၊ ကျွန်တော် ထပ်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သီတာရီ မေးစေ့မှာ မှဲ့နှစ်လုံး ဖြစ်သွား . . .လို့"

"တစ်လုံးတည်းပါ။ ထင်းနေတာပဲ ဟာ။ မင်း မမြင်ဘူးလား"

"မြင်တယ်။ ဆွဲထားတဲ့ မျက်နှာ အနေအထားက,လည်း၊ သိပ် မတူချင်ဘူး။

တူတူ မတူတူ၊ ဒီ မှဲ့လေးတော့၊ တပ်လိုက်အုံးမှ ဆိုပြီး၊ ဆေးအနက်နဲ့ မေးစေ့ ကိုတစ်ချက်တို့တယ်။

များသွားမှာစိုးပြီး၊ မထိတထိတို့ လိုက်တာ၊ မှဲ့နဲ့မတူဘဲ၊ ဖြုတ်ကိုက်ရာလို ဖြစ်သွားတယ်"

စကား တပြောပြောနှင့် လမ်းလျှောက်လာခဲ့ရာ၊ သင်တန်း ဖွင့်ရာကျောင်းရှေ့သို့ရောက်လာကြ၏။ ကျောင်းရှေ့ရှိ အုတ်ခုံတွင်၊ ထိုင်လိုက်ကြသည်။ စိုးမိုးကျော်က . . .

"ဖြုတ်ကိုက်ရာ ဖြစ်သွားတော့၊ နောက်. . .ဘာဆက်ဖြစ်လဲ"

"ရှက်လို့ မပြောချင်ပါဘူးဆိုမှ၊ အသေးစိပ်လိုက်မေးနေပြန်ပြီ"

ကျွန်တော်က . . .





"ပြောတာပဲ တစ်ဝက်ကျိုးနေပြီ။ ပြောမှာသာဆက်ပြောစမ်းပါ။ ဘယ်လိုလုပ် မှဲ့ နှစ်လုံးဖြစ်သွားရတာလဲ"

ရှုဝံကျော်က၊ ထိုင်နေရာမှ၊ ဘေးဘိုက်လွယ်ထားသည့် လွယ်အိတ်ကို၊ စလွယ်သိုင်းလိုက်သေး၏။

"ဖြုတ်ကိုက်ရာလောက်ပဲ ထင် သွားတော့။ အင်း . . .နဂိုမှဲ့လောက် မကြီး သေးဘူး။ ဆေးတို့တာ နည်းသွားပြီထင်တယ် ပို့တွေးပြီး၊ စုတ်တံကို ဆေးအနက်ခွက်ထဲ ဖို့လိုက်တယ်။

ပြီးတော့ . . .၊ အဲဒီ ဖြုတ်ကိုက်ရာ လေးပေါ်ကို စုတ်တံတို့လိုက်တာ၊ ဆေးပွ အတုံးလိုက်ကပ်သွားတော့တာပဲ။"

ကျွန်တော်က . . . မျက်လုံးဝိုင်းကာ၊

"အဲဒီအတိုင်း အခြောက်ခံလိုက်ပြီး မှ၊ ခဏကြာရင်၊ နည်းနည်းပါးပါး ပြင်လို့ရ တယ်လေကွာ"

ရှုဝံကျော်က –

"မသိဘူး။ မစောင့်ဘူး။ မှဲ့နဲ့မတူဘဲ၊ အမှတ်နဲ့တူသွားတော့၊ ဖိတ်တို့ပြီး၊ မေးစေ့ကို



www.burmeseclassic.com

www.burmeseclassic.com



စုတ်တံနဲ့ထပ်ထိုးလိုက်တာ။

မဲ့နှစ်လုံးဖြစ်သွားတော့တာပဲ"

ကျွန်တော်နှင့် စိုးမိုးကျော် အူနိုပ်၍ရယ်မိကြလေ၏။

"ရယ်. . .ရယ်။ မင်းပဲရယ် . ."

နိုင်သူရ။ ဒီ ပန်းချီသင်တန်းက။ မင်း . . .

ကောင်းစားဖို့ဖွင့်ပေးထားတဲ့အတိုင်းပဲ"

"မနာလို မဖြစ်နဲ့လေ" . . .ဟု၊ ကျွန်တော် ပြန်ပြောလိုက်၏။

"ဘာမှ၊ မနာလို မဖြစ်ဘူး"

ရူဝံကျော်က၊ မျက်နှာကို တမင်ရှုံ့မဲ့ကာ၊ စကားဆက်ပြန်၏။

"နတ်ကောင်း နတ်မြတ်တွေက၊ ကျောင်းသား ကျောင်းသူတွေ၊ နွေကျောင်းပိတ်ရက်မှာ၊ အလဟာသပ် အချိန်မဖြုန်းကြရအောင်၊ နွေရာသီလူငယ်ပန်းချီသင်တန်း . . .တို့၊ အိမ်တွင်းမှု သင်တန်းတို့၊ စစ်ရေးပြသင်တန်းတို့၊ လေကြောင်းသင်တန်းတို့၊ ရေကြောင်းတို့ . . .ဖွင့်ဖြစ်အောင် ဖန်ဆင်းပေးတယ်"

"အေးလေ။ အဲဒါ ဘာဖြစ်လဲ". . ဟု၊ ကျွန်တော် စကားဝင်ဖျက်၏။ ရူဝံကျော် စကားမရပ်။





"နတ်ကောင်း နတ်မြတ်တွေက၊ ကောင်းကောင်းမွန်မွန် သီးသီးသန့်သန့်၊ သူ့ဘာသာဖွင့်လှစ်ဖို့၊ ဖန်ဆင်းပေးထားပါလျက်နဲ့၊ ဟို . . .အသူရကာယ်မ, သီတာရီကိုတွေ့အောင်၊ ဘယ်နတ်မိစ္ဆာတွေက၊ ဖန်တီးလိုက်ကြသလဲ မပြောတတ်ဘူး။ တစ်ခါတည်း . . . ပန်းချီကားပေးအပ်ပွဲတောင် ဆင်နွှဲလိုက်ကြသေးတယ်"

"ဟော့ကောင်။ ရူဝံကျော်"

"ဘာလဲ"

"မင်း . . .သင်တန်းဆရာတွေကို၊ နတ်မိစ္ဆာလို့၊ ပြောနေတာလား"

"ဟော့ကောင်။ ငါ. . .ဆရာတွေကို ပြောတာမဟုတ်ဘူး။ အဲဒီ အခြေအနေ ဖြစ်လာအောင် ဖန်တီးထားတဲ့၊ နတ်ဆိုးတွေကို ပြောတာ"

"မင်း . . .နတ်ကိုင်လိမ့်မယ်နော်". . .ဟု၊ ကျွန်တော် နောက်သည်။

"ဟော့ကောင်။ မင်း . . .နတ်တွေ၊ ငါ့ကို မကိုင်ရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မကိုင်ရဲရမှာလဲ"

"မင်းတို့ နတ်ကတော်တွေပဲ ပြောပြောနေကြတာလေ။ နတ်က, ဝက်သား မစားဘူးဆို။

ငါ့လို ဖက်တီးကို၊ မင်းနတ်တွေက ကိုင်ဖို့ နေနေသာသာ၊ အနားရောက်တာနဲ့ ဝက် . . .အောင်းမေ့ပြီး၊ တစ်ခါတည်း . . . ထွက်ပြေးကြမှာ သေချာတယ်"

ကျွန်တော်နှင့် စိုးမိုးကျော်၊ တဟားဟား၊ ရယ်မိကြပြန်၏။

"ကလင် . . ."

သင်တန်းကျောင်း၏ ခေါင်းလောင်းမြည်သံကြားရသည်။ ကျွန်တော်တို့ ထိုင်နေရာမှ ထ,လိုက်ကြ၏။ ကျောင်းဝင်းထဲသို့ ခြေလှမ်းလှည့်သည်။

အိမ်တွင်းမှု သင်တန်းရှိရာဘက်အခြမ်းသို့ ကျွန်တော် . . . ငေးကြည့်လိုက်မိသေး၏။ သီတာရီ ရှိမည်ထင်ရာ အရပ်သို့ မှန်းဆကြည့်လိုက်ခြင်းသာဖြစ်၏။ တမ်းတ,မိခြင်း အလျဉ်း မရှိသေး။

❋ ❋ ❋



( ၁၀ )

စစ်ရေးပြသင်တန်း၊ ပန်းချီသင်တန်း၊ အိမ်တွင်းမှုသင်တန်း တို့၏။ သင်တန်းဆင်းပွဲကို၊ မြို့နယ်ခန်းမ,တွင် ပြုလုပ်သည်။

သင်တန်းဆင်းပွဲ ခန်းမ,ထဲတွင်၊ သီတာရီ ရှိနေသည်ကို၊ ကျွန်တော် မြင်သည်။ ကျွန်တော် ရှိနေသည်ကိုလည်း၊ သီတာရီ မြင်ပေလိမ့်မည်။ သို့သော် . . .သူ့ နံဘေး၌၊ သူ့မိခင်ကို တွေ့ နေရ၏။ စကားပြောဖို့ မဆိုထားနှင့်။ ဟန်အမူအရာဖြင့် နှုတ်ဆက်ရန်ပင် ခက်ခဲလေသည်။

အိမ်တွင်းမှုသင်တန်းမှ သင်တန်းသူများ ပြုလုပ်ထားသည့်၊ လက်ရာများ၊ ပန်းချီသင်တန်းမှ သင်တန်းသား သင်တန်းသူများ ရေးဆွဲထားသည့် လက်ရာများကို၊ သင်တန်းဆင်းပွဲ ခန်းမ,၏ နောက်ဘက်တွင်၊ ပြသထားလေသည်။

အိမ်တွင်းမှုသင်တန်းမှ ပန်းအလှပြင်ခြင်း ပထမဆုကို သီတာရီ၏ အမည်နာမ,နှင့် တွဲဘက်လျက်တွေ့ရသည်။ ပန်းချီ သင်တန်းမှ အကောင်းဆုံးပန်းချီရေးဆွဲသူ ဆုရအမည်များကိုလည်း၊

www.burmeseclassic.com

www.burmeseclassic.com



ရေးဆွဲသည့်ပန်းချီကားနှင့် တွဲဘက် ချိတ်ဆွဲပြသထားလေသည်။

ပန်းချီသင်တန်းထဲမှ ဆုရအမည်စာရင်းထဲတွင်၊ ကျွန်တော့် အမည် မပါ။ စိုးမိုးကျော်အမည် မပါ။ ရွှဲဝံကျော်၏ အမည် မပါ။

ခင်းကျင်းပြသထားရာ လက်ရာများကို လှည့်ပတ်ကြည့်ရှုပြီး၊ သင်တန်းဆင်းပွဲ ခန်းမ,ထဲသို့ ရောက်သောအခါ၊ ရွှဲဝံကျော်က . . .

"ချိတ်ထားတဲ့ ပန်းချီကားတွေထဲမှာ အောက်ဒိုးထွက်တုန်းက ဆွဲတဲ့၊ မင်း ပန်းချီကားတွေလည်းပါသားပဲ။ ဘာဖြစ်လို့ ဆုမရတာလဲ။ ဆရာတွေကို မင်း နည်းနည်းပါးပါး မေးကြည့်ပါလား"

ကျွန်တော်က . . .

"လက်ရာကောင်းလို့၊ ပြထားတာပေါ့။ ဒါပေမဲ့ . . .ဆုရတဲ့သူတွေက၊ လက်ရာကောင်းတဲ့အထဲမှာ၊ ပါပြီး။ လက်ရာကောင်းလို့နေမှာပေါ့။ ဘာ မေးစရာ လိုသလဲ"

"သီတာရီ မိုဒယ်(လ်)ထိုင်ပေးတုန်းက မင်း ရေးတာ အကောင်းဆုံးလို့ ပြောတယ်လေကွာ" . . .ဟု၊ ရွှဲဝံကျော် ပြောပြန်သည်။

ကျွန်တော် ပြုံးလျက် . . .





"ပွဲစဉ်တစ်ခုတည်းမှာ အကောင်းဆုံးဖြစ်ရုံနဲ့၊ တစ်လျှောက်လုံး အကောင်းဆုံး ဘယ်ဖြစ်နိုင်မှာလဲကွ။ မဟုတ်ဘူးလား"

ရွှဲဝံကျော် ခေါင်းညိတ် လက်ခံသွားလေ၏။ စိုးမိုးကျော် က ကျွန်တော့်ဘက်သို့ လှည့်ပြီး . . .

"မင်းကလည်း၊ ပြောချင်စရာ။ သီတာရီ့ပုံဆွဲတော့ အကောင်းဆုံးဖြစ်အောင် ဆွဲနိုင်တယ်။

ကျန်တဲ့ပုံတွေကျတော့၊ သင့်ရုံပဲ ဆွဲနိုင်တယ်။ မင်း . . .လက်က တော်တော် မျက်နှာလိုက်တဲ့ . . .လက်ပဲ"

"ငါ . . .သီတာရီ့ပုံကို လက်နဲ့ ဆွဲတာမဟုတ်ဘူး"

"လက်နဲ့ဆွဲတာ မဟုတ်လို့၊ ခြေထောက်နဲ့ဆွဲတာလား" . . .ဟု ရွှဲဝံကျော် ဝင်တွယ်သည်။

"လက်နဲ့ဆွဲတာလည်း မဟုတ်ဘူး၊ ခြေထောက်နဲ့ဆွဲတာလည်း မဟုတ်ဘူး။ စိတ်နဲ့ ဆွဲတာ"

ရွှဲဝံကျော် မျက်နှာရှုံ့မဲ့သွားသည်။

"မင်းက,လေ၊ အချင်းချင်းတွေ‌ဝင်



www.burmeseclassic.com

www.burmeseclassic.com



မျက်စေ့လည်အောင် စကားပြောတယ်။

စိတ်နဲ့ဆွဲတာဆိုတော့၊ မင်း . . .

လက်က စုတ်တံတွေ၊ ဆေးတွေကို လုံးဝ၊

မကိုင်ခဲ့ဘူးလား”

“စိတ်က,နေ ဖြစ်ပေါ်လာတဲ့ တောင့်တမှုတိုင်းကို၊ လက်ကသူ့အလိုလို လုပ်သွားတာလေကွာ”. . .ဟု၊ ကျွန်တော် ပြန်ဖြေသည်။

“ဒါဆို၊ မင်း . . .ငါ့ပုံကို စိတ်နဲ့ ဆွဲပြ။

မဆွဲနိုင်ရင်၊ ငါ. . .မင်းကို နားပန် ကျင်းမယ်”

“နားပန်ကျင်းလည်း၊ ငါ ခံရမှာပဲ။

ငါ. . .မင်းပုံကို၊ လက်နဲ့ပဲဆွဲလို့ရမယ်။

စိတ်နဲ့ဆွဲလို့ ရမှာမဟုတ်ဘူး”

“ဘာဖြစ်လို့ မရတာလဲ”

“လက်နဲ့ဆွဲရင်၊ မင်းရဲ့မျက်နှာ

အတိုင်းပဲထွက်လာမှာ။ စိတ်နဲ့ဆွဲမယ့်အခါ

ကျတော့ မင်း. . .မျက်နှာက၊ အသွင်ပြောင်း

သွားလိမ့်မယ်”

“ဘာပုံပြောင်းသွားမှာမို့လဲ” . . .ဟု၊ စိုးမိုးကျော် ဝင်မေး၏။

“ပြောရမှာ အားနာတယ်ကွ”





“ဘာဖြစ်လို့လဲ”

“ငါ. . .စိတ်နဲ့ဆွဲရင် ရှုဝံကျော်ပုံက

ရှုဝံကျော် ပုံအတိုင်းဖြစ်လာမှာ မဟုတ်ဘူး၊

ဝက်ခေါင်းပုံကြီး ဖြစ်သွားမှာ. . .”

ရှုဝံကျော် . . .ကျွန်တော့်ပေါင်ကို ဆွဲဆိတ်လေတော့၏။

❋

ပန်းအလှပြင် ပထမဆုကို သိတာရီ တက်ရောက်လက်ခံယူစဉ်က ကျွန်တော့် လက်ဖဝါးများ၊ နီမြန်းသွားရသည်။

သင်တန်းဆရာတစ်ယောက်က၊ သင်တန်းသား သင်တန်းသူများအားလုံး အနာဂတ်၏ ကြယ်ပွင့်များဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ လူငယ်ဆိုတာ တိုင်းပြည်ရဲ့အမိက အင်အားဖြစ်ကြောင်း. . .၊ လူငယ်တွေ လမ်းမှားခဲ့ရင် တိုင်းပြည်ရဲ့ အနာဂတ်လမ်းမှားမှာဖြစ်ကြောင်း . . .

နိုင်ငံတာဝန် လူငယ်တာဝန်တွေကို၊ နောင်တစ်ချိန်မှာ ပခုံးပြောင်းတာဝန်ယူဖို့အတွက်၊ ယခုကတည်းက . . .ဗလ ငါးတန်နှင့် ပြည့်ဝ,အောင် ကြိုတင်ကြိုးစားထားကြစေလို ကြောင်း ပြောကြားပြီး,

တွေ့ . . .ဆုံ . . .ကြုံကွဲ . . .ဆိုသည့် လောက,မွေတာ



www.burmeseclassic.com

www.burmeseclassic.com



အရ . . .ယခုသင်တန်းတွင် အချင်းချင်းတွေ့ကြ ကြုံကြ၊ ကွဲကွာကြရမှာဖြစ်လို့၊ ဒီ သင်တန်းလေးကို အစဉ်အမြဲ သတိရနေမှာဖြစ်ကြောင်း . . .ပြောပြီး နိဂုံးချုပ်လေ၏။

ထိုအခါကျမှ . . .တွေ့ ဆုံ ကြုံ ကွဲ ဆိုသည့် စကား၏အရှိန်အဝါသည်၊ ကျွန်တော့်ရင်ထဲသို့ ရောက်ရှိလာ၏။ ကွဲကွာကြရတော့မှာပါလား . . .ဟု တွေးမိပြီး၊ ရယ်ကြ မောကြ . . . သွားကြလာကြဖြင့် အတူတကွ ရှိခဲ့ကြသည့် သင်တန်းသား သင်တန်းသူတို့၏မျက်နှာ၊ ဆရာသမားများ၏မျက်နှာတို့ကို မြင်ယောင်လာတော့သည်။

ထို့နောက် . . .သီတာရီ၏ မျက်နှာကို . . .ပို၍ ထင်ရှားစွာမြင်ယောင်လာစေ၏။ ပြောဆို နှုတ်ဆက်ခွင့် မရခဲ့သည့်တိုင်၊ မြင်တွေ့ခွင့်တွေ ရရှိခဲ့သည့် နေ့ရက်တို့ ကုန်လွန်သွားတာပါ လား. . .ဟု၊ တွေးမိပြီး၊ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ ပြန်လည်ဆုံတွေ့ရစေလိုကြောင်း၊

ရင်၌ . . .တိုးတိတ် မြည်ဟိန်းစွာ ဆုတောင်းလိုက်မိ၏။ ခွဲခွာခြင်းဟူသော ဘာသာစကားကို၊ ယခုမှသာ ကျွမ်းဝင်ဖြစ်တော့သည်။

* * *



ရဲဝံ့ချင်သည်
အသည်းနှင့် . . .လူ၊ သူ ကြည်ဖြူအောင်
မစွမ်းဆောင်ရဲ၊ အလွမ်းမှောင်ထဲ၌၊
တစ်ကိုယ်တည်း . . . လွမ်း
အုံ့ပုန်းပန်းကို ,
နမ်းသွားမှာလည်း မမြင်ရဲပါ။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

သမိုင်းဘာသာ တစ်ဘာသာတည်းသာ၊ ကျွန်တော် ဂုဏ်ထူးထွက်သည်။ စိုးမိုးကျော်နှင့် ရှုဝံကျော်တို့နှစ်ယောက်လည်း၊ ဂုဏ်ထူးမပါသည့်တိုင်၊ စာမေးပွဲအောင်မြင်ကြ၏။

သီတာရီ၏ အမည်နောက်တွင်၊ ဂုဏ်ထူးနှစ်ဘာသာ ထွက်ကြောင်းကို၊ အတိုကောက် သင်္ကေတနှစ်ခုဖြင့် တွေ့ရ၏။

အောင်စာရင်း လာကြည့်နေကြသူတွေ၏ အော်သံ ဟစ်သံ ပျော်ရွှင်ကြည်နူးသံတွေ အကြား။ တိုးဝှေ့နေသူတွေ အကြားတွင်၊ သီတာရီကို ကျွန်တော် ရှာဖွေနေမိသည်။

"ဟေ့ကောင်။ မင်း ဂုဏ်ထူးပါတယ်။ သမိုင်း . . . သမိုင်း" . . .ဟု စိုးမိုးကျော် အော်ဟစ်ပြောစဉ်က၊ အောင်စာရင်း ကြေညာရာ သင်ပုန်းပေါ်မှ၊ ကျွန်တော့်၏ ခုံနံပါတ် . . . ကျွန်တော့်၏ အမည်နာမ, တို့ကို ငေးကြည့်ရင်း၊ လက်ဝဲဘက် အင်္ကျီအိတ် အတွင်းမှ၊ နာရီဘော့ပင်လေးကို၊ ဖိစမ်းလိုက်မိ သည်။

အနီးအနားမှာသာ၊ သီတာရီ ရှိနေမည်ဆိုလျှင် . .

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာ. . ."ဟု၊ နှလုံးသည်းခြေအတွင်းမှ၊ လှိုက်လှဲစွာ ပြောဖြစ်ပေလိမ့်မည်။

❋

မနက်မလင်းခင် ကတည်းက၊ အောင်စာရင်းကြည့်သည့်နေရာတွင် ကျွန်တော်တို့ရှိနေခဲ့ရာမှ၊ နေ့လည် ဆယ့်တစ်နာရီလောက်အထိ၊ ထိုနေရာမှ မခွာဖြစ်ကြသေးပေ။ အခြားသော အတန်းဖော်တွေ၊ မျက်နှာရင်းသူတွေ၊ မျက်နှာစိမ်းသူတွေကို၊ တစ်ယောက်တစ်လှည့်၊ "အောင်လား" "ဂုဏ်ထူးပါလား" . . . စသည်ဖြင့်၊ မေးမြန်းနှုတ်ဆက်ရင်း၊ သီတာရီအလာကို မျှော်စောင့်နေခဲ့ကြရ၏။

သို့သော် . . .

သီတာရီ ပေါ်မလာ။

သီတာရီ၏ မျက်နှာ၊ သီတာရီ၏ အရိပ်အရောင်။ သီတာရီ၏ခြေလှမ်း . . .စသော၊ သူ့ ဆက်နွှယ်ရာတွေကို မမြင်တွေ့ရသောကြောင့်လား မပြောတတ်။

ကြော်ငြာသင်ပုန်းပေါ်ရှိ၊ သီတာရီ၏ အမည်နာမကို၊ အခါများစွာ . . .ကျွန်တော် ကူးလူးကြည့်မိသည်။

"အောင်စာရင်းစာရွက်ကို၊ ဝယ်





ကြည့်လိုက်လို့လာမကြည့်တာဖြစ်မယ်"

ရှုဝံကျော်၏ ထင်မြင်ချက်ကို၊ ကျွန်တော် လက်ခံလိုက်ရတော့သည်။

"ဒီကောင့်အဖြစ်က၊ ဆိုးပါတယ်ကွာ"

"ဘာကိုလဲ" . . .ဟု၊ စိုးမိုးကျော်က ရှုဝံကျော်ကို မေးလေ၏။ ကျွန်တော် . . .စိတ်ပျက်လက်ပျက်ဖြင့်၊ မကြားချင်ဟန်ပြုထားလိုက်သည်။

"သင်္ကြန်တုန်းကလည်း၊ သီတာရီကိုတွေ့ရင်ရေလောင်းမယ်ဆိုပြီး၊ အိမ်ရှေ့က ဖြတ်လျှောက်တယ်။

အကျိုနေ့လည်း မတွေ့၊ အကျနေ့လည်း မတွေ့။ အကြပ်နေ့လည်း မတွေ့။ တွေ့မယ့်တွေ့တော့ အတက်နေ့မနက်ပိုင်းတွေ့တယ်။

ဥပုသ်သည်အဝတ်အစားနဲ့။ အဲဒီနေ့က၊ ရေဖလားလေး၊ ဖင်ခုပြီး ပြန်လာရတာလေ"

စိုးမိုးကျော် ရယ်လေ၏။

"ဖလားကို ဖင်မခုပါဘူးကွာ။ ခေါင်းပေါ်ဆောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတာပါ". . .ဟု၊ ကျွန်တော်ဝင်ပြောသည်။ "ငါ . . . စကားအဖြစ် ပြောတာပါ". . .ဟု၊ ခူဝံကျော် ပြော၏။

"အခုလည်း . . .ကြည့်။ အောင်
စာရင်းထွက်တဲ့နေ့ကျရင်၊ ဘော့ပင်လေးကို
ပြန်ပေးမယ်။ ကျေးဇူးတင်စကားတွေ
တစ်ဝ,ကြီး ပြောမယ်။ ဘာ . . .ညာ . . . နဲ့။
နေမွန်းတည့်တော့မယ်။ ပေါ်မလာဘူး။
ဘော့ပင်ကို ဖင်ကြားညှပ်ပြီး ပြန်ရတော့မယ်"

"အာ ကွာ"

"သြော်။ အေး . . .အေး။ လက်ကြား
ညှပ်ပြီး ပြန်ရတော့မယ် . . .လို့ ပြောတာ"

"ငါ . . .မပြန်ချင်သေးဘူး"

"ဟာ။ မပြန်ချင်ရအောင်။ မင်းက .
. .ဒီမှာ ဘာထိုင်လုပ်နေမှာလဲ။

အောင်တဲ့သူတွေ၊ ကိုယ့်နာမည်
ကိုယ်၊ ဟိုလူနဲ့ လိုက်လာပြီးကြည့်လိုက်၊
ဒီလူနဲ့အဖော်လုပ်ပြီး လာကြည့်လိုက်နဲ့။
ဆယ်ခေါက်လောက်ရှိပြီ။ မင်း . . .သီတာရီ၊
မလာနိုင်တော့ပါဘူးကွာ"

"သူ လာ လာ လာ လာ၊ မလာ လာ လာ လာ၊ ကိုယ်တော့





စောင့်ရမှာ". . .ဟု၊ စိုးမိုးကျော် နောက်သည်။

ကျွန်တော်က . . .

"မလာတော့မှန်းကို၊ ငါ သိပါတယ်။
ဒါပေမဲ့ . . .ဟောဟို ဘလက်ဘုတ်ပေါ်က၊
စာရွက်ထဲမှာ၊ သီတာရီနာမည် ရှိနေတယ်လေ။
အဲဒီ . . .နာမည်လေးနဲ့ ခပ်ဝေးဝေးကို၊ ငါ . .
.မသွားချင်သေးလို့ပါ"

"ဟား ဟား ဟား ဟား"

ခူဝံကျော်က အူနှိပ်လျက်ရယ်လေ၏။ စိုးမိုးကျော်က ပြုံးရုံသာ ပြုံးနေသည်။ ခူဝံကျော်က၊ အရယ်ရပ်ပြီးမှ . . .

"နိုင်သူရ။ မင်းက,လေ၊ ပါးစပ်က,
ပြောရင် ညွှန့်နေတာပဲ။
ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်။
ဘီလူးကို မီးကင်စားမယ် . . .နဲ့။ လက်တွေ့
ကျတော့ငုတ်တုတ်ကြီး။ ဟား ဟား"

"ငုတ်တုတ်မထိုင်လို့၊ ငါက . . .
ခုန်နေရမှာလား။ ကျွမ်းထိုးနေရမှာလား"

"ခုန်စရာလည်း၊ မလိုဘူး။ ကျွမ်းထိုး
စရာလည်းမလိုဘူး။ ငါသာ . . .မင်းနေရာ
မှာဆိုရင်၊ သူ့အိမ်သွားပြီ။ စာမေးပွဲအောင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဘာကျွေးမလဲ. . .လို့ သွားမေးပြီးပြီ"

"အဲဒီလို မေးရအောင်။ သူနဲ့ငါနဲ့က၊ သူငယ်ချင်းတွေမှ၊ မဟုတ်သေးတာပဲ"

"မဟုတ်လည်း၊ ဘာဖြစ်လဲ။ မျက်မှန်းတန်းနေကြပြီပဲဟာ"

"ငါ. . .သူ့ကို တွေ့ချင်လွန်းတာ တစ်ခုတည်း မဟုတ်ဘူးကွ။ ကျေးဇူးတင်စကားတွေပြောချင်တာ"

စိုးမိုးကျော်က၊ ကျွန်တော့် ပခုံးထက်သို့၊ လက်တင်လျက်-

"တက္ကသိုလ်ရောက်ရင် တွေ့ကြရမှာပဲကွာ။ ဘော့ပင်လေးကိုပဲ၊ မပျက်မစီးအောင်၊ မင်း . . .ပိုပြီး၊ ဂရုတစိုက် သိမ်းထားလိုက်ပေါ့။ မဟုတ်ဘူးလား"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

ယခုအချိန်တွင်၊ တစ်စုံတစ်ယောက်က ကျွန်တော့်အား "ဘာဖြစ်နေတာလဲ". . .ဟု၊ မေးမြန်းမည်ဆိုပါက၊ ကျွန်တော့် ဦးခေါင်းကို၊ ခါယမ်းပြရုံသာ၊ ပြုမူမိပေသည်။

စာမေးပွဲကို၊ ဂုဏ်ထူး တစ်ဘာသာဖြင့်၊ အောင်မြင်ခဲ့သောကြောင့်၊ ခုံပေါက်ပျော်ပါးချင်သော စိတ်များပင်လျှင်၊ မည်သည့်အရပ်သို့၊ ပျံလွှားပျောက်ပျက်လေပြီ မသိ။





စိတ်ညစ်နေသည်. . .ဟု လည်း မဆိုသာ။

စိတ်ထွေလေလွင့်၊ ပျံသန်းခွင့်ဝေး၊ ငှက်ကလေးတစ်ကောင်ပမာ၊ တစ်စုံတစ်ရာက၊ တစ်နေရာရာမှ၊ ဖြပ်မဲ့စွာချည်နှောင်ထားသည်. . .ဟု၊ ခံစားသိဖြင့်၊ တွေးသိမိသည်။

တတ်မက်လွန်းသော ချင်ခြင်းလည်း . . .မဟုတ်။ လွမ်းဆွတ်သတိရနေမိခြင်း. . .ဟုလည်း၊ မယူဆ။

မြင်တွေ့ချင်သူကို မြင်တွေ့လိုခြင်းသာ၊ ကျွန်တော့် ဆန္ဒပင်ဖြစ်လေသည်။

• "ကဲ. . .လာပါကွာ။ ပြန်ကြရအောင်"

ရှုဝံကျော်က၊ ကျွန်တော့်ပခုံးကို ဖွဖွပုတ်လျက်၊ ခေါ်၏။

အောင်စာရင်းများကပ်ထားရာ၊ သင်ပုန်းဘက်သို့၊ လှမ်းကြည့်လိုက်မိသေး၏။ သီတာရီ ရပ်တန့်နေသည်ကို လှမ်းကြည့်လိုက်သည်. . .ဟုပင်၊ ခံစားရသည်။ ခြေလှမ်းတွေက၊ အောင်စာရင်းကပ်ထားရာ သင်ပုန်းများအနီးမှ၊ တစ်ဖဝါးမျှ၊ မခွာချင်သေး။ "အကြင်နာမျက်နှာ". . .ဟူသော ဝေါဟာရကို၊ စိတ်ကူးဖြင့်၊ ရွတ်ဆိုမိလိုက်သည်။

❋



www.burmeseclassic.com

www.burmeseclassic.com

မမြင်တာကြာ
အကြင်နာကမ္ဘာ ဝေးပြီလား။
ညများ . . . များစွာ
အကြင်နာမဲ့
သခင်လာလှည့် ကြည့်တော်မူ . . .။ ။

❋ ❋ ❋

( ၁၂ )

"မသီတာရီ"

ရင်ခုန်လှိုက်မောခြင်းကင်းစွာ၊ ခေါ်မြည်လိုက်သော ကျွန်တော့်အသံသည် ကြည်လင်နေသည် . . .ဟု၊ ကျွန်တော် သိ၏။

အနီးရှိ ကျောင်းသူတစ်ဦးက,ပါ၊ သီတာရီ မော်ကြည့်သကဲ့သို့၊ ကျွန်တော့်ကိုကြည့်၏။ အမှန်က၊ သီတာရီကို၊ ကျွန်တော် . . .ပြုံးပြသင့်ပါသည်။

တွေ့ချင်စိတ်, ကြုံချင်စိတ်, ယခုကဲ့သို့သော အခြေအနေမျိုးကို တောင့်တခဲ့သော စိတ်တို့ကြောင့်၊ အမှန်တကယ်ရင်ဆိုင်ကြုံဆုံလိုက်ရသောအခါ၊ ဝမ်းသာကြည်နူးလွန်းသဖြင့်၊ ပြုံးပြဖို့ပင်၊ မေ့ရသည်။

"ကျွန်တော် . . .ဒီ ဘောပင်လေး ပြန်ပေးချင်လို့ပါ"

နာရီဘောပင်လေးကို ကိုင်မ,ထားသော လက်ဖျားတွေကိုတော့၊ မတုန်ခါအောင်၊ ကျွန်တော် ဂရုပြုနေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခြောက်"

သီတာရီ၏ နှုတ်ခမ်းများက၊ ပြုံးပြခြင်း အလျဉ်းမရှိသော်လည်း၊ ကျွန်တော့်ကိုလည်းကောင်း၊ ဘော့ပင်လေးကို လည်းကောင်း၊ ကြည့် . . .မြင် . . .တွေ့ . . .သိသွားသော၊ သူ့ မျက်လုံးတွေထဲမှာတော့၊ အပြုံးရိပ်လေး၊ ဖြတ်ပြေးသွားသည်ကို၊ ကျွန်တော် သေချာစွာမြင်တွေ့လိုက်ရ၏။

သချ်ာဆောင်၏ စာသင်ခန်းတစ်ခန်းထဲတွင်၊ လွှန်ခဲ့သော နာရီပိုင်းက၊ သီတာရီ . . .ကို တွေ့မြင်ခဲ့ရကြောင်း၊ ရူဝံကျော် နှင့် စိုးမိုးကျော်တို့က၊ ကျွန်တော့်ကို သတင်းပေးသည်။ ထို သတင်းစကားအရ . . .သချ်ာဆောင်၏ စာသင်ခန်းတွေထဲသို့ ကျွန်တော် ရှာပုံတော်ဖွင့်ခဲ့သေးသည်။ စိုးမိုးကျော်နှင့် ရူဝံကျော်တို့က၊ စာသင်ခန်းထဲတွင်၊ ဆရာ ဆရာမ,တွေ၊ မဝင်ရောက်သေးသဖြင့်၊ ခုံတန်းတစ်တန်းချင်းရှိ ကျောင်းသူများ၏ မျက်နှာတွေကို၊ တစ်ယောက်ချင်း စေ့စေ့စပ်စပ်ကြည့်ရှုရှာဖွေ ပေးကြသေးသည်။

တွေ့မယ့်တွေ့တော့၊ စာသင်ဆောင်၏ ခပ်လှမ်းလှမ်း၊ ခရေပင်တန်းငယ်အောက်ရှိ၊ ထိုင်ခုံတွင်၊ အဖော်ကျောင်းသူတစ်ယောက်နှင့်၊ ထိုင်နေသော သီတာရီကို တွေ့လိုက်ရသည်။ တွေ့လျှင်တွေ့ချင်း၊ ကျွန်တော့်ခြေလှမ်းတွေ၊ လူရာမဝင်သေး။ မြင်လျှင်မြင်ချင်း၊ ကျွန်တော့် သတ္တိတွေ မနိုးထ,သေး။

ရူဝံကျော်က၊ ကျွန်တော့် လက်ထဲက၊ နာရီဘော့ပင်လေး





ကို၊ အတင်းလိုက်လုပြီး၊ "မင်း မသွားရဲရင်၊ ငါ. . .သွားပေးမယ်". . .ဟု၊ ကျိမ်းဝါးလိုက်တော့မှ၊ ကျွန်တော့် ခြေလှမ်းတွေ၊ နိုး,ထဖြစ်တော့သည်။ ကျွန်တော့် သတ္တိတွေ လူရာဝင်တော့သည်။

ခပ်လှမ်းလှမ်းရှိ ခရေပင်ငယ်အောက်ရှိ၊ ထိုင်ခုံတွင်၊ ရူဝံကျော်နှင့် စိုးမိုးကျော်တို့နှစ်ယောက်၊ ကျွန်တော့် အခြေအနေကို ကြည့်မြင်ဖို့၊ ကွယ်ကွယ်ဝှက်ဝှက်၊ ချောင်းကြည့်နေကြလေ၏။

❋

သီတာရီ၏မျက်နှာလေးကို၊ ယခုမှသာ နီးနီးကပ်ကပ် မြင်ခွင့်ရ၏။ ဖြစ်နိုင်မည်ဆိုလျှင်၊ ပါးစပ်မှ စကားတစ်ခွန်းမျှ မဟဘဲ။ မျက်တောင်တွေကို တစ်ချက်မျှ မခပ်မပိတ်ဘဲ။ သူ့ကို ထိုင်ကြည့်နေချင်စိတ်၊ ဖြစ်ရသည်။

"ကျွန်တော့်ကို မမှတ်မိရင်တောင်၊ ဒီ. . .ဘော့ပင်လေးကို မှတ်မိလိမ့်မယ် . . . လို့ ထင်ပါတယ်"

ထိုအခါကျမှ၊ သီတာရီ ပြုံးရယ်သည်ကို မြင်လိုက်ရ၏။ ပြုံးပြသည်ဟုပင် မထင်ချင်။

နှင်းဆီနုတို့၏ အရောင်အသွေးတို့ စုဝေးသွယ်ပြောင်းရာ၊ နှုတ်ခမ်းလှလှလေးနှင့်၊ သန္တာရောင် ဖွေးလဲ့လဲ့သွားဖြူတန်းလေး၏



www.burmeseclassic.com

www.burmeseclassic.com



အလှအပ,ကို၊ မည်သည်က၊ ပို၍ လှပ,ပါသလဲ . . .ဟု၊ ယှဉ်တွဲ သုံးသပ် ခိုင်းလိုက်သည်. . .ဟု၊ ထင်မြင်လိုက်ရသည်။

မပြုံးမီက. . .၊ နှုတ်ခမ်းပါးသည်၊ ဖူးငုံကာစ . . .နှင်းဆီနု။ ပြုံးလိုက်ပြန်သောအခါ. . .နှုတ်ခမ်းလွှာသည်၊ ပွင့်လန်းကာစ . . . နှင်းဆီပွင့်။ နှုတ်ခမ်းပါး၏၊ တွန့်ကွေးမှု နောက်ကွယ်မှ၊ ပြုံးရယ်ခြင်းကြောင့်, သွားဖြူတန်းလေး၊ ပေါ်ထွက်လာခြင်းသည်၊ နှင်းဆီးနုငယ်၏ ပွင့်လွှာတို့အကြားမှ၊ ဖြူလှဲ့လှဲ့ ဝတ်မှုံတို့ စီရရီ၊ သီဖွဲ့ပြသည်နှင့် တူလွန်းလှသည်။

"မှတ်မိပါတယ်"

မေးစေ့လေး၏၊ ညာဘက်ထောင့်ရှိ မှဲ့နက်လေးကို၊ ကျွန်တော် ငေးကြည့်လိုက်မိသေးသည်။ ပြီးမှ . . .

"ဒီ ဘော့ပင်လေးကို၊ မသီတာရီ အချိန်မီ ပေးခဲ့လို့၊ စာမေးပွဲကို၊ အနှောက် အယှက်မရှိ ဖြေနိုင်ခဲ့တယ်။

ပြီးတော့ . . .အဲဒီဘာသာ ဂုဏ်ထူး ထွက်တယ်။ နှစ်ဘာသာ မှန်းထားတာ၊ အဲဒီ တစ်ဘာသာပဲ ဂုဏ်ထူးရတယ်"

မော်ကြည့်နေသော မျက်နှာလေးက၊ ခေါင်းတညိတ်ညိတ် နှင့် နားထောင်နေသည်။

"မသီတာရီနဲ့တွေ့ရင်၊ ပြန်ပေးမလို့။





ဒီ ဘော့ပင်လေးကို၊ ကျွန်တော် . . . တရိုတသေသိမ်းထားတာ"

"ပြန်ပေးမလို့လား". . .ဟု၊ သီတာရီက ပြုံးလျက်မေးသည်။ ကျွန်တော် ခေါင်းညိတ်လိုက်၏။ လက်ထဲမှ ဘော့ပင်လေးကို ဖွဖွရွရွဆုတ်ကိုင်ထားမိသေးသည်။ သီတာရီက . . . လက်ထဲမှ ဘော့ပင်လေးကို၊ လှမ်းယူသဖြင့်၊ ကျွန်တော့် လက်ချောင်းတွေ ဖြေလျော့လိုက်ရသည်။

ဘော့ပင်လေးကို၊ ကိုင်ထားရင်း . . .သီတာရီက–

"တို့က၊ အပိုင်ပေးလိုက်တာ"

"ကျွန်တော်က . . .၊ ခဏ ငှား တယ်လို့ထင်ပြီး၊ ပြန်ပေးဖို့ အမြဲတမ်း ကြိုးစား နေတာ။

စာမေးပွဲပြီးပြီးချင်းတုန်းက,လည်း၊ အအေးဆိုင်မှာ ကျွန်တော် တွေ့တယ်။ မသီတာရီ ခေါင်းခါပြလိုက်တာကို မြင်လိုက်လို့ . . . . . ."

"ဟုတ်တယ်။ ယောကျ်ားလေး သူငယ်ချင်းရှိနေမှာကို မေမေ . . .မလိုလား ဘူး။ အဲဒါကြောင့် လာပေးမှာစိုးလို့ ခေါင်းခါ ပြလိုက်တာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်. . .၊ အဲဒါကို သဘော ပေါက်ပါတယ်။ အိမ်ကိုလာပေးဖို့၊ စဉ်းစား သေးတယ်။ ဒါပေမဲ့ . . .အဲဒီလိုထင်လို့၊ အိမ်ကို မ...ခဲ့ဘူး။

ပန်းချီသင်တန်းတုန်းကလည်း . . ပေးဖို့၊ သတိရသေးတယ်။ မပေးဖြစ်ခဲ့ဘူး။ အောင်စာရင်းထွက်တဲ့နေ့ကလည်း၊ ကျွန်တော် စောင့်နေသေးတယ်။ မသီတာရဲ့ အောင်စာရင်း လာမကြည့်ဘူး"

"ဟုတ်တယ်။ အောင်စာရင်းကို၊ မေမေ့သူငယ်ချင်းတွေ ကြည့်ပေးတယ်" . . .ဟု၊ သီတာရီပြော၏။

ဘာဆက်ပြောရမည်ကို၊ ကျွန်တော် မသိတော့။ သီတာရီ အနီးရှိ ကျောင်းသူကိုပင်၊ ကျွန်တော် ငဲ့မကြည့်ဝံ့။ ရှုပ်ကျော်နှင့် စိုးမိုးကျော်တို့ရှိမည့်နေရာဘက်သို့၊ ဟို . . .သည် ကြည့်လိုက် သေး၏။ ပြီးမှ . . .

"ကျွန်တော့်ကို ခွင့်ပြုပါအုံး"

ကျောခိုင်းဖို့ ခြေပာန်ပြင်သည်။

"နေအုံးလေ"

တားဆီးသော အမိန့်စကားက၊ ရင်းနှီးစွာသော အပာန့် အတား။





"ရော့"

နာရီဘော့ပင်လေး၊ သူ . . .ပြန်ပေးသည်။ ကျွန်တော် ချက်ချင်းမယူဖြစ်။

"ယူလေ. . .။ စာမေးပွဲခန်းထဲမှာ ပေးခဲ့တာက၊ ကျောင်းသား ကျောင်းသူ အချင်းချင်း၊ အကူအညီပေးတာ။ အခု . . . ပေးတာက။ လက်ဆောင်ပေးတာ။"

မျက်လုံးချင်း၊ ဆုံပြီးခါမှ၊ ကျွန်တော် . . .လက်လှမ်း ဖြစ်လိုက်သည်။

"ကျွန်တော် ကျေးဇူးတင်ပါတယ်။ တစ်သက်လုံး သိမ်းထားပါ့မယ်"

ရယ်ရယ်မောမော၊ ပျော်ပျော်ရွှင်ရွှင် ပြောရမည့်စကား ဖြစ်ပါလျက်၊ မရယ်မမောဘဲ၊ ကျွန်တော် ပြော...ဖြစ်သည်။ ဘော့ပင်လေးကို၊ လက်ဝဲဘက်အင်္ကျီအိတ်တွင်၊ တွယ်ချိတ်လိုက် စဉ်. . .။

"သူ့နာမည် နိုင်သူရ နော်"

"ဟုတ်ပါတယ်"

"ပန်းချီကားမှာ တွေ့တယ်။ မသဲကွဲလို့"

စကား ခဏရပ်သည်။ ပြီးမှ –



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ပန်းချီကားက၊ သူပေးတဲ့
လက်ဆောင်ပေါ့။ ဒီဘော့ပင်လေးက၊ တို့
ပေးတဲ့လက်ဆောင်။ ကျေပြီနော်။ နောက်ထပ်။
ထပ်ပေးစရာမလိုတော့ဘူး"

ပြုံး . . .ရယ်စရာ ပြောမှန်းသိ၏။ ကျွန်တော် ရယ်ဖြစ်သည်။

"ဒါနဲ့။ မေးဦးမယ်။ သီတာရီ ဆိုတဲ့
နာမည်ကို၊ ဘယ်လိုလုပ်သိထားတာလဲ"

"စာမေးပွဲ၊ ဝင်ခွင့်ကဒ်ပြားပေါ်မှာ
တွေ့တာ။ ဒီ. . .ဘော့ပင်လေး ပြန်ပေးဖို့၊
ဆရာမ, အကူအညီနဲ့ လိပ်စာကြည့်ရင်း၊
နာမည်ပါ၊ တစ်ခါတည်း မှတ်ထားလိုက်တာ"

ရယ်သံနှစ်ခုကြားရ၏။ နံဘေးက ကျောင်းသူကပါ၊ အတူရယ်မောခြင်း၊ ဖြစ်၏။

"သူ့ကို မှတ်မိလား"

"မြင်ဖူးသလိုလိုပဲ"

"သင်းသင်းကျော်. . .တဲ့။ ပန်းချီ
သင်တန်းတုန်းက၊ သူလည်းပါတယ်လေ"

သီတာရီ၏ မိတ်ဆက်စကား။

ကျွန်တော်က . . . အတန်ငယ်ကြာမှ၊

"ဩော်. . .၊ မှတ်မိပြီ။ ကန်တော်





ကြီးမှာ အောက်ဒိုးထွက်တုန်းက၊ ကျွန်တော့်
ခပ်လှမ်းလှမ်းမှာ၊ ဆွဲနေတာ . . ."

"ဟုတ်တယ်". . .ဟု၊ သင်းသင်းကျော် ဆိုသူက၊ ပြုံးလျက်ပြော၏။ အပြုံးများ ဖလှယ်ကြသည်။ ခင်မင်မှုများ၊ ဖလှယ်ကြသည်။ နှုတ်ဆက်စကားပြောပြီး၊ သီတာရီ့အနီးမှ ထွက်ခွာလာသောအခါ၊ "ဘာစကားတွေ၊ မပြောဖြစ်ဘဲ၊ ကျွန်ရစ်ခဲ့ပါလိမ့်". . .ဟု၊ တစ်ကိုယ်တည်း စဉ်းစားရသေးသည်။ အင်္ကျီအိတ်ကို၊ ဖိစမ်းလိုက်မိသည်။ ရင်ထဲတွင် . . .အေးမြသွားပြန်၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

"ဟာ။ ဒီ. . .ခိုးရာပါ ပစ္စည်းကို၊ အခုထိ မင်း ပြန်မပေးဖြစ်ခဲ့ဘူးလား". . .ဟု၊ ရှုဝံကျော် နောက်သည်။ ဘော့ပင်လေးကို အင်္ကျီအိတ်ထဲသို့၊ ပြန်ထည့်လိုက်ပြီး၊ ကျွန်တော်က . . .,

"လှူဝံ။ မင်း . . .ငါ့ကို ဘယ်လို
ကောင် အောက်မေ့လို့လဲ။ မင်း . . . ငါ့ကို
ဘယ်လိုထင်လိုက်သလဲ။ ပြောစမ်းပါ . . .
လှူဝံကျော်။ သေသေချာချာ စဉ်းစားပြီးတော့
ကာ။ မင်း . . .ငါ့ကို ဝေဖန်လိုက်စမ်း"

ကွယ်လွန်သွားပြီဖြစ်သော၊ ရုပ်ရှင်မင်းသားကြီးတစ်ဦး၏ လေသံမျိုးဖြင့်၊ ရှုဝံကျော်ကို ကျွန်တော် . . . နောက်လိုက်သည်။ စိုးမိုးကျော် ရယ်နေ၏။ စာကြည့်တိုက် လှေခါးပေါ်မှာ ဆင်းသက်လာကြသော ကျောင်းသူသုံးယောက်ကို၊ တစ်ချက်။ စောစောက၊ သီတာရီနှင့်စကားပြောခဲ့ရာ ခရေပင်တန်းငယ်ဘက်သို့တစ်လှည့်ကြည့်ပြီး၊ ရှုဝံကျော် မျက်ခုံးတွန့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ . . . ကျွန်တော့်ကို အသေအချာ ပြန်ကြည့်လျက်–

"စိုးမိုးကျော်။ ဒီကောင် အပ,မှီ လာသလား မသိဘူး"

"ဘာဖြစ်လို့လဲ". . .ဟု၊ စိုးမိုးကျော် မေးသည်။ ကျွန်တော်က၊ သူတို့နှစ်ယောက်နှင့် ဆန့်ကျင်ရာဘက်သို့၊ မျက်နှာလှည့်ပြီး၊ . . .ခေါင်းကိုတမင် မော့ထား၏။

"ဘော့ပင်ပြန်မပေးဖြစ်ခဲ့ဘူးလား . . .လို့၊ ငါက . . .မေးတာကို၊ ဒီကောင် ကောင်းကောင်းမဖြေဘူး။

ဘယ်လိုကောင် အောက်မေ့လို့လဲ . . .တဲ့။ ငါ့ကို ပြန်မေးတယ်။ မေးတာလဲ ရိုးရိုးတန်းတန်း မမေးဘူး။ ဦးကျောက်လုံး အိုက်တင်နဲ့လာမေးနေတယ်"

"ဟော့ကောင်"

"ဘာလဲ"

"ငါ . . .ကောလိပ်ဂျင် နေဝင်း အိုက်တင်နဲ့မေးတာကွ"

စိုးမိုးကျော် တဟားဟား ရယ်လေ၏။

"မင်း . . .လုပ်ပြတဲ့ ကောလိပ်ဂျင် နေဝင်း အိုက်တင်က,လည်း၊ ဦးကျောက်လုံး





ကွန်းငုံထားတဲ့ အိုက်တင်ကြီး"

ကျွန်တော့်မျက်နှာ ရှုံ့မဲ့သွားလေသည်။ စိုးမိုးကျော်က–

"ကဲ . . .။ ပြောစမ်းပါဦး။ ဘာတွေပြောပြီး ဘယ်လိုတွေအဆင်ပြေလာသလဲဆိုတာ . . ."

ကျွန်တော်က၊ စိုးမိုးကျော်ဘက်သို့ လှည့်ကာ မျက်နှာမူလိုက်သည်။ မျက်လုံးတွေကို၊ တမင် မှေးစင်းလျက် –

"ဒီ ပတ်သက်နဲ့ ကိစ္စပြီး၊ ပြောရမယ်ဆိုရင် . . ."

ရွဝံကျော်က၊ ကျွန်တော့် ခေါင်းပိုးကို၊ ဗလာစာအုပ်ဖြင့်၊ လှမ်းရိုက်လေတော့၏။

"ဖောင်း . . ."

"ဟော့ကောင် . . .။ ငါ . . .စကား မဆုံးသေးဘူး။ ဘာဖြစ်လို့ရိုက်တာလဲ"

"သောက်မြင်ကပ်လို့ ရိုက်တာကွာ။ စကားကိုကောင်းကောင်းမပြောဘူး။ ဘာလဲ !။ ဒီ ပတ်သက်နဲ့ ကိစ္စပြီး . . . ဆိုတာ"

"သြော် . . .။ လူဝံရယ်။ မင်း . . တော်တော် ဟောင်တဲ့ကောင်ပဲ"

"ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . .။ မင်း တော်တော် အူတဲ့ကောင်ပဲ။ အူတူတူ အ,တတ နိုင်တဲ့ ကောင်ပဲ။

ဒီ . . .ပတ်သက်နဲ့ ကိစ္စပြီးဆိုတာ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး . . .လို့၊ ငါ . . .ပြောတာကွ"

"သိတယ်။ မင်း . . .ခေါက်ထီး ပြောနေတာ ငါ . . .သိတယ်"

"ခေါက်ထိုးပါကွာ"

"အေး . . .ခေါက်ထိုးဆိုလည်း၊ ခေါက်ထိုးပေါ့ကွာ။ မင်း . . .စကားကို ခေါက်ထိုးပြောနေလို့၊ ပြီးမလားကွ။ သိချင်လို့ မေးတာကို၊ ဘယ်တော့မှ ကောင်းကောင်း မွန်မွန် မဖြေဘူး။ ငါ. . .ခွေးခြေနဲ့ ရိုက်မိ တော့မယ်"

ပြောပြီး၊ ရှုဝံကျော်က၊ စိုးမိုးကျော်၏ ခြေသလုံးကို၊ ဆုတ်ကိုင်၍ မ,ဟန်ပြုသည်။ "ဘယ်မှာလဲ ခွေးခြေ". . .ဟု၊ ကျွန်တော် မေးလိုက်သည်။ ရှုဝံကျော်က၊ စိုးမိုးကျော်၏ ခြေထောက်ကို ကိုင်မ,ပြ၏။

"ဒီမှာလေ. . .ခွေးခြေ။ ဟဲဟဲ"





စိုးမိုးကျော်က၊ ရယ်လျက် . . .ရှုဝံကျော့်လက်ထဲမှ၊ သူ့ ခြေထောက်ကို၊ ပြန်လု၏။

"ကဲ ကဲ. . .။ ငါ . . .အတည် ပြောမယ်။ မင်း . . .မနောက်နဲ့နော် ရှုဝံကျော်"

"မနောက်ဘူး"

ကျွန်တော်မျက်နှာ တည်ပစ်လိုက်သည်။ ခပ်လှမ်းလှမ်းရှိ စကားဖြူပင်ထက်သို့ ငေးမော့လျက် -

"စစချင်း၊ သီတာရီကို၊ ငါက . . . မ,သီတာစရီလို့၊ ခေါ်လိုက်တယ်ကွ"

ကျွန်တော် . . .သတိတရဖြစ်ဖွယ်၊ လွမ်းမောဖွယ် လေယူ လေသိမ်းဖြင့် ပြောလိုက်သည်။ ရှုဝံကျော်က . . .

"ဟော့ကောင်။ သီတာရီကို . . . မသီတာရီလို့ မခေါ်ဘဲ ဦးသီတာရီလို့၊ ဘယ်သူက, ခေါ်မှာလဲကွ။ မင်းက . . . စကား ပြောရင်၊ ဘယ်တော့မှ ကောင်းကောင်း မပြောဘူး"

"လူဝံ။ ငါ . . .ကောင်းကောင်း ပြောနေတာကွ။ အတည်ပြောနေတာ"

"အဲဒါဆိုဆက်ပြော". . .ဟု၊ ရှုဝံကျော်က၊ ကျွန်တော့်ကို ငဲ့မကြည့်ဘဲ နားစွန့်ထားဟန်ပြု၏။ ခရေပင်တန်းငယ်ဘက်သို့၊



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ဖြစ်လိုက်သည်။

❋

သီတာရီနှင့်၊

ပြောဆိုခဲ့သော စကားလုံးများကို၊ အတတ်နိုင်ဆုံး တစ်ထပ်တည်းဖြစ်ရန်၊ ကျွန်တော် . . .သေသေချာချာ ပြန်စဉ်းစားပြီး၊ ပြောပြလိုက်သည်။ စကားဆုံးသောအခါ၊ ကျမှ၊ ကျွန်တော် . . .အနည်းငယ်မျှ၊ စိတ်ညစ်သွားရသည်။

"ဟာ . . .ကျန်ခဲ့ပြီကွာ"

"ဘာကျန်ခဲ့တာလဲ" . . .ဟု၊ စိုးမိုးကျော် မေး၏။ ရှုဝံကျော်က . . .

"ကျန်ခဲ့တာရှိရင်လည်း၊ အစက,ပဲ၊ ပြန်ပြောကွာ"

"မင်းတို့ကိုပြောဖို့၊ ကျန်ခဲ့တာ မဟုတ်ဘူးကွ။ သီတာရီ ကိုပြောဖို့ ကျန်ခဲ့ တာ"

"ဒါများကွာ။ အကူးအဆန်း လုပ်လို့။ သူ့အခန်းကိုသွား။

ခုနက၊ ကျွန်တော် . . .ပြောစရာ ကျန်ခဲ့လို့၊ အခု . . .နောက်ဆက်တွဲ၊ ပြောပါ





ရစေဆိုပြီး၊ ဆက်ပြောခဲ့ပေါ့ကွ"

"မကောင်းပါဘူးကွာ"

ကျွန်တော် ကြေကွဲစွာပြောသည်။ စိုးမိုးကျော်က . . .

"ဘာစကား ကျန်နေလို့လဲ"

"လမ်းမှာတွေ့ရင် နှုတ်ဆက်ခွင့် ရှိမရှိ ငါ . . .မမေးခဲ့ရဘူးကွ"

ရှုဝံကျော် . . .ကျွန်တော့် နံဘေးသို့တိုးထိုင်သည်။ ဆက်မည့်စကားကို မဆက်စေရန်လက်ကာပြီး . . .,

"ကလပ်(စ)ပြီးရင်၊ ဗားဂရာမီးပွိုင့် ဘက်ကိုသွား။ လမ်းပြပုလိပ်တစ်ယောက်ကို အကူအညီတောင်း။

သီတာရီ့ အိမ်က,ကား၊ ကျောင်း ကြိုပြီးပြန်လာလိမ့်မယ်။ မီးပွိုင့်ကို နီအောင် လုပ်ပြီး၊ ကားကိုတား။

တားပြီးတာနဲ့၊ လမ်းပြပုလိပ်က . . .လိုင်စင်တွေ ဘာတွေစစ်နေတုန်း၊ မင်းက သီတာရီ့ အနားကိုသွားပြီး။ ကျွန်တော် တာဝန်အရ မေးတာပါ မသီတာရီ။ လမ်းမှာ တွေ့ရင် နှုတ်ဆက်ခွင့်ရှိသလား. . .လို့ မေးလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီစကား တစ်ခွန်းတည်း၊ ကျန်တာမဟုတ်ဘူးကွ။ ငါ့မေဂျာကိုလည်း၊ ပြောမပြခဲ့မိဘူး။ ပြီးတော့ . . ., သူ့မှာ ရည်းစားရှိမရှိလည်း၊ မမေးခဲ့ရဘူး"

ခူဝံကျော် မျက်ခုံးတွန့်ကာ၊ ကျွန်တော့်ကို မကြည့်ကြည့်, ကြည့်သည်။ ကြည့်လျက် –

"ရည်းစား ရှိ–မရှိ၊ သိချင်တာများ၊ လွယ်လွယ်လေး"

"ဘယ်လိုလွယ်တာလဲ။ ဘာလဲ၊ အဲဒါလည်း၊ မီးပွိုင့်မှာပဲ မေးရမှာလား"

"နီး။ နီး။ ဒီလိုအရေးကြီးတဲ့ စကားကို လမ်းမမှာမမေးသင့်ဘူး"

"ဘယ်မှာ မေးရမလဲ"

"သီတာရီ၊ မင်္ဂလာဆောင်မှာ သွားမေးလိုက်ပေါ့"

ကျွန်တော် ဘာမျှပြန်မပြောဘဲ၊ မျက်နှာတည်ပစ်လိုက်တော့၏။ ခူဝံကျော် တဟားဟား ရယ်လေသည်။ စိုးမိုးကျော်က, "မင်းက၊ စိတ်ပူတတ်လို့ပါကွာ။ နောက်ထပ် နေ့တွေ ရက်တွေ အများကြီးရှိသေးတာပဲ၊ မလောပါနဲ့။ အခုလောက် ရင်းနှီးခဲ့တာပဲ၊ ကျေးဇူးတင်ဖို့ကောင်းနေပြီ". . .ဟု၊ အားပေးစကားပြောသည်။





"အေးပါကွာ". . .ဟု၊ ကျွန်တော် ငြီးပြော. . .ပြောလိုက် သည်။ ခူဝံကျော်က –

"ငါ့ အထင်ပြောရရင်။ သီတာရီ က ပါချင်တယ်ကွ။ မင်းက, ဟာမှ မဟတာ။ မင်း . . .နည်းနည်းလောက်၊ ဟ,လိုက်ပါ လား။ မင်း . . .ဟလိုက်တာနဲ့၊ သီတာရီ ပါမှာ၊ သေချာတယ် နိုင်သူရ"

"ခူဝံကျော်၊ မနောက်နဲ့တော့ကွာ"

"မနောက်တော့ဘူးကွာ". . .ဟု၊ ခူဝံကျော် ရယ်လျက် ပြောသည်။ သင်္ချာဆောင်၏ စာသင်ခန်းတွေဘက်သို့ လှမ်းကြည့်လိုက်မိပြန်၏။ စကားဖြူရနံ့ သင်းသင်းသန့်သန့် မမွှေးပျံ့သေး။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၄ )

လမ်းမှာတွေ့လျှင် နှုတ်ဆက်ခွင့် ရှိမရှိကို၊ သီတာရီအား ကျွန်တော် မမေးမြန်းဖြစ်ခဲ့သော်လည်း၊ ကျောင်းဝင်းအတွင်း၌၊ သွား၊ လာ၊ ကြုံ၊ ဆုံသောအခါ . . .သူ . . .ကျွန်တော့်ကို ပြုံးပြသည်။ နှုတ်ဆက်သည်။ ထမင်းစားပြီးပြီလား။ အအေးသောက်ပါဦးလား ဆိုသော၊ လောကဝတ်စကားတွေဖြင့်၊ ပျူငှာစွာ ဆက်ဆံသည်။

ရက်အနည်းငယ်အတွင်း၊ သီတာရီနှင့် လည်းကောင်း၊ သင်းသင်းကျော်နှင့်လည်းကောင်း၊ ကျွန်တော်တို့ ရင်းနှီးခွင့်ရခဲ့ကြ၏။

သို့သော် . . .

သီတာရီ၏ ကျောင်းအလာကို၊ ကျောင်းရှေ့မှ တမင် မျှော်စောင့်ခြင်း။ သီတာရီ၏ ကျောင်းပြန်ချိန်တွင် ကျောင်းအနီး မှ တမင်ငေးကြည့်ခြင်းမျိုးတွေကို ကျွန်တော် အထူးရှောင်ကြဉ်ခဲ့လေသည်။ ထို အပြုအမူမျိုးတွေကို၊ မလိုလားစွာသော အရိပ်အရောင်များ၊ သီတာရီ၏ မျက်ဝန်းထဲ၌၊ တွေ့မြင်လိုက်ရမည်ကို၊

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာစိုးရိမ်သဖြင့်၊ ကျွန်တော် . . .အထူး ရှောင်ကြဉ်ဆင်ခြင်ခဲ့ခြင်း ဖြစ်သည်။

မိတ်ဆွေ. . .သူငယ်ချင်းဟူသော အခွင့်အရေးကို၊ သီတာရီ့ထံမှ၊ ကျွန်တော်. . .တကူးတကန့် တောင်းဆိုခဲ့ခြင်း မရှိသော်လည်း၊ မိတ်ဆွေ သူငယ်ချင်းများကဲ့သို့၊ ကျွန်တော်နှင့် ကျွန်တော့် သူငယ်ချင်းများအပေါ်၊ သူ . . .ခေါ်ပြောဆက်ဆံ၏။ ဤသည်ပင်လျှင်၊ ကျွန်တော် လိုချင်ရာ၊ မဟာ အခွင့်အရေး။

ဤအခွင့်အရေး . . .ဤအခြေအနေလေး ယိမ်းယဲ့သွားမှာ ကျွန်တော် စိုးရိမ်သည်။ ထို့ကြောင့် . . .

ရစ်နွယ်ခါစ၊ နွယ်ပင်ငယ်လေးပေါ်သို့၊ မည်သည့် အမှုန်အမွှားမျှ မကျရောက်စေရန် ကျွန်တော် အထူးဂရုပြုချင်သည်။ ရစ်တွယ်ခါစ၊ သံယောဇဉ် ဖြူဖြူလေးထက်သို့ မည်သည့် အနှောက်အယှက်မျှ မထိခတ်စေရန်၊ ကျွန်တော် အထူးဆင်ခြင်နေမိသည်။

သီတာရီနှင့် ခေါ်နေပြောနေ ပျော်နေပြုံးနေရသည်ကိုပင်လျှင်၊ ကျွန်တော် လွန်စွာကျေနပ်နေရသည်။ ထို့ထက်ပိုသော အခြေအနေနှင့် ထိုအခြေအနေ၊ ဘယ်အခြေအနေကို လိုချင်ပါသလဲ. . .ဟု၊ ရွေးချယ်ခွင့်သာပြုခဲ့ပါလျှင်၊ အရာရာကို ကျွန်တော့်အနေဖြင့်၊ လက်ရှိအခြေအနေကိုသာ ပို၍လိုလားမိပါမည်။

အဘယ်ကြောင့်ဆိုသော် . . .





လက်ရှိအခြေအနေထက် ပိုသောအခြေအနေဆိုသည်မှာ၊ မမြင်သာသေးသည့်၊ မရေရာသော အခြေအနေမျိုး၌သာ ရှိနိုင်သောကြောင့်ဖြစ်၏။ ဘာပဲဖြစ်ဖြစ်၊ သူငယ်ချင်းအဖြစ်သာ၊ ကျွန်တော် . . .ရဲဝံ့စွာ နေပျော်ပါသည်။ .

❋

ကျွန်တော်က သမိုင်းအဓိကဘာသာ။ ရူပကျော်နှင့် စိုးမိုးကျော်က မြန်မာစာ အဓိက,ဘာသာ. . .။ ကျွန်တော်တို့၏ နေရပ်၊ ကျွန်တော်တို့၏ အကျင့်စရိုက် စသည်ဖြင့်၊ သီတာရီ နှင့် သင်းသင်းကျော်တို့ရှေ့တွင်၊ ရင်းနှီးစွာ . . .မိတ်ဖွဲ့ အသိ ပေးခဲ့စဉ်က၊ တည်ကြည်သော စကားတစ်ခွန်းကို သီတာရီ. . ပြောထားဖူး၏။

"ယောကျာ်းလေး သူငယ်ချင်း
မထားဖူးခဲ့ဘူး။ အိမ်ကခွင့်မပြုဘူး ဆိုပါ တော့။
အားလုံးက ပျော်တတ်ကြတယ်
ဆိုတော့။ ကျောင်းထဲမှာပဲ၊ ပျော်ကြတာပေါ့။
ကျောင်းရဲ့အပြင်မှာ။ အထူးသဖြင့်၊ အိမ်က
လူတွေအနားမှာပါတဲ့အခါ၊ မခေါ်မပြော
ဖြစ်ရင်၊ ကျွန်မ,ကို စိတ်မဆိုးကြနဲ့နော်။ အဲဒါ
. . .ကျွန်မ ကြိုပြီးတောင်းပန်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ခွင့် တစ်စုံတစ်ရာ နည်းပါးနေရသော၊ သူငယ်ချင်းတစ်ယောက်၏စကား . . .ဟု၊ ကျွန်တော်တို့ အားလုံး၊ မှတ်ယူခဲ့ကြသည်။

ကျောင်းအလာ၊ ကျောင်းအပြန်၊ သီတာရီ၏အိမ်မှ ဘောက်(စ)ဝက်ဂွမ်ကားအဝါလေး၏ အရိပ်အရောင်ကို တွေ့လိုက်ရပြီဆိုသည်နှင့်၊ ကျွန်တော်နှင့် ရွှဲဝံကျော်၊ စိုးမိုးကျော်တို့၏ အကြည့်များက၊ ထိုနေရာနှင့် ဆန့်ကျင်ရာသို့ ကျင့်သားရစွာ ငေးမော,မျက်နှာလွှဲမိလျက်သား၊ ရှိနေခဲ့ကြ၏။

❋

ပထမနှစ် မကုန်ဆုံးမီအတွင်း၊ အခေါ်အဝေါ်တွေ ပြောင်းလဲချင်းနီးခဲ့ကြသည်။ ငယ်သူငယ်ချင်းများကဲ့သို့ ခေါ်ပြောဆက်ဆံလာကြသည်။ ရေများရေနိုင်၊ မီးများမီးနိုင်ဟူသော၊ စကားသည်၊ လွန်စွာမှန်လွန်းလှ၏။

သူငယ်ချင်းဟူသော အခေါ်အဝေါ်၊ သူငယ်ချင်းဟူသော အနေအထိုင်၊ သူငယ်ချင်းဟူသော အပြောအဆို၊ သူငယ်ချင်းဟူသော အသိတရားတို့ ကြီးစိုးများပြားလာသောအခါ . . . ရင်ထဲမှာရှိခဲ့သော အံ့ကြွလုလု အစုအဝေးတစ်ခုသည်၊ နိုင်ရာကို အသာပေးလျက်၊ အဝေးသို့ပြေးထွက်သွားသယောင် ရှိနေရ





တော့၏။

"သီတာရီ"

ကျောင်းရှေ့ရှိ မြဇကရီ လက်ဘက်ရည်ဆိုင်တွင်၊ သင်းသင်းကျော်နှင့်ကျွန်တော်တို့သုံးယောက် ထိုင်နေရာသို့၊ ကားလမ်းကူးပြီး၊ သီတာရီ ရောက်လာ၏။ သီတာရီကို မြင်တော့မှ လွန်စွာဝေးကွာသွားပြီဖြစ်သော၊ အဝါရောင် ဘောက်(စ)ဝက်ဂွမ်ကားလေးကို ကျွန်တော် . . .လှမ်းမြင်လိုက်ရ သည်။

သီတာရီက . . .ကျွန်တော့်အနီးရှိ ထိုင်ခုံတွင်ထိုင်ပြီး –

"ငါ့ နာမည်ကို ဘာလို့ခေါ်တာလဲ ရွှဲဝံကြယ်"

ရွှဲဝံကျော်က . . .

"ပြောမယ်ပြောမယ်နဲ့။ မပြောဖြစ်လို့။ အခုမှ . . .သတိရလို့ပြောမှာ။ နင် . . . စိတ်ဆိုးမလား မသိဘူး"

"ဘာလဲ။ ပြော။

ကလေးစကားနဲ့၊ အရူးစကားကို စိတ်မဆိုးရဘူးတဲ့။ ပြော။ ပြော။ ငါ. . . စိတ်မဆိုးဘူး"

ရွှဲဝံကျော်က၊ သီတာရီကို အံ့ကြိတ်၍ကြည့်လေ၏။ ကျွန်တော်က . . .သီတာရီဘက်သို့လှည့်ပြီး၊ ရွှဲဝံကျော်၏



www.burmeseclassic.com

www.burmeseclassic.com



သွားတစ်ချောင်းကို လက်ညှိုးထိုးလျက် . . .

"တွေ့လား။ သီတာရီ။ အဲဒါ . . ဝက်မာန်စွယ်လို့ခေါ်တယ်"

ကျွန်တော့် စကားကြောင့်၊ အားလုံးရယ်မောကြ၏။ ရယ်နေသော သီတာရီအား၊ မူဝံကျော်က . . .

"အေး။ အခု . . .ငါပြောမယ့် စကားက,လည်း၊ အားလုံးရယ်မှာစိုးလို့၊ နင့်ကိုစကားပလ္လင်ခံနေတာ။ နင် . . . ရယ် မနေနဲ့"

သီတာရီက၊ အရယ်ရပ်ကာ –

"ကဲ . . .ကဲ . . .မရယ်တော့ဘူး။ ပြော"

မူဝံကျော်က . . .ကျွန်တော့်ကို တစ်ချက်ငဲ့ကြည့်သည်။ ပြီးမှ . . .

"နင်က . . . ချောတယ်ဟ။ အခု နာမည်ကြီးနေတဲ့ ရုပ်ရှင်မင်းသမီး မို့မို့မြင့်အောင် လိုပဲ။ မေးစေ့မှာလည်း၊ မှဲ့လေးနဲ့။ နင့်အမေ လည်း ချောတယ်။ ဒါပေမဲ့ . . ., နင့် ဖားသား ကျတော့။ တော်တော်လေး မည်းတယ်နော်"

စကားဆက်မပြောစေရန်၊ သီတာရီ လက်ကာလေ၏။





"နင် . . .မပြောနဲ့တော့၊ မူဝံကျော်။ ငါ သဘောပေါက်ပြီ။

ငါ. . .အဖေနဲ့တူတဲ့၊ မျက်ခုံး မျက်လုံး၊ အသွေးအရောင်၊ ငါ့ဆီမှာ မရှိဘူး လို့ နင် ဆိုလိုချင်တာ မဟုတ်လား"

"အင်း"

သီတာရီ နှုတ်ခမ်းတွန့်ရုံမျှ ပြုံးလေ၏။

"အဲဒါ. . .ငါ့ ပထွေးဟဲ့"

အပြုံးမပျက်သော၊ နှုတ်ထွက်စကား။

"ဟာ။ ဆောရီး"

မူဝံကျော် မျက်လုံး၊ ဝိုင်းသွားသည်။ စိုးမိုးကျော်က ဇက်ပိုး ကိုလှမ်းပုတ်၏။

"မူဝံကျော်"

စကားဆက်မည် စိုးသဖြင့်၊ ကျွန်တော် . . .၊ နာမည် ခေါ်လိုက်ခြင်းဖြစ်သည်။

"သီတာရီ။ စိတ်မဆိုးနဲ့နော်။ လူဝံက . . .အဲဒီလိုပဲ။ သူ . . .သိချင်ရင် ဒဲ့ပဲ မေးလိုက်တာ။ သူ့ဘာသာ အတတ်နိုင်ဆုံး မတွေးဘူး"

သီတာရီက . . .



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်။ ဒါ . . .စိတ်ဆိုးစရာမှ မဟုတ်တာ။ ရှက်စရာလည်း မဟုတ်ပါဘူး။ ငါက ကြိုပြီး အသိပေးမထားတဲ့ အတွက်၊ အားလုံးကို၊ ငါက,တောင်း တောင်းပန်ရဦးမှာ"

ရွှံဝံကျော်က၊ ခေါင်းကို တဖျင်းဖျင်းကုတ်ပြီး . . .

"ငါက၊ နင့်ကို နောက်မလို့ဟ။ နင့်အဖေက ရုပ်မချောဘူး။ နင်က ရုပ်ချောနေတယ်။ ဘာသဘောလဲ၊ ဘာ . . . ညာ ဆိုပြီး၊ နောက်မလို့။ အခု . . .မနောက်တော့ဘူး"

"ကဲပါ. . .။ နောက်စရာရှိလည်း . . နောက်၊ ပြောင်စရာရှိလည်း ပြောင်။ ငါ . . . ဘာမှ မဖြစ်ဘူး။ ပထွေးဆိုပေမယ့်လည်း၊ ငါ . . .အဖေလို ရှိသေတာပါပဲ။ ငါ့အဖေကို၊ ငါမှ မမြင်ဘူးလိုက်တာ"

"ဆုံးသွားတာလား". . .ဟု၊ သင်းသင်းကျော် ဝင်မေးသည်။ သီတာရီ ခေါင်းညိတ်၏။

"လက်ရှိ အဖေကို၊ အဖေအရင်းလို့ပဲ၊ ငါ ထင်ခဲ့တာ။ အဖိုးအဖွားတွေ၊ တခြားလူတွေ ပြောသံသဲ့သဲ့၊ သဲ့သဲ့ကြားရင်းကမှ၊ မမေ့





နောက်အိမ်ထောင်လို့ သိခဲ့ရတာ။ ဒါပေမဲ့ . . သမီးအရင်းလိုပါပဲ။ ငါ့ကို စောင့်ရှောက်ပါတယ်"

စကားစ,ပြတ်စေချင်သည်။

"ကဲ . . .ကျုတိုရီရှဲယ် ရှိတယ်။ ငါ . . .သွားတော့မယ်။

မင်းတို့ မဝင်ကြသေးဘူးလား"

"မဝင်သေးဘူး". . .ဟု၊ ရွှံဝံကျော် ပြော၏။ ကျွန်တော်က,

"အဲဒါဆိုလည်း၊ ငါ . . . သွားတော့မယ်။ တစ်ခုတော့ မှာခဲ့မယ်။ သူများ မိသားစုအကြောင်း. . .စပ်စုတဲ့စကားကို၊ မင်း . . . ထပ်မပြောနဲ့တော့"

မှာကြားပြီး၊ ကျွန်တော် . . . လှည့်ထွက်ခဲ့သည်။

"ဟဲ့။ ငါလည်း ကျောင်းထဲဝင်မှာ"

သီတာရီ ထိုင်ရာမှ၊ ထသည်။ စိုးမိုးကျော်က . . .

"ကဲ . . .အားလုံးပဲ၊ ဝင်လိုက်ကြပါတော့"

ပြိုင်တူခြေလှမ်းပြင်ကြ၏။

ကျွန်တော့်ထံသို့၊ သီတာရီ လှပ,စွာ ပြေးလာ၏။

အနားမရောက်မီကတည်းက၊ တစ်ယောက်နှင့် တစ်ယောက်၊



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကြည့်နေမိကြသည်။

❋ ❋ ❋



( ၁၅ )

ပထမနှစ် တစ်နှစ်လုံးတွင်၊ ကျွန်တော်နှင့် သီတာရီသည်၊ အခင်မင်ဆုံး သူငယ်ချင်းများဖြစ်ခဲ့ကြ၏။ သီတာရီနှင့်၊ သင်းသင်းကျော်က၊ အဓိကဘာသာရပ်တစ်ခု။ ရွှဝံကျော်နှင့် စိုးမိုးကျော်က၊ အဓိကဘာသာရပ်တစ်ခု။ ကျွန်တော့်အဓိက ဘာသာရပ်က၊ တစ်ခုဖြင့်၊ မတူမညီ တကွဲတပြား ဖြစ်နေကြသည့်တိုင်၊ အားလုံးသည်၊ တစ်အုပ်စုတည်း၊ တစ်ဖွဲ့တည်းသော သူငယ်ချင်းတွေ ဖြစ်ခဲ့ကြ၏။

ပထမနှစ်စာမေးပွဲ ဖြေဆိုခါနီးစဉ်က၊ "ချစ်သူငယ်ချင်း" ဟူသောရုပ်ရှင်ဇာတ်ကားကို၊ သူငယ်ချင်းများနှင့်တကွ၊ သီတာရီ နှင့်အတူ၊ ကြည့်ခွင့်ရခဲ့၏။ "သီတာရီနဲ့ အတူတူထိုင်ပြီး၊ ရုပ်ရှင် ကြည့်ရတာ၊ မင်း ရင်မခုန်ဘူးလား"...ဟု၊ ရွှဝံကျော် မေးသည်။ ကျွန်တော် ခေါင်းခါပြခဲ့၏။

"ဒါဆို၊ မင်း အသည်းနှလုံးက လေဖြတ်နေပြီပေါ့"...ဟု၊ ရွှဝံကျော် နောက်ပြောင်သည်။ ကျွန်တော် ပြုံး၍သာ နေလိုက်။

www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးကျော်က . . .

"နိုင်သူရ။ ငါ . . .မင်းကို တစ်ခု မေးချင်တယ်။ ဒီမေးခွန်းက၊ မေးဖို့တော့ စောပါသေးတယ်။ ဒါပေမဲ့ . . . ငါ . . . စောစောစီးစီး သိထားချင်လို့ မေးကြည့်တာ"

"ဘာမေးမှာလဲ"

"မမေးခင်၊ ငါ့ ထင်မြင်ချက်တစ်ခု ကိုပြောမယ်"

"ပြော"

"သီတာရီနဲ့၊ ကန်(င်)တင်း(န) ထိုင်တယ်။ စာကြည့်တိုက်အတူသွားတယ်။ ရုပ်ရှင်ကြည့်တယ်။ မင်း . . . သူနဲ့၊ အခုလို ခင်မင်နေရတာကို၊ အရမ်းကျေနပ်နေတယ် ထင်တယ်။ အဲဒါ . . .ဟုတ်လား"

အဝေးသို့ငေးမောလျက်၊ ကျွန်တော် ဝန်ခံလိုက်သည်။

"ဟုတ်တယ်"

"ဒါဆို၊ ငါ . . .မေးတော့မယ်။ မင်း . . .သီတာရီကို၊ ဘယ်တော့ ရည်းစား စကားပြောမလဲ"

စိုးမိုးကျော်ဘက်သို့၊ ကျွန်တော် လှည့်ကြည့်လိုက်သည်။





ကျွန်တော့်မျက်ခုံးနှစ်ခု၊ တွန့်ကွေးသွားသည်ကို၊ မြဲ . . ပေလိမ့်မည်။

"မင်း။ ဒီ မေးခွန်းကို ဘာဖြစ်လို့ မေးတာလဲ၊ စိုးမိုးကျော်"

"သိချင်လို့ပေါ့"

"အေး။ သိချင်ရင်၊ ငါ . . .ဖြေမယ်။ လောလောဆယ်၊ ငါ့မှာ . . .အဲဒီ စကားပြောဖို့ အစီအစဉ်မရှိဘူး"

ခူဝံကျော်၏ အသံ၊ ကြားဖြတ်ဝင်လာသည်။

"နာရီဘော့ပင်လေးကို၊ အကြောင်းပြုပြီး၊ သီတာရီနဲ့တွေ့ခွင့်ရဖို့၊ မင်း ကြိုးစား ခဲ့တယ်လေကွာ။

အသည်းအသန်တွေ၊ ကြိုးပမ်းခဲ့တာ။ အဲဒါ . . .ဘာဖြစ်လို့လဲ"

"အဲဒါ . . .ငါ၊ သူ့ကို တွေ့ချင်လို့လေ။ အခု . . .၊ တွေ့နေရပြီပဲ။ ငါ . . . ဘာဆက်လုပ်ဖို့ လိုနေလို့လဲ"

စိုးမိုးကျော်၊ လက်ကာ၏။ ပြီးမှ –

"sorry ။ ငါ့မေးခွန်းက၊ လိုရင်း မရောက်ဘူးကွ။



www.burmeseclassic.com

www.burmeseclassic.com



လိုရင်းရောက်အောင်၊ တဲ့တိုးပဲ မေးမယ်။ မင်း. . . သီတာရီကို၊ ကြိုက်နေတာ မဟုတ်လား”

“ဟုတ်တယ်”

“အဲဒါဆို၊ ရည်းစားစကား မပြောသေးတာ၊ ဘာကြောင့်လဲ။ စောသေးလို့လား”

“ဟုတ်တယ်။ ငါ. . .ကျောင်းပြီးမှ ပြောချင်တယ်။ ဒါပေမဲ့ . . . ပြောဖြစ်ချင်မှလည်း၊ ပြောဖြစ်လိမ့်မယ်”

“ဘာဖြစ်လို့လဲ”

မေးခွန်းကို မဖြေမီ၊ သီတာရီကို မြင်ယောင်လိုက်မိ၏။

“သူ့ကို မြင်နေတွေ့နေ၊ ခင်မင်နေရတာ၊ ငါ . . .စိတ်ချမ်းသာတယ်။ စိတ်ချမ်းသာတဲ့အတွက်၊ စာကျက်မပျက်ဘူးကွာ။

အဲဒီတော့၊ ပညာရေးကို ထိခိုက်မယ့်၊ အခြေအနေဆိုတာ . . .ငါ . . .ရင်မဆိုင်ရတော့ဘူး။

အဲကယ်၍၊ နောက်နှစ်မှဖြစ်ဖြစ်၊ ဟိုး . . .နောက်တစ်နှစ်မှဖြစ်ဖြစ်။ ကျောင်းပြီးမှပဲဖြစ်ဖြစ်၊ ငါက . . .ရင်ထဲက စကား ကို၊





ပြောလိုက်မိပြီဆိုပါတော့။

သူ. . .ငြင်းပယ်လိုက်တဲ့အခါ၊ ငါ့အတွက်အရာရာ ထိခိုက်သွားနိုင်တယ်။ အဲဒါကြောင့်၊ ပြောဖြစ်ခဲ့ရင်တောင်၊ အဆိုးဆုံးကို ရင်ဆိုင်နိုင်တဲ့အရွယ်၊ အဆိုးဆုံးကို ခံစားနိုင်တဲ့ သတိတရား ကြီးမားမယ့်အရွယ်ကျမှ၊ ငါ. . .ပြောဖြစ်မယ်၊ ထင်တယ်”

“ဒါဆို၊ အခု . . .မင်းက မှိန်းနေတာပေါ့”. . .ဟု ရှုဝံကျော်ပြော၏။

“မှိန်းနေတာ မဟုတ်ဘူး။ ငါ့ . . ရင်ထဲမှာ၊ အခုလောလောဆယ်၊ သီတာရီ ဟာ၊ ငါ့. . .သူငယ်ချင်းဖြစ်နေပြီ။

အဲဒီ. . .သူငယ်ချင်း သံယောဇဉ်ကို ထိခိုက်မယ့်၊ စကား . . .၊ အပြုအမူမျိုးတွေကို၊ မျက်လုံးထဲမှာတောင်၊ ငါ. . .ထည့်မထားဘူး”

“သူငယ်ချင်း. . .လို့ပဲ၊ ဆက်၍ခေါ်မည်. . .“ရီ” . . .ပေါ့။ ဟုတ်လား”

ရှုဝံကျော် စကားကြောင့်၊ စိုးမိုးကျော် ရယ်လေ၏။ ကျွန်တော်မရယ်ပြုံးမိ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ၌၊ မထင်မှတ်စွာ ဝင်ရောက်လာသော ဝေဒနာတစ်ခုကြောင့်၊ ဝမ်းနည်းသလိုလို၊ ခံစားလိုက်ရသည်။ အဲဒီ . . .ဝေဒနာက,တော့၊ သီတာရီနှင့် ဝေးကွာသွားခဲ့လျှင် . . . ဟူသော၊ စိုးထိတ်ခံစားမှုပင်ဖြစ်၏။

"သူသာ . . .၊ ငါ့ အနီးအနားမှာ၊
အခုလိုအမြဲတမ်း ရှိနေမယ်ဆိုရင်၊
ငါ့ရဲ့နောက်ဆုံးထွက်သက်အထိ၊
သူ့ကို၊ သူငယ်ချင်း. . .လို့၊ ငါ . . .ခေါ်နေ
နိုင်မှာပါ"

ခူဝံကျော်က၊ "ကြွေတယ်ကွာ" . . .ဟု ပြောပြီး၊ အနီးရှိ သစ်ရွက်တစ်ရွက်ကို ကောက်ကိုင်လျက် "ကြွေတယ်။ တကယ် ကြွေတယ်။ သစ်ရွက်တွေ" . . .ဟု၊ မျက်နှာတည်ဖြင့်၊ နောက်ပြန်၏။ ကျွန်တော် ပါးလှပ်စွာသာ ပြုံးနေဖြစ်သည်။

ဖိုးနိုးကျော်က . . .

"ရုပ်ရှင်ရုံတွေ၊ ရုပ်မြင်သံကြား တွေ၊
မဂ္ဂဇင်းတွေ၊ သတင်းစာတွေထဲမှာ၊ စီးပွားရေး
သမားတွေက၊ သူတို့ ကုန်ပစ္စည်းကို၊ လူသိ
များအောင်၊ နည်းအမျိုးမျိုးနဲ့၊ ကြော်ငြာ
နေကြတယ်။

မင်းအနေနဲ့လည်း၊ မင်းရင်ထဲမှာ





ရှိတဲ့ ကိစ္စကို၊ ကာရက်ရှင်ရိုပ်မိအောင်၊
ကြိုကြိုတင်တင် အသိပေးထားရင် ကောင်း
မယ်"

ကျွန်တော်က . . .

"ငါ. . .ပြောပြီးပြီပဲ။ အမှုအရာနဲ့
တောင်၊ ငါ. . .မပြချင်သေးဘူး"

"ဘာလဲ။ ရင်ဖွင့်လိုက်ရင်၊ အခု
လက်ရှိအနေအထားပျက်သွားမှာစိုးလို့လား"

"ပျက်သွားမှာတော့၊ နည်းနည်းစိုး
ရိမ်တယ်။ ဒါပေမဲ့ . . .၊ ခင်မင်မှုပျက်
သွားမှာစိုးလို့၊ ငါ. . .ကြိတ်မှိတ်မျိုသိပ်နေ
တာတော့ မဟုတ်ဘူး။

ငါ့ စိတ်ထဲမှာ၊ သီတာရီက . . .ငါ့
သူငယ်ချင်း၊ ဖြစ်နေပြီ"

"မင်း စကားက၊ ငါးဖမ်းဖို့ ပြင်ဆင်
ထားတဲ့သူက၊ ရေထိုင်ချိုးနေသလို ဖြစ်နေ
တယ်ကွ"

"ငါ့မှာ၊ အဲဒီစိတ်ထားမရှိပါဘူးကွာ"

ခူဝံကျော်က . . .

"ဒါဆို။ မပိုင်လို့ မဖမ်းသေးတာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မျိုးလား"

"မဟုတ်ဘူး။ အခု အခြေအနေကို၊ ငါ. . .ကျေနပ်နေတယ်။ ငါ. . .ဒါပဲ ပြောတတ်တယ် ရှုဝံကျော်။

ပညာဆုံးခန်းတိုင်တဲ့အခါ၊ ဒါမှမဟုတ်. . ., ငါ့ စိတ်ထဲက၊ ပေါက်ကွဲထွက်ကျလာမယ့်အခါဆိုရင်တော့။ ငါ. . .ပြောဖြစ်ချင် ပြောဖြစ်မှာပဲ"

"မင်း မပြောပေမယ့်၊ ငါတို့က၊ သင်းသင်းကျော်က တစ်ဆင့် သီတာရီကို၊ အသိပေးထားလိုက်ရင်ကော" . . .ဟု၊ စိုးမိုးကျော်က၊ ပြုံးလျက် ပြောသည်။ ကျွန်တော်က၊ မထိန့်မလန့် စွာသော၊ မျက်နှာထားဖြင့်၊

"သီတာရီက၊ တစ်ဆင့်စကားကို၊ ယုံမှာ မဟုတ်ပါဘူး။ ယုံလို့၊ လာမေးခဲ့ရင်တောင်၊ ငါက. . .၊ ဝန်မခံဘဲ၊ နေမှာပေါ့"

စိုးမိုးကျော် ပြုံးနေလျက်က, ခေါင်းတဆတ်ဆတ်ညိတ်နေ၏။ ပြီးမှ . . .

"သီတာရီက၊ မင်းကို ကြိုက်နေတယ် ဆိုရင်ကော၊ မင်း ဖွင့်မပြောတာဟာ၊ သူ့ကို ဒုက္ခပေးရာ မရောက်ဘူးလား"





"အာ။ အဲဒါတော့ မဖြစ်နိုင်ဘူး"

ရှုဝံကျော်က . . .

"ဖြစ်နိုင်တယ်။ ကျောင်းမှာ သီတာရီကို၊ မင်း. . .စတွေ့ခဲ့တဲ့နေ့က၊ ငါ ပြောဖူးတယ်လေ။

သီတာရီက ပါချင်ပုံရတယ်။ မင်း . . .ဟ,တာနဲ့ သီတာရီ ပါမှာ အမှန်ပဲ . . . လို့၊ ငါ. . .ပြောခဲ့တယ်လေ။

ဟဲ ဟဲ။ မင်း. . .အခု ဟ လိုက်ပါလားကွာ၊ သီတာရီ ပါမှာသေချာတယ်"

စိုးမိုးကျော်နှင့်အတူ၊ ကျွန်ကော် ရယ်နေဖြစ်သည်။ ရှုဝံကျော်က . . .

"နောက်တစ်ခု ထပ်ပြောမယ်။ တစ်အုပ်စုလုံး၊ အတူတူထိုင်နေရက်က,နေ၊ မင်းတစ်ယောက်တည်းကို၊ သီတာရီက၊ ဟို. . . ခေါ်သွား၊ ဒီ. . .ခေါ်သွားနဲ့။

ပြီးတော့ . . ..

ပြောင်သလို နောက်သလိုနဲ့၊ မင်းနာမည်ကို အဖျားစွတ်ပြီးခေါ်နေတာ၊ ငါတို့ကြားတယ်။ ဘာ . . .။ "နိုင်" . . . တဲ့



www.burmeseclassic.com

www.burmeseclassic.com



မျိုးလား"

"မဟုတ်ဘူး။ အခု အခြေအနေကို၊ ငါ. . .ကျေနပ်နေတယ်။ ငါ. . .ဒါပဲ ပြောတတ်တယ် ရှုဝံကျော်။

ပညာဆုံးခန်းတိုင်တဲ့အခါ၊ ဒါမှမဟုတ်. . ., ငါ့ စိတ်ထဲက၊ ပေါက်ကွဲထွက်ကျလာမယ့်အခါဆိုရင်တော့။ ငါ. . .ပြောဖြစ်ချင် ပြောဖြစ်မှာပဲ"

"မင်း မပြောပေမယ့်၊ ငါတို့က၊ သင်းသင်းကျော်က တစ်ဆင့် သီတာရီကို၊ အသိပေးထားလိုက်ရင်ကော" . . .ဟု၊ စိုးမိုးကျော်က၊ ပြုံးလျက် ပြောသည်။ ကျွန်တော်က၊ မထိန့်မလန့် စွာသော၊ မျက်နှာထားဖြင့်၊

"သီတာရီက၊ တစ်ဆင့်စကားကို၊ ယုံမှာ မဟုတ်ပါဘူး။ ယုံလို့၊ လာမေးခဲ့ရင်တောင်၊ ငါက. . .၊ ဝန်မခံဘဲ၊ နေမှာပေါ့"

စိုးမိုးကျော် ပြုံးနေလျက်က, ခေါင်းတဆတ်ဆတ်ညိတ်နေ၏။ ပြီးမှ . . .

"သီတာရီက၊ မင်းကို ကြိုက်နေတယ် ဆိုရင်ကော၊ မင်း ဖွင့်မပြောတာဟာ၊ သူ့ကို ဒုက္ခပေးရာ မရောက်ဘူးလား"





"အာ။ အဲဒါတော့ မဖြစ်နိုင်ဘူး"

ရှုဝံကျော်က . . .

"ဖြစ်နိုင်တယ်။ ကျောင်းမှာ သီတာရီကို၊ မင်း. . .စတွေ့ခဲ့တဲ့နေ့က၊ ငါ ပြောဖူးတယ်လေ။

သီတာရီက ပါးချင်ပုံရတယ်။ မင်း . . .ဟ,တာနဲ့ သီတာရီ ပါးမှာ အမှန်ပဲ . . . လို့၊ ငါ. . .ပြောခဲ့တယ်လေ။

. ဟဲ ဟဲ။ မင်း. . .အခု ဟ လိုက်ပါလားကွာ၊ သီတာရီ ပါးမှာသေချာတယ်"

စိုးမိုးကျော်နှင့်အတူ၊ ကျွန်တော် ရယ်နေဖြစ်သည်။ ရှုဝံကျော်က . . .

"နောက်တစ်ခု ထပ်ပြောမယ်။ တစ်အုပ်စုလုံး၊ အတူတူထိုင်နေရက်က,နေ၊ မင်းတစ်ယောက်တည်းကို၊ သီတာရီက၊ ဟို. . . ခေါ်သွား၊ ဒီ. . .ခေါ်သွားနဲ့။

ပြီးတော့ . . .။

ပြောင်သလို နောက်သလိုနဲ့၊ မင်း နာမည်ကို အဖျားစွတ်ပြီးခေါ်နေတာ၊ ငါတို့ကြားတယ်။ ဘာ . . .။ "နိုင်" . . . တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် မဟုတ်လား စိုးမိုးကျော်"

"ဟုတ်တယ်၊ ဟုတ်တယ်"...ဟု၊ စိုးမိုးကျော် ပြောသည်။

ကျွန်တော်က ...

"မင်းကို၊ သင်းသင်းကျော် အဖျားစွတ်ပြီးခေါ်တာ ကျတော့ကော"..ဟု၊ ရှုဝံကျော်ကို ကျွန်တော်၊ မေးလိုက်သည်။ "သင်းသင်းကျော်က၊ ငါ့ကိုဘယ်မှာ၊ ခေါ်လို့လဲ"..ဟု၊ ရှုဝံကျော် ပြန်မေး၏။

"ခေါ်တယ်လေ။ ဟိုနေ့က ငါ ကြားတယ်"

"ဘယ်လိုခေါ်တာလဲ"

"ရှူ...တဲ့"

သုံးယောက်စလုံး၊ ရယ်မောဖြစ်ကြသည်။ သီတာရီသာ အနားမှာရှိလျှင်၊ ပါးစပ်ကလေးကို၊ လက်ကိုင်ပုဝါဖြင့်ပိတ်လျက်၊ ချစ်ခင်မြတ်နိုးစဖွယ်၊ သူလည်း...ပြုံးရယ်နေပေလိမ့်မည်။

❋

ပထမနှစ် စာမေးပွဲ ဖြေဆိုပြီး၊ အောင်စာရင်း ထုတ်ပြန်သည့်နေ့က၊ ကျွန်တော်နှင့် သီတာရီ အတူတူပျော်ကြသည်။ သူငယ်ချင်းတွေအားလုံး၊ အတူတကွ ပျော်ကြသည်။





သီတာရီက၊ သင်းသင်းကျော်နှင့်အတူ၊ ကျောင်းသို့ ခြေလျင်လျှောက်လာရာ။ မကြာလွန်းသော မိနစ်ပိုင်းအတွင်း၊ သီတာရီ၏အိမ်မှ၊ ဘောက်(စ)ဝက်ဂွမ်ကားအဝါလေးကို၊ ရိပ်ကနဲတွေ့မြင်လိုက်ကြရသဖြင့်၊ သင်းသင်းကျော်မှအပ၊ ကျွန်တော်တို့..သုံးယောက်၊ ပုန်းကွယ်လိုက်ကြရ၏။

ကျောင်းအဝင်ဝတွင်၊ ကားရပ်သည်ကို အသေအချာ မြင်လိုက်ရသောအခါ၊ ကျွန်တော့်တို့အားလုံးကို၊ နှုတ်ဆက်စကားမျှပင်မပြောတော့ဘဲ၊ ကားရပ်ထားရာဘက်သို့ သီတာရီ ထွက်ခွာသွားလေ၏။

ထိုနေ့က၊ ကျွန်တော်သည် ...

သီတာရီ၏ အမည်နာမ, ရှိရာ၊ အောင်စာရင်း ကြော်ငြာ သင်ပုန်းအနီး၌၊ နာရီပေါင်းများစွာ၊ ထိုင်လျက်၊ သီတာရီ ... ဟူသော နာမည်လေးကို၊ ခဏခဏ..ကြည့်နေဖြစ်ခဲ့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၆ )

တက္ကသိုလ်ဒုတိယနှစ် ကုန်လွန်ခါနီးအထိ၊ ကျွန်တော်သည် . . .သီတာရီ၏ အခင်မင်ဆုံး သူငယ်ချင်းအဖြစ်ကို၊ သန့်ရှင်းစွာ ရရှိထားသေးသည်။ မျက်လုံး၏အကြည့်၊ ကိုယ်ခန္ဓာ၏ အမူအကျင့်၊ ပါးစပ်၏ နှုတ်ထွက်စကားတို့အပါအဝင် . . . အစစအရာရာကို၊ ကျွန်တော် . . .ပို၍၊ ပို၍ သတိထားဆင်ခြင် နေခဲ့သည်။

သီတာရီ၏မျက်ကွယ်တွင်၊ သူငယ်ချင်းတွေနှင့် လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ ဟောလားဟားလား နေထိုင်ခဲ့သည်များရှိ၏။ သို့သော် . . . သူ့မျက်မှောက်တွင်မူ၊ ဝတ်စားဆင်ယင်ပုံမှအစ နေမှုထိုင်မှု ပြောမှုဆိုမှုများအားလုံးကို၊ တည်ငြိမ်သော ပုံစံအဖြစ်၊ ကျွန်တော် ပြောင်းလဲနေထိုင်သည်။

ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး၊ ဟန်ဆောင်သည်မျိုး မဟုတ်ပါ။ အနားမှာ သီတာရီ ရှိနေပါလား . . .၊ အနီးမှာ သီတာရီ ရှိနေပါလား . . .မလှမ်းမကမ်းမှာ သီတာရီ ရှိနေပါ လား. . .ဟူသည့် အသိကြောင့်၊ သူ့ဣန္ဒြေ၊ သိက္ခာ၊ အလှ . . .၊ အဆင့်တို့ကို၊

www.burmeseclassic.com

www.burmeseclassic.com



တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ထိရှပွန်းပဲ့စေမည် စိုးသဖြင့်၊ ကျွန်တော် . . . သူ့ရှေ့တွင် ပို၍ . . .ပို၍ ဆင်ခြင်နေထိုင်ခဲ့ခြင်း ဖြစ်ပေသည်။

မနိူင်းကောင်း နှိုင်းကောင်း။

မည်သူမဆို . . .ရပ်ကွက်ထဲက, အနေအထိုင်၊ လက်ဘက်ရည်ဆိုင်က အနေအထိုင်မျိုးတွေဖြင့်၊ ဘုန်းတော်ကြီးကျောင်းမှာဖြစ်စေ၊ ဘုရားရင်ပြင်တော်ပေါ်မှာဖြစ်စေ . . . မနေထိုင်အပ်သည်ကို၊ သိရှိဆင်ခြင်သကဲ့သို့၊ ကျွန်တော် . . .ဆင်ခြင်ခဲ့ခြင်းဖြစ်သည်။ လမ်းမ,ပေါ်တွင် မည်မျှပင် မျောက်ရှုံးအောင်ဆော့ကစားခဲ့သည်ဖြစ်စေ၊ မိဘရှေ့မှောက် . . . အဘိုးအဘွားရှေ့မှောက်၊ အစ်ကိုကြီး . . .အစ်မ,ကြီးတို့၏ ရှေ့မှောက်၌၊ ကျုံ့ကျုံ့လေးနေထိုင် တတ်လေ့ရှိသော၊ ကလေးငယ်တစ်ယောက်ကဲ့သို့၊ သီတာရီ၏ရှေ့မှောက်တွင်၊ ကျွန်တော် နေထိုင်ခဲ့ခြင်းဖြစ်သည်။

သူ့ကြောင့်၊ (သီတာရီကြောင့်)၊ လုံချည် ခါးပုံစ,နံဘေး တွင်၊ ဘော့ပင်ထိုးထည့် တတ်သော၊ အကျင့်ပင်လျှင်၊ ကွယ်ပျောက်ခဲ့ရသည်။ သူ့ကြောင့် . . ., စာမကျက်ချင်သည့်နေ့မျိုး မှာပင်၊ စာကျက်ဖြစ်ခဲ့သည်။ သူက, တစ်နေ့စာတစ်နေ့ မှန်မှန်ကျက်လေ့ရှိသူ . . .ဟု၊ သိရသဖြင့်၊ စာသင်ချိန်၌ စာသင်ခန်းအပြင်ထွက်လိုသည့်၊ စိတ်မျိုးပင်လျှင်၊ ကွယ်ပျောက်ခဲ့ရသည်။





သူ့ကြောင့်၊ ကျွန်တော် . . .လူရည်သန့်လေး တစ်ဦးပမာ၊ စာကြိုးစားသော ကျောင်းသားလိမ္မာလေးတစ်ယောက်ပမာ ဖြစ်ခဲ့ရသကဲ့သို့၊ ကျွန်တော့်ကြောင့် သူ . . .ဘာဖြစ်ခဲ့မည် ထင်ပါသနည်း။

❋

"နိုင်" . . .ဟု၊ သီတာရီ ခေါ်၏။

အသံပြု၍မထူးဘဲ၊ မျက်ခုံးပင့်၍၊ သူ့ကို ကြည့်လိုက် သည်။ ခရေပင်လေးပင်ရှိသည့်အနက်၊ ကျောင်းအနောက်ဘက် ဝင်ပေါက်မှ၊ ရေတွက်လျှင်၊ တတိယမြောက် ခရေပင်အောက် ခုံဝိုင်းလေးသည်၊ သူနှင့်ကျွန်တော်၊ အပန်းဖြေလေ့ရှိသည့်၊ အာဝါသ။

"နင်နဲ့ စကားပြောနေရတာ၊ ငါ ပျော်တယ်ဟ"

ကျွန်တော့်ကြောင့်၊ သီတာရီ ပျော်ရွှင်ခဲ့လေသည်။ ထို့ကြောင့် . . ., ကျွန်တော် ကြည်နူးရလေသည်။

"တစ်ခါ တစ်ခါ၊ အားနာတယ် ဟာ။ နင့်ကိုရော . . .၊ ရှုဝံကျော်နဲ့ စိုးမိုးကျော် ကိုရော"

"ဘာဖြစ်လို့ အားနာရတာလဲ" . . .ဟု၊ မသိဟန်ပြု၍၊ ကျွန်တော် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်က၊ ကားလာတာနဲ့၊ ငါတို့ နင်တို့ စကားပြောနေတာနဲ့ ကြုံတဲ့အခါ၊ အပြေးအလွှား၊ ပုန်းကြကွယ်ကြရလို့"

မည်သို့မျှ မခံစားစွာ၊ ကျွန်တော် ရယ်လိုက်သည်။ ပြီးမှ–

"တက္ကသိုလ်ကျောင်းသားဆိုပြီး၊ ကိုယ့်ကိုယ်ကို လူကြီးအိုက်တင် မဖမ်းဖြစ် တော့ဘူးပေါ့"

"ဘာဖြစ်လို့လဲ" . . .ဟု၊ သီတာရီ မျက်လုံးလေးဝိုင်းလျက် မေးသည်။

"တူတူပုန်းတမ်းကစားနေရသေးလို့လေ"

သီတာရီ ရယ်မောသည်ကို ကြည့်မြင်ကာ၊ ကျွန်တော် ပျော်ပါသည်။

"နင့် မေမေက၊ ယောက်ျားလေး သူငယ်ချင်း မထားရဘူးလို့၊ နင့်ကို တားထားတယ် ဆိုလို့သာ၊ ငါ . . . ပုန်းရတာ။

အဲဒီလောက် လိုအပ်လို့လား . . . သီတာရီ"

"နင် . . .ဘာကို မေးတာလဲ။ ငါ နားမရှင်းဘူး"





"ဩော် . . .။ အခု . . .ငါနဲ့ နင်နဲ့။ သူငယ်ချင်းဖြစ်ကြတာ နှစ်နဲ့ချီနေပြီ။ နင့် သူငယ်ချင်း အဖြစ်နဲ့၊ ငါ. . .နင့်အိမ်ကို မလာဖူးဘူး။

အိမ်ရှေ့ကို ဖြတ်လျှောက်ရင်တောင်၊ နင်. . .အနေခက်မှာစိုးလို့၊ ဖြတ်မလျှောက် ဘူး။

တကယ့်လို့များ၊ နင်နဲ့ငါနဲ့။ ဒါမှ မဟုတ်၊ ငါ့သူငယ်ချင်းတွေနဲ့၊ စကားပြော နေတာကို၊ နင့်. . .မေမေ တွေ့သွားရင်၊ နင့်အတွက် ပြဿနာကြီးမားနိုင်လို့လား။ ငါ . . .မေးတာ၊ အဲဒါ"

သီတာရီ သက်ပြင်းချ၏။ ပြီးမှ . . .

"ရိုက်မောင်း ပုတ်မောင်း လုပ်တဲ့ အထိတော့၊ ပြဿနာမကြီးဘူးပေါ့ဟာ။ ငယ်ငယ်ကတည်းက၊ မေမေ . . .သွန်သင်ခဲ့တဲ့ အတိုင်း၊ ငါ. . . လိုက်နာခဲ့တယ်။

မေမေ့စကားကို၊ မလိုက်နာမိတာ ဆိုလို့၊ ငါ့ဘဝမှာ နင့်ကို ခင်မိတာ တစ်ခု တည်းပဲရှိတယ်"

"နင်. . .တကယ်ပြောတာလား" . . .ဟုပင်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မမေးရက်တော့။ ဒါပေမဲ့ . . .တစ်ခုတော့၊ ကျွန်တော် မေးလိုက်မိပြန်သည်။

"နင်. . .ငါ့ကို ဘာဖြစ်လို့ခင်တာလဲ"

ထို. . .မေးခွန်းကို မေးမိသည့်အခါတိုင်း၊ သူ . . .ပြုံးလေ့ရှိသည်။

"နင်ကလည်း. . ., အဲဒါကို ခဏခဏ မေးတယ်။ ငါကလည်း၊ မဖြေတတ်ဘူး။ ငါပြောဖူးသားပဲ။ စာမေးပွဲခန်းထဲမှာ စာမေးပွဲဖြေဖို့၊ ဘောပင် ပါမလာဘူး ဆိုတာရယ်။ ခါးကြားထဲမှာ၊ ဘောပင်ထိုးထားတယ် ဆိုတာရယ်. . .ကို၊ ငါ. . .ကြားရတော့၊ ရယ်ချင်တယ်။

နင့်ကို ကြည့်လိုက်ပြန်တော့လည်း၊ ငါ. . .ရယ်ချင်တယ်။ ရယ်ချင်စိတ်ကို ထိန်းပြီး၊ ငါ. . .နင့်ကို. . .ဘောပင် လှမ်းပေးလိုက်တာ။

ဘယ်တော့မှ၊ ပြန် မဆုံတော့ဘူး. . .လို့ ငါထင်တာ။ ဆုံကြ ကွဲကြရတဲ့၊ အဖြစ်လေးတွေက၊ တွေးကြည့်ရင်း၊ ရှေးဘဝက၊ ရေစက်ပါနေသလိုပဲ"





"ရှေးရေစက်" . . .ဟူသော၊ စကားအသုံးကြောင့်၊ ကျွန်တော် . . .ဟက်ဟက်ပက်ပက် ရယ်မိ၏။

"နိုင်။ နင်. . .လှောင်တာလား"

"လှောင်တာ မဟုတ်ပါဘူး။ ရှေးဘဝက ရေစက် . . .ဆိုတဲ့စကားကို ကြိုက်လို့။ သဘောကျလို့၊ ရယ်တာပါ"

မျက်စောင်းလှလှလေးထိုးသဖြင့်၊ မျက်တောင်ကော့ကော့လေးတွေကို မြင်ခွင့်ရလိုက်သည်။ အင်္ကျီအိတ်အတွင်းမှ၊ အရာဝတ္ထုတစ်ခုကို ထုတ်ယူပြီး . . .

"ငါ. . .ဒီ, ဘောပင်လေးကို တစ်သက်လုံး သိမ်းထားမှာဟ"

"တကယ်လား"

"တကယ်"

"ငါလည်း၊ နင် ဆွဲတဲ့၊ ပန်းချီကားကို တစ်သက်လုံး သိမ်းထားမယ်"

"တကယ်လား" . . .ဟု၊ ကျွန်တော် မေးလိုက်သည်။

သိတာရိက . . .

"မဖြေဘူး။ အိမ်မှာ . . .မှန်ဘောင်သွင်းထားတယ်။ ကျမပျောက်နိုင်ဘူး။ နင်သာ . . .အဲဒီဘောပင်ကျ မပျောက်စေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခါးကြားတောင်၊ ဘယ်နှစ်ခါ ထိုး
ထည့်ထားပြီးပြီလဲ မသိဘူး"

မျက်နှာလွှဲကာ ပြော၏။

"အဲဒီအကျင့် ငါ ပျောက်သွားပါပြီဟ"

ကျောင်းအနောက်ဘက်၊ အဝင်ပေါက်မှ ဝင်လာသော၊ သင်းသင်းကျော်ကို လှမ်းမြင်လိုက်ရသည်။

"သင်းသင်းကျော် လာပြီ" . . .ဟု၊ ကျွန်တော် ပြောသည်။ ခပ်ဝေးဝေးမှ ရှိသေးသော သင်းသင်းကျော်ကို၊ ရယ်ပြပြီး၊ သီတာရီက၊ ကျွန်တော့်ဘက်သို့လှည့်ကာ –

"သင်းသင်းကျော်က၊ ပြောတယ်။
နင်. . . ပန်းချီဆရာလုပ်ရင် ဖြစ်နိုင်တယ် . .
.တဲ့။ ကျောင်းပြီးရင် . . .နင် . . .ပန်းချီ ဆရာ
လုပ်မှာလား"

ကျွန်တော် ခေါင်းခါသည်။

"ပန်းချီဆရာ မလုပ်ချင်ဘူး။ ပန်းချီ
တော့ ဆွဲချင်တယ်။
ပန်းချီ ကောင်းကောင်းဆွဲနိုင်ဖို့၊
စီးပွားရေးတစ်ခုခုတော့၊ လုပ်ရမှာပေါ့"

"နင်. . .သမိုင်းကို စိတ်ဝင်စား
တယ်ဆို။ ပါမောက္ခတွေ ဘာတွေ. . ."





ကျွန်တော် . . .လက်ကာ၏။

"ငါက . . ., သမိုင်းကို ဝါသနာ ပါ
တာ မဟုတ်ဘူးဟ။ သမိုင်းကို လေ့လာတာ။
မျိုးချစ်စိတ်ရှိတဲ့လူတိုင်း၊ သမိုင်းကို လေ့လာ
သင့်တယ်။ ငါ. . .ဆိုလိုတာ . . . နိုင်ငံရေး
သမိုင်းတစ်ခုတည်းကို မဟုတ်ဘူးနော်။
ဂီတရဲ့သမိုင်း . . .စာပေရဲ့သမိုင်း .
. .ဓာတ်သဘင်ရဲ့သမိုင်း. . .။ ပန်းချီရဲ့ သမိုင်း
. . .။ စသဖြင့် ပေါ့။ ကိုယ့်နိုင်ငံရဲ့
သမိုင်းကြောင်း၊ အစဉ်အဆက်ကို နိုင်ငံသား
တိုင်း လေ့လာသင့်တယ်"

"သမိုင်းဆိုတာဘာလဲ"

ရုတ်တရက်မေးလိုက်သည့် မေးခွန်း။ ချက်ချင်း အဖြေ မထွက်။ ကျွန်တော် . . .အထူးစဉ်းစားဟန်ပြုပြီး၊ ခပ်တည်တည်ဖြင့်၊ ကြားဖူးနားဝ,ရှိရာ စာကြောင်းတစ်ကြောင်းကို၊ ရွတ်ဆိုပြလိုက်သည်။

"သမိုင်းဆိုတာ။ ရာဇာတို့၏ရာဇ ဝင်
မဟုတ်။ အလုပ်,လုပ်သော လုပ်သားပြည်သူ
တို့၏ ရာဇဝင်ဖြစ်သည်". . .တဲ့"

"သမိုင်း ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တည့်တည့်သို့ ရောက်လာသော၊ သင်းသင်းကျော့်၏ အမေး။ ကျွန်တော် . . .မကြားဟန်ပြုထားလိုက်သေးသည်။ သင်းသင်းကျော် ရောက်လာသဖြင့်၊ သီတာရီ ဆက်မေးနိုင်မည့် မေးခွန်းများ၏ဘေးမှ ကင်းဝေးရတော့မည်။ ထို့ကြောင့် . . . သင်းသင်းကျော်ကို၊ ကျေးဇူးနည်းနည်း တင်လိုက်သည်။

"ဟဲ့။ နိုင်။ သမိုင်း . . .ဘာဖြစ်လို့လဲ။ အဲ့ဒီမှာ၊ ငါ့အမျိုးတွေရှိတယ်ဟ"

စကားကောင်းပြောမည်. . .ဟု၊ တွေးလိုက်မိသေးသည်။ သမိုင်းမှာ . . .သူ့အမျိုးတွေရှိတယ်ဆိုသော စကားကြောင့်၊ စကားကောင်းပြောမည့်အစီအစဉ်ကို၊ ဖျက်သိမ်းပစ်လိုက်၏။ သီတာရီက၊ ကျွန်တော့်ကိုပြုံးမယောင်ကြည့်နေသည်။ သင်းသင်းကျော်က,တော့၊ မျက်စေ့ပျက်၊ မျက်နှာပျက်။

"နိုင်။ သမိုင်း ဘာဖြစ်လို့လဲ။ ငါ့ကို ပြောစမ်းပါ"

"ဘာမှ မဖြစ်ပါဘူး။ မီးလောင်လို့"

"ဟယ်. . .တကယ်"

သီတာရီထံမှ၊ ရယ်သံကြားရ၏။

ရယ်ချင်စိတ်ကို ခဏသာ ထိန်းထားနိုင်သည်။ ကျွန်တော်ပါ ရော၍ရယ်လိုက်မိ၏။

❋ ❋ ❋



( ၁၇ )

တတိယနှစ်သို့ရောက်သောအခါ၊ ပင်မ,တက္ကသိုလ်တွင်၊ တက်ကြရသည်။ အားလုံး၏ စာသင်ဆောင်ချင်း ဝေးကွာသွားကြရသော်လည်း၊ စိုးမိုးကျော်နှင့် ရူဝံကျော်တို့ရှိရာ တောင်ဂူ ဆောင်ဘက် စားသောက်ဆိုင်တန်းသည်၊ ကျွန်တော်တို့၏ စုဝေးရာ။ တွေ့ဆုံရာ နေရာဌာနဖြစ်၏။

ကျောင်းသို့ သီတာရီ ရောက်မလာသေးသဖြင့်၊ တောင်ဂူ ဆောင်၏အနောက်ဘက်၊ ဆင်ဝင်အောက် လှေခါးထစ်လေးတွေမှာ၊ ကျွန်တော်တို့ ထိုင်နေဖြစ်ကြသည်။ သင်းသင်းကျော်က ဆင်ဝင်၏ အုတ်တိုင်ကိုမှီလျက်သာနေ၏။

"သီတာရီ ကို၊ မင်း မေးကြည့်ပါ လား"

သီတာရီ လာမည့်ဘက်သို့ ငေးနေရာမှ၊ ရူဝံကျော်၏ အကြံပြုစကားကြောင့်၊ လှည့်ကြည့်မိမလိုဖြစ်သည်။ ပြီးမှ . . . ငေးမောနေရာသို့ မောလျှစ္စာပြန်ငေးလျက် . . .

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုမေးကြည့်ရအောင်၊ ငါက,
သူ့ရည်းစားမှ မဟုတ်တာ။ သူက. . .,ငါ့
ရည်းစားမှ မဟုတ်တာ"

သင်းသင်းကျော်က၊ ကျွန်တော့်စကားကြောင့် ပြုံးလေ၏။ သီတာရီအား၊ အမျိုးသားတစ်ယောက် ကျောင်းလိုက်ပို့ သည်၊ လာကြိုသည် . . .ဟု၊ သင်းသင်းကျော်ထံမှ၊ အလျင်ဦး ဆုံး သတင်းရ၏။ လွန်ခဲ့သော . . .ညနေခင်းက၊ သီတာရီ လိုက်ပါသွားသော ကားကို၊ ကျွန်တော် သတိပြုမိသည်။ အဝါရောင် ဘောက်(စ)ဝက်ဂွမ်ကား မဟုတ်။ သူ့ကို ကျောင်း လာကြိုသူကို၊ ရိပ်ကနဲသာ ကျွန်တော် တွေ့လိုက်ရ၏။ သူ့ကို လာကြိုသည့်ကားအမျိုးအစားက,တော့ နောက်ဆုံးပေါ် ကား အမျိုးအစား။ အဖြူရောင်။ S.E ။

"သူက, နှင့် ရည်းစားမဟုတ်ပေ
မယ့်၊ နှင့် မျက်လုံးတွေကို သူ . . .သိတယ် .
. .တဲ့"

"သင်းသင်းကျော်"

ကျွန်တော့် ခေါ်သံ မာဆတ်သွားသည်။ ပြီးမှ၊ လေသံကို စဉ်းငယ်လျှော့လျက် . . .

"အဲဒီလို . . .စကားမျိုး မပြောပါနဲ့
ဟာ။ သီတာရီက၊ ငါ့ သူငယ်ချင်းပါ"

သင်းသင်းကျော်၏ မျက်နှာပေါ်တွင်၊ ပြုံးသောအရိပ်ကို





မမြင်ရတော့ချေ။

"သူငယ်ချင်းမဟုတ်ဘူးလို့၊ ငါ
ပြောနေတာမှမဟုတ်တာ။ နှင့် မျက်လုံးတွေကို၊
သီတာရီက . . .သတိထားမိတဲ့ အကြောင်းကို၊
ငါ့ကိုပြောပြလို့၊ ငါက, ပြန်ပြောတာ။ နှင်. . .
တားဖို့ လိုလို့လား။ နှင် . . .တားရအောင်၊ ငါ့
စကားမှာ၊ ဘာ အမှားပါသွားလို့လဲ"

ကျွန်တော် . . .လက်ကာလိုက်ရတော့သည်။ "အေးလေ". . .ဟု၊ ခူဝံကျော် လောင်စာထိုး၏။

"sorry"

"sorry" ဟု၊ ပြောလိုက်မိသည့်အတိုင်း၊ ကျွန်တော့် ရင်ထဲတွင်၊ အမှန်တကယ်၊ ဝမ်းနည်းသွားရသည်။

"ဒီကောင် ကြိုက်နေတာကို၊
သီတာရီက, ရိပ်မိတယ်ဆိုတဲ့သဘောပေါ့၊
ဟုတ်လား သင်းသင်းကျော်"

စိုးမိုးကျော်၏ ရုတ်တရက်အမေး။

"ဟုတ်တယ်"

သင်းသင်းကျော်၏, ချက်ချင်း အဖြေ။

"မဟုတ်ဘူး၊ မဟုတ်ပါဘူးဟာ"

မဲ့ကနဲ၊ သင်းသင်းကျော် ပြုံး၏။

"သီတာရီ မပြောနဲ့၊ ငါတောင်



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိတယ်။ နင်က,တော့၊ နင့်ကိုယ်နင် လုံလုပြီထင်နေတာ။

ဟိုတလောက. . .၊ အာ.စီ ရှေ့မှာ သီတာရီ ခလုပ်တိုက်တယ်။ ခြေသည်းကျိုးသွားတယ်။ နင် . . .မျက်နှာလွှဲထားတယ်။

ကျန်တဲ့လူတွေက, ဘာဖြစ်သွားသေးလဲလို့ မေးရုံပဲရှိသေးတယ်။ နင် . . . သီတာရီ့ ခြေသည်းလေးကို ပြာပြာသလဲကိုင်ကြည့်လိုက်ပြီ။

ဘာ. . .သွေးစ, သွေးနမှ မတွေ့ရတော့၊ ဘာမှ မဖြစ်ပါဘူး။ အသက်နဲ့ အဝေးကြီးလို့ ပြောပြီး၊ ခပ်ပေါ့ပေါ့ အိုက်တင်လေးပြန်လုပ်လိုက်တာလည်း . . .နင်ပဲ။ အဲဒါကို သီတာရီရော၊ ငါရောသိတယ်။

တခြားနေရာမှာ နင် . . .ခုန်ပေါက်ပြေးလွှားနေပေ့စေ၊ သီတာရီ့ကို မြင်လိုက်တာနဲ့၊ နင့် အနေအထိုင်တွေအကုန်လုံး၊ ခြေသုတ်ပုဆိုး မြေဖွယ်ကျိုးပဲ။"

ကျွန်တော် . . .သင်းသင်းကျော်ကို၊ တစ်ချက် မော့ကြည့်လိုက်၏။

"ဒီမယ် . . .နိုင်သူရ"





ရှုဝံကျော်၏၊ ခေါ်သံ။

ခေါ်တော်မူရာသို့၊ ကျွန်တော် လှည့်ကြည့်လိုက်ရပြန် သည်။ ကျွန်တော် . . .လှည့်ကြည့်သောအခါကျမှ၊ ရှုဝံကျော် စကားဆက်၏။

"အင်ပါယာကြီးတစ်ခုလိုကြီးမားလွန်းတဲ့အချစ်ရဲ့ ထုထည်ကြီးကို၊ မင်းရဲ့ ကြက်ခြေထောက်လောက်ပဲရှိတဲ့၊ အိုက်တင်တွေနဲ့ဖုံးဖိဖို့ မကြိုးစားပါနဲ့တော့။ သင်းသင်းကျော်ကို၊ မင်း . . .ဝန်ခံလိုက်ပါတော့။ ဒါမှ . . .

မင်း လိုအပ်မယ့်အကူအညီကို၊ သူ . . .ကူညီလို့ရမှာ"

ကျွန်တော် . . .ခေါင်းကိုသာ ညင်သာစွာခါနေလိုက် သည်။ စိုးမိုးကျော်က. . .

"သီတာရီက,ရော. . .ဒီကောင့်အကြောင်းထူးထူးခြားခြား၊ ဘာပြောသေး လဲ။ သင်းသင်းကျော်"

အုတ်တိုင်ကိုမှီလျက်က၊ လွယ်အိတ်ကို ရင်ခွင်တွင်ပွေ့ပြီး၊ သင်းသင်းကျော်က . . .

"သူ . . .ရိပ်မိတယ်ပေါ့နော်။ ဒါပေမဲ့ . . ဘာပဲဖြစ်ဖြစ်. . .တဲ့။ နိုင်သူရ



www.burmeseclassic.com

www.burmeseclassic.com



နဲ့စကားပြောနေရရင်၊ နိုင်သူရနဲ့ တွေ့နေရ ရင်၊ သူ . . .ပျော်တယ်တဲ့။

အိမ်မှာ စိတ်အနှောက်အယှက်တွေ ဘာတွေဖြစ်လာရင်၊ သူ့ . . .ကျောင်းကို စောစောလာတယ် . . .တဲ့။ ကျောင်းကို ရောက်ရောက်ချင်း၊ နိုင်သူရကို တွေ့လိုက်တာနဲ့၊ စိတ်ညစ်စရာတွေအားလုံး၊ တခြားကို လွင့်သွားတော့တာပဲ . . .တဲ့"

"နင်က . . .အဲဒီအကြောင်းတွေကို၊ ဘာဖြစ်လို့၊ ငါတို့ကို ပြောမပြတာလဲ။ ဘာလဲ။ သီတာရီက နှုတ်ပိတ်ထားလို့လား" . . .ဟု၊ ရွှဝံကျော်က၊ အားမလို အားမရ မေးသည်။

"သီတာရီက၊ နှုတ်မပိတ်ပါဘူး။ ငါက. . .နှုတ်မဖွာချင်တာပါ။

ပြီးတော့ . . .၊ ငါက. . .ပြောမိတယ်ထား။ ဒီအကောင်စုတ်က၊ သီတာရီ့ကို ကြိုက်နေတာမဟုတ်ရင်၊ သီတာရီက . . . အလိုလိုနေရင်း၊ မိန်းမ,နောက်ပိုး ဖြစ်မသွားဘူးလား။

အဲဒါကြောင့်. . ., ငါ. . .အခုမှ ပြောပြတာ"

ကျွန်တော် . . . သက်ပြင်းချလိုက်ရ၏။





သစ်တိုပင်ကြီး၏ အရိပ်လွှမ်းရာ မြို့လမ်းပေါ်၌၊ သီတာရီ လာနေပြီကို မြင်လိုက်ကြရ၏။

သင်းသင်းကျော်ကို ကျွန်တော် နှုတ်ပိတ်သည်။ ရွှဝံကျော်နှင့် စိုးမိုးကျော်တို့ကို၊ စကားလမ်းကြောင်း၊ ပြောင်းခိုင်းလိုက်၏။ "သီတာရီကို ချစ်နေသူပါ" . .ဟု၊ သင်းသင်းကျော်ရှေ့တွင် ဝန်ခံပါမှ၊ စကားလမ်းလွှဲမည်. . .ဟု၊ အကျပ်ကိုင်ကြသည်။ တောင်ငူဆောင်၏ အစွန်ဘက်သို့၊ သီတာရီ ရောက်လာသော အခါကျမှ၊ ကျွန်တော် ခေါင်းညိတ်ဝန်ခံလိုက်ရ၏။

ကျောင်းသို့ . . ., လိုက်ပို့လိုက်ကြိုလုပ်တာ၊ ဘယ်သူလဲ . . .ဟု၊ သီတာရီ့ကို ကျွန်တော် မမေးဖြစ်။ နင့်ကိုငါချစ်နေတာ နင်သိတယ် မဟုတ်လား . . .ဟု၊ ကျွန်တော် နှုတ်မစွန့်။ နင် ငါ့ကိုဘာကြောင့် အရှမ်းခင်ရတာလဲ. . .ဟု၊ ကျွန်တော် စကားမချူ။

နေမြဲအတိုင်းနေသည်။ သွားမြဲအတိုင်း၊ လာမြဲအတိုင်း၊ သွားလာသည်။ ခေါ်မြဲအတိုင်းခေါ်သည်။ ပျော်မြဲအတိုင်း ပျော်သည်။ သီတာရီနှင့် ပတ်သက်ပြီး၊ ဘာကိုမျှ၊ ကျွန်တော် ကြို မတွေးဝံ့။ ကြိုမတွေးရဲ။

ပစ္စုပ္ပန်အခြေအနေလေးထဲတွင်သာ၊ ကျွန်တော် . . . မငုံ့မရဲ နေရဲရသည်။ "မနက်ဖြန်" ဆိုတာကို၊ ရင်ဆိုင်နိုင်စွမ်း နည်းပါးနေသေးကြောင်း ကိုယ့်ကိုကိုယ် သေသေချာချာသိလိုက်၏။

❋



www.burmeseclassic.com

www.burmeseclassic.com



ရဲပွဲ့ချင်သည်
အသည်းနှင့် . . .လှူ၊ သူ့ . . .ကြည်ဖြူအောင်
မစွမ်းဆောင်ရဲ၊ အလွမ်းမှောင်ထဲ၌၊
တစ်ကိုယ်တည်း . . .လွမ်း
အုံ့ပုန်းပန်းကို ,
နွမ်းသွားမှာလည်း မမြင်ရဲပါ။

ခွဲပြချင်သည်
အသည်းဝ . . .ဆူး၊ သူ့ . . .မြင်ဖူးအောင်
မစွမ်းဆောင်တတ်၊ ဟန်ဆောင်ဓာတ်၌၊
တရှိုက်တည်း . . .ငို
မျက်ရည်ညိုညစ်၊ ထိုအချစ်ကို
ပစ်သွားမှာလည်း မကြုံရဲပါ။

ယုံရဲချင်သည်
မနက်ဖြန်ထဲ၊ ကိုယ့် . . .ပျော်ရဲအောင်
သူပဲ ကူညီနိုင်လိမ့်မည်။ ။

❋ ❋ ❋



( ၁၈ )

ရွဝံကျော်နှင့် စိုးမိုးကျော်တို့က၊ သင်းသင်းကျော်ကို နောက်ပြောင်လျက်၊ ကျွန်တော်နှင့် သီတာရီတို့၏ ရှေ့,ခပ်လှမ်းလှမ်းမှ၊ အဓိပတိလမ်း အဝင်ဝ,ဘက်သို့ သွားနေကြသည်။ အိမ်မှလာကြိုသော ကားကို၊ စာသင်ဆောင်၏အနီးတဝိုက်တွင်၊ မတွေ့ရသဖြင့်၊ အဓိပတိလမ်းအဝင်ဝမှ စောင့်ရန်၊ သီတာရီ . . . ကျွန်တော်တို့နှင့်၊ လိုက်ပါလာခဲ့ခြင်း ဖြစ်၏။

ကျွန်တော်နှင့် သီတာရီက စကားတပြောပြောနှင့် ခြေလှမ်းမှန်စွာ လျှောက်နေကြသဖြင့်၊ ရွဝံကျော်တို့က၊ ကျွန်တော်တို့ထက်၊ ပို၍ ဝေးဝေးရောက်သွားကြပေပြီ။ တစ်ခါတစ်ရံတွင်၊ ရွဝံကျော် လှည့်ကြည့်သည်။ တစ်ခါတစ်ရံတွင်၊ စိုးမိုးကျော်နှင့် သင်းသင်းကျော် လှည့်ကြည့်သည်။ သတိပြုမိခြင်းသာဖြစ်၏။ စကားစ, မပြတ်။

"နိုင်။ နင် . . .ကျောင်းပြီးရင် ဘာလုပ်မှာလဲ"

"စီးပွားရေး တစ်ခုခုလုပ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တခြားရော . . ."

"တခြားဆိုတာဘာကို ပြောတာလဲ"

"တစ်ခုခုပေါ့ဟာ။ ကျောင်းပြီးရင်
ဘယ်သူ့ကို ဘာ. . .လက်ဆောင်ပေးမှာတို့။
ဘယ်သူ့ဆီသွားမှာတို့ စသဖြင့်ပေါ့"

ကျွန်တော် . . .ရင်ခုန်သွားရသည်။ ထို့ကြောင့် . . ., "ကျောင်းပြီးရင်၊ နင့်ကိုချစ်တယ်. . .လို့၊ ငါ. . .ရည်းစားစကား ပြောဖို့၊ စဉ်းစားထားတယ်" . . .ဟု၊ ပြောပြထားလိုက်ချင်သည်။ သို့သော် . . .အချိန်အခါ မဟုတ်။

အခြေအနေပေးခဲ့သည်ရှိသော်. . .၊ ကျွန်တော် . . . ရင်ဖွင့်ချင်သေး။ ရင်မဖွင့်လိုသေး။ မျိုသိပ်နိုင်အား ကျန်သေးသည်။

"ပြောလေဟာ"

မြူးလျက်ငဲ့ကြည့်လိုက်စဉ်၊ မပြုံးဘဲကြည့်နေသည့်၊ မျက်ဝန်းလေးကိုမြင်ရ၏။

"စီးပွားရေးလုပ်မယ်။ စီးပွားရေး
အဆင်ပြေရင် ပန်းချီဆွဲမယ်လေဟာ။ ဒါပဲ။ ငါ့
ရည်ရွယ်ချက်က"

သိဘာရီ၏မဲ့ပြုံးသည်၊ အသံမဲ့သော ခနဲ့စကားဖြစ်သွားဟန်တူ၏။

"နင်က,ရော"

ခေါင်းငုံ့သွား၏။ ဆံပင်ရှည်လေးတွေ လေမှာလွင့်သည်။





လွင့်ယိမ်းနေသော ဆံနွယ်စ,များက၊ ညှိုးနွမ်းသွားသော မျက်နှာလေးကို၊ ဝင်းပ,လာအောင် ချော့မြှူနေသည်ဟု ထင်မြင်ရ၏။

"ငါက . . ."

စကားမဆက်တော့။

အမြူးရောင်လွယ်အိတ်ကိုင်း၏ အရင်းဘက်ကို၊ လက်ချောင်းများဖြင့် ဆုတ်ကိုင်ချေမွနေလေသည်။

"နိုင်"

စကားဆက်မည်အထင်နှင့်၊ ငဲ့ကြည့်နေမိသောကြောင့်၊ မျက်လုံးချင်းဆုံသွားကြသည်။ အလျင်ဦးဆုံး အကြည့်လွှဲဖယ်လိုက်သူမှာ၊ ကျွန်တော်ပင် ဖြစ်မည်။

"နင် . . .ငါ့ ဘော့ပင်လေးကို
အမြဲတမ်းသိမ်းထားမှာ သေချာရဲ့လား"

အကျီအိတ်ထဲမှ၊ ဘော့ပင်လေးကို၊ ကျွန်တော် ထုတ်ယူကိုင်တွယ်လျက် . . .

"ဘာဖြစ်လို့ မသေချာရမှာလဲ။ ဒီ
ဘော့ပင်လေးကို၊ ရေးလည်း မရေးဘူး။
အတတ်နိုင်ဆုံးလည်း၊ ကိုယ်နဲ့မခွာဘူး။
အခုတောင် . . .မင် မထွက်တော့
ဘူးထင်တယ်ဟ။ ပြီးတော့. . ., နံပါတ်လည်း
မပေါ်တော့ဘူး။
ဒါပေမဲ့ . . .ငါ မပြုပြင်ဘူး။ နဂို
အတိုင်းပဲ သိမ်းထားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများတွင်၊ ပြုံးနေသည်။

"ည . . .အိပ်ရင်ရော အင်္ကျီအိတ်ထဲမှာထည့်အိပ်တာပဲလား"

"နင့်ကို သတိရရင်၊ ထည့်အိပ်တယ်ဟ"

နှုတ်ခမ်း...ု တမင်စုလျက်၊ သူ . . .ပြုံး၏။ ပြီး . . .

"ကျိုးပဲ့သွားပါအုံးမယ်ဟယ်"

ကျွန်တော် ခေါင်းခါသည်။

"မကျိုး...ဲ့စေရဘူး။ နင် . . .မှတ်ထား။ အမြဲတမ်း။ ဒီ. . .ဘော့ပင်လေး ကျိုးပဲ့သွားတဲ့နေ့ဟာ ငါ့ ရင်ကွဲတဲ့နေ့ပဲ"

လက်ဝဲဘက်ရင်ဘတ်ကို ဖိဟန်ပြုကာ၊ ရယ်မောလျက် ကျွန်တော် ပြော...က်၏။

"ပိုတယ်"

"နင်ရော . . .ငါ့ ပန်းချီကားကို၊ ဘ...ာ်တော့ လွှင့်ပစ်မှာလဲ"

သီတာရီ၊ မျက်နှာ တ...င်...ိုက်၏။ ကျွန်တော့်ကိုငဲ့မကြည့်။

"အမှိုက်ဆိုတဲ့ ဖွဲ့ပစ်ပစ္စည်းတွေ၊ လူ့လောက.မှာ မရှိတော့ဘူးဆိုတဲ့နေ့ကျရင်၊ နင့် ပန်းချီကားကို၊ ငါ . . .အမှိုက်ပုံမှာ သွားလွှင့်ပစ်မယ်"





ကျွန်တော် . . .ရယ်မော၏။

သူ . . .မရယ်မော။ စိတ်အလိုမကျဟန်။

"ဟဲ့" . . .ဟု၊ ကျွန်တော် ခေါ်လိုက်သည်။

သီတာရီက. . ., "ဘာလဲ". . . ဟု၊ အသံပြုသည်။ လူကို ငဲ့မကြည့်။ သူ . . .ရယ်မောအောင် ပြောချင်သည်။

"အခုနေ. . .နင့်အိမ်က, ကားလာရင်၊ ဘယ်လို လုပ်မလဲ"

ရှေ့တည့်တည့်သို့၊ စိုးစိုးထိတ်ထိတ် ကြည့်လိုက်လေ၏။ ပြီးမှ . . .

"ဟိုမှာ . . .ရှုပ်ကျော်...ရှိသားပဲ။ ကားလာရင်၊ သူတို့ ပြော..."

"အင်းလေ။ ကား...ရင်၊ ငါ . . . ဘယ်လိုပုန်းရမလဲ. . .လို့ မေးတာ"

"ဘယ်လိုမှ မပုန်းနဲ့။ ငါ့ဘာသာ ငါ . . .ရပ်ပြီး ကျန်ခဲ့မယ်။ နင်. . .ဆက်လျှောက်သွားပေါ့"

"ဟား ဟား ဟား"

"ဘာရယ်တာလဲ"

"နင့်အကြံအစည်ကို သဘောကျ လို့ ရယ်တာပါ"

"မရယ်နဲ့။ ငါ. ...ငဲ့ကို စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



နေတယ်"

"တကယ်"

"ဟုတ်တယ်၊ တကယ်"

"ဟာ။ ဖြစ်မှဖြစ်ရလေ သီတာရီ ရယ်။ စိတ်ဆိုးနေတာများ၊ ချက်ချင်းပြော ရောပေါ့။ မုန်း။ ပြစမ်း။ စိတ်ဆိုးတာ နင် . . ဘယ်နှား ရောသွားလဲ"

"မနောက်နဲ့နော်။ နိုင်။ ငါ. . . လက်သည်းနဲ့ ကုတ်ပစ်လိုက်မယ်"

"မနောက်ပါဘူး။ မနောက်တော့ ဘူး။ သွားရင်း . . .လာရင်း၊ ပြောရင်း . . . ဆိုရင်း၊ နင်က, ဘာကို စိတ်ဆိုးရတာလဲ"

"ဆိုးတယ်။ ပန်းချီကားကို ဘယ်တော့လွှင့်ပစ်မလဲလို့၊ နင် ဘာဖြစ်လို့ မေးတာလဲ"

"နောက်တာပါဟာ။ နင် . . .တစ်သက်လုံး သိမ်းထား မယ်ဆိုတာ ငါ. . .သိပါတယ်" . . .ဟု၊ ပြောလိုက်သည်။ စိတ်ဆိုးဟန် မပြေသေး။

❋





"ကျွီ"

အနီးသို့ ကားတစ်စီး ထိုးရပ်သည်။

ပြိုင်တူငဲ့ကြည့်လိုက်မိ၏။ ကျောဘက်မှ ရောက်လာသော ကား။ အဖြူရောင်။ S. E ။

ကားမောင်းသူနေရာတွင်၊ ကျွန်တော်နှင့် မတိမ်းမယိမ်း ရွယ်တူတစ်ယောက်ကို တွေ့၏။ ကျွန်တော့်ကို တစ်ချက်မျှ ငဲ့ မကြည့်ဘဲ။ ကားပေါ်မှဆင်းသည်။ ကားနောက်ဘက် တံခါးကို ဖွင့်သည်။

ထိုသူဖွင့်ပေးသော ကားတံခါးကို အသာဖယ်လျက်၊ ကား ပေါ်သို့ သီတာရီ တက်ထိုင်လိုက်၏။ ကျွန်တော့်ကို နှုတ်မဆက်။ လက်မပြ။ ငဲ့မကြည့်။ လှည့်မကြည့်။

ကားထွက်ခွာသွားသောအခါကျမှ၊ ရှုဝံကျော်နှင့် စိုးမိုးကျော်တို့ ကျွန်တော်ရှိရာသို့ လှမ်းကြည့်လှည့်လာကြလေသည်။ သင်းသင်းကျော်က မတ်တပ်ရပ်လျက်ကျန်ခဲ့၏။ ကျွန်တော့် ခြေလှမ်းတွေ လေးလံသွားလေသည်။

❋

"သူ့ အစ်ကိုများလား"

စိုးမိုးကျော်၏ ထင်မြင်ချက်။

"လိုက်ပို့လိုက်ကြိုလုပ်နေတာ၊ အဲဒီလူပဲ" . . .ဟု



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းကျော် ပြော၏။ ရွဝ်ကျော်က . . .

"အစ်ကိုတွေ ဘာတွေဆိုရင်၊ အနည်းဆုံး မင်းကို . . .စူးစူးစိုက်စိုက်တော့ ကြည့်သွားမှာပဲ"

ကျွန်တော်က . . .,

"ငါ့ကို တစ်ချက်မှ မကြည့်ဘူး"

"ကားတံခါးကိုကော ဝုန်းကနဲ ဒိုင်းကနဲ ပိတ်သွားသေးလား"

ကျွန်တော် ခေါင်းခါပြလိုက်သည်။ ပြီးမှ . . .

"ငါ . . .တစ်ခုပဲ စိုးရိမ်တယ်"

"ဘာလဲ"

"သူ . . .အိမ်မှာ ပြဿနာ တစ်ခုခု ဖြစ်မှာကိုပါ"

"ဘာ စိုးရိမ်စရာ ရှိလဲဟာ။ နင်နဲ့ သူနဲ့က၊ ရိုးရိုးသားသားပဲဟာ"

သင်းသင်းကျော်၏ အားပေးစကား။

အမှန်ဆိုလျှင်၊ သီတာရီ၏နံဘေး၌၊ အားပေးစကား ပြောမည့်သူ တစ်ယောက်လောက်တော့ရှိသင့်သည်။

❋ ❋ ❋



## ( ၁၉ )

သီတာရီ ကျောင်းမတက်သည်မှာ လေးရက်။

အာ.စီရှေ့ရှိ ကုက္ကိုလ်ပင်ကြီးအနီးရှိ မြောင်းအုတ်ခုံပေါ်တွင်၊ စာသင်ခန်းမဝင်ဘဲ၊ သီတာရီကို ကျွန်တော် မျှော်စောင့်နေသည်မှာ လေးရက်။

ဤနေရာသည် . . .စာသင်ချိန်ပြီးသောအခါတိုင်း၊ သူ့ကို ကျွန်တော်စောင့်နေကျ၊ ကျွန်တော်တို့ စောင့်နေကျ . . .နေရာ။ ကျွန်တော့်ကို သူ စောင့်နေကျနေရာ။ ကျွန်တော်တို့ကို သူ စောင့်နေကျ နေရာ။ ထိုနေရာသည် စုရပ်။ ထိုမှ . . .တောင်ငူဆောင် ကင်(န)တင်းသို့လည်းကောင်း၊ အခြားနေရာများသို့ လည်းကောင်း၊ တစ်စုတဝေးတည်း သွား . . .လာနေကျ ဖြစ်၏။ ယခုတွင်မူ၊ သူ . . .ရောက်မလာသေး။

ယခုအချိန်အထိ၊ သီတာရီ.အပေါ်၌၊ သူငယ်ချင်းတစ်ယောက်ကို လွမ်းဆွတ်သော အလွမ်း။ သူငယ်ချင်းတစ်ယောက်အပေါ်သတိရသော . . .သတိတရ။ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အပေါ်စိုးရိမ်သော . . . စိုးရိမ်စိတ်။ သူငယ်ချင်းတစ်ယောက်အပေါ်ထားမိသော သံယောဇဉ်မျိုးကိုသာ၊ ကျွန်တော့်ရင်ထဲမှာ ထားရှိနေချင်သည်။

"ဘာပဲဖြစ်ဖြစ်၊ မင်း . . . အတန်းတော့ မှန်မှန်တက်သင့်တယ်ကွာ။ နောက်တစ်ရက်နှစ်ရက်နေရင်၊ မင်း . . .အတန်းတက်ပါတော့"

စိုးမိုးကျော်က ကျွန်တော့်ပခုံးကို ဖက်လျက်ပြောသည်။

ရွှဝံကျော်က . . .

"အိမ်ရှေ့က,နေ စနည်းသွားနာမယ်ဆိုတော့လည်း၊ မင်း. . .လက်မခံဘူး။ ဒီမှာ . . .လာပြီး၊ အဓိပ္ပာယ်မရှိတာကို လုပ်နေတယ်"

သီတာရီ၏ အိမ်ရှေ့သို့၊ အရိပ်အယောင်ပြမိပါက၊ သီတာရီပို၍အနေကျပ်မည်ကို၊ ကျွန်တော် နားလည်သည်။

"နေပါအုံး။ သီတာရီက မင်းရည်းစားမို့လို့၊ ဒီမှာလာပြီး၊ လင်းတမှိုင်, မှိုင်နေတာလား"

"မနောက်ပါနဲ့ကွာ" . . .ဟု၊ ရွှဝံကျော်ကို ကျွန်တော်ပြောလိုက်သည်။

"ငါ. . .နောက်နေတာ မဟုတ်ဘူး။





သူငယ်ချင်းလို့လည်း ပြောသေးတယ်။ သူ . . ကျောင်းမလာတာနဲ့၊ မင်းက, ဘာဖြစ်လို့၊ ကြေကွဲနေရတာလဲ"

"ငါ . . .မဖြေတတ်ဘူး။ ငါ. . . သူ့ကို တွေ့ချင်နေတာပဲသိတယ်။ ငါ့ကြော . . သူ့မှာ၊ ဘာပြဿနာမှ မရှိစေချင်တာပဲ သိတယ်"

ရွှဝံကျော် . . .အံ့ကြိတ်၏။ ပြီးမှ . . .

"ဘာပဲဖြစ်ဖြစ်ကွာ။ သူ . . . ကျောင်းတော့ပြန်တက်မှာပဲ။ ဒီတစ်ခါ သီတာရီ့ကို တွေ့ရင် မင်း. . .ရည်းစားစကား ပြောသင့်ပြီ၊ ပွင့်ပွင့်လင်းလင်း၊ ဆွေးနွေးသင့်ပြီ နိုင်သူရ။"

ကျွန်တော် ခေါင်းခါ၏။

"ကျောင်းမပြီးမချင်း။ ပြီးတော့ . . . ငါ့မှာ . . .သူ့ဘဝကို လုံခြုံမှုပေးနိုင်မယ့် ကိုယ်ပိုင်အရည်အချင်း မရှိမချင်း၊ သူ့ကို၊ ငါ . . .သူငယ်ချင်းလိုပဲ သဘောထားချင် တယ်"

"ဟား"

ရွှဝံကျော်က, စိတ်ပျက်စွာ၊ သက်ပြင်းချ၏။ ပြီး . . .

"ဒီကြားထဲမှာ၊ သီတာရီက၊ တခြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်ကို၊ လက်ခံလိုက်ရင်၊ မင်း. . .ဘယ်လိုလုပ်မလဲ"

စိုးမိုးကျော်က . . .

"ကြိုတင်ဖွင့်ပြောထားသင့်တယ်၊ နိုင်သူရ။ မင်းကိုကြည့်ရတာ။ မပွင့်တပွင့်နဲ့ အနည်းဆုံး။ သူ့ တုံ့ပြန်မှုကို မမျှော်လင့်သေးတာတောင်။ သူ့ကိုမင်းချစ်နေတယ် ဆိုတာတော့, ဖွင့်ပြောထားသင့်တယ်"

ကျွန်တော် ဦးခေါင်းငိုက်စိုက်ချလိုက်သည်။ ရေစီးရေလာကင်းမဲ့နေသောရေမြောင်းအတွင်းသို့၊ စိုက်ကြည့်လျက် . . .

"မိန်းကလေးတစ်ယောက်ကို၊ ကြိုတင်မပြောဘဲ၊ အချိန်အတိုင်းအတာတစ်ခုအထိ မျိုသိပ်ထားတဲ့သူက၊ သူ ပြောချင်တဲ့အချိန်ကျမှ၊ ဖွင့်ပြောဖြစ်မယ်ဆိုရင်၊ အဲဒီ မိန်းကလေးဆီမှာ . . .အဲဒီ မျိုသိပ်ထားတဲ့ လူအတွက်၊ နေရာမရှိနိုင်တော့ဘူးလား"

ရှုဝံကျော်က . . .

"ဟုတ်တယ်။ မရှိနိုင်ဘူး"

ရှုဝံကျော်၏မျက်နှာကို၊ ကျွန်တော် မော့ကြည့်လိုက်၏။ အနီးအပါးရှိ သွားလာနေကြသည့်၊ ကျောင်းသားကျောင်းသူ





တွေဘက်သို့၊ ဝေ့ကနဲအကြည့်ရွေ့သည်။ ပြီးမှ . . .

"ဒါဆို။ မိန်းကလေးတွေရဲ့ အချစ်က, ဦးရာလူစနစ်ဖြစ်နေမှာပေါ့"

"နိုင်သူရ။ မင်း စကားကို ကပ်သပ်မပြောနဲ့။ ငါ . . .ဝတ္ထုတွေထဲမှာ ဖတ်ဖူးတယ်။ မင်းမှတ်ထား။ ဖူးစာဆိုတာ ဦးရာလူ . . .တဲ့။ သေသေချာချာမှတ်ထား"

အသံမဲ့စွာ၊ ကျွန်တော် ရယ်မိ၏။

"သီတာရီ့ကို၊ ချစ်တယ်လို့၊ ငါက, ရင်ဖွင့်လိုက်မှ၊ သီတာရီက စဉ်းစားချင့်ချိန် ပြီး၊ ငါ့ကို ပြန်ချစ်တာမျိုး ငါမလိုချင်ဘူး။ ငါ မပြောလည်း သူက,ချစ်နေတယ်ဆိုတာ မျိုးကို၊ ငါ . . .သိပ်လိုချင်တာပဲ။

အဲဒါကြောင့်၊ သူများထက် ဦးအောင်၊ ကြိုတင်ဖွင့်ပြောထားသင့်တယ်ဆိုတဲ့ အယူအဆ,ကို၊ ငါ. . .အသုံးမပြုချင်ဘူး"

"ဒါဆို။ မင်း . . .ဘယ်တန်းစာမေးပွဲ ဖြေပြီးကတည်းက သီတာရီ့ကို၊ ဘာဖြစ်လို့၊ အသည်းအသန်ဖြစ်ခဲ့ရတာလဲ"

"ဘော့ပင် ပြန်ပေးချင်လို့၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်လို့။ မြင်ချင်လို့။

အခုဆိုရင် . . .

တွေ့ခွင့်၊ မြင်ခွင့်မရတာ လေးရက်

ရှိသွားပြီလေကွာ။ ဒီနေ့နဲ့ဆို. . .ငါးရက်"

ရင်သဲတွင်၊ ဝမ်းနည်းစိတ်ဝင်လာသည်။

ဖိုးမိုးကျော်က ကျွန်တော့ ပခုံးပေါ်မှာတင်ထားသော လက်ကို ဖြုတ်ချပြီး . . .,

"မိန်းကလေးဆိုတာ၊ ရေလာအောင်

မြောင်းပဲပေးရတာကွ။

ယောကျ်ားလေးတွေကျတော့၊ ပြော ချင်တာ၊ ဆိုချင်တာကို၊ ဟောကနဲ၊ ဒိုင်းကနဲ ပြောရဲကြတယ်။ မိန်းခလေးတွေမှာ အဲဒီ့ အခွင့်အရေး မရှိဘူး။ ယုန်ကတိုးလာအောင်၊ ပိုက်ကွန်ပဲထောင်ထားခွင့်ရှိတယ်။

ယုန်က, မတိုး ပိုက်ကတိုးဆိုတာ မျိုးကို၊ တန်ဘိုးကြီးတဲ့ မိန်းခလေးတွေ၊ မပြုမူ ကြဘူး။ ပိုက်ရှိတဲ့နေရာကို ယုန်က, သွားရတာ။ မြောင်းရှိတဲ့နေရာကို၊ ရေက, သွားရမှာ။

မင်း. . .အဖြစ်က၊ တိုးချင်တဲ့ ပိုက် လည်းရှိလျက်နဲ့၊ ခြုံခိုနေတဲ့ ယုန်လိုပဲ။ ပိုက်နဲ့





မတိုးဘဲ။ မြှားနဲ့တိုးလိမ့်မယ်"

ကျွန်တော် ပြုံးမိသည်။ မချိပြုံး။

"စီးချင်တဲ့မြောင်းလည်း ရှိလျက်နဲ့၊ မစီးဘဲ၊ ကပ်သပ်ပြီး ဝပ်နေတယ်၊ မြောင်းထဲ ကို မစီးတဲ့ရေဟာ။ ရေအိုင် ဖြစ်ပတတ်တယ်။ ကြာရင်ဗွက်ပေါက်တတ်တယ်ကွ။

မြှားစိုက်ခံရပြီးမှ၊ ပိုက်တိုးချင်တဲ့ ယုန်လို။ ဗွက်ထ,ပြီးမှ စီးဆင်းချင်တဲ့ ရွှံ့ရေ လိုမျိုး။ မင်း . . .လုပ်နေတယ်။ မင်းကို . . ရည်းစားထားဖို့၊ ငါတို့ တိုက်တွန်းနေတာ မဟုတ်ဘူး။ ယောကျ်ားပီသဖို့။ ပြတ်ပြတ် သားသား ဖွံ့ဖွံ့ရဲရဲရှိဖို့ပြောနေတာ။

မင်းရဲ့. . .စိတ်က, နှစ်ခွဖြစ်နေ တယ်။ သီတာရီ့ကို ကျောင်းပြီးမှ၊ ချစ်စကား ပြောမယ်ဆိုတဲ့ စိတ်လည်းရှိ တယ်။ အခု လောလောဆယ်ပြောလိုက်ရင်လည်း၊ ပစ်ပစ် ခါခါ ခံလိုက်ရမှာကိုလည်း ကြောက်နေတယ်။

တွေ့နေမြင်နေရရင် ပြီးပြီဆိုတဲ့၊ မင်းရဲ့ဆန္ဒ။ အခုမတွေ့ မမြင်ရတဲ့အခါကျ တော့၊ မင်း. . .ဘာလုပ်နိုင်သလဲ။ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နိုင်ဘူး။ အဲဒါ . . .ဘာဖြစ်လို့လဲ ဆိုတော့ . . .သီတာရီဟာ. . .၊ မင်းရဲ့ ချစ်သူပါ . . . ဆိုတဲ့အင်အားထုထည်မျိုး၊ မင်းမှာရမထား လို့ပဲ"

ဆံပင်တွေကို၊ လက်ဖြင့် ထိုးဖွနေမိသည်။

"ခုန မင်း ပြောသလို၊ မင်းက, ဖွင့် မပြောလည်း၊ သီတာရီက မင်းကိုချစ်နေရ မယ်ဆိုတာ၊ တစ်ကိုယ်ကောင်းဆန်တဲ့ စကားပဲ။

မင်းက. . .ဖွင့်ပြောလိုက်တာနဲ့၊ သူကလည်း ချစ်နေမိတဲ့သူမို့၊ ချက်ချင်း ခေါင်းညိတ်လိုက်တယ်ဆိုပါတော့။ အညွှာ လွှယ်လိုက်တာလို့ မင်း ထင်ဦးမယ်။

စဉ်းစားပါရစေဦး ဆိုခဲ့ရင်လည်း၊ ဦးနှောက်နဲ့အလုပ်လုပ်တယ်။ အသည်းနှလုံး ကို၊ ဦးစားမပေးဘူး။ အလိုလိုပေါက်ပွား လာတဲ့အချစ်မျိုးမဟုတ်ဘူး . . .လို့၊ မင်း . . . သံသယဝင်ဦးမယ်။

ဒီမယ်. . .နိုင်သူရ။ မိန်းကလေး ဆိုတာ တူရိယာပစ္စည်းလိုပဲ။ တီးခပ်တဲ့သူ ရှိမှ၊





သံစဉ်ထွက်လာမှာပေါ့။ ဒါတောင်. . ., ထွက်ပေါ်လာတဲ့သံစဉ်ငြိမ့်ငြောင်းသာယာဖို့၊ တီးခပ်တဲ့သူက . . ., မှန်မှန်ကန်ကန် ကျွမ်းကျွမ်းကျင်ကျင်ရှိဖို့လည်း၊ လိုသေးတယ်။

မင်း. . .ပြောတဲ့၊ ဖွင့်မပြောလည်း ချစ်နေရမယ်ဆိုတဲ့စကားက၊ တီးခပ်တဲ့သူ မရှိဘဲ၊ အသံပြည့်နေရမယ်ဆိုတဲ့ သဘော မျိုး ဖြစ်နေတယ်"

စိုးမိုးကျော်၏ ပခုံးပေါ်သို့၊ ကျွန်တော် လက်တင် သိုင်းဖက်လိုက်၏။ ရှုဝံကျော်ကိုလည်း လည်ပင်းဖက်ထားလိုက် ပြီး . . .

"မင်းတို့ပြောတာတွေ မှန်ပါတယ် ကွာ, ငါ့အနေနဲ့က, ကျောင်းသားတစ်ယောက် ဖြစ်တဲ့အတွက်၊ ကျောင်းကိစ္စမပြီးမချင်း၊ အချစ်ကိစ္စကို မဖွင့်ထုတ်ချင်ဘူး။ မျိုသိပ် ထားချင်တယ်။

ဒါပေမဲ့ . . .သီတာရီကိုတော့၊ မြင်နေ တွေ့နေချင်တာ အမှန်ပဲ"

ရှုဝံကျော် . . .မျက်နှာရှုံ့လျက်. . .၊ ရယ်ဟန်ပြုသည်။

"နိုင်သူရ။ မင်းစကားက၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်နားက အရက်မူးသမားကြီး၊ သူ့မိန်းမ, ကို
နှင်ချသလိုဖြစ်နေတယ်"

စိုးမိုးကျော်က၊ ပြုံးလျက် "ဘယ်လိုနှင်ချလို့လဲ" . . .ဟု မေး၏။

"အဲဒီ . . .လူကြီးက၊ အရက်မူးပြီး၊
မိန်းမနဲ့၊ စကားများတယ်။

မိန်းမ,ကို နှင်ချတယ်။ မိန်းမ,က
အထုတ်အပိုးပြင်။ ကလေးတွေကို လက်ဆွဲ
ပြီးအိမ်က, ဆင်းမယ် . . .လုပ်တော့။

အဲဒီ လူကြီးက၊ ဝါးရင်းတုတ်ဆွဲ ပြီး
မိန်းမ,ကို ကျိမ်းတယ်။ နင်၊ ငါ့အိမ်က
အခုဆင်း။ ဒါပေမဲ့ . . .,

ငါ့လှေခါးက, မဆင်းနဲ့ . . .တဲ့။

မိန်းမ,ကလည်း၊ သူ့စကားအတိုင်း၊
အိမ်ရှေ့လှေခါးက, မဆင်းဘဲ၊ နောက်ဖေး
ရေကပျဉ်က, ဆင်းမယ်လုပ်တော့လည်း၊
ဝါးရင်းတုတ် တကားကားနဲ့။ နင်၊ အခု
ငါ့အိမ်က,ဆင်း။ ဒါပေမဲ့ . . ., ငါ့ ရေကပျဉ်က,
မဆင်းနဲ့. . .တဲ့"

စိုးမိုးကျော် တဟားဟား ရယ်လေသည်။





ကျွန်တော် . . .ပြုံးချင်၏။

"အခု . . .ဒီကောင်က,လည်း၊
အဲဒီအရက်မူးသမားကြီးလိုပဲ။

ချစ်တယ် ကြိုက်တယ်တော့ မပြော
ဘူး။ မြင်နေ . . .တွေ့နေချင်တယ်တဲ့။ ဟား
ဟား"

စာကြည့်တိုက်ဘက်မှ၊ ကျွန်တော်တို့ဆီကို လှမ်းလာနေသော သင်းသင်းကျော်ကို၊ မြင်လိုက်ရ၏။

သုံးယောက်စလုံး၊ အုတ်ခုံပေါ်မှ ဆင်းလိုက်ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၀ )

သင်းသင်းကျော်က . . . ကျွန်တော်တို့ရှေ့သို့ ရောက်ရောက်ချင်း၊

"ဒီနေ့၊ သီတာရီကျောင်းတက်တယ်"

အပျော်လှိုင်းလုံးက၊ ရင်သို့ ဆို့တက်စေ၏။

"ဟုတ်လား၊ အခု ဘယ်မှာလဲ"

"အ-ဟန်းထဲမှာ"

ကျွန်တော် . . . လုံချည်ကို တိုတိုဝတ်လိုက်သည်။ လွယ်အိတ်ကို စလွယ်သိုင်းလိုက်ပြီး၊ သချာဆောင်ရှိရာသို့ ပြေးထွက်ဖို့ ဟန်ပြင်သည့်တွင်၊

"ဟဲ့ . . . ခဏနေဦး"

သင်းသင်းကျော် . . . ဟန့်တား၏။ ကျွန်တော် လှည့်ကြည့်သောအခါ . . .

"နေဦး။ ပြောစရာတွေ ရှိတယ်။ နင်

www.burmeseclassic.com

www.burmeseclassic.com



သွားလို့မဖြစ်ဘူး"

"ဘာလဲ ဟာ။

ငါ . . .သူနဲ့တွေ့ချင်နေပြီ။ နင် . . .ပြောစရာရှိရင် နောက်မှပြော။ ငါ . . . လစ်တော့မယ်"

"မဟုတ်ဘူး နိုင်သူရ။ နင် . . . သူ့အနားကို သွားလိုက်တာနဲ့။ သူ . . . ကျောင်းထွက်ရလိမ့်မယ်"

"ဘာ"

သို့လိုသော အမေးစကားအားလုံး၏ ဆန္ဒများသည်၊ ကျွန်တော့်၏ "ဘာ" . . .ဟူသည့်၊ အသံကြီးထဲတွင်၊ ပါဝင်သွားပေပြီ။

"လာ။ ကင်(န)တင်းဘက်သွားမယ်"

စိုးမိုးကျော်က၊ ကျွန်တော့် ပခုံးကို ပုတ်လျက်၊ ခေါ်၏။ တောင်ငူဆောင်၏ စားသောက်ဆိုင်တန်းသည်၊ ဝေးကွာလွန်းသေး၏။ ထို့ကြောင့် . . .အဓိပတိလမ်းတစ်လျှောက်၊ သင်းသင်းကျော်၏ စကားသံများကို၊ နားထောင်နေခဲ့ရ၏။ ခြေလှမ်းတွေ ခွေယိုင်မသွားအောင်၊ ထိန်းမတ်ထားရသူ . . .ဟု၊ ကိုယ့်ကိုကိုယ် ထင်သည်။

ရှုဝံကျော်၏ နံဘေးတွင်၊ သင်းသင်းကျော်။ သင်းသင်း





ကျော်၏နံဘေးတွင်၊ ကျွန်တော်။ ကျွန်တော့်နံဘေးတွင် စိုးမိုးကျော်။ စိုးမိုးကျော်က၊ ကျွန်တော့်ပခုံးပေါ်သို့၊ နွေးထွေးဖေးမ, ခြင်းအားဖြင့်၊ သိုင်းဖက်ထားသေးသည်။

သင်းသင်းကျော်ပြောသည့် စကားများထဲတွင်၊ သီချင်သည်များရှိပါလျက်၊ မမေးစွမ်းနိုင်လောက်အောင်ပင်၊ လည်မျိုတွင် တစ်ဆို့ရ၏။ ဒေါသ,လည်း ဖြစ်နိုင်သည်။ သောက,လည်း ဖြစ်နိုင်သည်။

"ဟိုး . . .တစ်နေ့က၊ ဒီ. . . လမ်းပေါ်မှာ . . .သီတာရီကို လာကြိုတဲ့ သူက . . .ကိုလူနိုင်. . .တဲ့။ သီတာရီနဲ့ လက်ထပ်ရမယ့်သူ။

အဲဒီ. . .ကိုလူနိုင်က၊ နင်နဲ့သီတာရီကို၊ တပူးတွဲတွဲတွေ့ဘူးတာ၊ လေးငါးခါမက,တော့ဘူး. . .တဲ့။

ဟိုတစ်နေ့ကမှ၊ သီတာရီရဲ့ အမေကို အသိပေးလိုက်တယ် ဆိုပါတော့။ တိုင်ပြောလိုက်တယ်ပေါ့ဟာ။

သီတာရီကို၊ သူ့အမေက ချက်ချင်းကျောင်းထွက်ဖို့ပြောတယ်။ သီတာရီက မထွက်ဘူးလို့ပြောတယ်။ ကျောင်းမထွက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရင်၊ နင်နဲ့ အခေါ်အပြောမလုပ်ဘူး ။ ခေါ်တာ
ပြောတာမြင်တာနဲ့၊ တစ်ခါတည်း ကျောင်း
ထွက်ရမယ်ဆိုတဲ့ချက်နဲ့၊ သူ . . .ဒီနေ့
ကျောင်းလာတာတော"

စိတ်နှလုံးသည်၊ ထုံကျင်နေ၏။ ကိုယ်နှင့်မသက်ဆိုင်
သေားကိစ္စတစ်ခုကို နားထောင်နေရသူ . . .ဟု၊ ကိုယ့်ကိုကိုယ်
နှလုံးသွင်းထားမိသည်။ ထိုသို့ မပြုမိပါက၊ ကျွန်တော့် ခပြုံအမူ
အရာ၊ နှုတ်,လက်ကြမ်းတမ်းသူ၏ အကျင့်စရိုက်မျိုးတွေ၊
ဖြစ်ပေါ်လာနိုင်၏။

"နင်သူ့ကိုနဲ့ သီတာရီက သမီးရည်းစားမဟုတ်ဘူး ဆိုတာ၊
သူ့အမေ မသိဘူးလား။ သီတာရီက,ရော၊ ရှင်းမပြဘူး လား". .
.ဟု၊ စိုးမိုးကျော် မေးလိုက်သည်။ သင်းသင်းကျော်က–

"နင်သူ့ရ မေ့ရာမှာ ဘယ်ယောက်ျား
လေးပဲဖြစ်ဖြစ်၊ ခင်ခင်မင်မင် မနေရဘူးလို့၊
ဟိုတုန်းကတည်းက၊ ပြောပြီးသား။
အခု . . .ဂိုဆိုးတာက၊ နင်တို့ချက်
သီတာရီရဲ့ ရည်းစားလို့၊ တိပ
သတ်မှတ်လိုက်တာကိုက၊ ပြဿနာ။ . .
တစ်ခုတော့ရှိတယ်။ နိုင်သူ
သူ့ရည်းစား မဟုတ်ပါဘူး . . .လို့၊ သီတာရီ





မငြင်းလိုက်ဘူး . . .တဲ့"

"ဟာ။ မငြင်းဘူး၊ ဟုတ်လား"

စုဝ်ကျော်၊ မျက်လုံးအဝိုင်းသားဖြင့်၊ မေးလိုက်ပြန်သေး၏။
သင်းသင်းကျော် ခေါင်းညိတ်သည်ကို မြင်ရသည်။

အစဉ်သဖြင့် စည်ကားလှပ,နေခဲ့သည့်၊ အဓိပတိလမ်း
ကြီးသည်၊ သီတာရီကိုတွေ့ခွင့်မရသောအခါမှ၊ စ၍ သေွ့ခြောက်
သောရွက်ပြတ်တောပမာ၊ သာယာကြည်နူးခြင်းများ၊ ကင်းပနေ
သည်. . .ဟု၊ ရင်မှာ . . .တစ်ကိုယ်တည်း ခံစားရ၏ ။ သင်းသင်း
ကျော်က၊ ကျွန်တော့်ဘက်သို့,လှည့်၍. . .

"နင့်ကိုလည်း၊ မခေါ်မပြောရဘူး။
မပတ်သက်ရဘူး။ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ်,
နင်နဲ့စကားပြောတာကို တွေ့တာ နဲ့၊
ချက်ချင်းကျောင်းထွက်ရမယ်။ ချက်ချင်း
အိမ်ထောင်ပြုရမယ် . . .တဲ့။ အဲဒီ . . . သဘော
တူညီချက်နဲ့ သူ,ကျောင်းလာတတ်တာ"

စိုးမိုးကျော်က . . .

"သီတာရီရဲ့အမေကို၊ ငါတို့မြင်ဖူး
ပါတယ်။ ချုပ်ချုပ်ချယ်ချယ် နိုင်သက်စီးနင်း
လုပ်မယ့်ရုပ်မျိုးမဟုတ်ဘူးဟ"

"သီတာရီ ပြောပြတာက,တော့။ သူ့



www.burmeseclassic.com

www.burmeseclassic.com



အမေက, သူ့ နှောင်ရေးကို၊ စိတ်အေးချင်တယ်။ ပထွေးနဲ့နေရတာဆိုတော့၊ သမီးမိန်းကလေးကို စောစောစီးစီး အိမ်ထောင်ချပေးထားချင်တဲ့ သဘောလောက်ပါပဲ။

ကိုလူနိုင်ဆိုတဲ့လူက၊ ကျောင်းပြီးပြီးချင်း နိုင်ငံခြားသွားနေတယ်။ နှစ်နှစ်လောက်ကြာတယ်။ အခု. . .ပြန်ရောက်ရောက်ချင်း၊ အပို့အကြိုလုပ်။ နင့်ကိုမြင်။ ပြဿနာတက်။ ဒါပဲပေါ့"

"အခု. . .ပြဿနာက၊ အရမ်းကြီးနေပြီလား။ နှစ်ဦး နှစ်ဖက်၊ မပြေမလည်ဖြစ်သွားကြပြီလား". . .ဟု၊ ကျွန်တော် စိုးရိမ်စွာ မေးလိုက်သည်။

"ကိုလူနိုင်က၊ သီတာရီ့အမေကို၊ မြင်တဲ့တွေ့တဲ့အတိုင်း၊ ပြောပြတာလောက်ပဲ။ သီတာရီ. . .အနေကျပ်သွားတာက၊ သူ့အမေရဲ့ စည်းကမ်းချက်၊ ထပ်ပြီး တင်းကျပ်လိုက်လို့နေမှာပေါ့"

တောင်ငူဆောင်ဘက်သို့ ကွေ့ဝင်လိုက်ကြသည်။

"ဩော် . . .။ နင့်ကို၊ သီတာရီ စာပေးလိုက်တယ်"





သင်းသင်းကျော်က . . .လွယ်အိတ်ထဲမှ၊ အဖြူရောင် စာအိတ်တစ်အိတ်ကို ကျွန်တော့်အား၊ လှမ်းပေး၏။ "ကျေးဇူးပဲ". . .ဟု၊ ကျွန်တော် ပြောလိုက်သည်။ ဦးချစ်ဆိုင်တွင် . . . လူ မထူထပ်သေး။

❋

နိုင်။

*. သင်းသင်း ပြောပြီးရောပေါ့။

ငါ . . .နင့်ကို အားနာလိုက်တာ ဟယ်။

ငါ. . .ကျောင်းတတ်တာ၊ ကျောင်းမထွက်ချင်လို့ မဟုတ်ဘူး နိုင်။ ကျောင်းတက်မှ၊ နင့်ကို တွေ့ရမှာ။ ငါ့ ဘဝ၊ ဘာပဲဖြစ်ဖြစ်၊ ဘယ်သူ့ရင်ခွင်ထဲကိုပဲ ရောက်ရောက်။

ငါ့ရဲ့နောက်ဆုံးအချိန်မှာ . . .ငါ့ဘေးနားမှာ၊ နင် ရှိစေချင်တယ် . . .နိုင်။ ငါ . . .မင်္ဂလာဆောင်ဖြစ်ခဲ့ရင်တောင်၊ မင်္ဂလာပွဲ,နောက်ဆုံးအချိန်အထိ၊ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်နေပါရစေ . . .နိုင်။

နိုင်။

ဒီနေ့၊ ငါ ကျောင်းလာတာ။

အင်းလျားလမ်းဘက်က ဝင်လာတာပါ။ နင်

ထိုင်နေတာကို ငါ မြင်တယ်နိုင်၊ နင်နဲ့ငါ . . .

တွေ့ဆုံခွင့် မရပေမယ့် . . .၊ နင့်ကို ငါ

မြင်ခွင့်ရပါရစေ။ အာ.ဇီ ရှေ့မှာ၊ ငါ ကျောင်း

လာမယ့် အချိန်. . .နင် ထိုင်နေနော်။

ငါ့ကိုစောင့်၊ ဘယ်မှာမြင်မြင်၊

ဘယ်မှာတွေ့တွေ့ မနှုတ်ဆက်ပါနဲ့ဦးနော်။

နိုင် . . .။ နင့်ကို ငါ သတိရတယ်။

( သီတာရီ )

စာရွက်ခေါက်ကို၊ စာအိတ်ထဲသို့ ပြန်ထည့်၏။ လွယ်အိတ်ထဲသို့ ညင်သာစွာ ထည့်သိမ်းလိုက်စဉ်၊ သင်းသင်း ကျော်က. . .၊

လက်ဘက်ရည်ဆိုင် စားပွဲမျက်နှာပြင်ကို တံတောင်

နှစ်ဖက်ထောက်ပြီး . . .

"ဩော် . . .။ ငနိုင်။ နင်. . .

သီတာရီကို ကြိုက်နေတယ်ဆိုတာ၊ ခုနက ငါ

. . .သီတာရီ့ကို ပြောပြလိုက်ပြီနော်"





"ဘာဖြစ်လို့ ပြောလိုက်တာလဲ၊

သင်းသင်းကျော်ရယ်"

နှောင်းသောကာလ ဟု၊ အမ်ပွာယ်ရသောလေသံမျိုးဖြင့်၊ ကျွန်တော် ပြောလိုက်ခြင်းဖြစ်သည်။ သင်းသင်းကျော်က နှုတ်ခမ်းထောင့်ကိုစွေဟာင်းပြီးမှ —

"သူ . . .သိထားဖို့ လိုမယ်ထင်လို့

ပြောလိုက်တာ"

ပြောပြီး၊ ကျွန်တော့်ကိုမျက်စောင်းထိုး၏၊ ကျွန်တော် ဘာမျှ ပြန်မပြောသာတော့ဘဲ မျက်လုံးတွေကို၊ လက်ချောင်း နှစ်ဖက်ဖြင့် ဖိပွတ်လိုက်မိသည်၊ သေးငယ်သောရေစီးကြောင်း ငယ်ပေါ်သို့၊ သဲမှုန် ဖုံမှုန်တို့နှင့် ဖိပိတ်လိုက်သည်နှင့် အတူတူပင် ဖြစ်၏။

မျက်ရည်စီးကြောင်းကို၊ လက်ဖနောင့်နှစ်ဖက်ဖြင့် ကျွန်တော် . . .ဖိပိတ်ပာန့်တားနိုင်သေးသည်။

*

သီတာရီ၏ အမှာစကား။ သူငယ်ချင်းများ၏ သတိပေးစကားတွေကြောင့်၊ သီတာရီ ကျောင်းတက်နေပြီ . . .ဟု၊ သိရသောနေ့မှစ၍၊ ကျွန်တော် စာသင်ချိန် မပျက်ကွက်ဖြစ်တော့ချေ။ .



www.burmeseclassic.com

www.burmeseclassic.com



သီတာရီ ကျောင်းလာမည့်အချိန်နှင့်ကျောင်းပြန်မည့် အချိန်မှာသာ၊ အာ.စီရှေ့ ကုက္ကိုလ်ပင်ကြီး အနီးတဝိုက်တွင်၊ သူ မြင်သာဖို့၊ ကျွန်တော်နေပေးခဲ့သည်။ မည်သည့်တံခါးပေါက် က, သူထွက်သွားသည်၊ မည်သည့်ဘက်က သူပြန်သွားမည်။ မည်သည့်နေရာက . . .သူ ကြည့်မြင်နိုင်မည်ကိုမူ၊ ကျွန်တော် . . .မည်သို့မျှ ခန့်မှန်းနိုင်ခွင့်မရ။

သူ့ကို ကျွန်တော်၊ မြင်တွေ့ခွင့်မရသော်လည်း၊ သူ . . . ကျွန်တော်ကို တစ်နေရာရာမှ၊ မြင်တွေ့နေမှာပါလား. . .ဟု၊ တွေး၍သာဖြေသာ၏။ စိတ်ဖြေစဉ်သာသက်သာသလိုလိုရှိသည်။ စိတ်လွတ်ကိုယ်လွတ် . . .ခံစားမိသည့်အခါတိုင်း၊ နှလုံးသည်းစိုင်အတွင်း၌၊ မည်သို့မျှ မချမ်းမြေ့။

❋

သူ. . .မှာစရာရှိသည်တို့ကို၊ သ. . .သင်းကျော်မှတစ်ဆင့်၊ စာရေး၍ မှာကြားသည်။ တစ်ခါ ဘ . . .နှုတ်စကားဖြင့် မှာကြား၏။

စာဖြင့်လည်းကောင်း၊ စကားဖြင့်လည်းကောင်း မှာကြားသည်များကို၊ ကျွန်တော် . . .လိုက်နာခဲ့သည်။ သို့သော် . . . သူ . . .ရေးသားလိုက်သည်၊ အာအိတ်ကြော်၊ စာရွက်တွေကိုမူ ဖတ်ပြီးပြီးချင်း၊





ညင်သာသောနည်းလမ်းဖြင့် ကျွန်တော် ဖျောက်ဖျက်ပစ်မိ၏။

တစ်နေ့နေ့မှာ စကားပြောခွင့်ရမယ်။ တစ်ချိန်ချိန်မှာ . . .တစ်နည်းနည်းနဲ့ နီးရလိမ့်မယ် . . .ဟု၊ ကျွန်တော် . . . လုံး၀, မတွေးဖြစ်ချင်တော့ချေ။

ဘယ်နေ့မှာ . . .ပို၍ ဝေးလေမလဲ. . .ဟုသာ၊ မျှော်တွေး စောင့်စားနေမိသည်။ "မင်း . . .သီတာရီ့ဆီစာရေးပါလား။" . . .ဟု၊ စိုးမိုးကျော် အကြံပြုသည်။ "အထွေအထူး မှာစရာမှ မရှိဘဲ။ စာတစ်တန် ပေတစ်ဖွဲ့. . .မလုပ်ချင်ဘူး". . .ဟု၊ ကျွန်တော် ပြန်ပြောခဲ့သည်။ ထိုအခါကျမှ စိုးမိုးကျော်က သူ . . . ပြောလိုသည်ကို၊ အတိအလင်း ပြောလေ၏။

"သာကြောင်းမာကြောင်းရေးတဲ့ စာကိုပြောတာ မဟုတ်ဘူးကွ။ ချစ်နေတယ် ဆိုတဲ့အကြောင်းကို စာထဲမှာထည့်ရေးလိုက် ဖို့ပြောတာ။

မင်းတို့နှစ်ယောက်က၊ အခု . . . သူငယ်ချင်းနှစ်ယောက်နဲ့မတူတော့ဘူးလေ။ ဝေးနေတဲ့ချစ်သူတွေနဲ့ တူနေတယ်။

တရားဝင်၊ ရင်ဖွင့်လိုက်ပါလားကွာ။ မင်းဆီက၊ ချစ်စကားကြားရရင်၊ သီတာရီ့ အနေနဲ့၊ အားရှိသွားမှာပေါ့။ သူ . . .ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်ထင်တယ်”

“ပြည်ဖုံးကားချကာနီးမှ၊ ဇာတ်နာအောင် ငါ မလုပ်ချင်တော့ဘူးကွာ။ ဝေးရ . . .ခွဲရမယ့်အတူတူ၊ သူငယ်ချင်း အဖြစ်နဲ့ပဲ ငါ. . .ဝေးချင်တယ်။ ချစ်သူနဲ့ ဝေးရတဲ့အဖြစ်မျိုးလို၊ မဖန်တီးချင်တော့ဘူး” . . .ဟု၊ စကားသံမတုန်ယင်အောင် ထိန်းလျက်၊ ကျွန်တော် ပြောခဲ့သည်။

“ဒါဆို။ သီတာရီနဲ့မင်း . . .
နီးစပ်အောင်မလုပ်တော့ဘူးပေါ့။
သူနဲ့စကားပြောခွင့်ရဖို့ကိုတောင်၊
မင်း . . .မကြိုးစားတော့ဘူးပေ့ါ၊ ဟုတ်လား
နိုင်သူရ”

မေးကျောတွေကို တင်းလျက် –

“ဟုတ်တယ်”. . .ဟု၊ ကျွန်တော်
ပြောလိုက်သည်။

“မင်းကွာ . . .။ ပျော့ညံ့လိုက်တာ”

ထိုသို့ . .၊ အားမရစွာ စကားဆိုပြီးမှ၊ စကားဆက်ပြန်၏။

“သီတာရီ၊ တစ်ခုခုခံစားနေရလိမ့်
မယ်လို့ မင်း . . .မထင်ဘူးလား”
“ထင်တယ်။ သိတယ်”
“အဲဒီ . . .ခံစားမှုတွေထဲက၊





ဆွဲထုတ်ရမယ့်တာဝန်၊ မင်းမှာရှိနေတယ်လို့
မင်း. . .မထင်ဘူးလား။ မင်း. . .မသိဘူး လား”

စကားသံကို၊ တည်ကြည်အောင်၊ ကျွန်တော် ကြိုးစားလိုက်၏။ မတုန်ယင်သောစကားသံ၊ ဝမ်းနည်းဟန်မပါသော လေယူလေသိမ်းဖြင့်၊

“သီတာရီက, ရန်သူ့လက်ထဲမှာ
အနှောင်အဖွဲ့ခံရတာမှ မဟုတ်ဘဲကွာ။ မိဘရဲ့
စည်းမျဉ်း၊ စည်းကမ်းထဲမှာ အနှောင်အဖွဲ့
ခံနေရတာပဲ။

သူ့အတွက်၊ အန္တရာယ်မရှိနိုင်ပါဘူး”

စိုးမိုးကျော် သက်ပြင်းချ၏။ စကားသံ မပြုသေးဘဲ၊ အတန်ကြာမှာ . . .

“မင်း . . .

သူ့ကို မတွေ့ချင်ဘူးလား”

“တွေ့ချင်တယ်။ မြင်ချင်တယ်။
ဒါပေမဲ့ . . .တွေ့ဖို့မြင်ဖို့၊ ငါ ကြိုးစားမှာ
မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ . . ., ငါ .
. .ရှေ့ကို တစ်လှမ်းတိုးလိုက်တာဟာ၊
ဝေးမယ့်ဘက်ကို တစ်လှမ်းနီးသွားတယ်လို့ ငါ.
. .ယူဆ,တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝေးချင်း. . .ဝေး။ အလိုလိုဝေးသွားတာ ကောင်းပါတယ်။ လှုပ်လိုက်မှ ပိုမြုပ်သွားသလိုမျိုး၊ ငါ. . .မဖြစ်ချင်ဘူး စိုးမိုးကျော်”

ထိုသို့ ပြောလိုက်စဉ်က၊ ကျွန်တော့်မျက်နှာကို၊ တခြားဘက်သို့လှည့်ကာ ငုံ့ကာ ပြောခဲ့ရခြင်းဖြစ်၏။ ဘာဖြစ်လို့လဲ ဆိုတော့ . . .

ကျွန်တော့်မျက်လုံးတွေကို၊ စိုးမိုးကျော်၊ မြင်သွားမှာ စိုးရိမ်သောကြောင့်ဖြစ်သည်။ “ဘာဖြစ်လို့ ငိုရတာလဲ” . . .ဟူသော အမေးစကားကို၊ ကျွန်တော် . . .မဖြေနိုင်သောကြောင့်၊ ဖြစ်၏။

❋

သံယောဇဉ်ဆိုတာ
အလေ့ကျပေါက်လာတဲ့
နွယ်ပင်မျိုးမှ မဟုတ်တာ။
အနာဂတ်မရှိတော့မယ့်
တောင်တန်းနှစ်ခုကို၊
ဘယ်လိုချုပ်ရိုးမျိုးနဲ့
တွယ်ချိတ်ပေးနိုင်မှာလဲကွယ်။





ပင်လယ်ကို
ကန့်လန့်ဖြတ်ကူးခပ်လာတဲ့
တို့ရဲ့ ရှေ့တည့်တည့်က
မျှော်လင့်ခြင်း ကမ်းစပ်ကြီး
ထွက်ပြေးသွားပြီ။

သံယောဇဉ် ပိုက်ကွန်ကြီးနဲ့
လိုက်ဖမ်းရင်တော့၊
ရနိုင်တာပေါ့ကွယ် . . .။
ဒါပေမဲ့ . . .သံယောဇဉ်ဆိုတာက၊
မျက်နှာပြောင်တိုက်ရမှာ
ရှက်တတ်တဲ့ . . .,
သန့်ရှင်းတဲ့ . . .နွယ်ပင်တစ်မျိုးလေ . . .။ ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

ငိုပါရစေ . . .

ချိုမြဒဏ်ရာ၊ ကံကြမ္မာပေး

ရင်နင့်ထွေးပိုက်၊ ပူလောင်မြိုက်ပြာ

ယူဆောင်လိုက်တာ လွန်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၁ )

"သား။ စာတွေကြိုးစားလုပ်ချေလား" . . .ဟု၊ စာကြည့်ခန်းထဲက ထွက်လာသော၊ ကျွန်တော့်ကို အဖေပြောသည်။ အမေနှင့်အစ်မ,က . . .ပြုံးလျက်ကြည့်နေကြ၏။ အစ်မ,နံဘေးတွင် ကျွန်တော် ထိုင်သည်။ အမေက . . .,

"ဂုဏ်ထူးတန်းဆက်တက်ချင်လို့ နေမှာပေါ့။ ဟုတ်လားသား" ကျွန်တော် ပြုံးနေလိုက်စဉ်၊ အစ်မက . . .

"ဒုတိယနှစ်တုန်းက အွန်းနက်(စ) မှ မဝင်တာ။ နောက်ဆုံးနှစ်ရောက်မှ ကျူဝင် အောင်ဖြေလည်းရတာပဲ။ အခု . . နင်က, သာ့ဒ်ရီယား။ ဒီလောက်ကြီး၊ အခန်းအောင်းပြီး ကျက်ဖို့လိုလို့လား"

သက်ပြင်းအချရခက်သည်။ ထို့ကြောင့် . . .

"လက်ချာတွေ များတယ်။ စာမနိုင်လို့၊ ပိုကျက်နေတာပါ အစ်မရဲ့" . . .ဟု၊ ကျွန်တော်ပြောရသည်။

"စာအုပ်နဲ့မျက်နှာ မခွာတာ။ ဒီ . . .တစ်နှစ်ပဲ တွေ့ဘူး

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်" ... အစ်မက, ရယ်လျက်ပြောသည်။ အဖေနှင့်အမေ ရယ်ကြ၏။ ကျွန်တော်ပါရောနှောရယ်မောနေလိုက်သည်။

❋

စိတ်ထွေလေလွင့်ကာ၊ မျက်နှာစိမ်းရာ၊ အမြင်စိမ်းရာနေရာများသို့၊ တစ်ကိုယ်တည်း ရွက်လွှင့်ချင်သည်။ ဒါမှမဟုတ်၊ နေ နေရာအရပ်၌၊ တစ်ယောက်တည်းသာ နေချင်မိသည်။

တစ်ယောက်တည်းနေစဉ်တိုင်း၊ သီတာရီ့ထံသို့ အတွေးတွေ. . .၊ လွင့်ပေရော့မည်။ ထိုသို့သော . . .,ကျေးတော စိတ်မောစရာများကြောင့်၊ ရင်မှာ တစစ နာကျင်ရပေလိမ့်မည်။ ထို့ကြောင့်. . ., ကျောင်းမှာဖြစ်စေ၊ အိမ်မှာဖြစ်စေ၊ တစ်ယောက်တည်းမနေရအောင်၊ ကျွန်တော် ဆင်ခြင်သည်။ တစ်ယောက်တည်းနေရတော့မည့် အချိန်အခါ၌၊ ကျွန်တော် . . .စာကြည့်စားပွဲတွင်သာနေလိုက်၏။

ငူငူငိုင်ငိုင်မဖြစ်အောင်၊ ရှိသမျှ သင်ခန်းစာတွေကို၊ ကျက်မှတ်နေဖြစ်သည်။ စိတ်သည် . . .ရသည့်အချိန်ကို အခွင့်ကောင်းယူလျက်, ရင်နှင့်စရာ အဖြစ်မျိုးဆီသို့သာ၊ တိုးထွက်လွင့်ပါးပြန်သေး၏။ လွင့်ပါးတတ်သည့်စိတ်ကို၊ အလုပ်တွေအများကြီးခိုင်းကာ၊ နှိပ်စက်ညှင်းပမ်းလိုက်ခြင်းဖြင့်၊ အလုပ်ရှုပ်သွားသော စိတ်သည်၊ အလုပ်ထဲတွင်သာ နေရရှာတော့၏။





အခြားတစ်ပါးသို့ လွင့်ပါးနိုင်ချေ မရှိတော့။ ထိုအခါ ကျွန်တော့်အဖို့၊ လူ မသက်သာသည့်တိုင်၊ စိတ်သက်သာရာ ရခဲ့သည်။

*နိုင်။*

*စာမေးပွဲတွေ နီးပြီ။*

*နင် . . .နေနိုင်လိုက်တာဟယ်။*

*ငါ့ စာသင်ခန်းဘက်ကို၊ အရိပ်တောင်လာမပြဘူး။ မာနတွေ ကြီးနေတယ်ပေါ့။ ဟုတ်လား။ အာ.စီ ရှေ့မှာ၊ နင့်ကို တွေ့တွေ့နေရလို့၊ ငါ. . .ကျေနပ်ပါတယ်။*

*နင် . . .ငါ့အတွက်၊ အရမ်းဆင်ခြင်လိုက်တာကို၊ တွေးပြီး ငါ. . .စိတ်မကောင်းပါဘူး နိုင်ရယ်။*

*နိုင် . . .။*

*နင် မှာတဲ့အတိုင်း၊ ငါ. . .စာကြိုးစားပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့။ စာမေးပွဲနောက်ဆုံးနေ့ကျရင်၊ နင့်ကို . . .ငါလာတွေ့မယ်။ ခိုးချောင်ခိုးဝှက်လာတွေ့မှာ မဟုတ်ဘူး . . .နိုင်။*

*မေမေ့ကို အသိပေးပြီးလာတွေ့မှာ။ ဘွဲ့နှင်းသဘင်ခန်းမ, ရှေ့မှာ နင်စောင့်နေပါနော်။*

*နိုင် . . . . . .*

*(သီတာရီ)*

❋



www.burmeseclassic.com

www.burmeseclassic.com



စာကိုဖတ်ပြီး၊ ခေါက်သိမ်းလိုက်၏။ စာရွက်နှင့် စာအိတ်ကို၊ လွယ်အိတ်ထဲသို့ အတူတကွထည့်လိုက်သည်။

သင်းသင်းကျော်က . . .

"နင် . . .သူ့ကို စာတစ်စောင်
လောက် ရေးပေးလိုက်မလား"

ဦးခေါင်းကို၊ မလှုပ်မယှက်ခါရမ်းလိုက်၏။

"မဟုတ်သေးဘူး နိုင်သူရ။ နင် . . .
ဆင်ခြင်လိုက်တာကို၊ ငါတို့နားလည်တယ်။
ဒါပေမဲ့. . .နင့် ဆင်ခြင်လိုက်ပုံ က၊ သီတာရီ့ကို
ထည့်မတွက်တော့သလိုပဲ"

ထို. . .စကားအဓိပ္ပာယ်ကို၊ ကျွန်တော် နားမလည်။

"ငါက . . ., ဘာကိုထည့်တွက်ရ
မှာလဲ သင်းသင်းကျော်"

ကျွန်တော့်မျက်နှာကို၊ သင်းသင်းကျော် သေသေချာချာ ကြည့်သည်။ ကြည့်လျက် . . .

"သီတာရီ့ကို၊ နင် ချစ်နေတာ
မဟုတ်ဘူးလား"

အမေးစကားသံကို ကြားကြားချင်း၊ အခက်အလက် ကင်းမဲ့နေသော သစ်ပုတ်ပင်ကြီးထဲသို့၊ ကျွန်တော် မော့ကြည့် လိုက်ရ၏။ ရင်တွင်း၌ . . .နွေသစ်ကိုင်းတို့ ထိုးဆွနေသလိုလို။





"ဖြေလေ။
ငါ မေးနေတာဖြေလေ. . .နိုင်သူရ"

နှုတ်စကားသည် ရုတ်တရက် မထွက်။

"အဲဒါနဲ့၊ ငါ့. . .သူ့အတွက်
ဆင်ခြင်လိုက်တဲ့ကိစ္စနဲ့၊ ဘာဆိုင်လို့လဲဟာ"

"ဆိုင်တာပေါ့။ တကယ်ဆို . . .၊
နင်က,ယောကျ်ားလေးပဲ။ သီတာရီက . . .
မလာနဲ့ . . .မတွေ့နဲ့လို့၊ အတင်းအကျပ်
တားထားရင်တောင်၊ နင်. . .စွန့်စွန့်စားစား၊
သူ့ကို . . .တွေ့ဖို့ ကြိုးစားသင့်တယ်"

သင်းသင်းကျော်၏စကားသံ၊ မာထန်သွား၏။

"တွေ့ဖို့ကြိုးစားရအောင်၊ ငါနဲ့
သီတာရီနဲ့က၊ သမီးရည်းစားမှ မဟုတ်ဘဲ"

ကိုယ့်ကိုကိုယ်၊ ရင်နာစေသော . . .စကား။

"မဟုတ်ဖူးဘဲထားပါတော့။ နင် . .
.နှစ်သက်နေတဲ့ မိန်းကလေးတစ်ယောက် ကို၊
နင်. . .မတွေ့ဘဲ မမြင်ဘဲ နေနိုင်တယ် ပေါ့
ဟုတ်လား"

"မနေနိုင်ဘူး . . .သင်းသင်းကျော်၊
ဒါပေမဲ့ . . .ငါ, နေနိုင်အောင် ကြိုးစားတယ်။



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်လို့တွေ့ဖို့ကြိုးစားပါပြီ . . တဲ့။ ငါ. . .ဘာလုပ်ရမှာလဲ။ ဘာ ဆက်လုပ်လို့ရတော့မှာမို့လဲ"

"နင်. . .နှစ်သက်သလို၊ သီတာရီက,ပါ နင့်ကို နှစ်သက်နေတယ်ဆိုရင်ကော။ နင် . . .ဒီစကားပြောမလား. . .နိုင်သူရ"

အသက်ရှူမဝသကဲ့သို့ ခံစားရသည်။ အသက်ကို ရှူ၍ ရှူလိုက်ပြီး . . .

"ငါကကျောင်းပြီးသွားလို့၊ အလုပ်အကိုင်နဲ့ အခြေတကျဖြစ်နေတယ်ဆိုရင်၊ အခု. . .အချိန်မှာ သီတာရီနဲ့နီးဖို့၊ ငါ ကြိုးစားနေမှာ အမှန်ပဲ သင်းသင်းကျော်"

မျက်တောင် တဖြတ်ဖြတ်ခပ်လိုက်ရသည်။ ပြီးမှ . . .

"မကြာခင်မှာ . . .သူက တခြားသူကိုလက်ထပ်ရတော့မှာပဲ။ သူ . . . နောက်ဆံတင်းအောင် ငါ. . .ဘာမှ မလုပ်ချင်ဘူး"

သင်းသင်းကျော်က၊ လေသံသဲ့သဲ့ဖြင့် . . .

"သူ. . .လက်မထပ်ခင်မှာ . . . နင့်ကိုသူက, ချစ်တာပဲဖြစ်ဖြစ်။ သူ့ကို နင်ကချစ်တာပဲဖြစ်ဖြစ်၊ တစ်ယောက်နဲ့တစ်





ယောက်၊ ပွင့်ပွင့်လင်းလင်း အသိမပေးသင့်ဘူးလား"

"မပေးသင့်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့။ မိန်းကလေးတစ်ယောက်ကို လက်မထပ်နိုင်သေးဘဲနဲ့၊ ချစ်တယ်. . .လို့ ငါမပြောချင်ဘူး။

ပြောလိုက်မိတယ်ထား။ ချစ်သူတွေဖြစ်သွားကြတယ်ထား။ ဘယ်လောက်အထိ ပျော်ကြရမှာမို့လို့လဲ။

ဝေးကြရမယ်ဆိုတာ ကြိုသိနေတာပဲ။ အဲဒီဒဏ်ကို ခံနိုင်ဖို့၊ အခုကတည်းက,

ငါ . . .,

ကြိုပြီးဝေးနေလိုက်တာပါ. . . သင်းသင်းကျော်ရယ်"

သင်းသင်းကျော် ငြိမ်သက်သွား၏။

ရူဝံကျော်နှင့်စိုးမိုးကျော်တို့ ရောက်လာမည့်ဘက်သို့၊ ခြေဦးလှည့်ဖြစ်ကြသည်။

သင်းသင်းကျော်က . . .,

"ငါ. . .စကားအဖြစ်မေးမယ်"

"မေး"



www.burmeseclassic.com

www.burmeseclassic.com



"အကယ်၍ပေါ့နော်။
နင်. . .ချစ်နေတာကို သိတာရီက၊ သိလို့၊ သိတာရီက နင့်ကို ပြန်ချစ်မယ်။ ကိုလူနိုင် ကို၊ မယူချင်ဘူး။ နင်နဲ့ပဲနေချင်တယ်။ နင့်နောက်ကို ခိုးရာလိုက်မယ်ဆိုရင်ကော"

ရင်မရှိစွာ ပြုံးလိုက်ရပြန်သည်။

"နင်က၊ စကားအဖြစ်မေးတယ်။ ငါက . . .စကားအဖြစ်မဖြေဘူး။ တကယ်ဖြေမယ်။ နင်. . .သေသေချာချာ နားထောင် သင်းသင်းကျော်။

အခုနေမှာ၊ နင်. . .ကိုယ်တိုင်က သိတာရီ့နေရာမှာရောက်နေရင်၊ နင် . . . ဘာလုပ်မလဲ"

"အာ . . .၊ နင်က,လဲ"

"ငါ. . .တကယ်မေးနေတာ သင်းသင်းကျော်။ နင် . . .ဘာလုပ်မလဲ။ ဖြေရင်လက်လွှတ်စပယ်မဖြေနဲ့နော်။

အဖက်ဖက်ကို၊ ထည့်စဉ်းစားပြီးမှ ဖြေ။ နင် . . .ကျောင်းမပြီးသေးဘူး။ နင့်





ချစ်သူက,လည်း ကျောင်းမပြီးသေးဘူး။ နင် . . .ဆန့်ကျင်ရမှာ . . .နင့်မိဘ။ နင်. . . ရင်ဆိုင်ရမှာက၊ မသေချာမှု။ နင်. . . ဘာလုပ်မလဲ"

သင်းသင်းကျော်က . . .

"အေးဟာ။ ငါက . . .စိတ်မကောင်းပဲ ဖြစ်မိတာ။ တကယ်တန်းကျတော့၊ ဒီကိစ္စမျိုးက၊ စဉ်းစားလေ၊ ဆုံးဖြတ်ရခက်လေပဲ" . . .ဟု၊ ပြောလေ၏။

ကျွန်တော်က . . .,

"နင့် . . .စကားထဲမှာ၊ အဖြေပါနေပြီ သင်းသင်းကျော်။ နင်တို့ . . .ငါတို့က . . . တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ။ သင်ထားတဲ့ပညာတွေ၊ သိထားတဲ့ အသိတရားတွေ၊ စိုက်ထုတ်ခဲ့တဲ့ ဦးနှောက်တွေ. . . အလဟဿ မဖြစ်သင့်ဘူး။

ငါ. . .မကြာခင်မှာ အသည်းကွဲတော့မယ်။ ငါ့ကိုယ်ငါ သိနေတာပဲ။ ဒါပေမဲ့ . . .အသည်းကွဲမှာစိုးလို့ဆိုပြီး ဦးနှောက်မဲ့တဲ့ အလုပ်ကို ငါ. . .မလုပ်ဘူး။

အသည်းကွဲပြီးသွားလူဟာ၊



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်မပျက်တော့ဘူးပေါ့"

"နင့် . . .သဘောထားကို၊ ငါ. . နားလည်ပါပြီဟာ"

ရင်နင့်နေရသည်ကို၊ သင်းသင်းကျော် သိပေလိမ့်မည်။

"သီတာရီက၊ နင့်အပေါ် သံယောဇဉ်ကြီးပါတယ်။ အခုဆို၊ နင်တို့နှစ်ယောက် စကားမပြောဖြစ်တာ ကြာလှပြီ။

ဘာပဲ ဖြစ်နေဖြစ်နေ။ နင့် စာတစ်စောင်လောက်တော့ သူ . . .ဖတ်ချင်မှာပဲ။ အဲဒါကြောင့်၊ သူ့ဆီစာရေးပေးဖို့ ငါ ပြောတာ"

"ငါ . . .ရေးချင်ပါတယ်။ ဒါပေမဲ့ဟာ . . .။ တစ်ယောက်နဲ့တစ်ယောက် အမှတ်တရမဖြစ်လေ။ သူ့အတွက်ပိုကောင်းလေပဲ။

သူ ပြန်သွားတာ။ သူ့အမေပါလာတာ။ ကိုလှုနိုင်ဆိုတဲ့သူ၊ ကားအဝင်အထွက် လုပ်နေတာတွေ၊ ငါ. . .မြင်နေရတာပဲ။

ဘယ်သူ့ကိုမှာပြီး၊ ဘယ်သူ့ကို ချောင်းခိုင်းထားမယ်ဆိုတာ၊ သီတာရီရော၊ ငါရော မသိနိုင်ကြဘူး။ ငါ. . .ဆင်ခြင်နေ





သမျှတွေဟာ၊ သီတာရီ့အတွက်ဆိုတာကို တော့၊ နင်. . .လုံးဝ ယုံကြည်ပေးပါ"

"အေးပါဟာ"

"နောက်ပြီး၊ ငါ့. . .သဘောထားကို သီတာရီ မသိပါစေနဲ့"

သင်းသင်းကျော်က၊ ကျွန်တော့်ကို ငဲ့ကြည့်လျက် . . .

"ဘာကိုလဲ နိုင်သူရ"

"ငါ. . .ကျောင်းမပြီးသေးလို့၊ ဘဝ အာမခံချက် မပြည့်ဝသေးလို့၊ သူ့ကို ရင်မဖွင့်တာတွေ။ ပြီးတော့ . . .ငါ ဆင်ခြင်တာတွေဟာ။ သူ့အတွက် အနေအထိုင် အသွားအလာ ကျဉ်းကျပ်မှာစိုးလို့ဆိုတာတွေ . . . အဲဒါတွေအားလုံးကို၊ သူ. . .မသိစေချင်ဘူး"

"သိတော့ ဘာဖြစ်လဲဟာ။ နင့် အပေါ် . . .သူ၊ ပိုပြီး နားလည်တာပေါ့"

ကျွန်တော် . . .ခေါင်းခါ၏။

"သူ. . .ငါ့အပေါ် နားလည်မှုပေးရင်၊ သူ . . .တနင့်နင့်ခံစားရမှာပေါ့။ ဒီ . . . အခြေအနေ . . .ဒီ. . .အခြေအနေတွေကြောင့်၊ ငါ့ကို ရင်မဖွင့်တာပါလား. . .လို့၊ သူ . .



www.burmeseclassic.com

www.burmeseclassic.com



.တွေးမိရင်၊ တွေးလိုက်တိုင်း၊ စိတ်မကောင်း
ဖြစ်နေမှာပေါ့။

တွေးကြည့်လိုက်၊ ခံစားလိုက်။
နားလည်ပေးလိုက်၊ စိတ်မကောင်းဖြစ်လိုက်နဲ့၊
အဲဒီလို တသသဖြစ်စေမယ့် ဆူးစ,ဆူးန, တွေ
ကို၊ သူ့ရင်ထဲမှာ မရှိစေချင်ဘူး။

ဖြစ်နိုင်ရင်၊ ငါ့အပေါ် . . .သူ
နာသွားရင် ပိုကောင်းမယ်"

"နိုင်သူရဲရယ်" . . .ဟု၊ သင်းသင်းကျော် စိတ်မကောင်း
သံပြု၏။

"ငါ. . .သူနဲ့၊ အတတ်နိုင်ဆုံး၊
မဝေးချင်ဘူး။ ဝေးရင်လည်း၊ သူငယ်ချင်း
ဘဝနဲ့ပဲ ဝေးချင်တယ်။

ငါ့ကို သနားပြီး ဝေးသွားတာမျိုး
ထက် ငါ့ကိုနာပြီး ဝေးသွားရင်၊ သူ . . .
အခံစားရသက်သာလိမ့်မယ်။

အဲဒါကြောင့်, ငါ ပြောတဲ့စကား
တိုင်း . . .သီတာရီ့ကို၊ နင် မပြောပြပါနဲ့၊
စာမေးပွဲနီးနေလို့၊ စာမရေးဘူး. . .လို့၊ နင်
ပြောလိုက်ပါဟာ။





ငါ. . .သီတာရီ့အပေါ် စေတနာ
ကြီးသလို၊ နင်လည်း . . .စေတနာ၊ တကယ်
ကြီးမယ်ဆိုရင်၊ သူ. . .ငါ့ကို သနားစေမယ့်
စကားမျိုး၊ သူ့ကို နင်. . .မပြောမိပါစေနဲ့"
သင်းသင်းကျော်၊ သက်ပြင်းချလေသည်။ ပြီးမှ . . .

"စာမေးပွဲ နောက်ဆုံးနေ့၊ နင် . .
သူ့ကို သွားမတွေ့တော့ဘူးလား". . .ဟု၊
မေးပြန်သည်။

"တွေ့မှာပေါ့"
လေသံမာဖြင့် ကျွန်တော် ပြောလိုက်၏။
ရင်ထဲမှာ ဟာ နေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၂ )

ရွှဝံကျော်နှင့် စိုးမိုးကျော်တို့ရှိရာ၊ မြန်မာစာ စာသင်ခန်းများဘက်သို့ သွားရန်၊ ကျွန်တော်. . .စိတ်ကူးသည်။ အဓိပတိလမ်းအတိုင်း၊ တစ်ယောက်တည်း လျှောက်လာခဲ့၏။

ကားတစ်စီးက ကျွန်တော့်နံဘေးသို့ နီးကပ်စွာထိုးရပ် သည်။ ကျွန်တော် ခြေလှမ်းအတုန့်တွင်၊ ကားတံခါးပွင့်လာ၏။ လူတစ်ယောက်ဆင်းလာသည်။ မျက်နှာကို မြင်လျှင်မြင်ချင်း၊ သိတာရှိနှင့် ပတ်သက်သည့်သူ။ ကိုလှနိုင်. . .ဟု၊ ကျွန်တော် ခန့်မှန်းသိဖြင့်၊ သိလိုက်၏။

ကျွန်တော့်ရှေ့တည့်တည့်သို့၊ သူရောက်လာသည်။ ဝတ်စားဆင်ယင်ပုံသည်၊ လူကြီးလူကောင်း . . .ဟု၊ အထင်ခံရ သူတို့၏ဝတ်စားဆင်ယင်မှုမျိုးဖြစ်သည်။ ကျွန်တော်က,တော့၊ လုံချည်ကို၊ တိုတို ဝတ်ထားပြီး၊ ဖြစ်သည်။ လွယ်အိတ်ကိုမူ၊ နဂိုကတည်းက စလွယ်သိုင်းကာ လွယ်ထားခဲ့၏။

"မင်း. . .နာမည် နိုင်သူရလား"

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလျက်မေးသည်။ ရင်းနှီးခင်မင်စဖွယ်၊ အပြုံးမျိုး မဟုတ်။ သမ္မာရင့်လက်ဝှေ့သမားကြီးတစ်ဦးက၊ သူ့ထက် အဆင့်နိမ့်သော၊ ပြိုင်ဘက်လက်ဝှေ့သမားအား၊ ပြိုင်ပွဲမစ,ခင် ပြုံးပြလိုက်သော၊ အပြုံးမျိုးဖြစ်သည်။

"ကိုယ့်နာမည် လူနိုင်ပါ။ ကိုယ်, မင်းနဲ့ စကားပြောချင်လို့"

"ခင်ဗျားကို ကျွန်တော် မသိဘူး". . .ဟု၊ ကျွန်တော် ပြောလိုက်သည်။ အမှန်က . . .သူ့အသက်အရွယ်၊ ဟန်အမူအရာအရ . . ."ဟုတ်ကဲ့။ ကျွန်တော် နိုင်သူရပါ။ ဘာကူညီရမလဲ" . . .ဟု၊ ကျွန်တော် ပြောသင့်သည်။ ဒါပေမဲ့. . . သူ့ကို မြင်လျှင်မြင်ချင်း ကျွန်တော်. . .စိတ်တိုနေသူ ဖြစ်၏။

"မင်းက. . . စကားပြော နည်းနည်း မာတယ်နော်"

ပြုံးလျက်သာ ပြောနေသည်။ ရိသဲ့သဲ့ . . .အပြုံး။ ကျွန်တော်က မိုက်ကန်းကန်းပြန်ကြည့်ပြီး . . .

"ကျွန်တော်, မမြင်ဘူး၊ မသိဘူးတဲ့ လူကို၊ ခရီးဦးကြို မလုပ်တတ်ဘူး။ ယောကျ်ားဖြစ်ပြီး၊ ကျိုးကျိုးနွံနွံ ပြောရဆိုရတာကို၊ ကျွန်တော် ဝါသနာမပါဘူး။ ခင်ဗျား . . .အခု၊ ကျွန်တော့်ကို ဘာကိစ္စပြောချင်





တာလဲ။ ဘာပြောမှာလဲ"

အပြုံးအား၊ လျော့ပါးသွား၏။

"ပြောရမယ့်ကိစ္စ မပြောခင်၊ မင်းက . . .စကားပြောနည်းနည်း ရိုင်းသလို ဖြစ်နေလို့၊ ကိုယ်, ပြောရဆိုရခက်နေတယ်"

"တက်" ခေါက်မိမလို ဖြစ်ရ၏။

ကျွန်တော် . . .လုံချည်ခါးပုံစထဲသို့၊ ဘယ်ဘက်လက်မ, တွယ်ချိတ်လိုက်ရင်း . . .

"အဲဒါကို၊ ခင်ဗျား, မကျေနပ်လို့ ထိုးချင်ကြိတ်ချင်တယ်ဆိုရင်၊ ခင်ဗျား ကားကို၊ ကျောင်းဝင်းအပြင်ဘက် မောင်း သွားပြီး၊ ကျွန်တော့်ကို စောင့်နေလိုက်ပါ။ ကျောင်းဝင်းအပြင်မှာ၊ ရှင်းကြတာပေါ့"

ကိုလူနိုင်၊ လက်ကာ၏။

]sorry ။ ကိုယ်လည်း စကားမှာ သွားတယ်။ ကိုယ်က, မင်းနဲ့ စကား အေးအေးဆေးဆေးပြောချင်တာ"

"ကျွန်တော်, ခင်ဗျားနဲ့ ပြောစရာ မရှိဘူး။ ခင်ဗျားကိုလည်း၊ ကျွန်တော် မသိဘူး။ ဒါပေမဲ့ . .ခင်ဗျား ပြောချင်တာကို မြန်မြန်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ။ မင်း၊ ကိုယ့်ကို မသိ
ပေမယ့်၊ သီတာရီကိုတော့ သိမှာပေါ့"

သူ့ စကား မဆက်ခင် . . .၊

"သီတာရီက၊ ခင်ဗျား ညီမလား". . .ဟု၊ ကျွန်တော်
မေးလိုက်၏။

"မင်း . . .သူ့ကို သိမသိဘဲ ဖြေ
စေချင်တယ်"

"သီတာရီကို ကျွန်တော် ဆယ်တန်း
တုန်းကတည်းက၊ သိခဲ့တာပဲ။ ခင်ဗျားက
အခုမှသိလားလို့လာမေးတာ တော်တော်
နောက်ကျနေပြီ"

မျက်ခုံးတွန့်၏။ သက်ပြင်းမှုတ်ထုတ်၏။

"မင်းနဲ့၊ သီတာရီနဲ့ ဘယ်လို
ပတ်သက်လဲ။ အဲဒါကိုလည်း၊ ကိုယ်. . .
သိချင်တယ်"

"ဟော့လူ။ ကျွန်တော်က၊ သူတပါး
မေးသမျှကို တစ်ခုမကျန် ဖြေမယ့်ကောင်
မဟုတ်ဘူး။ ခင်ဗျား ဘာဖြစ်လို့၊ မေးခွန်း
တွေလာမေးနေ တာလဲ။ ဘာသဘောလဲ"

ကိုလူနိုင်က . . .၊





"ငါလည်း တက္ကသိုလ်ကျောင်း
တက်ခဲ့တဲ့သူပါ။ မင်း . . .ပြောပုံဆိုပုံက၊
တက္ကသိုလ်ကျောင်းသားတစ်ယောက်နဲ့
မတူဘူးကွာ။ ခက်ထန်နေတယ်"

သူ့စကားကြောင့်၊ ကျွန်တော် ဒေါသ, ပိုဖြစ်ရသည်က, တော့
အမှန်ပင်။ သို့သော် . . .ကျွန်တော့် အပြောအဆိုတွေ၊ သူ . .
.ပြောသလိုကျောင်းသားတစ်ယောက်နှင့် မတူတော့ပြီ လား. .
.ဟုတော့၊ ကိုယ့်ကိုကိုယ် ဆင်ခြင်ဖြစ်လိုက်၏။ လေသံ နည်းနည်း
လျှော့လိုက်ရသည်။

"ခင်ဗျားနဲ့ကျွန်တော် သိမှ မသိဘဲ။
ခင်ဗျားက. . .ဘာဖြစ်လို့၊ မေးခွန်းတွေ
လာထုတ်နေရတာလဲ။

သီတာရီနဲ့ ကျွန်တော့်အကြောင်း ကို
သိချင်တာများ သီတာရီ့ကို သွားမေးရင်၊
ပြီးနေတာပဲ။ ဘာဖြစ်လို့ ကျွန်တော့်ကို
လာမေးတာလဲ။

ခင်ဗျားရဲ့၊ လုပ်ရပ်ကိုက၊ ရိုက်
ပေါက်"

ခေါင်းကုတ်သည်ကိုမြင်ရ၏။

"သီတာရီက၊ မပြောဘူးကွ။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်၊ မင်းကို လာမေးတာ"

"မေးရအောင်။ ခင်ဗျားက သီတာရီနဲ့ ဘာတော်လို့လဲ။ အစ်ကိုလား။ ဦးလေးလား"

မသိဟန်ဖြင့် မေးလိုက်သည်။ ကိုလူနိုင်က . . .

"ကိုယ်က, မင်းနဲ့ သီတာရီ တွဲသွားတွဲလာလုပ်တာတွေကို မြင်ဖူးတယ်ကွ။ ကိုယ်က သူနဲ့လက်ထပ်ရမှာ၊ မင်းနဲ့သူနဲ့ ရိုးရိုးသားသား ဟုတ်မဟုတ်၊ ကိုယ်သိချင်တာ၊ အမှန်ပဲ"

ကျောင်းဝင်းထဲတွင်၊ ရန်မဖြစ်ရ။ ရန်မဖြစ်သင့်ဟူသည့် အသိစိတ်ကြောင့်သာ ကျွန်တော့်စိတ်ကို၊ ကျွန်တော် ထိန်းထားနိုင်ခြင်းဖြစ်သည်။ စိတ်ကိုဖြေလျှော့ပြီးမှ ကိုလူနိုင့်ဘက်ကို မျက်နှာမူ၍ . . .ကျွန်တော်မေးလိုက်၏။

"သူငယ်ချင်းတွေ. . .လို့၊ သူ . . . မပြောဘူးလား"

"တစ်ခါတော့ပြောတယ်။ မယုံဘူးဆိုတော့၊ ထင်ချင်သလိုထင် . . .တဲ့။ အဲဒါကြောင့် မင်းကို၊ ကိုယ် မေးရတာပါ"

တိုးလျှိုးဟန်ကြောင့်, ကျွန်တော် ရယ်ချင်၏။

"ခင်ဗျားက သီတာရီကို ချစ်လို့လား။





ဒါမှမဟုတ်, လူကြီးတွေစီစဉ်လို့၊ ခေါင်းညိတ်လိုက်ရတာလား"

"အား။ ကိုယ်, ကိုယ်တိုင်က . . . ချစ်လို့။ လူကြီးတွေကို ပြောခိုင်းထားတာကွ။ ကြာလှပြီ"

"ခင်ဗျားကိုယ်တိုင်က. . .ချစ်နေတာပဲ။ သူ ဘာ့လုပ်လုပ်ခွင့်လွှတ်ရမှာပေါ့။ အခု . . .ခင်ဗျား ကျွန်တော့်ကို လာမေးပုံက၊ သီတာရီကို အပြစ်ရှာဖို့ လာမေးနေသလိုမျိုး။

ကျွန်တော်က . . .သီတာရီနဲ့ ကျွန်တော်နဲ့ ချစ်သူတွေပါ. . .လို့ ခင်ဗျားကို တမင်လိမ်ပြောလိုက်ရင်၊ ခင်ဗျား, ဘယ်လိုလုပ်မလဲ။ ယုံမှာပဲလား"

"ဒါဆို မင်းနဲ့သူနဲ့က ရှင်းတယ်ပေါ့။ ဟုတ်လား" . . . ဟု၊ ကိုလူနိုင် မေးသည်။

"ဟုတ်တယ်။ သီတာရီက ကျွန်တော့် သူငယ်ချင်းပဲ။ အခုဆိုရင် သူငယ်ချင်း. . . အချင်းချင်းတောင် မခေါ်မပြောကြရတော့ဘူး။ သူ့အိမ်က, မကြိုက်ဘူးဆိုလား၊ ဘာဆိုလား . . ."



www.burmeseclassic.com

www.burmeseclassic.com



"sorry ကွာ။ နိုင်သူရ။ ကိုယ်
အရမ်းစိတ်ချမ်းသာသွားပြီ။ မင်း. . .ပုံစံက,
လိမ်ပြောမယ့်ပုံမဟုတ်ဘူး။ ကိုယ်. . .မင်း
စကားကို၊ ယုံတယ်"

"ယုံရင်၊ ခင်ဗျား . . .လစ်တော့။
စိတ်ချ. . .လက်ချ ပြန်တော့"

"ကောင်းပြီ"

ကားအတွင်းသို့ ဝင်ဟန်ပြုသည်။ ပြီးမှ . . .

"စိတ်တော့ မဆိုးနဲ့ကွာ။ ကိုယ်
တစ်ခုလောက် ပြောချင်သေးတယ်"

ကျွန်တော် နားစွင့်လိုက်၏။

"ဦးဘချစ်လက်ထဲက၊ မြမြဝင်းကို
လုသွားတဲ့၊ ဗိုလ်အောင်ဒင်လိုတော့၊ မင်း . .
.မလုပ်ဘူးမို့လား"

"ဘာဗျ"

"ဘုန်း"

ကားစက်ဖုံးပေါ်သို့၊ ကျွန်တော် လက်ဝါးဖြင့် ရိုက်ပစ်လိုက်သည်။

"ကိုယ်. . .စိတ်မဆိုးဖို့ ပြောတယ်
လေကွာ။ ကိုယ် . . .စိုးရိမ်လို့ပါ"





ကျွန်တော် လက်သီးကို ကျစ်ကျစ်ဆုတ်လိုက်သည်။

အနီးဝင်းကျင်မှ ကျောင်းသား ကျောင်းသူတို့၏ အပျော်ရိပ်တွေကြောင့် လက်သီးကို ဖြေလျှော့လိုက်၏။

"ခင်ဗျား . . .ပြန်တော့။ သွားတော့။
ကျုပ်မျက်နှာကို သေသေချာချာကြည့်ထား။
ဗိုလ်အောင်ဒင်အလုပ်မျိုးလည်း၊
ကျုပ် မလုပ်ဘူး။ ဒသင်္ဂီရှိအလုပ်မျိုး ကိုလည်း၊
ကျုပ် မလုပ်ဘူး။ ခင်ဗျား၊ မြဲမြဲ မှတ်ထား"

ကားတံခါးကို ဆွဲပိတ်သွားသည်။ လက်ပြလျက် . . .

"sorry" . . .ဟု ပြောပြီး၊ ကားကို
ဝေါကနဲ မောင်းထွက်သွား၏။

"တောက်"

တက်ခေါက်လိုက်မိခါမှ၊ သီတာရီကို သတိရသွားပြန် သည်။
ထိုအခါ . . .ကလေးငယ်တစ်ယောက်လို၊ အော် ငိုလိုက် ချင်၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

( ၂၃ )

အမှန်အတိုင်း ဝန်ခံပါရစေ။

ရင်ထဲ. . .ရှိသည့်အတိုင်း၊ ဝန်ခံချင်ပါသည်။

သီတာရီကို ကျွန်တော် တွေ့ချင် မြင်ချင် စကားပြော ချင်၏။ သီတာရီ ချစ်ချစ်. . .မချစ်ချစ်၊ သီတာရီ့ကို ကျွန်တော် ချစ်နေချင်သည်။ ဒါက . . . ရင်ထဲက, ဝန်ခံချက်။

လူ့ဘဝ သက်တမ်းတိုတိုလေးတွင်၊ အရေးကြီးသော အခါကာလ, များစွာရှိတတ်ပါသည်။ ထို အရေးကြီးသော အခါကာလ,များစွာအနက်၊ ချစ်သူအား ချစ်စကား ခွန်းဟရမည့် အချိန်ကာလသည်၊ အထူးအရေးကြီးသော . . .အခါကာလ, ဖြစ်၏။

– တကယ် မချစ်ဘဲနှင့် ချစ်ရဲဟန်ပြု၍ ပြောလိုက်ခြင်း သည်လည်း . . .ချစ်စကား မဟုတ်။

– တစ်ဖက်သား,က ချစ်လို၏၊ မချစ်လို၏၊ ဆိုသည်ကို မထောက်မလှမ်းဘဲ၊ ကိုယ်ပြောချင်ရာကိုသာ အခါကာလ မရွေး ဖွင့်ဟခွန်းခြွေခြင်းသည်လည်း . . .ချစ်စကားမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



– သူက,လည်း ချစ်ဟန်တူ၏။ ကိုယ်က,လည်း ချစ်လိုပါ၏။ သူချစ်ကိုယ်ချစ်၊ နှစ်ကိုယ်ချစ်ပါလျက်၊ သူ့တွင်လည်း အကျဉ်းအကျပ်၊ ကိုယ့်အဖို့လည်း ချီတုန်ချတုန် ကြုံဆုံနေပါ လျက် . . .ဘာကိုမျှမထောက်မဆဘဲ နှုတ်ရဲစွာ စွန့်၍ပြောသော ရင်ဖွင့်ခြင်းသည်လည်း၊ ချစ်သူ့အတွက်၊ တကယ့်ချစ်စကား မဟုတ်။

–ချစ်စကားဟူသည်ကား၊ ကြားရသူ ရင်၌ငြိမ်းအေးစေ။ ပြောမိသူရင်၌ ပေါ့လျော့ကြည်နူးစေသော . . .အခြေအနေ အချိန်အခါမျိုးမှာ ပြောရမည်ဆိုပါက. . .၊ အလွန်သင့်လျော် သော . . .တကယ့်ချစ်ခြင်းစကားဖြစ်ပေမည်။

အခြေအနေပေးသော်လည်း၊ အခါကာလ မဟုတ်။ အခါကာလ, ဟုတ်သော်လည်း၊ အခြေအနေမသင့်။

ဤသည်ကိုသိပါလျက်၊ ရင်ပေါ့လျှင်ပြီးရော။ တဒင်္ဂစိတ်, ချမ်းမြေ့လျှင်ပြီးရော. . .ဟု သဘောပြုကာ၊ ပြောလိုက်မိမည် ဆိုပါစို့။ မနက်ဖြန်တွေ အဓိပ္ပာယ် မဲ့ရော့မည်။

ပြောလိုက်မည့်စကား၊ အဖတ်တင်ရုံ။ ကြားရသူ့ နား၊ ခံစားရရုံသာ၊ ရင်နာမှု၊ ကိုယ်စီကြုံရမည့်အခြေအနေမျိုးတွင်၊ (ချစ်စကား. အပါအဝင်) မည်သည့်စကားမျှ မပြောလျှင်ပို၍ သင့်လျော်ပေမည်။

ထို့ကြောင့်, ချစ်စကားပြောကြားရမည့်အချိန်သည်၊ အထူးအရေးကြီးလွန်းသည်။ ချစ်သူအား ချစ်စကား ခွန်းဟ,မည့်





အခါကာလ,သည်၊ မင်္ဂလာရှိနေဖို့လိုအပ်၏။ အဖက်ဖက်က ချွင်းချက်တစ်စုံတရာ ရှိနေလျှင်လည်း၊ အလျင်ဦးဆုံး၊ ဖြေရှင်းညှိနှိုင်းသင့်သေးသည်။ သို့သော် ဆုတ်. . .ရူး။ စား. . . ရှူး။ အခြေအနေဆိုလျှင်တော့ . . .၊ တစ်ယောက်ယောက်၏ ကောင်းမွန်ရေးကို ဦးစားပြုရပေမည်။

နှစ်ယောက်အနက်၊ တစ်ယောက်ယောက်ကို ဦးစားပေးစရာမလို၊ နှစ်ယောက်စလုံး၏ အခြေအနေသည်၊ အတူတူဆိုးရွားနေမည်ဆိုပါက၊ နှစ်ယောက်စလုံး၏ အသည်းနှလုံးကိုလည်းကောင်း၊ ဦးနှောက်ကိုလည်းကောင်း၊ တစ်ခုခုကို ဦးစားပေးရပေမည်။

❋

ကျွန်တော်က၊ အရွယ်ရောက်စ တက္ကသိုလ်ကျောင်းသားဖြစ်သည်။ တက္ကသိုလ်ကျောင်းတော်ကြီးက၊ အိမ်ထောင်ပြုနည်း၊ ချစ်သူအတွက် အနစ်နာခံနည်း. . .၊ 'ဘဝ' ဆိုသည်ကို အဓိပ္ပာယ်ရှိစွာ ရင်ဆိုင်ဖြေရှင်းနည်းတို့အား၊ ဖော်မြူလာတွေ (ပုံသေနည်း တွေ) မှတ်စုမှတ်ရာတွေဖြင့်၊ သင်ပေးလေ့မရှိသော်လည်း . . .

ထို ကျောင်းတော်ကြီးအတွင်း တွေ့ကြုံစိုက်ထုတ်ခဲ့ရ သည့် ဆရာ၊ ဆရာမတို့၏ လမ်းညွှန်မှု၊ ဘဝ . . . ဘဝ . . . တို့၏



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံမှု၊ စဉ်းစားဆင်ခြင်ခြင်းများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ရသည့် ဦးနှောက်၏ အရေးပါမှုတို့သည်၊ ထိုကျောင်း တော်ကြီးအတွင်း လေ့ကျင့်ကျက်မှတ်ခဲ့ရသည့်၊ အလေ့အထ, အစွမ်းအစများကြောင့်၊ အထူး စိုက်ထုတ်နေစရာမလိုဘဲ၊ အလိုအလျောက်၊ စွမ်းဆောင်နိုင်ပြီးသားဖြစ်နေလေ၏။

ထို့ကြောင့် ပညာတတ် တက္ကသိုလ်ကျောင်းသားကျောင်းသူများသည်၊ မိမိတို့ရရှိမည့် ဘွဲ့လက်မှတ်အား၊ ဘဝ၏ အနာဂတ်စွမ်းအား. . .ဟု၊ မယူဆသင့်ဘဲ၊ မိမိတို့ တက္ကသိုလ်အတွင်း စာသင်ခန်းအတွင်း တွေ့ကြုံဖြေရှင်းခဲ့ကြရသည့် အခက်အခဲ အစွမ်းအစများကိုသာ ဘဝ၏ အနာဂတ်စွမ်းအား . . .ဟု၊ ယူဆ, ယုံကြည်သင့်လှသည်။

ထို့ကြောင့် . . .ကျွန်တော် ဦးနှောက် မမဲ့လိုပါ။ ထို့ကြောင့် ကျွန်တော် ဦးနှောက် မပျက်လိုပါ။

ချစ်သော . . .သီတာရီအား ချစ်စကားပြောပြီး၊ လွမ်းမောဖွယ် နှုတ်ဆက်လမ်းခွဲမည့်အစား၊ နာကျင်စရာ . . . ပြုမူပြီး . . .၊ ကျွန်တော့်ဘဝ . . .၊ သူ့ဘဝ။ ထိုနှစ်ဘဝ၏ အနာဂတ် တွေအတွက်၊ ကျွန်တော် ငြိမ်သက်နေချင်သည်။ လောလော ဆယ် ကျွန်တော့်ကို မှားတယ်. . .ဟု၊ ဆိုနိုင်ပါသည်။

သီတာရီကိုတော့ . . .ချစ်ပါသည်။

သို့သော် . . .





တကယ်ချစ်သော၊ ချစ်သူတစ်ယောက် ဖြစ်နေချင်ပါသည်။

❋

တတိယနှစ် စာမေးပွဲကို၊ ကျွန်တော် အထူးဖြေဆိုနိုင်ခဲ့သည်။ ဂုဏ်ထူးတန်းဆက်တက်ခွင့်ရလိမ့်မည်. . .ဟုလည်း၊ ခိုင်မာစွာ ယုံကြည်ထားသည်။ သီတာရီနှင့် သူငယ်ချင်းများလည်း၊ ဖြေဆိုနိုင်ပေလိမ့်မည်။ စာမေးပွဲဖြေဆိုနေစဉ် တလျှောက် လုံး၊ ကျွန်တော့် အင်္ကျီအိတ်အတွင်း၊ သီတာရီ လက်ဆောင်ပေးခဲ့သော . . .၊ ကျွန်တော့်ဘဝတွင် ဘယ်တော့မှ ပျောက်ဖျက်ပစ်၍ ရမည် မဟုတ်သော . . .နာရီဘော့ပင်လေးကို၊ ထည့်သိမ်းဖြေဆိုခဲ့၏။ စိတ်ထဲတွင်အနားမှာ သီတာရီ ရှိနေသည်. . .ဟု၊ ခံစားရသေးသည်။

❋

"သား နာမည် နိုင်သူရလားကွဲ့"

နောက်ဆုံးဘာသာ မဖြေဆိုမီတစ်ရက်က၊ အပန်းဖြေ ရိပ်သာတွင်၊ ထိုင်နေသော ကျွန်တော့်အနီးသို့၊ သီတာရီ၏ မိခင်က . . .ဘောက်(စ)ဝက်ဂွမ်ကားအဝါလေးဖြင့်၊ ရောက်ရှိ လာသည်။ ကားပေါ်မှဆင်းလာပြီး ကျွန်တော့်အား၊ ပြုံးလျက် မေးမြန်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကျွန်တော်လည်းသိမ်မွေ့စွာ ကြိုးစား ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ အန်တီ . . .။ ကျွန်တော် နိုင်သူရပါ"

"သား . . .ဒီမှာ၊ ဘာလုပ်နေတာလဲဟင်"

သီတာရီ့ကို စောင့်နေတာ. . .ဟု၊ ပြောလျှင်လည်း မမှန်ကန်။ သီတာရီ မြင်သာအောင် ရပ်နေတာဟု ပြောလျှင် လည်း၊ အဓိပ္ပာယ်လွဲမှားသောအတွေးမျိုး၊ တွေးမှတ်သွားနိုင်၏။

"သူငယ်ချင်းတွေကို စောင့်နေတာပါ"

"စာမေးပွဲ ဖြေနိုင်လား"

ကျွန်တော် . . .ခေါင်းညိတ်၏။ "မနက်ဖြန် ဖြေပြီးရင် ပြီးပြီနော်" . . .ဟု၊ စကားဆက်သည်။ ကျွန်တော် "ဟုတ်ကဲ့" သည်။

"အန်တီ့နာမည်·ဒေါ်ရီရီခင်ပါ။ သား . . .အန်တီ့ကို သိလား"

"သိပါတယ် အန်တီ။ အန်တီက သီတာရီရဲ့ အမေ"

ခေါင်းတဆတ်ဆတ်ညိတ်လျက်၊ ရင်သွေးငယ်ကိုကြည့်သော မိခင်တစ်ယောက်၏မျက်လုံးမျိုးဖြင့်၊ ကျွန်တော့်ကို ကြည့်၏။

"သားနဲ့





အန်တီ့သမီး သီတာရီ၊ မနက်ဖြန် ချိန်းထားတယ်ဆို"

"ဟုတ်ကဲ့" တစ်လုံးတည်းဖြေရုံဖြင့်၊ မပြည့်စုံစေနိုင်သော မေးခွန်း။

"ဟုတ်ပါတယ် အန်တီ။ ဒါပေမဲ့ ချိန်းထားတယ်ဆိုတာ၊ မရိုးမသား ချိန်းထားတာမျိုး မဟုတ်ပါဘူး။

ကျွန်တော်နဲ့ သီတာရီနဲ့က၊ သူငယ်ချင်းတွေပါ။ အန်တီက . . .ယောကျ်ား လေးသူငယ်ချင်း မထားရဘူးဆိုလို့၊ ကျွန်တော်တို့ အန်တီ့စကားကို နားထောင်ခဲ့ပါတယ်။

ကျွန်တော်တို့နှစ်ယောက်၊ မတွေ့ရတာကြာပါပြီ။ မနက်ဖြန် ဖြေပြီးရင်၊ ကျောင်းတွေပိတ်တော့မယ်။ သူငယ်ချင်း နှစ်ယောက် နှုတ်ဆက်ကြရုံ၊ သာကြောင်းမာကြောင်း ပြောရုံပဲ၊ ချိန်းထားတာပါ။ အန်တီ မနှစ်သက်ဘူးဆိုရင်၊ ကျွန်တော် သီတာရီ့ကို မနက်ဖြန်၊ လာမတွေ့ပါဘူး"

"မဟုတ်ဘူးသား။ အန်တီ တွေ့ခွင့်ပေးပါတယ်။ သားကို . . .အန်တီ . . .။



www.burmeseclassic.com

www.burmeseclassic.com



အန်တီ့အကြောင်းနည်းနည်းပြောချင်တယ်။ သား . . .နားထောင်မလား"

"ပြောပါ . . .အန်တီ။ ကျွန်တော် နားထောင်ပါ့မယ်"

သားရေလက်ပွေ့အိတ်ငယ်ကို . . . ရင်တွင်ပိုက်သည်။ ဖြူဝင်းသောမျက်နှာသည် ရွှေကိုင်းမျက်မှန်နှင့် ဝင်းပလျက်ရှိသေး၏။ သီတာရီသည် အမေတူ . . .သမီး။

"အန်တီက. . .၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ခဲ့တာ။ သီတာရီ . . .ငယ်ငယ်လေးမှာပဲ၊ အန်တီ နောက်အိမ်ထောင်ပြုခဲ့တယ်။

တိုတိုပြောရရင်ကွယ်။ အန်တီ့အိမ်ထောင်ဘက်က သမီးကို၊ သမီးအရင်းလေးလို ချစ်တာအမှန်ပဲ။

ဒါပေမဲ့ သမီးရဲ့ဘဝအတွက် ထိမ်းမြားခြင်းလျှင်ဆိုတဲ့ ဝတ္တရားကို အန်တီ၊ စိတ်ချလက်ချ ကျေပွန်ခဲ့ချင်တယ်။

အဲ့ဒီတာဝန် မကျေပွန်ခင်၊ အန်တီ . . .မျက်စေ့မှိတ်သွားခဲ့ရင်၊ သမီးလေးရဲ့ဘဝ ကို . . .အခုလက်ရှိဖခင်က၊ အန်တီ့လောက်





မစီမံနိုင်မှာစိုးတယ်။ အဲဒါကြောင့်၊ အရွယ်ရောက်ခါစ, ကတည်းက အန်တီက . . . အဲ့ဒီကိစ္စကို၊ စောစောစီးစီး စီစဉ်ခဲ့ရတယ်။

ဘယ် သားသမီးကိုပဲဖြစ်ဖြစ်၊ မိဘက, ဘယ်အရွယ်ပဲရောက်ရောက်၊ ကလေးလေးလိုပဲ မြင်နေချင်တာပါကွယ်။ ဒါပေမဲ့. . .အဲဒီလို မြင်နေရုံနဲ့ မပြီးဘူးလေ။

အခု. . .သမီးရဲ့လက်ရှိ ဖခင်ဟာ၊ သူ့. . .အဖေအရင်းဖြစ်ခဲ့ရင်၊ သမီးလေးရဲ့ အိမ်ထောင်ရေးကို၊ အန်တီ . . .စောစောစီးစီး စီစဉ်မှာ မဟုတ်ပါဘူး။ အန်တီ ပြောတာ သား . . .သဘောပေါက်လား"

ကျွန်တော် ခေါင်းညိတ်သည်။ ပြီးမှ. . .

"အန်တီ့ကို ကျွန်တော် ဘာအကူအညီပေးရမလဲ။ အန်တီ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပါ။ ကျွန်တော် . . ., သူငယ်ချင်းအတွက်၊ ကျွန်တော် . . . ကူညီပါ့မယ်"

"ကျေးဇူးတင်လိုက်တာ သားရယ်. . .။ အန်တီ . . .အမှန်အတိုင်း ပြောရရင်၊



www.burmeseclassic.com

www.burmeseclassic.com



အန်တီ့သမီး သီတာရီနဲ့ သားကို၊ သူငယ်ချင်း
တွေမဟုတ်ကြမှာ စိုးရိမ်လို့ပါ"

ဟန်ဆောင်ပြုံးကို၊ ပီပြင်စွာ ပြုံးလိုက်ရသည်။

"တကယ့် သူငယ်ချင်းတွေပါ . .
အန်တီ။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက်
သွားသွားလာလာ ခင်ခင်မင်မင် နေမိတာ တော့
အမှန်ပဲ။ အန်တီ . . .စိတ်မချမှာစိုးလို့၊
အထင်လွဲမှာစိုးလို့၊ မခေါ်မပြောဘဲ နေခဲ့တာ
ကြာလှပြီ . . .အန်တီ"

"အခုလိုကြားရတာ၊ အန်တီ စိတ်
မကောင်းပါဘူးကွယ်။ သမီးကို မေးတယ်။
သမီးက . . .သူငယ်ချင်းပါ. . .လို့ ပြောသေး
တယ်။

နောက်တော့ . . .။ အန်တီ မေးပါ
များတော့၊ ထင်ချင်သလို ထင်ပါတော့ . . .
တဲ့။ အဲဒီမှာ . . .အန်တီ ပိုပြီး စိုးရိမ်သွား
တော့တာပဲ"

ခပ်လှမ်းလှမ်းတွင် ရပ်ထားသော အဝါရောင် ဘောက်(စ)
ဝက်ဂွမ်ကားပေါ်၌၊ သီတာရီကို မတွေ့ရ။ ဒေါ်ရီရီခင်က၊ သူ့ . .
ကိုယ်တိုင် ကားမောင်းလာဟန်တူသည်။ သီတာရီ့ ကို





တစ်နေရာရာမှာ စောင့်နိုင်းပြီး၊ ကျွန်တော်နှင့်စကားဆိုပြီးမှ
ဝင်ခေါ်မည် . . .ဟု၊ ခန့်မှန်းကြည့်ရ၏။

"ဖြစ်နိုင်ရင်၊ သမီးလေးကို ကျောင်း
ပြီးတော့မှ၊ အိမ်ထောင်ပြုပေးချင်တာ"

ရင်တွင် တလှပ်လှပ်ဖြစ်လာ၏။

"ဒါပေမဲ့ အန်တီက, ကျန်းမာ
ရေးကျဆင်းနေပြီ။ အဲဒါကြောင့် . . ., သမီးကို၊
ဒီ. . .အတောအတွင်း အိမ်ထောင်ပြု
ပေးလိုက်တော့မလို့။

သားတို့ . . .သူငယ်ချင်းတွေနဲ့
စိတ်မချလွန်းလို့ ဒီလို စီစဉ်ရတာ မဟုတ်ဘူး
နော် . . .သား။ အန်တီ ခန့်မှန်းထားတဲ့
အချိန်မရောက်ခင်၊ အန်တီ တစ်ခုခုဖြစ်သွား
မှာ စိုးလို့။ အမြန်စီစဉ်ဖို့ ဆုံးဖြတ်လိုက်တာ
ပါ"

ခိုင်လုံသော . . . အကြောင်းပြချက်။
ညင်သာသော . . . အဟန့်အတား။
ထိမိပါးလှပ်သော . . . စကား နံ့ရှံ။

"အဲဒီတော့၊ အန်တီ့ကို သား တစ်ခု
ကူညီပါ။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် . . .သမီးနဲ့တွေ့ရင်၊ သူ . . .အိမ်ထောင်ပြုဖို့၊ သားက၊ ကူပြောပေးပါလား"

မျက်လုံးတရွှေ့စာမျှ၊ အမူအရာမပျက်အောင် နေရသောဒုက္ခက၊ ကြီးမားကျဉ်းကျပ်လွန်းလှ၏။

"သီတာရီက၊ အန်တီ့စကားကို မလိုက်နာဘူးလား". . .ဟု၊ ကျွန်တော် မေးမိသည်။

"သမီးက။ ကျောင်းပြီးမှ၊ စီစဉ်ဖို့ ပြောတယ်။ အန်တီက . . .ဒီ့ရက်ပိုင်းအတွင်း အမြန်ဆုံးစီစဉ်ချင်တာလေ။

သမီး လက်မခံရင်လည်း၊ အမေ တစ်ယောက်အနေနဲ့။ မဖြစ်မနေစီစဉ်ရမှာပဲ၊ ဒါပေမဲ့ . . .သားတို့ သူငယ်ချင်းတွေက၊ ဖေးဖေးမမ . . .ကူပြောကြလို့၊ သမီးက၊ လိုလိုလားလား၊ ခေါင်းညိတ်လိုက်ရင်တော့ အန်တီ . . .ပိုပြီး ပျော်ရတာပေါ့သားရယ်။ ပိုပြီး . . .စိတ်ချမ်းသာတာပေါ့"

ချစ်သူနှင့် အမြန်ဆုံးဝေးအောင်၊ ကိုယ့်ကိုယ်တိုင် စီရင်ချက်ချရတော့မည့်၊ ဘဝ ဝဋ်ဒုက္ခဆိုးသည်၊ မည်သည့်သံသရာ ၏.





. .ကြွေးမြီများပါလိမ့် . .ဟု၊ ကြေကြေကွဲကွဲ၊ တွေးတော မိသေး၏။ သို့သော် . . .ကျွန်တော့် အမူအရာ မပျက်။

"စိတ်ချပါ၊ အန်တီရယ်။ အန်တီ စိတ်ချမ်းသာရမှာပါ။ သီတာရီက အန်တီ့ကို ချစ်ပါတယ်။ ကျွန်တော် . . .ကူမပြောရင်တောင်၊ သူက. . .အန်တီ့စကားကို နားထောင်မှာပါ"

"အေးကွယ်။ ကျေးဇူးပါပဲ။ မနက်ဖြန် .အန်တီ စိတ်ချပါရစေနော်. . .သား။ ပြီးတော့ . . .သားကို အန်တီ လာတွေ့တာ၊ သမီး. . .မသိစေချင်ဘူး"

ကျွန်တော် . . .ခေါင်းညိတ်လိုက်ရသည်။ "ဟုတ်ကဲ့" . . .ဟု၊ ပြုမည့်အသံသည် မူမမှန်နိုင်မည် စိုးရ၏။

"ဒါဆို . . .အန်တီ့ကို ခွင့်ပြုပါဦး။ စာမေးပွဲကိုလည်း၊ ဂရုတစိုက်ဖြေနော် . . . သား"

ခေါင်းကို အလျင်အမြန် ညိတ်ပြလိုက်ရပြန်၏။ ကားရပ်ထားရာသို့ ဒေါ်ရီရီခင် ထွက်ခွာသွားသောအခါ။ သူ . . . ထွက်ခွာရာသို့ ကျွန်တော် မျက်နှာမမူမိတော့။ လွယ်အိတ်ထဲမှာ ဟိုဟာရှာသလိုလို . . .ဒီဟာရှာသလိုလို ပြုမူနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားစက်နှိုးသံကြားရ၏။ မည်သည့်ဘက်သို့ ကွေ့ဝင်သွားမည်ကိုပင်၊ လှမ်းမကြည့်လိုတော့ပေ။

※ ※ ※



## ( ၂၄ )

မနက်ဖြန်. . .ဟု၊ ကျွန်တော် ကြုံတွေ့ရမည့် မနက်ဖြန်သည်၊ နောက်ထပ်ကြုံတွေ့ရင်ဆိုင်ရဦးမည့်. . .တိကျစွာ ရေတွက်မပြနိုင်အပ်သော၊ အခြားမနက်ဖြန်ပေါင်းများစွာကို၊ ကိုယ်စားပြုနေမည်ကို၊ ကျွန်တော်သာမက၊ သူငယ်ချင်းတွေ လည်း၊ ခန့်မှန်းသိထားကြပေမည်။

သူငယ်ချင်းတွေနှင့် တွေ့သောအခါ၊ ကိုလူနိုင်နှင့် ပြောဆိုကြုံတွေ့ခဲ့သည်ကိုလည်းကောင်း၊ သီတာရီ၏မိခင် ဒေါ်ရီရီခင် နှင့် ကြုံဆုံကျဉ်းကျပ်ခဲ့သည်ကိုလည်းကောင်း၊ စိတ်မကောင်း ခြင်းကြီးစွာ ကျွန်တော် ပြောပြဖြစ်၏။

မနက်ဖြန်ဖြေဆိုမည့် ဘာသာရပ်ကို၊ ကျက်မှတ်ပြီး၊ ခေတ္တအနားယူစဉ်တွင်၊ သူတို့မေးသဖြင့်၊ ကျွန်တော် ပြောပြဖြစ်ခြင်းဖြစ်၏။ ထိုသို့ပြောပြ . . .ရင်ဖွင့်ရခြင်းအတွက်၊ ကျွန်တော် စာကျက်မပျက်။ စိတ်အနှောက်အယှက် မဖြစ်။ အသည်းနှလုံး၏ထောင့်တစ်နေရာတွင်မူ၊ တစ်စုံတစ်ဦးက၊ ထို. . .အသည်း

www.burmeseclassic.com

www.burmeseclassic.com



နှလုံး၏ အညှာအားဆုတ်ကိုင်ဖျစ်ညှစ်ထားသကဲ့သို့၊ နင့်နင့် နာနာ ခံစားနေရသည်ကိုတော့. . .၊ ရင်မဖွင့်ဟချင်သော်လည်း၊ ကိုယ့်ကိုကိုယ်သိနေရသည်။ တစ်ခါတစ်ရံ၊ အသက်ရှူပင် မဝချင်။

"ဘာပဲဖြစ်ဖြစ်။ မင်း . . .သီတာရီ
ကို မနက်ဖြန်သွားတွေ့မှာပဲ မဟုတ်လား"

စိုးမိုးကျော်၏အမေးကို၊ "အင်း" . . .ဟု၊ ကျွန်တော် ဖြေလိုက်သည်။ ညဦးနက်ပြီဖြစ်သဖြင့်၊ စိုးမိုးကျော်၏ မိဘ,တွေ အိပ်မောကျနေပြီဖြစ်၏။

ရွှဲဝံကျော်က ဘုရားစင်အောက်။ ကျွန်တော်က, ခြေရင်း ဘက်ပြတင်းတံခါးအနီး။ စိုးမိုးကျော်က . . .အိမ်ရှေ့သို့ မျက်နှာ ပြုထားသော၊ ခုံတန်းလျားရှည်တွင်၊ နေရာပြုလျက်၊ ကိုယ်စီ စာကျက်နေခဲ့ကြသည်။

စိုးမိုးကျော်၏ အမေ . . .တည်ခင်းပေးထားသော၊ လက်ဘက်သုပ်ကို စားကြမည့်အခါမှာတော့ . . .စိုးမိုးကျော်၏ ခုံတန်းလျားပေါ်သို့၊ ရွှဲဝံကျော်နှင့်ကျွန်တော်၊ ကူးသန်းခဲ့ကြရသည်။ ရွှဲဝံကျော်က ရေနွေးပူကို ရှူးကနဲတစ်ကြိုက်သောက် ပြီး . . .

"မင်း . . .သီတာရီ့ကို၊ မနက်ဖြန်
ဘာပြောမလဲ"

"နင်. . .စာမေးပွဲ ဖြေနိုင်လား။
ငါတော့ဖြေနိုင်တယ်. . .လို့၊ ပြောမှာပေါ့"





"မနောက်နဲ့ ဟော့ကောင်။ ငါ. . .
တကယ် ခံစားပြီးမေးနေတာ။ မင်းကိုကြည့်
ရတာ. . .၊ သိပ်ပြီးစိတ်မကောင်းဖြစ်မယ့်ပုံ
မပေါ်ဘူး။ ခံနိုင်ရည်တွေ ကြီးမားနေတာလား"

ကျွန်တော်ပြုံးနေလိုက်သည်။

မည်၍မည်မျှ ခံစားရကြောင်း ပြောပြရမည်ဆိုလျှင်၊ အချိန်များစွာ ယူ၍ပြောပြမှ၊ သူတို့မြင်သာပေလိမ့်မည်။

"ဟော့ကောင်။ ပြောစမ်းပါကွာ။ မင်း
. . .မနက်ဖြန်၊ သီတာရီ့ကို၊ ဘာပြောမယ် . .
.စိတ်ကူးထားလဲ။ မင်း. . .စကားမှားမှာစိုးလို့၊
ငါ. . .မေးနေတာ"

ကျွန်တော် . . .လက်ဘက်တစ်ဇွန်းနှိုက်စားလိုက်သေး သည်။ ပြီးမှ. . .အိမ်ရှေ့အမှောင်သို့၊ ငေးကြည့်ရင်း. . .

"မကြာခင်၊ ခရီးထွက်တော့မယ့်သူ
ကို၊ နောက်ဆံမတင်းစေမယ့် စကားမျိုး . . .။
ပြောမှာပေါ့"

"သီတာရီက၊ ဘယ်ခရီးထွက်မှာ မို့လို့လဲ" . . .ဟု၊ ရွှဲဝံကျော်က၊ နားမရှင်းဟန်ဖြင့် မေးသည်။

"အိမ်ထောင်ရေးခရီး။ . . . ။ အဲဒီ
ခရီးကို၊ ကိုလူနိုင်နဲ့လက်တွဲသွားဖို့အတွက်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကြောင့်၊ သူ့ကို နောက်ဆံတင်းမနေစေချင်ဘူး။ သင့်လျော်တဲ့ ခရီးမို့၊ မြန်မြန်ဆန်ဆန်သွားဖို့။ နောက်ဆံမတင်းဖို့၊ ငါ. . .ပြောမယ်"

သတိထားပြောသည့်ကြားက၊ စကားအဆုံး၌၊ လည်ချောင်းတွင်၊ အသံနင်သွားရသေး၏။

"မင်း. . .၊ သီတာရီ့အမေကို၊ စိတ်ချပါ. . .အန်တီလို့ ပြောလိုက်တာ။ တကယ်ပြောလိုက်တာပေါ့။ ဟုတ်လား"

"အင်းလေ။ ဟုတ်တယ်"

ရွှဝံကျော့် မျက်နှာရှုံ့မဲ့သွား၏။ ပြီးနောက် . . .တည်တည်တင်းတင်းဖြစ်သွားပြန်သည်။

"မင်း . . .။ သူ့ကို ချစ်တယ်လို့တောင် မပြောတော့ဘူးလား"

ကျွန်တော် ခေါင်းရမ်းပြလိုက်၏။

"ပြောသင့်တယ်ကွ။ မင်းအပေါ်၊ သီတာရီ သံယောဇဉ်ကြီးတာ။ ငါတို့ အားလုံးသိတယ်။

သူ. . .အိမ်ထောင်ပြုရမယ်ပဲထားပါ။ မင်းက. . .သူ့ကို ချစ်တယ်လို့ပြောလိုက်တာနဲ့။ အဲဒီကိစ္စကြီး၊ ပျက်သွားမှာမှ၊





မဟုတ်ဘဲ"

ရွှဝံကျော်၏. . ., စိတ်မကောင်းစွာပြောသော . . .စကား။

"နိုင်သူရ . . .ငါ့ကို ချစ်နေတာပါလား။ ငါ့ကိုချစ်နေလျက်နဲ့၊ ငါ. . .သူနဲ့ဝေးရတော့မှာပါလား . . .လို့ တွေးပြီး၊ သီတာရီ စိတ်မကောင်းဖြစ်မှာ . . .၊ ချီတုံ ချတုံဖြစ်မှာ၊ ငါ. . .မလိုလားဘူး ရွှဝံ"

"သီတာရီက၊ မင်းဆီက ချစ်စကားကိုကြားရမှ စိတ်သက်သာရာ ရမယ်ဆိုရင်ကော . . ."

ကျွန်တော့်မျက်နှာ . . .ကြမ်းပြင်ပေါ်သို့ စိုက်ချလျက်–

"ငါ. . .အဲဒီလောက်အထိ၊ သီတာရီ့အပေါ် လျှော့တွက်မထားဘူးလေ"

စိုးမိုးကျော်က . . .

"မင်း. . .သူ့ကို၊ ခင်မင်ခွင့်ရရချင်း၊ ရည်းစားစကားပြောလိုက်ရင်၊ အခြေအနေတစ်မျိုးပြောင်းသွားနိုင်မလား"

"မပြောင်းနိုင်ဘူး။ ငါ. . .ပြောပြီးပြီပဲ။ ဟိုတုန်းက . . .ချစ်စကား မပြောခဲ့တာ၊ ခင်မင်မှုပျက်မှာစိုးလို့။ အခု. . .မပြောဖြစ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးရဲ့ အနာဂတ်တွေ၊ ပျက်
သွားမှာစိုးလို့"

"အခု . . .သူများနောက်ကို၊ ပါသွားတော့မယ်လေ" . .
.ဟု၊ ရူဝံကျော်က၊ အသံကိုနှိမ့်လျက် အားမရစွာပြော၏။

"သူ တစ်ပါးနောက်ကို၊ ပါသွား
အောင်၊ ငါ. . .အနစ်နာခံနေတာ မဟုတ် ဘူး
ရူဝံကျော်ရဲ့။

ငါ့ ကိုယ်တိုင်ကိုက၊ သူတစ်ပါးလို
တာဝန်မှ မယူနိုင်သေးဘဲ။

တစ်ဘဝလုံးကို တာဝန်မယူနိုင်
သေးဘဲနဲ့၊ ချစ်တယ် ဆိုတဲ့၊ စကားတစ်ခွန်း
တည်းကို သူတစ်ပါးအနောက်အယှက်
ဖြစ်အောင် ငါ. . .မပြောချင်တော့ဘူး"

"သီတာရီက မင်းကို ဘာကြောင့်၊
တွေ့ချင်တာလဲ။ မင်း. . .မစဉ်းစားမိဘူး လား"

ချစ်သူ့ရင်ထဲသို့၊ ချစ်နေသောသူက . . .မှန်းဆ၍ မြင်နိုင်
စွမ်းသည်။

"ဘာ . . .စဉ်းစားစရာလိုလဲကွာ၊
မတွေ့ကြရတာကြာလို့၊ စကားတွေ ဖောင်
ဖွဲ့မလို့နေမှာပေါ့"





စိုးမိုးကျော်၏ သက်ပြင်းချသံကို ကျွန်တော်ကြားရ၏။

"မင်းကို . . .

သီတာရီက၊ ချစ်ခင်နှစ်သက်နေ
တယ်ဆိုရင်၊ မင်း . . .ဘယ်လိုလုပ်မလဲ
နိုင်သူရ။ ဘယ်လိုနှစ်သိမ့်မလဲ"

ကျွန်တော် အသံနှိမ့်လျက်၊ ဟက်ဟက်ပက်ပက် ရယ်
လိုက်၏။ တမင် . . .ပြုသော အရယ်အမော။

"မင်း. . .ဘာရယ်တာလဲ"

"ဩော် . . .။

မုန့်ဆီကြော်က ဘယ်လိုနေမှန်း
မသိဘူး။ နှုတ်ခမ်းနာနဲ့တည့်ပါ့မလား. . .
ဆိုတာမျိုး၊ ဖြစ်နေလို့၊ တွေးပြီး ရယ်မိတာ ပါ။
ဟား . . .ဟား . . ."

စိုးမိုးကျော် ကျွန်တော့်ပခုံးကို ပုတ်သည်။

"ထားပါတော့။ မနက်ဖြန် . . .
သီတာရီ့ကို၊ မင်း . . .ဘာပြောပြော
မပြောပြော။ ငါတို့ မသိချင်တော့ဘူး။ ဒါပေမဲ့
. . .တစ်ခုတော့၊ သိချင်တယ်။ သီတာရီက၊
မကြာခင်၊ အိမ်ထောင်ပြုရတော့ မှာ။ အဲဒီကိစ္စနဲ့
ပတ်သက်ပြီး၊ မင်း . . .ရင် ထဲမှာ ဘာမှ၊



www.burmeseclassic.com

www.burmeseclassic.com



မခံစားရဘူးလား။ ဘာမှ မဖြစ်ဘူးလား။

အဲဒါကို၊ ငါ, သိချင်တယ်။ မင်း

အမှန်အတိုင်း ပြောစေချင်တယ်။ ဖြေ. . .။ မင်း

. . .ဘယ်လိုမှ မခံစားရဘူးလား"

တဲ့.ပြန်စကားကို ချက်ချင်းမဆိုဖြစ်။

ကျွန်တော် စက္ကန့်များစွာ ငြိမ်သက်သွားရသည်။ ည. . ဝန်းကျင်တွင်၊ မည်သည့်အသံမျှ၊ မကြားရတော့လောက်အောင်၊ ခေတ္တတိတ်ဆိတ်သွား၏။

ထိုခဏအတွင်း၊ ကျွန်တော့်ရင်ထဲ၊ အောင့်တက်လာ သည်။ အသက်ကို တစ်ဝ, ရှူသွင်းလိုက်ခါမှ၊ သက်သာသလို ရှိ၏။

"ငါ. . ."

မျက်ဝန်း၌ စပ်ဖျဉ်းလာသည်။ ထို့ကြောင့် . . .မျက်ရည်ဟူသောအရာ ကင်းမဲ့သွားစေရန်၊ မျက်တောင်ကို သုံးချက်မျှ၊ ဖိခပ်ပစ်လိုက်၏။ နှလုံးသား၏အခြေအနေကို၊ မျက်လုံးတွေက ဖော်ကောင်လုပ်တော့မည့်ဘေးမှ၊ ကင်းဝေးသွားသောအခါတွင်မှ၊ စကားကို ဟန်မပျက်၊ ပြန်ဆက်ရ၏။

"ငါ . . .,

ရင်. . .ကွဲမတတ်၊ ခံစားရတယ်

သူငယ်ချင်း"

စိုးမိုးကျော် ထိုင်ရာ,မှထ,၏။ ပြီးနောက် . . .ကျွန်တော့် ကို၊





ကျောခိုင်းလျက် . . .

"အေး။ ငါတို့လည်း ခံစားရတယ်။ စိတ်မကောင်းဘူး။ မင်း. . .ပြောတာတွေကို လည်း၊ နားလည်တယ်။ လက်ခံတယ်။

သီတာရီလည်း တစ်ခုခုတော့ ခံစားရမှာပဲ၊ မိန်းကလေးအချင်းချင်း၊ ဖွင့်ဟထားတဲ့ စကားအသွားအလာတွေကို၊ သင်းသင်းကျော်ကတစ်ဆင့်၊ ငါ. . .တို့ ကြားသိထားတာပဲ။

အဲဒီတော့ကွာ။ ခံစားရတဲ့ သူအချင်းချင်း၊ သက်သောင့်သက်သာဖြစ်အောင်တော့၊ မင်း . . .တစ်ခုခု၊ ပြောခဲ့စေချင်တယ်"

ပြောပြီး၊ ကျွန်တော့်ဘက်သို့လှည့်၏။ ကျွန်တော်က–

"ချစ်တယ်ဆိုတဲ့ စကားကိုတော့၊ ငါ. . .မပြောချင်ဘူး စိုးမိုးကျော်။ အဲဒီ့ စကားကြီးက၊ အခု သက်သာပေမယ့်၊ နောင် . . . မသက်သာမယ့် စကားကြီးကွ။

ယားနာပေါက်တဲ့သူက၊ ရောဂါသည်းနေတဲ့အချိန်မှာ၊ အဲဒီ့ယားနာကို၊ ဝါးကျောနဲ့ပဲခြစ်ရ၊ ခြစ်ရ။ လက်သည်းနဲ့ပဲ ကုတ်ရကုတ်ရ။ သူ . . .ကုတ်မှာပဲ။ လော



www.burmeseclassic.com

www.burmeseclassic.com



လောဆယ် အယားသက်သာတာကိုး။

လောလောဆယ် ဝေဒနာသက်သာ
ဖို့အတွက်၊ တွေ့ရာထင်ရာနဲ့၊ ကုတ်ခြစ်ခဲ့သမျှ
နောက်နောင်သတိထားကြည့်လိုက်မိတော့၊
အဲဒီယားနာအပြင်၊ တခြားနီးစပ်ရာ နေရာ
တွေမှာ သွေးတွေ ချင်းချင်းနီနေတာကို၊
တွေ့ရမှာအမှန်ပဲ။

ယားယံတဲ့ဝေဒနာကို၊ ဘာနဲ့မှ
မကုတ်မခြစ်ဘဲ အောင့်အည်းပြီး၊ ခံလိုက်ရင်၊
သွေးကွေ့အိုင်ထွက်လာမှာ မဟုတ်ဘူး။
ကုတ်ဖဲ့တာဟာ . . .အယားသက်သာ
သလိုလိုပဲ ရှိတာပါ။ တကယ့်အနာပျောက်
တဲ့ဆေးနည်းမှ မဟုတ်ဘဲ။

သီတာရီ့ကို၊

ချစ်တယ်. . .လို့၊ ငါ ပြောလိုက်လို့
လောလောဆယ်၊ ခွဲခွာခံစားရမယ့် ဝေဒနာ၊
သက်သာသလိုလိုရှိနိုင်ပေမယ့်၊

နောင်. . .တစ်ချိန်၊ သတိရတဲ့အခါ
တိုင်း မသက်မသာခံစားရမယ့်၊ စကားမျိုး
ဖြစ်နေတယ်။ နောင်တစ်ချိန်၊ သွေးချင်းချင်း





နီအောင် လောလောဆယ် ဝါးကျောနဲ့
ကုတ်ခြစ်လိုက်တာမျိုးဖြစ်နေတယ်ကွ"

စိုးမိုးကျော်၊ ကျွန်တော့် နံဘေးမှာ ပြန်ထိုင်၏။

"ဆေးမတွေ့မချင်း၊ အော်ဟစ်
ငြီးငြူပြီး၊ မခံမရပ်နိုင်လောက်အောင်၊ ခံစား
နေရတာထက်စာရင်၊

လောလောဆယ် သက်သာဖို့ကို
ထည့်မတွက်သင့်ဘူးလား၊ နိုင်သူရ"

"တွက်သင့်ပါတယ်။ ဒါပေမဲ့. .
ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်တဲ့ဝေဒနာကို
ကုစားဖို့က,တော့၊ အဲချိန်ဟာ . . .အကောင်း
ဆုံးသမားတော်ကြီးပဲ . . .တဲ့။

အချိန်ကြာလာတာနဲ့အမျှ ဝေဒနာ
ဟာ . . .သက်သာသွားမှာပေါ့ကွာ"

ကျွန်တော့် ပခုံးကို စိုးမိုးကျော်ဘက်၏။ ရူဝံကျော်က
လက်ဘက်သုပ်ခွဲ့ကျွေးသည်။ ကျွန်တော် ငိုချင်၏။ စာမြန်မြန်
ဆက်ကြည့်မှ ဖြစ်တော့မည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၅ )

ဘွဲ့နှင်းသဘင်ခန်းမ,ရှေ့သို့၊ သီတာရီက၊ ကျွန်တော့် ထက်စော၍ရောက်ရှိနေလေသည်။

နေ့. . .ရက်. . .လ, များစွာ၊ နီးကပ်စွာ မြင်တွေ့ခွင့် မရခဲ့သော၊ မျက်လုံးလှလှလေးကိုလည်းကောင်း၊ မျက်တောင်ကော့ကော့လေး ကိုလည်းကောင်း၊ နှုတ်ခမ်းပွင့်လွှာလေးကို လည်းကောင်း၊ မေးစေ့၏လက်ျာဘက်ရှိ မှဲ့နက်လေးကိုလည်း ကောင်း၊ ယခုမှ မြင်တွေ့ခွင့်ရ၏။

သီတာရီသည် အမည်နှင့်လိုက်ဖက်အောင် ရယ်မောပြုံးပြသည့်အခါ၊ အရာရာကို ငြိမ်းအေးစေ၏။ သူ. . .ပြုံးပြ သည်ကို မြင်သဖြင့်၊ ကျွန်တော့်ရင်ထဲ အေးချမ်းသည်။ ရယ်မောပြုံးရွှင်ခြင်းများ၊ ကိုယ်စီဖလှယ်ကြ၏။

"ဖြေနိုင်လား . . .သီတာရီ"

မျက်တောင်လေး ဖိခပ်လျက်၊ သူ. . .ခေါင်းညိတ်၏။

"နင်ရော ဖြေနိုင်တယ်မို့လား"

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလျက် မေးသည်။

"ဖြစ်နိုင်တာပေါ့"

ခပ်လှမ်းလှမ်းရှိ လှေခါးထစ်များအနက် . . .တတိယ မြောက်လှေခါးထစ်တွင် အတူယှဉ်၍ ထိုင်ဖြစ်ကြသည်။

"မေမေ ပါလာတယ်။ စာကြည့်တိုက် ရှေ့နားမှာ စောင့်နေတယ်"

"နင်. . .၊ ဘယ်လိုပြောပြီး၊ လာတာလဲ". . .ဟု၊ ကျွန်တော် မေးလိုက်သည်။

"နိုင်"

ပြုံးလျက်၊ ငုံ့ကြည့်လိုက်သည်။ သူ. . .မပြုံးဘဲ တစ်ချက် မျှငုံ့ကြည့်၏။ ပြီးနောက်. . .ရှေ့တည့်တည့်ရှိ၊ အဓိပတိလမ်း တဆုံးသို့၊ ငေးမောကာ . . .

"ငါနဲ့နင့်ကို၊ မေမေက. . .သမီး ရည်းစားလို့ ထင်နေတယ်ဟ။

မေမေ ဘယ်လိုပဲထင်ထင်၊ နိုင်သူရ ကို စာမေးပွဲနောက်ဆုံးနေ့မှာ၊ ခဏတော့ သွားတွေ့မယ်။ မေမေ စိတ်မချရင် . . . ခပ်လှမ်းလှမ်းက၊ စောင့်ကြည့်နေ. . .လို့၊ ငါ. . .ပြောခဲ့တာ. . ."

"အန်တီက၊ ကျန်းမာရေး ကျဆင်းနေပြီ". . .ဟူသော





သီတာရီ၏မိခင်၊ ဒေါ်ရီရီခင်၏ စကားသံကို၊ ကြားယောင်မိ၏။

"နင့် အမေ၊ နေကောင်းရဲ့လား"

"ကောင်းပါတယ်။ ဘာဖြစ်လို့လဲ"

"အသက်ကြီးလာတော့၊ ကျန်းမာ ရေးတွေဘာတွေ၊ ချို့ယွင်းလာမလားလို့၊ မေးကြည့်တာပါ"

"အမယ်လေး။ မေမေက၊ ဒေါင် ဒေါင်မြည်။ နာစေး၊ ချောင်းဆိုးတောင်၊ သိပ် မဖြစ်ဘူး။ နင်. . .ငါ့အမေကို မြင်ဖူးသားပဲ။ ငါ့ထက်တောင် သွက်လက်သေးတယ်"

အင်္ကျီအိတ်အတွင်းရှိ၊ နာရီဘော့ပင်အဟောင်းလေးကို၊ ဖိစမ်းထားရသည်။ အမှန်က,တော့၊ နှလုံးသားရှိရာနေရာသို့၊ ကျပ်သိပ်မှုဝေဒနာသက်သာအောင်၊ ရင်. . .ဖိထားရခြင်း ဖြစ်၏။

"နိုင်"

ငုံ့ကြည့်သော မျက်ဝန်းလဲ့၏၊ မျက်ခမ်းနုတို့၊ နီစပ်လာ သည်ကို၊ မြင်လိုက်ရ၏။ မျက်ရည်ဝဲတော့မည် ထင်သည်။

"ပြောလေ. . .သီတာရီ။ နင်. . . ဘာပြောမလို့လဲ"

နှုတ်ခမ်းနှစ်လွှာဖိကပ်၏။ မျက်တောင်တဖျတ်ဖျတ်ခပ် သည်။ လွယ်အိတ်ထဲမှ၊ လက်ကိုင်ပဝါ ထုတ်ယူ၏။ မျက်ရိုး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖိတို့သည်။ ပြီးမှ . . .,

"ငါ . . .အိမ်ထောင်ပြုရတော့မယ်"

ကြိုတင်သိကြားထားပါလျက်၊ တကယ်တမ်း နီးကပ်စွာ ကြားလိုက်ရသည့်အခါ နှလုံးသည်းညှာအတွင်း၌၊ ဗို၍ . . .ဗို၍၊ သာလွန်စွာ နာကျင်ရသည်။

"အေးလေ။ အဲဒါ ဘာဖြစ်လဲ။
ပြုလိုက်ပေ့ါ။ ကိုယ့်အမေ စီစဉ်တာပဲဟာ"

စကားကို၊ တမင်သွက်လက်စွာ ပြောလိုက်၏။

"ငါက . . .။ နောက်ဆုံးနှစ် ဖြေပြီး
လောက်တော့မှ၊ စီစဉ်စေချင်တာ။ အခု . . .
ငါ တောင်းဆိုလို့မရတော့ဘူး။ ငါ. . .
အိမ်ထောင်မပြုချင်သေးဘူး နိုင်ရယ်။ ငါ့ကို
အကြံပေးပါဦး။ ငါ. . .ဘာလုပ်ရမလဲဟင်"

"ငါတို့နှစ်ယောက်၊ ထွက်ပြေးကြမယ်လေ" . . .ဟု၊ အားတက်သရောပြောရဲချင်သည်။ သို့သော် . . .

သီတာရီသည်၊ ကျွန်တော် ချစ်နေခဲ့ရသော၊ ကျွန်တော့်၏ ရင်တွင်းချစ်သူဖြစ်၏။ ထို့ကြောင့် . . ., ချစ်သူအဖြစ် နှံ့မနစ် စေလို။

"ငါ. . .အကြံပေးရင်၊ နင်. . .
စိတ်ဆိုးမှာဟ"

"နင်က၊ ဘာအကြံပေးမှာလဲ"





"အမေ့စကားကို လိုက်နာလိုက်ပါ
ဟာ။ သမီးမိန်းကလေးဆိုတာ၊ မိခင်ရဲ့သွန်
သင်မှုကို၊ ပိုပြီးလိုက်နာသင့်တယ်"

"မလိုက်နာရင်ရော . . ."

တစ်ခုခုကိုမျှော်လင့်လျက်၊ ဆန့်ကျင်ဟန်ပါသော . . . မျက်နှာထားဖြင့်မေးသည်။

"မလိုက်နာရင်၊ အမေကို စိတ်
ဆင်းရဲအောင်လုပ်တာပဲပေ့ါ"

"နိုင်။ နင်နဲ့ငါနဲ့ . . .။ . . .နင်နဲ့ . .
.ငါနဲ့၊ မောင်နှမအရင်းဖြစ်ရင် သိပ်ကောင်း
မှာပဲ။

ငါသာ . . .နင့်ညီမအရင်း၊ ဖြစ်ခဲ့ရင်
. . ., အမေ. . .ကျွန်တော့် နှမကို၊
ဘယ်သူနဲ့မှမပေးစားပါနဲ့ဦးလို့၊ မေမေ့ကို . .
.နင် . . .ပြောခွင့်ရမှာပဲနော်"

"ပြောခွင့်တော့ရမှာပေ့ါ။ ဒါပေမဲ့ . .
., ငါ ပြောခွင့်ရရင်၊ မအေကို၊ ငါပြောမှာ
မဟုတ်ဘူး။ ညီမ့ကို . . .ငါ ပြောမှာ"

"ဘာပြောမှာလဲ" . . .ဟု၊ သိလိုဇောကြီးစွာသူ. . .မေး၏။

"ညီမလေး။ အမေ့စကားကို



www.burmeseclassic.com

www.burmeseclassic.com



မပယ်ကောင်းဘူး. . .လို့၊ ငါပြောမှာ”

တံတိုင်း။ စည်း။ နံရံ။ တောင်အသွယ်သွယ်။ ပင်လယ်။ သမုဒ္ဒရာ. . .။ အထပ်ထပ်ခြားနားစေလိုသော၊ ဆန္ဒမောဖြင့်၊ ပြောလိုက်ရသော . . .စကား။

“မေမေ့စကားကို၊ လိုက်နာလို့၊ ငါ . . . စိတ်ဆင်းရဲရမယ်ဆိုရင်ကော”

“မိဘက၊ သားသမီးကို စိတ်ဆင်းရဲ အောင်လုပ်တတ်တယ်လို့၊ နင် . . .ထင်နေတာလား သီတာရီ”

“ထင်တော့ မထင်ပါဘူး။ ဒါပေမဲ့ . . .,, သားသမီးတွေရဲ့ ရင်ထဲကို၊ မိဘတိုင်းကမြင်တတ်လို့လား”

“မြင်တတ်တာပေါ့ သူငယ်ချင်းရယ်။ အဲဒီလို မြင်တတ်လို့လည်း၊ မီးကို . . .မလောင်ခင်က၊ ကြိုတင်ဟန့်တားနိုင်စွမ်း တွေ မိဘ,တွေ ဆီမှာရှိတာပေါ့”

“ငါ . . .စိတ်ညစ်တယ်. . .နိုင်ရယ်”

“မိဘစကားကို ဆန့်ကျင်ရင်၊ ပိုပြီး စိတ်ညစ်ရလိမ့်မယ်။

မိခင်တစ်ယောက်က၊ သားသမီး





အပေါ်မှာထားတဲ့၊ ကြီးမားတဲ့မေတ္တာတရားကို၊ နင်. . .နှလုံးသွင်းနိုင်ရင်၊ စိတ်ညစ်တော့မှာမဟုတ်ပါဘူး”

သီတာရီက . . .,

“မေမေ၊ ငါ့ကို ချစ်တာ၊ ငါ . . . သိပါတယ်။ ဒါပေမဲ့. . .ကိုလှူနိုင်ကို၊ ငါ မချစ်တာ မေမေ မသိဘူး”

ကျွန်တော့်၊ နှလုံးသားကို ပြာမှုန်ဖြစ်သွားသည်အထိ၊ လောင်မြိုက်စေသော . . .ရင်တွင်း . . .စကား။

သက်ပြင်းမောကို ခိုးချောင်ခိုးဝှက်ဖြင့်၊ ညင်သာစွာ ချဖြစ်သည်။

ထို့နောက် . . .,

အမိပတီလမ်းဘက်သို့၊ တငေးတမောကြည့်ပြီး. .

“ငါ ငယ်ငယ်တုန်းက၊ ငါ့ အစ်မ က၊ ငါ့ကိုရာဇဝင်တစ်ခု ပြောပြဘူးတယ်။

အမည်နာမတွေ၊ နေရာဒေသတွေတော့၊ ငါမမှတ်မိတော့ဘူး။ အဖြစ်အပျက်ကိုတော့၊ ငါ. . .မှတ်မိတယ်။

တစ်ခါတုန်းက၊ တိုင်းပြည်ပြည့်ရှင်၊ ဘုရင်တစ်ပါးဟာ ညီလာခံကျင်းပတယ် . .



www.burmeseclassic.com

www.burmeseclassic.com



.တဲ့။ အဲဒီညီလာခံသဘင်မှာ၊ ဘုရင်ကြီးနဲ့အတူ၊ မိဖုရားလည်း တက်ရောက်ရတယ်။

အဲဒီမိဖုရားက၊ နို့စို့အရွယ် ရင်သွေးလေးကိုရင်ခွင်ပိုက်ပြီး ညီလာခံတက်တယ်။ ဘုရင်ကြီးက၊ ညီလာခံမှာ မှူးမတ်သေနာပတိအပြည့်အစုံနဲ့၊ တိုင်းရေးပြည်ရာဆွေးနွေးနေတုန်းမှာ၊ မိဖုရားရဲ့ ရင်သွေးလေးက၊ နို့ဆာလို့ ငိုတယ်. . .တဲ့။ ညီလာခံလည်း အနှောက်အယှက်မဖြစ်အောင် ကလေးလည်း အငိုတိတ်အောင်၊ ပရိသတ်လူပုံရှေ့မှာပဲ၊ မိဖုရားက. . . ကလေးကို နို့တိုက်လိုက်မိတယ်. . .တဲ့။

အဲဒါကို ဘုရင်ကြီးက၊ တွေ့မြင်အမျက်ထွက်တယ်။ ပရိသတ်ဗိုလ်ပုံအလယ်မှာ၊ ကာယိန္ဒြေပျက်ယွင်းလှချေလား. . .လို့၊ မိန့်တော်မူပြီး၊ မိဖုရားအပေါ်၊ ဒေါသ, အလျှောက် အပြစ်ယူပြီး၊ တောင်စွယ်နေကွယ်ရင်၊ ကွက်မျက်စေ. . .လို့၊ အမိန့်တော်ချမှတ်လိုက်သတဲ့။

အမိန့်တော်. . .မှတ်တဲ့အတိုင်း၊ အာဏာပါးကွက်သားတွေက၊ ဆောင်ရွက်ရ





တော့တာပေါ့။

တောင်စွယ်နေကွယ်ဖို့ အချိန်နီးလာတဲ့အခါမှာ၊ ဘုရင်ကြီးက. . .၊ သူ့အမိန့်တော်ပြင်းထန်သွားပြီဆိုတာ ဆင်ခြင်မိတယ်။ ငါ့ရင်သွေးလေးကို၊ ငါ့ မိဖုရားက၊ နို့ချိုတိုက်ကျွေးတာပဲ။ ငါ့အရှက်စိတ်တစ်ခုတည်းနဲ့၊ မိဖုရားရဲ့ မိခင်စိတ်ကို မေ့လျော့မိတာပါလား. . .လို့တွေးပြီး၊ နောင်တ,ရလာတယ်။

ဒါပေမဲ့. . .၊ မင်းတို့အမျက် အပြင်အထွက်။ ထွက်ပြီးဆင်စွယ် ဝင်ရိုးထုံးစံမရှိဆိုသလို၊ မိဖုရားကို၊ မကွက်မျက်ပါ နဲ့တော့လို့၊ အမိန့်ပြန်ပြင်ဖို့က,လည်း ခက်နေတယ်။

အဲဒါကြောင့် မှူးမတ်တွေကို ခေါ်ပြီး၊ စကားပရိယာယ်နဲ့ မိဖုရားရဲ့အသက်ကို ပြန်ကယ်ဖို့ အမိန့်တစ်ခုထပ်မံ မိန့်တော်မူတယ်။

တောင်စွယ်နေကွယ်ရင်၊ အကွက်မျက်ခံရတော့မယ့် မိဖုရားကို၊ ရှိရင်းစွဲသံယောဇဉ်ကြောင့်၊ ကွက်မျက်မခံရခင်မှာ၊ လိုအင်ဆန္ဒတစ်ခုကို တောင်းစေ. . .လို့၊



www.burmeseclassic.com

www.burmeseclassic.com



မိန့်တော်မူသတဲ့။

အဲဒီအမိန့်တော်အရ၊ လူသတ်ကုန်းပေါ်မှာကားစင်အတင်ခံနေရပြီးဖြစ်နေတဲ့၊ မိဖုရားခမျာ၊ အလွန် အင်မတန်ကြည်နူးသွားတယ်. . .တဲ့။ လိုရာဆန္ဒကို တောင်းခွင့်ပြုတဲ့၊ ဘုရင်ကြီးကိုလည်း အရမ်း ကျေးဇူးတင်သွားတယ်. . .တဲ့။

အဲဒီမိဖုရားရဲ့၊ လိုအင်ဆန္ဒက၊ သူ . . .ဘာကို၊ တောင်းဆိုမယ်လို့ ထင်သလဲ သီတာရီ"

သူ့မျက်နှာကို ငုံ့ကြည့်ရင်း . . .မေးလိုက်သည်။

သီတာရီက . . .

"အသက်ဘေးမှ ကင်းဝေးစေလိုပါတယ်. . .လို့ တောင်းဆိုမှာပေါ့". . .ဟု၊ ထင်မြင်ချက်ပြု၏။

ကျွန်တော် စကားဆက်သည်။

"အဲဒီလို, သူ . . .မတောင်းဆိုသွားဘူး"

"ဟင်။ ဒါဆို . . .ဘာအခွင့်အရေးတောင်းဆိုမှာလဲ"





သီတာရီ၏မျက်နှာကို ကျွန်တော် ကြည်လင်စွာငေးကြည့်ရင်း . . .

"သူ့. . .အကွက်မျက် မခံရခင်၊ နောက်ဆုံးအချိန်လေးမှာ၊ သူ့ ရင်သွေးလေးကို နို့ချိုတိုက်ကျွေးလိုပါတယ်. . .တဲ့"

"ဟယ်"

အံ့ဩသွားသူ၏ အာမေဋိတ်ပြုသံသည်၊ အနည်းငယ်တုန်ယင်သွား၏။

• "အသက်ဘေးက လွတ်ဖို့၊ အခွင့်အရေးရတာတောင်မှ၊ အဲဒီအခွင့်အရေးကို၊ သတိမပြုမိဘဲ၊ ရင်သွေးလေးနဲ့ဆာနေတော့မှာပဲဆိုတဲ့ မိခင်ရဲ့ပူပန်စိတ်က၊ အဲဒီမိဖုရားရဲ့၊ နောက်ဆုံးလိုအင်ဆန္ဒဖြစ်သွားတာပေါ့ဟာ"

ခေတ္တမျှ၊ စကားသံတိတ်ဆိတ်သွားကြသည်။

ကျောင်းသူတစ်သိုက်၏ ရယ်မောသံကို၊ ဘွဲ့နှင်းသဘင်ခန်းမကြီး၏နံဘေးဘက်ဆီမှ ကြားလိုက်ရသည်။

"သီတာရီ . . ."

ဖျောင့်စင်းသောဆံပင်ရှည်များကို၊ ပခုံးပေါ်သို့ သပ်တင် ရင်း၊ သီတာရီ ကျွန်တော့်ဘက်သို့ မျက်နှာငဲ့၏။

"မိဘမေတ္တာ။ မိခင်မေတ္တာ ကြီးမား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာကို၊ နှင် လက်ခံရဲ့လား"

ခေါင်းညိတ်သည်။

"သဘင်သည်တွေ၊ တင်စားပြီး၊ ပြောတဲ့. . .စကား တစ်ခု ရှိတယ်။ တကယ့် ဒေသနာစကားတော့၊ မဟုတ်ပါဘူး။

ဂေါတမမြတ်စွာဘုရားတောင်မှ၊ မိခင်ရဲ့ကျေးဇူးကို နို့တစ်လုံးဖိုးပဲ ပြန်ဆပ်နိုင်တယ်. . .တဲ့။

နှင်တို့. . . .ငါတို့လို သာမာန်လူတွေအဖို့တော့၊ နို့တစ်စက်ဖိုးတောင်၊ ကျေအောင်ဆပ်နိုင်ပါ့မလား။

အခု. . .။ ကြီးမားတဲ့မိခင်ရဲ့ ကျေးဇူးကိုပြန်ဆပ်ဖို့၊ နှင်. . .အခွင့်အရေး ရနေပြီလေ"

သီတာရီ၊ မျက်ခုံးလေး တွန့်ကွေးသွား၏။

"ငါ. . .အိမ်ထောင်ပြုမယ့်ကိစ္စနဲ့၊ မေမေ့ကျေးဇူးဆပ်တာနဲ့၊ ဆိုင်လို့လား"

"ဆိုင်တာပေါ့. . .သီတာရီ။ နှင် အိမ်ထောင်ပြုဖို့ နှင့်အမေစီစဉ်တာပဲ။ နှင် . . .လိုလိုလားလား ခေါင်းညိတ်လိုက်ရင်၊ နှင့်





အမေ. . .စိတ်ချမ်းသာမှာပေါ့။

မိဘကို စိတ်ချမ်းသာအောင်၊ ပြုမူတဲ့သားသမီးဟာ၊ မိဘကို ကျေးဇူးဆပ်တာနဲ့ အတူတူပဲပေါ့. . ."

သူ့မျက်နှာကို၊ ကျွန်တော် ပြုံးလျက်ကြည့်လိုက်ရသည်။

"နိုင်ရယ် . . ."

သူ . . .မျက်ရည်ဝဲနေပြန်၏။

"နှင်. . .အဲဒါတွေလည်း . . .၊ သိထားတာပဲနော်". . .ဟု၊ ကျွန်တော့်ကို ပြောသည်။

• "ငါတို့ နှင်တို့က၊ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေလေ။ ဘာမှ ထူးထူးချွန်ချွန် မဖြစ်ခဲ့ရင်တောင် မိဘရဲ့ မေတ္တာတရားကြီးမားတာလောက်တော့ သိထားသင့်တာပေါ့ ဟ"

သီတာရီ၏မျက်လုံးတွေ၊ အောက်ဆုံးလှေခါးထစ်ပေါ်သို့ စူးစိုက်ကြည့်နေ၏။

ကော်တွန် . . .ဟုခေါ်သော၊ လုံချည်ပိတ်သား၏ ပန်းပွင့်ဖတ်ပေါ်သို့မျက်ရည်စက်တွေ ကြွေကျလေသည်။

လက်ဖဝါးနုနုကိုလည်းကောင်း၊ လက်သည်းရှည်ရှည်လေးများကိုလည်းကောင်း၊ ဆံနွယ်စ,တို့ကိုလည်းကောင်း၊ ဖေးကူကိုင်မ,လျက်၊ အငိုတိတ်အောင်၊ နှစ်သိမ့်စေလိုသည့်



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးမျိုး၊ ကျွန်တော့် မှာမရှိ။

မျက်ရည်စီးကြောင်းတွေကို၊ စမ်းချောင်းသွယ်လေးများ ပမာ၊ ထိုင်ကြည့်ငေးမောနေရလောက်သည်အထိလည်း၊ ကျွန်တော်. . .စိတ်ထားမခိုင်မတ်။ ငိုနေသူကိုငေးကြည့်လျက် . . ., ကျွန်တော့်ရင်ထဲ ဆို့နင့်လာရသည်။

"နင်. . .ဘာဖြစ်လို့ ငိုရတာလဲ
သီတာရီ"

"ငါ . . .သူငယ်ချင်းတွေနဲ့ မဝေးချင်ဘူး". . .ဟု၊ ခေါင်းငုံ့ပင့်ရှိုက်လျက်ပြော၏။

"အိမ်ထောင်ပြုတာပဲ။ သူငယ်ချင်း
တွေနဲ့ ဝေးစရာလား။

ဝေးတယ်ပဲထားပါတော့။ သူငယ်
ချင်းဆိုတာ ဘဝတလျှောက်လုံး လက်တွဲသွား
ရမယ့်၊ ဘဝအဖော်မှ မဟုတ်ဘဲ။

အိမ်ထောင်ဘက်ကသာ ကိုယ့်ရဲ့
ဘဝကြင်ဖော်။ လက်တွဲဖော်။ အနားမှာ. .
ကိုယ့် အိမ်ထောင်ဘက်ရှိနေရင် ပြီးတာပဲ။
နင်က, ခုမှ. . .သူငယ်ချင်း မင်နေပြန်ပြီ။

ဘယ်သူငယ်ချင်းနဲ့ ဖြစ်ဖြစ်။ အချိန်
တန်ရင် ခွဲကြရမှာပါပဲ။ အစုတောင် ကျောင်း
ပိတ်ရက်။ ခွဲကြရတော့မယ်လေ"





"နိုင်"

"ပြောလေ . . . သီတာရီ"

"ငါ. . .အိမ်ထောင်မပြုရအောင်၊ နင်.
. .မကူညီနိုင်ဘူးလားဟင်"

ကြွေရှင်မိန်းကလေးတစ်ယောက်၏ လိုလားဟန်ပေးသည့်၊ စကားအရိပ်အကဲ။

သီတာရီ့ကို၊ ချီးကျူးမိသည်။ ရေလာမြောင်းပေးစကား . . .ဟု၊ ကျွန်တော် မယူဆ။ ရေလာ . . .မလာ သိစေလိုသည့်၊ အကဲခတ်စကား. . .ဟု၊ ကျွန်တော်နားလည်သည်။

"အိမ်ထောင်မပြုရအောင်တော့၊ ငါ.
. .မကူညီချင်ဘူး သီတာရီ။

အမေ့ကျေးဇူးဆပ်တဲ့. . ., အမေ့ကို
စိတ်ချမ်းသာစေတဲ့ သမီးလိမ္မာတစ်ယောက်
ဖြစ်အောင်ပဲ၊ ငါ. . .နင့်ကို၊ ကူညီချင်တယ်"

စကားဆုံးသည်အထိ၊ သီတာရီ၊ ကျွန်တော့်ကို ငေးကြည့်နေလေသည်။

"သီတာရီ။ နင့်. . .ငါ့ဆီကို
ရေးခဲ့တဲ့စာထဲမှာ . . .

နင့်ရဲ့နောက်ဆုံးအချိန်မှာ၊ နင့်
ဘေးနားမှာ ငါ. . .ရှိနေစေချင်တယ်ဆိုတာ
လေ။ မင်္ဂလာဆောင်ဖြစ်ခဲ့ရင်တောင်၊



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲရဲ့နောက်ဆုံးအချိန်အထိ၊ ငါ့ကို မြင်နေချင်တယ်ဆို။

အဲဒီ့. . .နောက်ဆုံးအချိန်တွေ အထိ၊ နင့်အနီးအနားမှာ၊ ငါ ရှိနေမှာပါ။ နင် . . .ဘာ အားငယ်စရာလိုလို့လဲ"

"ငါ. . .မပြောတတ်တော့ဘူး နိုင်ရယ်"

လက်ဖဝါးနုနုလေးဖြင့် မျက်လုံးတွေကို ဖိအုပ်ထားသည့်တိုင်၊ လက်ချောင်းသွယ်များကြားမှ မျက်ရည်တို့ စီးဆင်းရွှဲစိုနေလေသည်။

အတန်ကြာအောင် ဦးငုံ့ငိုရှိုက်သည်။ ပြီးနောက်. . ., မျက်နှာပြင်ကို လက်ကိုင်ပဝါဖြင့် သန့်စင်သည်။ ခရင်းပတ် . . .ဘူးငယ်တစ်ဘူးကို ထုတ်ယူသည်။ တို့ဖတ်ရိုက်သည်။ ဆံပင် တွေကို၊ ရှင်းလင်းသည်။ မျက်လုံးတွေကို၊ ဂရုတစိုက် မွှန်းမံ သည်။ နှုတ်ခမ်းလွှာသည်၊ နီထွေးလျက် ရှိနေသေး၏။

အင်္ကျီအောက်အနားစ,ကို ခါးဆန့်၍ဆွဲ ချသည်။ လွယ်အိတ်ကိုင်းကို ပခုံးပေါ်တင်သည်။ မကြာမီမှာ . . .သူ ထွက်ခွာတော့မှာပါလား . . .ဟု၊ သိလိုက်ရ၏။

"နိုင်. . .။ လိုရင်းပဲ မေးတော့မယ်။ လိုရင်းကိုပဲ ဖြေနော်"

ကျွန်တော် ခေါင်းညိတ်လိုက်၏။





"နင်. . .ငါ့ကို အိမ်ထောင်ပြုစေချင် ပြီလား"

"အင်း"

"အင်း" တစ်လုံးတည်းဖြင့်၊ မလုံလောက်နိုင်။ ထို့ကြောင့်–

"ဟုတ်တယ်။ နင့်ကို၊ ငါ. . .အိမ် ထောင်ပြုစေချင်ပြီ"

"ကောင်းပြီ။ ငါ. . .နင့် စကားကို နားထောင်တယ် . . .နိုင်"

ထိုင်နေရာမှ ထ,၏။ ကျွန်တော် . . .ကိုယ် မကြွဖြစ်သေး။

"ငါ. . .အိမ်ထောင်ပြုပြီးရင်၊ နင်ရော . . .ဘာလုပ်မလဲ"

မော့မကြည့်ဘဲ ပြုံးလိုက်၏။

"ငါလည်း . . .နင့်ကို အားကျမခံ၊ အမြန်ဆုံးအိမ်ထောင်ပြုမှာပေါ့ဟ"

"နင့်မှာ . . .ချစ်သူ ရှိလို့လား"

ထိုင်နေရာမှ၊ လွယ်အိတ်ကို လွယ်၍ ထ,လိုက်ပြီး . . .,

"အိမ်ထောင်ပြုတာပဲ။ ချစ်သူကိုပဲ အိမ်ထောင်ပြုရမယ်. . .လို့၊ ဘယ်သူ သတ်မှတ်ထားလို့လဲ။

ချစ်. . .ချစ်။ မချစ်ချစ်။

ဦးနှောက်နဲ့လုပ်ရမယ့် အလုပ်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုခြင်းပဲ. . .သူငယ်ချင်းရဲ့။

ချစ်သူနဲ့တဲထိုးနေတယ်ဆိုတာ၊

ရုပ်ရှင်ထဲမှာပဲခဏလောက် ကြည့်ငေးရမယ့်

ကိစ္စပါဟာ"

နှုတ်ခမ်းတစ်ချက် မဲ့သွား၏။ အပြုံးရိပ်မရှိ။ မဲ့ပြုံးမဟုတ်။ မဲ့လိုက်ခြင်းသက်သက်သာ ဖြစ်သည်။

"ကောင်းတယ်။ မှန်တယ်။

ငါလည်း. . .အချစ်မပါတဲ့ အိမ်ထောင်တစ်ခု

ကို၊ ထူထောင်လိုက်ပါ့မယ် . . .နိုင်။ ငါ. .

သွားမယ်"

"အေး"

ကျန်ရစ်ခဲ့ရသူမှာ၊ ကျွန်တော် တစ်ယောက်တည်း ဖြစ်သည်။

❋ ❋ ❋



( ၂၆ )

"သံယောဇဉ်ကို၊ အရိပ်အယောင်

တောင် မင်း . . .မပြခဲ့ဘူးပေါ့။ ဟုတ်လား

နိုင်သူရ"

"ဟုတ်တယ်။ မပြခဲ့ဘူး။ သူ့စိမ်း

တစ်ယောက်ကို အကြံပေးသလောက်ပဲ။ ငါ.

. .အေးတိအေးစက် ပြောခဲ့တယ်"

ခူဝံကျော်၏ လျှာဖျားမှာ၊ "ကျွတ်"ခနဲ တစ်ချက်မြည်၏။

"မင်းမှာ အသည်းနှလုံး မရှိဘူး

လား"

"ရှိတယ်။ အဲဒီ အသည်းနှလုံးကို

ဖနောင့်နဲ့ဖိနင်းပြီးမှ၊ ဦးနှောက်ထဲက စကား

တွေကို ငါ. . .ပြောခဲ့တာကွ"

စိုးမိုးကျော်က . . .

"ကဲပါ. . .။ ခူဝံရာ။ ဓာတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပြီးသွားပြီပဲ ခေါင်းထဲမှာ၊ အဲဒီ့ကိစ္စ
မထားနဲ့တော့"

လက်ဘက်ရည်ဆိုင်အတွင်း၊ အသံသေတ္တာမှ၊ သီချင်းသံ တစ်ခုထွက်ပေါ်လာ၏။ ထိုသီချင်းသံလာရာသို့၊ ရှုဝ်ကျော်က၊ လက်ညှိုးထိုးကာ . . .

"မပြီးဘူးကွ။ ငါတို့က လူသား တွေ။
အစွဲအလမ်း။ သံယောဇဉ်တွေနဲ့ကွ။ အခုပဲ. .
.နားထောင်ကြည့်။ စောင်း ဘောက်(စ)ထဲက
သီချင်း။ အို. . . ကြည်သာရီ။ အို. .
.ကြည်သာရီ. . .တဲ့။

နိုင်သူရ နားထဲမှာတော့၊ ဘယ်လို
ကြားမလဲ မသိဘူး။ ငါ့ နားထဲမှာတော့
သီတာရီ . . .လို့၊ ကြားနေရတယ်ကွ"

"ငါလည်း. . .မင်းလိုပါပဲကွာ". . .ဟု၊ ကျွန်တော် မပြောဖြစ်။ ကျွန်တော် . . .ပြောလျှင်၊ အပိုတွေ. . .မယုံဘူး . . . မဟုတ်ဘူး . . .ဟု၊ ငြင်းဆန်ကြပေလိမ့်မည်။

. . .အို. . .ကြည်သာရီ . . . အို.
ကြည်သာရီ . . .မင်း . . .မုန်းလေပြီ . . .

သီတာရီ. . .ဟုသာ၊ ကျွန်တော် ကြားယောင်နေလေသည်။

✻





အောင်စာရင်း ထွက်သောနေ့က၊ ကျွန်တော်တို့ သုံးယောက်ထံသို့၊ ကိုလူနိုင်နှင့် သီတာရီတို့၏ မင်္ဂလာဖိတ်စာ ကို၊ သင်းသင်းကျော်လာပေးသည်။

သီတာရီ ကျွန်တော့်ကို စိတ်ဆိုးနေကြောင်း . . . သင်းသင်းကျော်ထံမှ ကြားသိရသည်။ ဘာကြောင့်လဲ. . .ဟု၊ ကျွန်တော် မေးသည်။

သီတာရီ၏မိခင် ဒေါ်ရီရီခင်နှင့် ကျွန်တော် တွေ့ဆုံခဲ့သည့်အကြောင်း . . .ကိုလူနိုင်နှင့် တွေ့ကြုံပြောဆိုခဲ့ကြသည့် အကြောင်းတွေကို၊ သူ့အား အသိမပေးသောကြောင့်၊ စိတ်ဆိုးနေခြင်း. . .ဟု၊ သင်းသင်းကျော် ပြောပြ၏။

"အဲဒီ့အကြောင်းတွေကို၊ သူ. . .ဘယ်လိုလုပ်သိတာလဲ". . .ဟု၊ ကျွန်တော်မေးသောအခါ။ "ဘာရယ်မဟုတ်ဘူး။ ငါ . . .ပြောပြလိုက်တာ" . . .ဟု၊ သင်းသင်းကျော် ဖြေ၏။

"မင်္ဂလာမဆောင်ခင်၊ နင့်ဆီကို၊ သူ. . .လာလိမ့်မယ်". . .ဟု၊ သင်းသင်းကျော် ပြောသောအခါ၊ ကျွန်တော့်မျက်လုံး ဝိုင်းသွားရသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၇ )

"အင်္ကျီလေး ဘာလေး၊ လဲဝတ်ပါလားကွာ။ မင်္ဂလာဆောင်ထဲမှာ၊ ဂျင်းအင်္ကျီနဲ့၊ မသင့်လျော်ပါဘူး" . . .ဟု၊ စိုးမိုးကျော် ပြောသည်။

သီတာရီ၏ မင်္ဂလာလက်ထပ်ပွဲကျင်းပ,မည့် အချိန်သည်၊ နောက်ထပ်နှစ်နာရီလောက်ကြာလျှင်၊ စ,တင်တော့မည်ဖြစ်၏။ စိုးမိုးကျော်၏အိမ်သို့၊ လွန်ခဲ့သည့် တစ်နာရီလောက်ကတည်းက၊ ကျွန်တော် ရောက်ရှိနေခဲ့၏။ ရူပံကျော်လည်း၊ ကျွန်တော်နှင့် မရှေးမနှောင်း ရောက်ရှိလာခဲ့သည်။ သူတို့နှစ်ယောက်က,တော့ တိုက်ပုံအင်္ကျီ ကော်လံပြတ်အင်္ကျီ. . .ရခိုင်လုံချည်တို့ဖြင့်၊ သပ်သပ်ယပ်ယပ် ဝတ်ဆင်ထားပြီးဖြစ်သည်။

"တကယ်တမ်းကျတော့၊ သီတာရီ ရဲ့
မင်္ဂလာဆောင်ကို၊ ငါ. . .။
ငါ. . .၊ သွားနိုင်စွမ်းမရှိဘူးကွ။
မသွားချင်တော့လို့ ဒီ. . .အဝတ်အစား အတိုင်း၊

www.burmeseclassic.com

www.burmeseclassic.com



ငါ. . .မင်းဆီကို ထွက်လာတာ"

"ဒုက္ခပဲ". . .ဟု၊ ရွှဝံကျော် ငြည်းတွားသည်။

"သီတာရီ မေးရင်၊ ငါတို့ဘယ်လို ဖြေရမလဲ"

မည်သို့ မှာကြားရမည်၊ မသိ။

စိုးမိုးကျော်က၊ တိုက်ပုံအင်္ကျီကို ပြန်ချွတ်သည်။ ခုံတန်းလျားပေါ်တွင် အလျားလိုက်တင်လိုက်ပြီး . . .,

"မင်း. . .မသွားရင်၊ သီတာရီ့ အမေက၊ ပိုပြီး . . .သံသယဝင်မှာပေါ့"

"သူတစ်ပါးတွေ ပျော်ပျော်ရွှင်ရွှင်၊ ကြည်ကြည်နူးနူး ဖြစ်နေတဲ့အချိန်အခါမျိုးမှာ၊ ငါ. . .၊ မျက်စေ့မျက်နှာပျက်နေမှာစိုးလို့ ပါကွာ"

ရွှဝံကျော်က . . .,

"မင်္ဂလာပွဲပြီးဆုံးတဲ့ အချိန်အထိ၊ မင်း ရှိနေမယ်လို့ သီတာရီကို မင်း . . . ပြောထားတယ်ဆို"

"ဟုတ်တယ်။ ပြောတယ်။ ဒါပေမဲ့၊ အဲဒီတုန်းက၊ ခံနိုင်ရည်ရှိမယ်ထင်လို့ ပြောမိတာ. . ."

စိုးမိုးကျော်က၊ အိမ်ရှေ့လမ်းမဘက်သို့၊ မျှော်ကြည့်ရင်း





"မဖြစ်မနေ၊ လိုက်ကိုလိုက်ခဲ့ရမယ် . . .လို့လည်း၊ ပင်းကို၊ ငါတို့ . . .မခေါ်ရက်ပါဘူး။

မလိုက်နဲ့. . .လို့လည်း၊ မပြောချင်ဘူး။ သီတာရီ့ကို မျက်နှာပူတယ်"

စိုးမိုးကျော်၏အမေ အိမ်ရှေ့ဘက်သို့ ထွက်လာသည်။

စကားစ,ဖြတ်လိုက်ကြ၏။ ရွှဝံကျော်က,ပါ၊ တိုက်ပုံအင်္ကျီ ချွတ်ထားလိုက်ပြန်သည်။

❋

မင်္ဂလာ အချိန်နီးကပ်နေပြီ. . .ဟု၊ ကျွန်တော် သိသည်။ စိုးမိုးကျော်နှင့် ရွှဝံကျော်တို့နှစ်ယောက်၊ မင်္ဂလာဆောင်သို့၊ သွားဖို့ မသွားဖို့ခက်နေလေ၏။ သူတို့နှစ်ယောက်ကို သာ၊ ကျွန်တော်သွားခိုင်းလိုက်သည်။ သူတို့မသွား။ အခမ်းအနား ပြီးခါနီးမှ၊ ကျွန်တော် လိုက်လာမည်. . .ဟု၊ ကတိပြုသည်။ သူတို့ . . .မယုံ။

ထိုစဉ် . . .,

အိမ်ရှေ့သို့ ကားတစ်စီးရပ်သည်။ သုံးယောက်စလုံး ခေါင်းထောင်ကြည့်လိုက်ကြ၏။ သင်းသင်းကျော်ကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားပြီး ဖြစ်၏။ အိမ်တံခါးဝသို့ သင်းသင်းကျော် ဦးတည်လာသည်။ သင်းသင်းကျော်၏ ခြေလှမ်းတွေ မြန်နေ၏။

"ဟဲ့။ နင်. . .တို့ မသွားကြသေး ဘူးလား"

နာရီကိုကြည့်လျက် မေးသည်။ စိုးမိုးကျော်၏ အမေက၊ နေရာထိုင်ခင်းပေးဖို့ ပြင်သည်။

"ရတယ်၊ ဒေါ်ဒေါ်။ အခု . . .ပြန် သွားမှာ။ သူ့ကိုကိုလာခေါ်တာ"

လာခေါ်မည်. . .ဟု၊ ချိန်းဆိုမထား။ "ကဲ. . .သွားကြ မယ်လေဟာ". . .ဟု၊ သင်းသင်းကျော် အသံပြုသည်။ ရွှေဝံကျော် က. . .

"ဒီမှာ။ ဒီကောင် . . ."

"ကဲပါ။ စကားအပိုတွေ ပြောမနေ နဲ့။ အရေးကြီးတယ်။ မြန်မြန်လာ။ နိုင်သူရ၊ ထ,လေ"

အိမ်ပေါ်မှထွက်ခဲ့ကြသည်။ သင်းသင်းကျော် စီးလာသော ကားအနီးသို့ ရောက်သောအခါ၊ ကားအတွင်းသို့၊ မဝင်ကြသေးမီ၊ သင်းသင်းကျော်က . . .

"နိုင်သူရ"





သင်းသင်းကျော်၏ မျက်နှာမကောင်း။

"သီတာရီ ငါ့အိမ်ကိုရောက်နေ တယ်"

လက်မှနာရီကို ကျွန်တော်ရော၊ စိုးမိုးကျော်ပါ ကြည့်လိုက် ကြသည်။ ကျွန်တော်က . . .,

"အချိန်နီးနေပြီလေ။ နင့်အိမ်မှာ . . . သူ . . .ဘာလာလုပ်နေတာလဲ။ ဘာ ပြဿနာဖြစ်လို့လဲ"

"မသိဘူး။ မေးလို့မရဘူး။ နင့်ကို ခေါ်ပေးဖို့ပဲ ပြောနေတယ်"

"ဟား။ ပြဿနာက မပြီးသေးဘူးလား". . .ဟု၊ ရွှေဝံကျော် ပြော၏။ စိုးမိုးကျော်က၊ ရွှေဝံကျော့်ပခုံးကို လှမ်းပုတ် သည်။

"အလှပြင်ဆိုင်မှာ အလှပြင်ပြီးပြီး ချင်း၊ ကားငှားပြီး ပြေးလာတာ . . .တဲ့။ သူ့ အမေတော့၊ ခေါင်းမီးတောက်နေတော့ မှာပဲဟာ"

"သူ . . .ဘာလာလုပ်တာလဲ". . .ဟု၊ တစ်ကိုယ်တည်း ငြီးတွားစဉ်းစားနေမိသည်။ ပြီးမှ . . .

"သူ့အမေကို အကြောင်းကြားလိုက်ပါလား". . .ဟု၊ လွတ်ကနဲ ပြောလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပိုဆိုး၊ ကုန်မှာပေါ့" . . .ဟု၊ စိုးမိုးကျော် ပြောသည်။ ကျွန်တော်က . . .

"နင်က။ မင်္ဂလာဆောင်ကို ပြန်သွားဖို့ မပြောဘူးလား"

"ပြောတယ်။ မသွားတော့ဘူးတဲ့။ နင်နဲ့ပဲတွေ့ချင်တယ်. . .တဲ့။ သတို့သမီး အဝတ်အစားနဲ့မို့၊ သူ. . .ကိုယ်တိုင် မလာတာတဲ့"

"နင်. . .၊ နင့်အိမ်မှာ ဘယ်သူရှိလဲ"

"ဘယ်သူမှ မရှိဘူး။ တစ်အိမ်လုံး၊ သူ့မင်္ဂလာဆောင်မှာ"

"ဒုက္ခပါပဲ သီတာရီရယ်"

"ငြိးမနေနဲ့။ အခု. . .ဘာလုပ်ကြမလဲ။ မြန်မြန်ဆုံးဖြတ်" . . .ဟု၊ ရူဝံကျော် ပြော၏။ ကျွန်တော် ခေါင်းခါသည်။ စိုးမိုးကျော်၊ ကျွန်တော့်ပခုံးကို ဖက်လိုက်သည်။ ကျွန်တော် . . . .ငိုချင်နေပြီဖြစ်၏။ စိုးမိုးကျော်က . . .

"သူငယ်ချင်း။ မင်း . . .သွားတွေ့လိုက်ပါလား"

လေးပင်စွာ ခေါင်းရမ်းလိုက်၏။

"ငါ့ စိတ်ကို၊ ငါ. . .မနိုင်ဘူးကွာ။





ဒီတစ်ခါ၊ သူ့ကို မြင်ရရင်၊ သူ့ကို နှင်ထုတ်မယ့်စကားတွေ၊ ငါ. . .ပြောထွက်တော့မှာမဟုတ်ဘူး"

မျက်ရည်မကျသေး။ မျက်ဝန်းသည် တင်းကျပ်စွာ အောင့်နေ၏။

"ဒီအတိုင်းထားလို့ မဖြစ်ဘူးလေ။ အားလုံးမျက်နှာပျက်ကုန်လိမ့်မယ်။ အခုတောင် . . .၊ ပြဿနာတွေ ဖြစ်နေလောက်ပြီ"

သင်းသင်းကျော် ငိုသံမကျောင်းစွာ ပြော၏။ ရူဝံကျော်က–

"နင့် အိမ်ထဲမှာ၊ သီတာရီ တစ်ယောက်တည်းလား"

"ဟုတ်တယ်။ ငါ . . .သော့ခပ်ခဲ့တယ်။ တခြားတစ်နေရာသွားမှာစိုးလို့"

စိုးမိုးကျော်ကို၊ အားမဲ့စွာ ကျွန်တော်ငေးကြည့်ပြီး . . .

"မင်္ဂလာဆောင်ကို၊ အချိန်မီသွားဖို့ မင်းတို့ . . .။ မင်းတို့ သွားပြောကြပါလားကွာ"

စိုးမိုးကျော်၊ ခေါင်းတညိတ်ညိတ် စဉ်းစားသည်။ သင်းသင်းကျော်က . . .,

"မရဘူး။ မဖြစ်ဘူး။ ငါ. . .စကား



www.burmeseclassic.com

www.burmeseclassic.com



အကုန်ပြောပြီးပြီ။ နင့်ကို တွေ့ချင်တယ်ပဲ
ပြောနေတယ်။ ငါ. . .ထွက်လာတော့၊ သူ . .
.ငိုပြီး ကျန်ခဲ့တာဟာ"

စီးဆင်းတော့မည့် ဒီရေလျှင်ကို၊ တစ်စုံတစ်ခုဖြင့်၊ ခုခံ တားစီးမိပါက၊ ခုခံတားဆီးသောအရာ . . .တစ်ခုတည်းသာ၊ ထိခိုက်တိုးတိုက်ခြင်းကို ခံရနိုင်ဖွယ်ရှိသည်။ ငိုမည့်မျက်ရည်ကို ထိန်းထားရသဖြင့်၊ မျက်လုံး မျက်ဝန်းမျက်ခွံတို့အပြင်၊ အသည်းနှိုင် အသည်းညှာ အတွင်း၌ပါ၊ ကလိုက်လှိုက်တနင့်နင့် ခံစားနာကျင်ရလေ၏။ စိုးမိုးကျော်က . . .

"မင်းပဲ သွားလိုက်ပါ နိုင်သူရရယ်၊
ငါတို့ပြောတာထက်၊ မင်းပြောတာ ပိုပြီး
အရာရောက်မှာပါ"

"ငါ. . .ဘာပြောရမှာလဲ။ ငါ. . .
ဘာမှပြောထွက်တော့မှာ မဟုတ်ဘူး"

စိုးမိုးကျော်ပါ၊ မျက်ရည်ဝဲနေသည်။

"ကြိုးစားပြီး ပြောလိုက်ပေါ့ကွာ။
မင်္ဂလာဆောင်ကို၊ သူ. . .အချိန်မီရောက်ဖို့
အတွက်၊ စကားတွေအများကြီးကို၊ မင်း. .
အသုံးပြုလိုက်ပေါ့။

အခုအချိန်မှာ . . .မင်းပြောမယ့်





စကားတိုင်းဟာ၊ သူ့ကို၊ ထိခိုက်တော့မှာပါ။
ချစ်အောင်ပြောလည်း၊ သူ . . .ထိခိုက်မယ်၊
မုန်းအောင်ပြောလည်း၊ သူ. . .ထိခိုက်မယ်။
အရေးကြီးတာက၊ မင်းကြောင့် . .
သူ့ မင်္ဂလာဆောင်၊ အနှောက်အယှက်
မဖြစ်ဖို့ပဲလေ"

ကားမောင်းသူကို၊ ရွှေဝံကျော်က "သွားမယ်". . .ဟု၊ ပြော၏။ ကားစက်နှိုးသံကြားရသည်။ စိုးမိုးကျော်က . . .

"ငါတို့သုံးယောက် တခြားကားနဲ့
သွားမယ်။ သီတာရီ ပြန်လာတာကို၊ မင်္ဂလာ
ခန်းမ,ထဲကပဲ ငါတို့စောင့်မယ်ကွာ။
သီတာရီ့ကို၊ အချိန်မီ ပို့နိုင်လိမ့် မယ်.
. .လို့၊ မင်းကို . . .ငါ ယုံပါတယ်"

ကျွန်တော် . . .ကားနောက်ခန်းသို့ တက်ထိုင်လိုက်သည်။

"ရော့ . . ."

သင်းသင်းကျော်ပေးသော၊ အိမ်သော့ကို လှမ်းယူလိုက် ၏။ ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ထားမိသည်။ ဂျင်းအကျီအိတ်အတွင်းရှိ၊ နာရီဘော့ပင်လေးကိုပါ၊ ဖိကိုင်ထားမိ၏။ စိုးမိုးကျော်တို့ ကျန်ရစ်ခဲ့သည်။

သီတာရီရှေ့မှာ၊ မျက်ရည်မကျအောင်၊ ကျွန်တော် . . .



www.burmeseclassic.com

www.burmeseclassic.com



အထူးထိမ်းသိမ်းရပေမည်။

❋ ❋ ❋



( ၂၈ )

ကားကို၊ အိမ်ရှေ့ဝင်းနံ့ရံအပြင်ဘက်တွင်၊ စောင့်ခိုင်းခဲ့သည်။ စေ့ထားသောအိမ်ဝင်းတံခါးကို တွန်းဝင်သည်။ အိမ်ဝင်းထဲရောက်မှ၊ အိမ်တံခါးဝ, ရှိရာသို့ ပြေးဝင်ခဲ့ရ၏။

အိမ်သော့ကို အလျင်အမြန်ဖွင့်သည်။ ပြီးနောက် . . . တံခါးပြန်စေ့သည်။ သော့ကို သည်အတိုင်း သော့တံတန်းလန်း ဖြင့်၊ တံခါးတွင်သာ ချိတ်ထားလိုက်သည်။ ထိုအချိန်အထိ၊ လူရိပ်လူခြေ မတွေ့။

"သီတာရီ . . ."

တုံ့ပြန်သံမကြားရ။ လှုပ်ရှားမှု မမြင်ရ။

မီးဖိုဆောင်။ ရေချိုးခန်း။ ကိုယ်လက်သန့်စင်ခန်းတို့ပါ မကျန်။ ကျွန်တော် . . .ရှာကြည့်သည်။ သီတာရီ့ကို မတွေ့။

"သီတာရီ . . ."

ဧည့်ခန်း၏အနောက်ဘက်၊ အခန်းနှစ်ခန်းအနက်၊ ဒုတိယမြောက်အခန်း၏ ခန်းစီးလိုက်ကာသည်၊ လေတိုးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်၏။ တံခါးပွင့်နေသောအခန်းဟု၊ သိလိုက်ရသည်။ ကျွန်တော် အပြေးဝင်လိုက်၏။

တံခါးအဝင်ဝ,ကို ရောက်ပြီးပြီးချင်း၊ ကျွန်တော် ခြေလှမ်းတုန့်သွားသည်။ အခန်းတံခါးဝ,ကို ကျောပေးထားသော သီတာရီ၏ အလှမျက်နှာကို သူ့ရှေ့တည့်တည့် မှန်တင်ခုံပေါ်ရှိ၊ မှန်မျက်နှာပြင်ပေါ်၌ မြင်တွေ့နေရ၏။ ကျွန်တော် ဝင်လာသည်ကို သူလည်း မြင်ပေလိမ့်မည်။

"သီတာရီ . . ."

လှည့်မကြည့်။

မှန်မျက်နှာပြင်ပေါ်ရှိသူ့မျက်နှာကို၊ ကျွန်တော် လှမ်းကြည့်လိုက်သေးသည်။ မျက်လွှာချထား၏။

သူ . . .ထိုင်နေရာသို့၊ ကျွန်တော် ပြေးဝင်ပစ်လိုက်သည်။ အနီးသို့ရောက်သောအခါ . . .

"နင်. . .ဒီမှာ၊ ဘာလာလုပ်နေတာလဲ သီတာရီ"

အသံမပြု။

"ငါ. . .မေးနေတယ်လေ။ နင်. . . ဘာလာလုပ်နေတာလဲ"

အသံမြှင့်၍ အော်ပစ်လိုက်၏။

"နင့်ကို လာစောင့်နေတာ"

ကြည်လဲ့တည်ငြိမ်လွန်းသည့် . . .စကားသံ။





"ဘာကိစ္စရှိလို့လဲဟာ"

မှန်မျက်နှာပြင်မှ အကြည့်ရွှေ့ပြီး၊ ကျွန်တော့်ကို မော်ကြည့်၏။

"ကိုလူနိုင်နဲ့၊ ငါ့ကို . . .လက်ထပ်ဖို့ တိုက်တွန်းတာ၊ နင့် . . .ဆန္ဒ၊ အစစ်အမှန်ပဲလား။ အဲဒါကို . . . ငါ, သိချင်တယ်။

ငါ. . .အပြင်ထွက်ခွင့်မရခဲ့လို့၊ အခု . . .ရတဲ့အချိန်၊ ငါ . . .လာမေးတာ။ ဖြေလေ။

ငါ . . .အိမ်ထောင်ပြုဖို့ တိုက်တွန်း တာ၊ နင့်ဆန္ဒတစ်ခုတည်းမှ ဟုတ်ရဲ့လား။ နင့် . . .ဆန္ဒ အစစ်အမှန်ပဲလား"

"ဟုတ်တယ်"

"ဒါဆို၊ ကိုလူနိုင်. . .နင့်ကိုလာတွေ့တာ။ မေမေ . . .နင့်ကိုလာတွေ့တာ၊ ဘာကိစ္စကြောင့်လာတွေ့တာလဲ။ သူတို့နဲ့ နင်၊ တွေ့တယ်ဆိုတာ၊ ဘာဖြစ်လို့ ငါ့ကို ပြန်မပြောတာလဲ . . .နိုင်သူရ"

"နိုင်" . . .ဟု၊ မခေါ်ဝေါ်ချင်လောက်အောင်၊ စိတ်နှလုံး မာထန်သွားလေပြီ။

"နင့်ကို၊ ငါက. . .ဘာဖြစ်လို့ ပြန်ပြောရမှာလဲ။ ထမင်းစားရေသောက်ကိစ္စကို၊ နင်



www.burmeseclassic.com

www.burmeseclassic.com



. . .ပုံကြီးမချဲ့ပါနဲ့။
အခု. . .နာရီကိုလည်း၊ ကြည့်ဦး။
နင့်မင်္ဂလာဆောင်ချိန်ရောက်နေပြီ။ နင် . .
ရှုးကြောင်ကြောင်အလုပ်တွေ၊ မလုပ်သင့်ဘူး
သိတာရီ"

အံကြိတ်သည်ကို မြင်ရ၏။

"လာ. . .။ ဟိုတယ်ကို၊ ငါ. . .
လိုက်ပို့မယ်။"

"ငါ. . .မသွားတော့ဘူး နိုင်သူရ"

"ဟာ။ အဲဒီလို မလုပ်နဲ့လေ။ ဒါ . .
.ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး။ အရှက်ကွဲ
စရာရှိရင်၊ တကယ့်အရှက်ကွဲမယ့်အချိန်။
နင့်အမေကို နင်. . .အရှက်ခွဲနေတာလား။
နင့်ကိုယ်နင် အရှက်ခွဲနေတာလား"

"ဟုတ်တယ်"

ဆန့်ကျင်စကားသည်၊ နှလုံးသားမှ လာဟန်မတူ။ ကျွန်တော့်နှုတ်ထွက်စကားများသည်လည်း၊ နှလုံးသားမှ စီးဆင်းခြင်းမဟုတ်။ ထို့ကြောင့် . . .၊ နှလုံးသား၏အလိုနှင့် ဆန့်ကျင်ရာစကားကို၊ ခက်ထန်စွာ ကျွန်တော် ပြောလိုက် သည်။

"အေး။ နင်တို့အရှက်အကွဲခံနိုင်
ပေမယ့် ငါ . . .အရှက်ကွဲမခံနိုင်ဘူး။ ယုံ





ထင်ကြောင်ထင်၊ ငါ. . .အထင်မခံနိုင်ဘူး
သိတာရီ"

"ဘာ"

လှသောနှုတ်ခမ်းနှစ်လွှာသည်၊ ကြွေတော့မည့် ပန်းပွင့်လွှာများကဲ့သို့ တဆတ်ဆတ်တုန်လှုပ်သွားလေ၏။

"နိုင်သူရ"

သူ. . .ကျွန်တော့်ကို ကြည့်နေသော်လည်း၊ ကျွန်တော် . . .မှန်ထဲကိုသာ ကြည့်နေလိုက်သည်။ မှန်ထဲမှာ သူရှိနေသေး ၏။

"နင်. . .။ နင်. . .၊ ငါ စိတ်နာ အောင်
ပြောမယ်ဆိုတာ၊ ငါသိတယ် နိုင်သူရ။ ဒါပေမဲ့
. . . အဲ့ဒီစကားလုံးတွေ ကို၊ ငါ စိတ်မနာဘူး။
နင့်အတွေးအခေါ်ကို ငါ . . စိတ်နာတယ်"

"နာချင်သလို . . .နာ" . . .ဟု၊ ပြောလိုက်ဖို့ နှုတ်ပြင်လိုက်သေးသည်။

သို့သော် . . .

နာသည်ထက်နာပြီး၊ ထင်ရာ မြင်ရာ . . .ထွက်ခွာသွားမည်ကို၊ ကျွန်တော်စိုးရိမ်၏။ ထို့ကြောင့် လေယူလေသိမ်း ပြောင်းလိုက်ရသည်။

"စိတ်မဆိုးပါနဲ့ဟာ။ ငါ. . . စိတ်
တိုလို့ပြောလိုက်မိတာပါ။ နင်. . .ဒီအသက်
ဒီအရွယ် ရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အသိတရားကင်းမဲ့ရကောင်းလား
ဆိုပြီး၊ ငါ. . .မာန်လိုက်မဲလိုက်တဲ့သဘောနဲ့
ပြောတာပါ။ စိတ်မဆိုးပါနဲ့နော်"

မျက်ရည်တွေ ပြိုကျလာသည်ကို မြင်ရ၏။ စိတ်ထဲတွင် မချမ်းမြေ့။

"မငိုနဲ့လေ။ ဒါ . . .ငိုရမယ့် အချိန်
မဟုတ်ဘူး။ မျက်ရည်တွေ သုတ်လိုက်ပါ
သူငယ်ချင်းရယ်။ ရော့ . . ."

မှန်တင်ခုံပေါ်ရှိ၊ လက်ကိုင်ပဝါခေါက်လေးကို၊ သူ့လက်ထဲသို့ထည့်လိုက်၏။ သူ . . .မျက်ရည် သုတ်သည်။

"နှင်နဲ့ငါနဲ့ နှစ်ယောက်ကြားမှာ၊ အခု.
. .အချိန်ဟာ၊ နောက်ဆုံးအချိန်ပဲ နိုင်သူရ။
သူတစ်ပါးရင်ခွင်ထဲ ရောက်တော့
မယ့် ငါ့ကို၊ နှင်. . .ဘာပြောစရာရှိသလဲ"

ထိန်းထိန်းသိမ်းသိမ်း မေးမြန်းသော . . .ဣန္ဒြေရှင် မိန်းကလေးတစ်ယောက်၏။ သိက္ခာမမဲ့သော . . .အမေး စကား။

"ရှိတယ်. . .သီတာရီ။ နှင် . . .
ဟိုတယ်ကို အမြန်သွားပါ။ ဟိုမှာ. . .
ပြဿနာတွေ ဖြစ်လောက်ပြီ"

"အဲဒါ. . .နှင်, အပြောချင်ဆုံး
စကားပဲလား"





"ဟုတ်တယ်။ အဲဒါ. . .ငါ့ဆန္ဒပဲ"
"ကောင်းပြီ၊ နိုင်သူရ။ ငါက. . .
နောက်ဆံတင်းရင်၊ ဘာမှ မလုပ်တတ်ဖူးဟ။
အဲဒီတော့ . . .ငါ, နောက်ဆံမတင်း
အောင်၊ ငါ. . .အမေးချင်ဆုံးမေးခွန်းတစ်ခု
မေးမယ်။ နှင်နဲ့ငါ့အကြားမှာ၊ သံယောဇဉ်
တစ်ခုရှိနေတယ်။ အဲဒီသံယောဇဉ်ကို၊ နှင် . .
.ဖြတ်နိုင်သလား"

"ဖြတ်နိုင်တယ်"

ရင်ကော့၍ ပြောလိုက်ရသည်။ ထို့ကြောင့် . . .ရင်နာရ၏။

"ကျေးဇူးပဲ နိုင်သူရ။ ငါ. . .
နောက်ဆံမတင်းတော့ဘူး။ ငါနဲ့ပတ်သက် တဲ့
သံယောဇဉ်မှန်သမျှ၊ ဆံတစ်မျှင်စာမှ၊ နှင့်ဆီမှာ
မကျန်ရစ်ပါစေနဲ့"

ကျွန်တော် . . . ကျောက်ရုပ်တစ်ရုပ်ဖြစ်သွားသည်။ သီတာရီ . . .ထိုင်ရာမှ ထ,၏။

"ငါ. . .သွားမယ်"
"ငါ . . .လိုက်ပို့မယ်"
"နှင် . . .လိုက်မပို့လည်း၊ ငါ . .
မရောက်, ရောက်အောင် သွားမှာပါ။ တစ်ခု .
. .ထပ်မေးချင်သေးတယ်။ ငါ့ . . .မင်္ဂလာပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတဲ့အချိန်အထိ။ မင်္ဂလာခန်းမ,ထဲမှာ၊ နင် .
. ., နေနိုင်စွမ်းရှိပါ့မလား"

"ရှိတယ်"

"ဂုဏ်ယူပါတယ်၊ နိုင်သူရ"

ငိုသံ။ တုန်ရင်သံ။ ရင်နင့်သံ။

※

အိမ်တံခါးကို သော့ပိတ်သည်။ ခပ်လှမ်းလှမ်းရှိ ကားပေါ်သို့တက်ရန် သီတာရီ့ကို၊ ကျွန်တော် ပြောသည်။ ကား . . နောက်ခန်းတံခါးကို၊ ဖွင့်ပေးလိုက်သည်။ သီတာရီ ဝင်ထိုင်ပြီးမှ၊ ရှေ့ခန်းတွင်၊ ကျွန်တော် . . .ထိုင်၏။ ( . . . . . .) ဟိုတယ် ကို အမြန်ဆုံး မောင်းပေးပါ . . .ဟု၊ ကားမောင်းသူကို ကျွန်တော် ပြောလိုက်သည်။ ရင်မောနေသေး၏။

※ ※ ※



( ၂၉ )

( . . . . . . . . . ) ဟိုတယ် ရှေ့သို့ ကားရပ်သည်။ ကျွန်တော် . . .ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း. . .

"ခွပ်"

ကျွန်တော့် မျက်နှာတစ်ခြမ်း၊ နာကျင်ထုံတက်သွား၏။ တစ်စုံတစ်ယောက်က၊ ကျွန်တော့်မျက်နှာကိုလက်သီးဖြင့် ပြင်းထန်စွာ ထိုးလိုက်ခြင်းဖြစ်သည်။

"ဟော့ကောင်။ မင်း. . .ပြောတော့
ဗိုလ်အောင်ဒင်အလုပ်လည်း မလုပ်ဘူး။
ဒဿဂီရိအလုပ်လည်း မလုပ်ဘူးဆိုကွ"

ကိုလူနိုင်၏ စကားသံ။ သူ့ကို၊ လူ. . .သုံးယောက် ဝိုင်းဆွဲထားကြ၏။

"တော်ပါတော့ကွယ်။ ဘာမှ ထပ်
မဖြစ်ကြပါနဲ့တော့။ အန်တီ တောင်းပန်ပါ
တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်။ ဒီကောင် စော်ကား
တယ်"

စိုးမိုးကျော်တို့ ပြေးထွက်လာကြသည်။ ကိုလူနိုင်နှင့် ကျွန်တော့်အကြားသို့၊ သီတာရီ ဝင်ရပ်လိုက်၏။ ကျွန်တော့်မှာ . . .ဝေဒနာပေါင်း မြောက်များစွာ၏ ဖိစီးမှုကြောင့်၊ အရုပ်ကြိုး ပြတ် နှုတ်ပါးစပ်မှာ . . .စွန့်စွန့်အအ။

"ကိုလူနိုင်။ ဒီ. . .မင်္ဂလာဆောင် ကို၊
ကျွန်မ, အချိန်မီ ရောက်လာဖို့ အတွက်၊
ကျွန်မ,ကို၊ သူ. . .ကူညီတာ။ ကိုလူနိုင်
မမေးမမြန်းဘဲ၊ လက်မပါသင့် ဘူး"

သီတာရီ၏ မိခင် ဒေါ်ရီရီခင်က . . .

"ဟုတ်ပါတယ် မောင်လူနိုင်ရယ်။
ဒီမှာ . . .သူ့ သူငယ်ချင်းတွေ။ အန်တီ့ကို
ပြောပြပြီးသွားပါ။ အထင်မလွဲနဲ့။ အထင်
မလွဲနဲ့"

"ဟုတ်သားပဲ၊ သတို့သားရယ်။
သတို့သားက,လည်း၊ ဒေါသ,ချည်းပဲ"

ဆွဲထားသူများက၊ ဝိုင်းပြောကြသည်။ ကိုလူနိုင်က . .

"မသိဘူးလေ။ သူတို့က, နောက်ကျ
နေတာကိုး"





ရယ်သံများပင် ကြားလိုက်ရ၏။ ကျွန်တော့်ရင်ထဲ . . . ကျပ်သိပ်နေသည်။ ကျွန်တော့်ကို လက်လှမ်းပြလျက်၊ ကိုလူနိုင်က. . .

"sorry"

ဒေါ်ရီရီခင်က၊ သီတာရီ့ကို ခေါ်ဆောင်သွားသည်။

သင်းသင်းကျော်နှင့် အခြားမိန်းကလေးတစ်ဦး။ ရူပ်ကျော် နှင့် စိုးမိုးကျော်တို့က၊ ကျွန်တော့်ကို တွဲခေါ်ကြသည်။ ကျွန်တော့် လက်ထဲမှ အိမ်သော့ကို၊ သင်းသင်းကျော် လက်ထဲသို့၊ ထည့်လိုက်၏။

အမှန်တကယ်၊ ဤ . . .မင်္ဂလာအခန်းအနားမှ၊ ထွက်ပြေး ရမည့်သူမှာ၊ သီတာရီ. . .မဟုတ်။ ကျွန်တော် သာလျှင်ဖြစ် သည်။ အခုတော့ . . .ရင်မှာ . . .မစွဲလန်းအောင်၊ ဖြေသာ ထိန်းမတ်ထားပါလျက်၊ အကြွင်နာသည် ငရဲခန်းတစ်ခုကို ဖန်တီးပေဦးမည်။ ရင်နာလျက်၊ ရင်ကော့ထားရပေဦးမည်။

❋

မင်္ဂလာပွဲ အခမ်းအနား အစီအစဉ်များ စတင်နေပြီ ဖြစ်သည်။ သတို့သား . . .သတို့သမီးရှိရာ၊ စင်မြင့်ပေါ်သို့ ကျွန်တော် လုံးဝ မကြည့်။

ခန်းမ,ထဲသို့၊ ဝင်လျှင်ဝင်ချင်း . . .ဒေါ်ရီရီခင်က၊ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြသေးသည်။ အရှက်တကွဲအေားမှ ကင်းဝေး ခဲ့သူ၏ . . .အပြုံး။ ကျေးဇူးတင်ပြုံး။ စိတ်မသက်သာစွာ မော ဟာရသည့် . . .အပြုံး။

သင်းသင်းကျော်၏ မိဘ မောင်နှမများက၊ ကျွန်တော်တို့ စားပွဲဝိုင်း၏ ဟိုး. . .ခပ်ဝေးဝေးတွင် ရှိနေကြသည်။ ကျွန်တော်တို့ စားပွဲဝိုင်းက . . .စင်မြင့်ဘက်သို့ အပြည့်အဝ မမြင်ရသော၊ အခမ်းအနား၏ အစွန်ဆုံးနောက်ဆုံးကျသော . . .စားပွဲဝိုင်း။

သင်းသင်းကျော်၏ နံဘေးရှိ မိန်းခလေးက၊

သင်းသင်းကျော် ညွှန်ပြ၍ ...သွားသည်။ သူ. . .ညွှန်ပြရာနေရာသည်။ သူ့မိသားစု စားပွဲဝိုင်း။ ထိုကောင်မ,လေးမှာ သင်းသင်းကျော်၏ ညီမငယ် . . .ဟု သိရ၏။

"အလှပြင်ဆိုင်မှာ အလှပြင်နေ တုန်း၊ မိတ်ကပ်အထူအပါးမညီလို့၊ ဗိုလ်ချုပ်ဈေး ထဲက ဆိုင်ကိုသွားတယ်. . .လို့ ငါ. . . ပြော ထားတယ်"

သင်းသင်းကျော်၏ လေသံဖွဖွစကား။

"ဒေါ်ရီရီခင် ယုံရဲ့လား"

"ဘယ်ယုံမလဲ။ မျက်စေ့မျက်နှာ အရမ်းပျက်နေတယ်။ ဒါပေမဲ့ . . .နင့်ကို၊ အရမ်းကျေးဇူးတင်သွားတဲ့ပုံပဲ"

"မင်းကို ချီးကျူးပါတယ်ကွာ". . .ဟု၊ စိုးမိုးကျော် ပြောသည်။





"သတို့သားကို၊ မင်း. . .ပြန်မထိုးတဲ့ အတွက်လည်း၊ ငါ . . .ချီးကျူးတယ်။ မင်း. . .တော်တော် စိတ်ထိန်းနိုင်သားပဲ" ဟု၊ ဓူဝံကျော် ပြော၏။ သူငယ်ချင်းတွေရှေ့မှောက်တွင်၊ ကျွန်တော် . . .မျက်ရည်မဝေ့စေရ။

"မင်းတို့ကို၊ ငါ. . .တစ်ခုပြော ချင်တယ်။ ငါနဲ့ . . .သီတာရီနဲ့ ဘာတွေ ပြောခဲ့တယ်၊ ဘာတွေ သဘောတူခဲ့တယ် . . . ဆိုတာတွေကို၊ မင်းတို့ မမေးမမြန်းကြ နဲ့တော့နော်။ မေးမိမှာစိုးလို့၊ ငါ. . . တောင်းပန်တာပါ"

မျက်ရည်သည်၊ မျက်တောင်တို့၏ အမိန့်ကို မနာခံ။ ရင်ထဲကလှိုင်းကြောင့်၊ မျက်ခမ်းကမ်း,စပ်သို့၊ မျက်ရည်တို့ တိုက်စားဖို့ ဟန်ပြင်သည်။ ကျွန်တော် စိတ်ကိုတောင့်တင်းထား ၏။ ရင်ထဲက . . .မုန်တိုင်းကြောင့် မျက်ဝန်းတွင် မကြေကွဲစေရ။ မျက်ခမ်းကမ်းစပ်တို့ကို၊ မျက်ရည်တို့ မကျော်လွှားစေရ။

"ငါတို့ မမေးပါဘူးကွာ။ မင်း. . . စိတ်,ကြည်ကြည်လင်လင်နေပါ။ မျက်တောင် ခဏ ခဏ ခပ်မနေနဲ့။ ရော့ . . .၊ စီးကရက် ဖွာလိုက်။ စီးကရက်ငွေ့,မွှန်တော့မှ၊ မျက်လုံး ကို၊ နာနာဖိပွတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးကျော်က၊ စီးကရက်တစ်လိပ် မီးညှိပေးသည်။ ရှေ့တည့်တည့်တွင် ထိုင်နေသော. . .သင်းသင်းကျော်က. . ., ခေါင်းငုံ့နေလေ၏။

※

ကျွန်တော်တို့ စကားဝိုင်းသည်၊ ရယ်ရယ်မောမော မရှိ။ ရယ်သံကြားရာ . . .ဗီဒီယိုကင်မရာများ ရွေ့လျားရာ၊ တေးသီချင်းတို့သီဆိုရာ နေရာများဆီသို့၊ အလိုက်သင့် ငေးမောနေကြရုံသာရှိ၏။

ခန်းမ,အတွင်းရှိ ဧည့်ပရိသတ်အားလုံးနီးပါးကို၊ သီတာရီတို့လိုက်လံနှုတ်ဆက်ပြီးခါမှ၊ ကျွန်တော်တို့စားပွဲဝိုင်းအနီးသို့ ရောက်ရှိလာသည်။ သီတာရီ့ မိခင်သည်. . .ကိုလူနိုင်၏ မိခင်, ဖခင်တို့နှင့်အတူ၊ အခြားသောဧည့်သည်များအား၊ လိုက်လံနှုတ်ဆက်နေလေ၏။ ကျွန်တော်တို့ထံသို့မလာ။ သီတာရီ၏ လက်ရှိဖခင်မှာ စားပွဲဝိုင်းတစ်ဝိုင်းတွင် ဝင်ထိုင်ပြီး၊ ရယ်ကာမောကာ စကားဆိုနေလေ၏။

ခဏအကြာတွင် . . .ကျွန်တော်တို့ စားပွဲဆီသို့၊ ကိုလူနိုင်နှင့် သီတာရီတို့ ရောက်ရှိလာကြ၏။ ကျွန်တော် လှည့်မကြည့်။ ကျန်သူများကို၊ ပြုံးပြရုံ, လက်ပြရုံသာ၊ ပြုမူသွားသည်။ ပြီးနောက်,





နံဘေးရှိစားပွဲဝိုင်းသို့ သီတာရီတို့နှစ်ဦးရောက်ရှိသွားသည်။ ကိုလူနိုင်က၊ ထိုစားပွဲမှ မိတ်ဆွေများနှင့်၊ စကားပြောနေ၏။

ကျွန်တော့်ထံသို့၊ သီတာရီ လှည့်ကြည့်နေသည်ကို၊ သတိပြုမိသည်။

ထိုအခါ . . .သီတာရီ့မျက်နှာကို ကျွန်တော် တစ်ချက်ကြည့်လိုက်၏။ ပြီးနောက် . . .

"သင်းသင်းကျော်။ ငါ. . . လက်ဖွဲ့ချင်တယ်"

"လက်ဖွဲ့ခြင်းသည်းခံပါ. . .တဲ့။ မလိုဘူးလေဟာ"

"ငါ . . .ပေးတဲ့ပစ္စည်းကိုတော့၊ သူ . . . ယူမှာပါ။ နင်. . .ပေးဖြစ်အောင်ပေး,ပေးပါ။ ရှော့. . ."

ထိုအချင်းအရာကို သီတာရီမြင်ပေလိမ့်မည်။

ဂျင်းအင်္ကျီအိတ်ထဲမှ၊ နာရီဘောင်ပင်လေးကို ထုတ်ပေးလိုက်မိ၏။

("ယူလေ. . .။ စာမေးပွဲခန်းထဲမှာ ပေးခဲ့တာက၊ ကျောင်းသား ကျောင်းသူ အချင်းချင်း၊ အကူအညီပေးတာ။ အခု . . . ပေးတာက။ လက်ဆောင်ပေး တာ။"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် . . .ကျေးဇူးတင်ပါတယ်။ တစ်သက်လုံးသိမ်းထားပါ့ မယ်")

("ငါ . . .ဒီဘော့ပင်လေးကို တစ်သက်လုံးသိမ်းထားမှာဟ"

"တကယ်လား"

"တကယ်"

"ငါလည်း၊ နင်ဆွဲတဲ့ပန်းချီကားကို တစ်သက်လုံး သိမ်းထားမယ်")

("ည. . .အိပ်ရာဝင်ရင်ရော၊ အင်္ကျီအိတ်ထဲမှာ ထည့်အိပ်တာပဲလား"

"နင့်ကိုသတိရရင်၊ ထည့်အိပ်တာပေါ့ဟ"

"ကျိုးပဲ့သွားပါဦးမယ်ဟယ်"

"မကျိုးပဲ့စေရဘူး။ နင်. . . မှတ်ထား။ အမြဲတမ်း။ ဒီ ဘော့ပင်လေး ကျိုးပဲ့သွားတဲ့ နေ့ဟာ ငါ့ရင်ကွဲတဲ့ နေ့ပဲ")

သင်းသင်းကျော် လက်ထဲသို့၊ နာရီဘော့ပင်လေး၊ ရောက်ရှိသွားသည်။ သင်းသင်းကျော်က၊ သီတာရီ့ကို၊ လှမ်းကြည့်၏။ သီတာရီက . . .သင်းသင်းကျော်၏ လက်ထဲရှိ၊ ဘော့ပင်လေးကို ငေးကြည့်နေသည်။



BURMESE CLASSIC .com



("ငါနဲ့ပတ်သက်တဲ့ သံယောဇဉ်မှန်သမျှ၊ ဆံတစ်မျှင်စာမှ၊ နင့်ဆီမှာ မကျန်ရစ်ပါစေနဲ့")

သီတာရီ ငေးကြည့်နေသည်ကို သိလိုက်ရသဖြင့်၊ သင်းသင်းကျော်၏လက်ထဲမှ ဘော့ပင်ကို၊ ကျွန်တော် . . . ပြန်ယူလိုက်သည်။ ပြီးနောက် . . .အသက်ကို တစ်ဝရှူလိုက်၏။ စိတ်ကိုတည်ငြိမ်စွာထားလိုက်သည်။ .

"ဖျောက်"

ဘော့ပင်ကို၊ ကျွန်တော် ထက်ပိုင်းချိုးလိုက်၏။ "ဖျောက်" . . .ကနဲမြည်သွားသည့်အသံသည်၊ ကျွန်တော့်ရင်ထဲ၌ "ဖြောင်း" ကနဲမြည်ဟိန်းသွားရ၏။

"နိုင်သူရ"

သင်းသင်းကျော် လေသံအုပ်အုပ်ဖြင့်၊ ကျွန်တော့်ကို ဟန့်တားသည်။ ထက်ပိုင်းကျိုးသွားသည့်၊ ဘော့ပင်လေးကို၊ သင်းသင်းကျော်လက်ထဲသို့ ပြန်ထည့်လိုက်ပြီး . . ."သံယောဇဉ်လက်ကျန်ကို ရှင်းပစ်လိုက်တာ". . .ဟု၊ ကျွန်တော်ပြောမိသည်။ ထိုအခါ. . . သီတာရီ၏ လက်ဝဲဘက်မျက်လုံးမှ မျက်ရည်တစ်စကိုမြင်လိုက်ရသည်။ ထိုမျက်ရည်စ,ကို၊ လက်ဝဲဘက်လက်မ,တစ်ချောင်းတည်းဖြင့်၊ သီတာရီ ဖယ်သုတ်လိုက်သည် ကို ကျွန်တော်မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်တွေ တုန်ယင်နေ၏။ ကျွန်တော့် လက်နှစ်ဘက်ပေါ်သို့ စိုးမိုးကျော်နှင့် ရူပကျော်တို့၏ လက်တွေ၊ မသိမသာဖိဆုတ်ထားကြသည်။ သင်းသင်းကျော်က ထက်ပိုင်းကျိုးသွားပြီဖြစ်သော၊ နာရီဘော့ပင်လေးကို ဖျစ်ညှစ်ဆုတ်ကိုင်ထားပြန်၏။ သီတာရီ မျက်နှာလွှဲသွားပြီ။ ကျွန်တော်လည်း မျက်နှာလွှဲလိုက်၏။ မျက်ရည်မဝေ့ဝဲအောင်၊ ထိန်းထားရပေဦးမည်။

❋ ❋ ❋



BURMESE CLASSIC .com

( ၃၀ )

“သံယောဇဉ် လက်ကျန်ရှင်းတမ်း”

ငိုပါရစေ
ချိုမြဒဏ်ရာ၊ ကံကြမ္မာပေး
ရင်နင့်တွေးပိုက်၊ ပူလောင်မြိုက်ပြာ
ယူဆောင်လိုက်တာ လွန်ပါသလား။

“အချစ်”
ကဗျာဆန်ဖို့
အနစ်နာခံခြင်း မဟုတ်ပါကွယ်။
သူ. . .သွားရာလမ်း
ဝမ်းပမ်းတနည်း၊ ခြေစုံဆွဲမယ့်
လမ်းကြမ်းခဲလည်း မဟုတ်ပါကွယ်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကိုယ်ချစ်ရုံနဲ့
(ဘဝဆိုတာ)
ပြီးမြောက်ပါ့ မလား။

အချစ်၏ . . .ဂုဏ်အင်၊ ရောင်စဉ်မတောက်
ခမ်းခြောက်ရောင်မွဲ၊ ကိုယ့် . . .နွေထဲမှာ
နေရဲလျှင်လည်း၊ မနေစေချင်
ကြွေရဲလျှင်လည်း၊ မကြွေစေချင်။

ပြန်ပြောလျှင်
မနက်ဖြန်ဆိုတာ မရှိအောင်
သံယောဇဉ် လက်ကျန်ကိုသာ
တိကနဲ ဖြတ်၊
ကိုယ့် ပြဇာတ် . . .ကိုယ်
အဆုံး စီရင်ပြီးပြီမို့၊





မုန်းပင်ပျိုး၍၊ အပြုံးကြီးစွာ
(အမုန်းသည်းစွာ)၊ ငိုလိုက်ပါတော့

ကိုယ် . . ., မိုက်တာတော့ မဟုတ်ဘူးကွယ် . . .။ ။

❋ ❋ ❋ ❋

လေးစားခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းခြံ)
25 - 5 - 1999
9 : 25 (p.m)
mhm.ccc@gmail.com
F/b acount . Hla Myo Aung



BURMESE CLASSIC .com
www.burmeseclassic.com